

www.burmeseclassic.com



www.burmeseclassic.com



စာရေးဆရာ အယ်လီဝီဆယ်လ်



စာရေးဆရာ အယ်လီဝီဆယ်လ် ငယ်စဉ်ကနေထိုင်ခဲ့သော အိမ်


www.burmeseclassic.com

www.burmeseclassic.com



နာဇီတို့၏နာမည်ကျော်အကျဉ်းစခန်း အော့ရှ်ဝစ်ဇ်အကျဉ်းထောင်

BURMESE CLASSIC .com



ဘူခန်ဝါးအကျဉ်းထောင်

www.burmeseclassic.com

www.burmeseclassic.com



ဂျူးအကျဉ်းသားများ၏အိပ်စင်

နာဇီအကျဉ်းစခန်းမှ ဂျူးအကျဉ်းသားများ



www.burmeseclassic.com



အော့ချဗစ်ဇ်အကျဉ်းစခန်းရောက် ဂျူးအကျဉ်းသားများ၊ နာဇီစစ်ပုလိပ်များ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# အယ်လီ ဝီဆယ်လ်နှင့် သူ၏ ည

အယ်လီဝီဆယ်လ်သည် ဟန်ဂေရီပြည်ဖွား ဂျူးလူမျိုး ဖြစ်သည်။ သူ့ကို ၁၉၂၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ထရန်ဆီလ်ဗေးနီးယား (ယခင် ဟန်ဂေရီ၊ ယခု ရူမေးနီးယားပိုင်)နယ်၊ ဆစ်ဂက်မြို့ကလေး၌ မွေးဖွားခဲ့သည်။ မွေးချင်း လေးယောက်အနက် တစ်ဦးတည်းသောသား ဖြစ်သည်။

ငယ်စဉ်က ဂျူးမိရိုးဖလာ ဘာသာရေးစာပေတွေကို သင်ယူခဲ့သည်။ ၁၅ နှစ်အရွယ် ၁၉၄၄ ခုတွင် ဂျာမန်တို့က ဆစ်ဂက်မြို့ရှိ ဂျူးလူမျိုးအားလုံးနှင့်အတူ သူတို့မိသားစုကို ဖမ်းဆီးပြီး၊ ဘာကင်နူးနှင့် အော့ချ်ဝစ်ဇ် အကျဉ်းစခန်းသို့ ပို့လိုက်သည်။ ၁၉၄၅ ခုနှစ်တွင် ဘူခန်ဝါးစခန်းသို့ ပြောင်းခဲ့ရသည်။ ထိုနှစ် ဧပြီလ ၁၁ ရက်နေ့၊ သေလုမျောပါး ဖြစ်နေချိန်တွင် ဘူခန်ဝါးစခန်းသို့ အမေရိကန် တတိယတပ်မတော် ရောက်လာပြီး ဆေးရုံလူနာဘဝဖြင့် လွတ်မြောက်ခဲ့သည်။ သို့သော် အဖေ၊ အမေ၊ အစ်မနှစ်ယောက်နှင့် ညီမလေး တစ်ယောက် အစုလိုက် အပြုံလိုက် အသတ်ခံရသည့်အထဲ ပါသွားသည်။

စစ်ကြီးပြီးတော့ ပြင်သစ် မိဘမဲ့ ကျောင်းတစ်ကျောင်းတွင် ပညာသင်ပြီး၊ ဆော်ဘွန်းတက္ကသိုလ် ဆက်တက်သည်။ ဒဿနိကဗေဒ ဘွဲ့ရခဲ့ပြီး အစ္စရေး သတင်းစာတစ်စောင်တွင် သတင်းထောက် ဝင်လုပ်သည်။ ၁၉၅၆ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂ သတင်းထောက်အဖြစ် နယူးယောက်သို့ ပြောင်းလာခဲ့သည်။

စစ်ပြီးလို့ ၁၀ နှစ်ကြာသည်အထိ သူ့အတွေ့အကြုံတွေကို ဘယ်သူ့ကိုမှုမပြော၊ ဘယ်သူနှင့်မှု မဆွေးနွေး၊ အခြားအခြားသော ရှင်ကျန်လွတ်မြောက်လာသူများနည်းတူ အော့ချ်ဝစ်ဇ်ငရဲခန်း အတွေ့အကြုံတွေကို ရင်ဖွင့်ဖို့ အယ်လီဝီဆယ်လ်က ငြင်းဆန်ခဲ့သည်။ သည် နာဇီလူသတ်ပွဲကြီးနှင့် သူတို့ ဆိုးညစ်ရက်စက်ပုံတွေကို ဖော်ပြနိုင်စွမ်းသည့် စကားလုံးများ သူ့တွင် မရှိဟုဆို၏။

၁၉၅၂ ခုနှစ်တွင်မှ ပြင်သစ် နိုဘဲလ်ဆုရ စာရေးဆရာကြီး ဖရန်ဆွာ မောရီယက်နှင့် တွေ့ဆုံရင်းနှီးပြီး နောက်ပိုင်းမှ ဆရာကြီး၏ အားပေးလှုံ့ဆော်မှုကြောင့် အော့ချ်ဝစ်ဇ်အတွေ့အကြုံတွေ စရေးဖြစ်ခဲ့သည်။ ဂျူးလူမျိုးတို့၏ ကြေကွဲဖွယ် အဖြစ်ဆိုးကြီးကို မျက်မြင်သက်သေ တစ်ယောက်အနေဖြင့် ရေးသည်။

ပထမဆုံး ‘ကမ္ဘာကြီးက ငြိမ်သက်နေဆဲ’ (And the World was Silent) ဂျူးဘာသာဖြင့် ရေးသည်။ နောက် နှစ်နှစ်အကြာတွင် ပြင်သစ်ဘာသာပြန် La Nuit ထုတ်ဝေပြီး အင်္ဂလိပ်ဘာသာဖြင့် ‘ည’ (Night) ကို ၁၉၆၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။

အော့ချ်ဝစ်ဇ်၊ ဘာကင်နူးနှင့် ဘူခန်ဝါးတွင် နာဇီတို့၏ ဂျူးသတ်ပွဲကြီးအကြောင်း ခရေစေ့တွင်းကျ ရေးနိုင်သူအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုကြသည်။

၁၉၆၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသား ခံယူလိုက်ပြီး ၁၉၈၀ ခုနှစ်မှစ၍ ဘော့စတွန်တက္ကသိုလ်တွင် လူမှုရေးဘာသာရပ် ပါမောက္ခရာထူးဖြင့် အမှုထမ်းဆောင်သည်။ ပြီးတော့ ဇနီးမာရီယံနှင့်အတူ ‘အယ်လီဝီဆယ်လ် လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့’ ကို ဖွဲ့စည်းခဲ့သည်။

၁၉၈၅ ခုနှစ်တွင် သမ္မတ ရော်နယ်ရီဂင် ဂျာမနီ သွားရောက်စဉ် ဟစ်တလာအပါအဝင် နာဇီစစ်ဗိုလ်ကြီးများမြှုပ်နှံရာ စစ်သင်္ချိုင်းသို့ သွားခဲ့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကွက်ဆန္ဒပြပွဲကို အယ်လီ ဦးဆောင်ခဲ့သည်။ (၁၉၈၄ ခုနှစ်ကပင် သူ့ကို သမ္မတက Congressional Gold Medal ပေးခဲ့သေးသည်။)

တစ်ကမ္ဘာလုံးမှ ရက်စက်ဆိုးယုတ်မှုများ၊ အမုန်းတရားများ၊ မတရား ဖိနှိပ်မှုများကို စိုက်လိုက်မတ်တတ် တိုက်ခဲ့သဖြင့် ၁၉၈၆ ခုနှစ်တွင် သူ့ကို နိုဘဲလ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့သည်။

သူ့စာအုပ်များအတွက်လည်း နိုင်ငံတကာမှ ဆုတွေ အများအပြား ရရှိခဲ့သည်။ ယခုအချိန်တွင် အယ်လီဝီဆယ်လ်သည် ဘော့စတွန် တက္ကသိုလ် ကောလိပ်များစွာတွင် နာမည်ကျော် ဥဒ္ဒေပါမောက္ခအဖြစ် လူငယ်များကို သင်ကြားပို့ချလျက် ရှိသည်။ တစ်ပြိုင်တည်းတွင် ဂျူးကိုးကွယ်ဆည်းကပ်မှု ဘာသာနှင့် သမ္မာကျမ်းစာအပေါ် ဝေဖန်ရေးများကိုလည်း ရေးသားလျက် ရှိသည်။

အိုပရာဝင်ဖရေ၏ ရုပ်သံအစီအစဉ်တွင် ပါပြီဆိုလျှင် စာအုပ်တွေ စွံကြသည်ချည်း ဖြစ်၏။ 'ည'ကို အိုပရာက ၂၀၀၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည်။ သည်အစီအစဉ်တွင် အသက် ၇၇ နှစ်အရွယ်ရှိ ဆရာကြီးနှင့်အတူ အော့ချ်ဝစ်ဇ်သို့ အိုပရာ အရောက်သွားခဲ့သည့် ခရီးစဉ်ကိုပါ ပူးတွဲတင်ဆက်သည့်အခါ ရုပ်မြင်သံကြား ပရိသတ်၊ အင်တာနက် ပရိသတ် မျက်ရည်ကျကြ၊ ရှိုက်ကြီးတငင် ငိုကြွေးကြသည်။

'ည'ကိုလည်း အကြိမ်ကြိမ် ထပ်ကာထပ်ကာ ရိုက်နေရလေတော့ သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အယ်လီ ဝီဆယ်လ်၏ အမှာ

ကျွန်တော့်ဘဝမှာ စာအုပ်တစ်အုပ်တည်းပဲ ရေးရမယ်ဆိုရင် ဒီစာအုပ်ကိုပဲ ကျွန်တော် ရေးမှာပါ။ အတိတ်ဆိုတာ ပစ္စုပ္ပန်ထဲမှာ တရစ်ဝဲဝဲ ရောနှော လွှင့်ပျံ့နေတတ်ပါတယ်။ 'ည' ရဲ့နောက်ပိုင်း ကျွန်တော်ရေးတဲ့ စာအုပ်တွေထဲမှာ တာလမွဒ်ကျမ်းနဲ့ ဟာဆစ်ဒစ် ရှေးဟောင်း ဟေဘရူး အဘိဓမ္မာတွေ အနက်အနဲပါနေလို့ 'ည' ကို မဖတ်ရင် နားလည်နိုင်ကြမယ် မဟုတ်ပါဘူး။

ကျွန်တော် ဘာကြောင့် ဒီစာအုပ်ကို ရေးရတာလဲ။ ရူးသွားမှာစိုးလို့ ရေးတာပါ။ ဒါမှမဟုတ် ရူးသွပ်ခြင်းရဲ့ သဘောသဘာဝကို နားလည်နိုင်ဖို့ ကမ္ဘာ့သမိုင်းနဲ့ လူသားမျိုးဆက် အစဉ်အလာမှာ ရာဇဝင် အရိုင်းဆုံး၊ စက်ဆုပ်တုန်လှုပ်စရာ အကောင်းဆုံး သည်အရိပ်မည်းကြီးအကြောင်းကို သွင်သွင် ရူးမသွားအောင် ရေးဖြစ်ခြင်းလား။

သည်အဖြစ်ဆိုးကြီးကို စာလုံးတွေနဲ့ မှတ်တမ်းတင်ရုံ၊ သမိုင်းဘီးတစ်ပတ် ပြန်မလည်အောင် တားဆီးရုံနဲ့ ကျွန်တော့်ကို ကျေနပ်ကြရမှာလား။ ဆယ်ကျော်သက်အရွယ်က ကျွန်တော့်ဘဝနဲ့ ရင်းခဲ့ရတဲ့ သည်မှတ်တမ်းကို ဖန်ပေါင်းချောင်ထဲ ထည့်ထားရုံနဲ့ ကျေနပ်ရတော့မှာလား။

ကျွန်တော့်ကို ဒီလိုပြောတဲ့လူတွေလည်း ရှိပါတယ်။ ဒီစာအုပ်ကို ရေးဖို့အတွက် ကျွန်တော် အသက်ရှင် လွတ်မြောက်လာတာတဲ့။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မသိပါဘူး။ ဘယ်လို လွတ်မြောက်လာတယ်ဆိုတာ ကျွန်တော် သိပ်မသိပါဘူး။ အဲဒီတုန်းက သေကောင်ပေါင်းလဲ ခံခဲ့ရလို့ အားပြတ်ပြီး ဘာမှ မလုပ်နိုင်တော့ပါဘူး။ ဘာမှ မသိတော့ပါဘူး။ ဒါဆို တန်ခိုးတော်ရှင် တစ်ပါးပါးက ကျွန်တော့်ကို ကယ်တင်ခဲ့ခြင်းလား၊ မဖြစ်နိုင်ပါဘူး။ ကောင်းကင်ဘုံက ကယ်နိုင်လိမ့်မယ်၊ ကယ်တင်ပေးလိမ့်မယ် မဟုတ်ပါဘူး။ ကယ်တင်လိမ့်မယ်ဆိုရင်လည်း ကျွန်တော့်ထက်ပိုပြီး ကယ်တင်သင့်တဲ့ လူတွေကို ဘာကြောင့် မျက်ကွယ်ပြုခဲ့သလဲ။ ကံကောင်းခြင်း တစ်ခုတည်းကြောင့် ကျွန်တော် ရှင်ကျန် လွတ်မြောက်ခဲ့တာပါ။

ထားပါတော့။ ကျွန်တော် အသက်ရှင် လွတ်မြောက်ခဲ့ပါပြီ။ သည်လို ကံကောင်းစွာ လွတ်မြောက်လာခဲ့ခြင်းအတွက် ကျွန်တော် အဓိပ္ပာယ် ရှာဖွေရပါလိမ့်မယ်။ ထုတ်ဖော်ရပါလိမ့်မယ်။ သည်လို ရှာဖွေဖော်ထုတ်ရာမှာ အတွေ့အကြုံ မှတ်တမ်းတင်ရုံတင်တဲ့ စာတမ်းမျိုး ဖြစ်သင့်ပါသလား။ ဘဝကို သမင်လည်ပြန် ကြည့်မိတဲ့အခါမှာ ကျွန်တော် ဘာတွေ မှတ်တမ်းတင်ရမယ်ဆိုတာ မသိတော့တဲ့အကြောင်း ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော် သိတာ တစ်ခု ရှိပါတယ်။ ဒီထွက်ဆိုချက်ကိုမှ ကျွန်တော် မရေးရရင် စာရေးဆရာတစ်ယောက် အနေနဲ့ရော ကျွန်တော့် ဘဝတစ်ခုလုံးပါ ဘာမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး။ အခုဘဝကိုလည်း ကျွန်တော် ရောက်လာမှာ မဟုတ်ဘူး။

ဒီလျှောက်လဲချက်ဟာ သက်သေခံပစ္စည်းလည်း ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အဆိုးယုတ်ဆုံး၊ လူ့သမိုင်းမှာ အရက်စက်ဆုံး ဖြစ်မှုကြီးကို ကျူးလွန်ခဲ့တဲ့ ရန်သူဟာ ဒီအဖြစ်ကြီး တကယ်မဖြစ်ခဲ့ပါဘူးဆိုပြီး ဖုံးဖိဖို့ ချေဖျက်ဖို့ ကြိုးစားနေပါတယ်။ ဒီလို မလုပ်နိုင်အောင် တားဆီးဖို့ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ကျွန်တော် အလေးအနက် ယုံကြည်ထားပါတယ်။

ခုတော့ ကျွန်တော်တို့ ကံကောင်းပါတယ်။ ကျေးဇူးတင်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်။ အထောက်အထားတွေ စာရွက်စာတမ်းတွေ ရှာဖွေတွေ့ရှိခဲ့ပါပြီ။ ဂျာမနီမှာ နာဇီပါတီ အာဏာရပြီး အစောပိုင်းကတည်းက ဂျူးလူမျိုးတွေကို မောင်းထုတ်ဖို့၊ ဂျူးတွေမပါတဲ့ လူ့အဖွဲ့အစည်းတစ်ခု တည်ထောင်ဖို့ စီမံကိန်းတွေ ချခဲ့တဲ့ အထောက်အထားတွေပါ။ ဒါပေမဲ့ သူတို့ ခေတ်ကုန်ခါနီးမှာ သူတို့ရဲ့ ရည်မှန်းချက်တွေ ပြောင်းသွားတယ်။ ကမ္ဘာကြီးကို အပျက်အစီးတွေကြားထဲမှာ ထားခဲ့တယ်။ ဂျူးဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးသလို အပျက်အစီးတွေကြားထဲမှာ သူတို့ ပျောက်ဖျက်ပစ်ခဲ့တယ်။

ဒါကြောင့် ရုရှားနိုင်ငံထဲက နေရာတကာမှာ၊ လစ်သူအေးနီးယားမှာ၊ ယူကရိန်းမှာ ဂျာမန် မုန်တိုင်းတပ်တွေက သူတို့ရဲ့ စက်သေနတ်ပြောင်းတွေကို ဂျူးတွေဆီ လှည့်လိုက်တာပေါ့။ ယောကျ်ား မိန်းမတွေ၊ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ စုပြုံသတ်ပြီးမှ ရောမ တွင်းကြီးထဲမှာ ဖို့ပစ်ခဲ့တာပေါ့။ အဲဒီမှာ ဂျူးတစ်သန်းကျော် အသတ်ခံခဲ့ကြရတယ်။ နောက်မှ အထူးတပ်ဖွဲ့တွေက အလောင်းတွေကို ပြန်ဖော်ပြီး မီးရှို့ခဲ့ကြတယ်။

ဒါကြောင့် ကမ္ဘာ့သမိုင်းမှာ ဂျူးတွေဟာ နှစ်ခါ သေခဲ့ရတယ်။ ဒါပေမဲ့ လူနဲ့တူအောင် သင်္ချိုင်းမှာ မြှုပ်နှံသင်္ဂြိုဟ်ခွင့် မရခဲ့ကြဘူး။

ဒါကြောင့် ရှင်းပါတယ်။ ဟစ်တလာနဲ့ သူ့ရဲ့ လူလွှန်မသားတွေ ဆင်နွှဲခဲ့တဲ့ စစ်ပွဲဟာ ဂျူးယောကျ်ား၊ ဂျူးမိန်းမနဲ့ ဂျူးကလေးတွေကို သတ်ဖြတ်ဖို့သာ မဟုတ်ဘူး။ ဂျူးလူမျိုးတို့ရဲ့သမိုင်း၊ ဂျူးလူမျိုးတို့ရဲ့ ဘာသာတရား၊ ယဉ်ကျေးမှုအားလုံးကို ဖျက်ဆီးပစ်တဲ့ စစ်ပွဲပဲ။ ဂျူးဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ လူ့သမိုင်း စာမျက်နှာပေါ်က ဖယ်ရှားပစ်ရမယ်ဆိုတဲ့ သေနင်္ဂဗျူဟာပဲ။ ကျွန်တော့်စိတ်ထဲမှာ သေချာနေတာ တစ်ခုရှိတယ်။ တစ်နေ့နေ့မှာ သည်ပြစ်မှုကြီးဟာ တရားစီရင် ခံရမှာပဲဆိုတာပါပဲ။ အဲဒီအခါမှာ တရားလိုပြ သက်သေဟာ ကျွန်တော်ပဲ ဖြစ်ရမယ်ဆိုတာလည်း ကျွန်တော် သိနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခု ကျွန်တော် သိနေတာ ရှိပါသေးတယ်။ ပြောစရာတွေ ကျွန်တော့်မှာ ရင်နဲ့မဆံ့အောင် ရှိပေမဲ့ ကျွန်တော့်မှာ ပြောဖို့ စကားလုံး မရှိတဲ့ ကိစ္စပါ။ ဘာသာစကားနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ ရောမ ပြဿနာကြီး ဖြစ်နေပါတယ်။ ဘာသာစကားတစ်မျိုး ထပ်ထွင်ရမလို ဖြစ်နေ ပါတယ်။

ရန်သူက ဖျက်ဆီးပစ်လိုက်လို့ ပုံပျက်ပန်းပျက် ဖြစ်သွားရတဲ့ စကား လုံးများရဲ့ အဓိပ္ပာယ်တွေကို ကျွန်တော် ဘယ်လိုလုပ်ပြီး ပြုပြင်တည်ဆောက်ရ ပါမည်လဲ။ ဥပမာ ဆာလောင်မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ ထိတ်လန့်ခြင်း။ ပြီးတော့ မီးလျှံ၊ မီးခိုးခေါင်းတိုင်၊ အုပ်စုခွဲခြင်း၊ လူရွေးခြင်း။ ဒီစကားလုံးများမှာ ကိုယ်ပိုင် အနက်အဓိပ္ပာယ်တွေ ရှိပါတယ်။ ဒါပေမဲ့ အဲဒီတုန်းကတော့ တခြားအဓိပ္ပာယ်တွေကို ဆောင်နေခဲ့ပါတယ်။

ကျွန်တော့် မိခင်ဘာသာစကားနဲ့ ရေးပြန်တော့လည်း အဲဒီ ဘာသာ စကားကလည်း တိမ်ကောပပျောက်လုနီးပါး ဖြစ်နေပါပြီ။ စာကြောင်း တစ်ကြောင်းကနေ ရှေ့မတိုးဘဲ ဖြစ်နေပါတယ်။

ကြိယာတွေကို ဘာသာစကားချင်း ဖလှယ်ရမယ် ထင်ပါတယ်။ ဒါဆိုရင် ပုံရိပ်တွေ၊ ကျိုတ်ငိုသံတွေပါ ကျွန်တော့်စကားလုံးတွေ မဟုတ်တော့ဘူးပေါ့။ သူများ စကားလုံးတွေကို ခိုးယူ လုညှိစားရတော့မှာပေါ့။ သည်နည်းလည်း မမှန်သေးဘူး။ မဟုတ်သေးဘူး။ ဒါထက် သည်နည်းဆိုတာ ဘာပါလိမ့်။ တော်တော် ခက်ခက်ခဲခဲ ရှာဖွေရတဲ့နည်း ဖြစ်လိမ့်မယ်။ ဘုရားသခင်ကို မထိမဲ့မြင်ပြုတဲ့ နည်းပဲ၊ သူများပိုင်နက်ကို ကျူးကျော်လုယူတဲ့ နည်းပဲ။

အဘိဓာန်ပေါင်းစုံက ပေးတဲ့ စာလုံးတွေဟာ အားမရှိဘူး။ အသက် မပါဘူး။ အလုံပိတ်ရထားကြီးနဲ့ ခရီးဆုံး ဘယ်မှာမှန်းမသိဘဲ သွားရတဲ့ ခရီးအကြောင်းကို သရုပ်ပေါ်အောင် ဖော်နိုင်တဲ့ စကားလုံး ရှိနိုင်ပါမလား။ ဒါမှမဟုတ် ရေခဲလွင်ပြင်မှာ ဆောက်တည်ရာမရ ဖြစ်နေကြတဲ့ အခန်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com



လူမဆန်နိုင်မှ လူရာဝင်တဲ့လူစားတွေ၊ စည်းကမ်းသေဝပ်ပြီး ခေါက်ရိုးမကျိုးတဲ့ ယူနီဖောင်းဝတ် ခေတ်ပညာတတ်တွေက ဘာအပြစ်မှမရှိတဲ့ ကလေးတွေ၊ လူကြီးတွေကို အပျော်တမ်း သတ်ဖြတ်နေတဲ့ ကိစ္စတွေကို ကျွန်တော် ဘယ်လို စကားလုံးတွေနဲ့ သရုပ်ဖော်ရမှာလဲ။ မီးလိုပူတဲ့ ညတစ်ညတည်းမှာပဲ တကွဲတပြားစီ ဖြစ်သွားတဲ့ မိသားစုပေါင်းများစွာ၊ အသိုင်းအဝန်းပေါင်း များစွာအကြောင်းကို ကျွန်တော် ဘယ်လို ရေးဖွဲ့နိုင်မှာလဲ။ ကျွန်တော်တို့ ရောက်တဲ့ညမှာပဲ သူ့အမေနဲ့အတူ အသတ်ခံလိုက်ရတဲ့ ရွှေရောင်ဆံပင်နဲ့ ဂျူးမိန်းမချောကလေးအကြောင်းကို ဘယ်လို အသည်းနှလုံးနဲ့ ကျွန်တော် ရေးချရမှာလဲ။

တစ်ကိုယ်လုံး တဆတ်ဆတ်မတုန်ဘဲ၊ ထာဝရ အသည်းမကွဲဘဲ ဘယ်လို လုပ်ပြီး ပြောထွက်နိုင်ပါမည်လဲ။

ဒါတွေ ဒါတွေရဲ့ မျက်မြင်သက်သေဟာ သူ့လျှောက်လဲချက်ကို ငြင်းပယ်ကြမယ်ဆိုတာ သူ့ရင်ထဲက သိနေတယ်။ တကယ်တော့ လူ့ဘဝရဲ့ အမှောင်ဆုံးထဲက ထွက်လာတဲ့ အဖြစ်သနစ်တွေပဲ။ အော့ချ်ဝစ်ဇ်ကို မရောက်ဖူးတဲ့လူတွေ မသိနိုင်ဘူး။ ရောက်ဖူးတဲ့လူတွေပဲ သိနိုင်တယ်။

သူတို့တွေတောင် ဘယ်လောက် သိခဲ့ကြသလဲ။ အားနည်းသူကို ကူညီဖို့၊ နာမကျန်းဖြစ်သူကို ပြုစုဖို့၊ ကလေးတွေကို ကာကွယ်ဖို့၊ လူကြီးသူမတွေရဲ့ ပညာဉာဏ်ကြီးမြတ်မှုကို ရိုသေလေးစားဖို့ဆိုတာတွေဟာ သာမန် လုပ်ရိုး လုပ်စဉ် အလုပ်တွေဆိုတာ လူတိုင်း နားလည်ကြပါတယ်။ ဒါပေမဲ့ အော့ချ်ဝစ်ဇ် ထဲမှာ ဘာဖြစ်ခဲ့သလဲ။ ကျိန်စာသင့်နေတဲ့ ဒေသမှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ သူတို့ နားလည်နိုင်ကြပါ့မလား။

အားအင်ချည့်နဲ့ပြီး ဘာမှ ရန်သတ္တုရမပြုနိုင်တဲ့လူတွေကို သူတို့ ကြိုးပမ်း နှိပ်စက်ကြခဲ့တယ်။ ကလေးတွေ၊ လူအိုလူမင်းတွေ၊ လူမမာတွေကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေနဲ့ အတူတူနေခဲ့ရတဲ့ လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ရေငုံနှုတ်ပိတ် နေနိုင်မှာလဲ။ ကျွန်တော့်ကို ဘာနဲ့မှ ပိတ်လို့မရပါဘူး။ ကျွန်တော်ကတော့ ပြောမှာ။

ဒီတော့ ကျွန်တော် မဆုတ်မနစ် ကြိုးစားခဲ့ပါတယ်။ ဘာကင်နူး ခေါင်းတိုင်က ပြာတွေ ကျွန်တော့်ကို အမြဲ တွန်းအားပေးနေပါတယ်။ ဒါပေမဲ့ ရှင်းရှင်းလင်းလင်း ပီပီပြင်ပြင်ရေးနိုင်ဖို့ ကျွန်တော့်မှာ ခက်နေတုန်းပါပဲ။

ဒါကြောင့်လည်း ကျွန်တော့်ရဲ့ 'ကမ္ဘာကြီးကတော့ ရေငုံနှုတ်ပိတ် နေဆဲပါပဲ' (And The World Was Silent) စာမူဟာ အင်္ဂလိပ်ဘာသာရော ပြင်သစ်ဘာသာပါ ပြန်ပြီးမှ ထုတ်ပေးမယ့်သူ ရှာမရခဲ့ပါဘူး။ တိုက်ကြီးတွေက တွင်တွင်ပယ်ခဲ့ပါတယ်။ နောက်ဆုံး နိုဘဲလ်ဆုရှင် ပြင်သစ်စာရေးဆရာကြီး ဖရမ်ဆွာမောရီယက်နဲ့တွေ့ပြီး သူ့ကြိုးစားအားပေးမှုနဲ့ကျမှ စာအုပ်ဖြစ်လာပါတော့တယ်။

ကျွန်တော် ဘယ်လောက်ဖြတ်ဖြတ် မူလ ဂျူးဘာသာနဲ့ရေးထားတဲ့ ခံနောင် 'ည' ဖြစ်လာမယ့် ဒီစာမူကြီးဟာ ရှည်မြဲ ရှည်နေတုန်းပါပဲ။ Edition de Minuit စာအုပ်တိုက်မှ Jerome Lindon တည်းပေးတော့မှ ကျစ်ကျစ်လျစ်လျစ် ဖြစ်သွားတာပါ။ သူ့တည်းဖြတ်မှုကို ကျွန်တော် လက်ခံလိုက်ပါတယ်။ မလိုတာတွေပါသွားမှာ ကျွန်တော် စိုးရိမ်တယ်။ အရေးအကြီးဆုံးက အမှန်တရားပါပဲ။ နည်းနည်းပြောတာ ထိရောက်ပါတယ်။ အများကြီးပြောမိမှာ ကျွန်တော် စိုးရိမ်တယ်။

စာဖတ်သူတွေမှာ မေးပိုင်ခွင့် ရှိပါတယ်။ ပထမအကြိမ်ထွက်ပြီး လေးဆယ့်ငါးနှစ်ကြာမှ ဘာကြောင့် နောက်ထပ်ဘာသာပြန်ပြီး ထုတ်ဝေရတာလဲဆိုတဲ့ မေးခွန်းပါ။

ကျွန်တော် ရှင်းပြချင်ပါတယ်။ လွန်ခဲ့တဲ့ လေးဆယ့်ငါးနှစ် ကျွန်တော် စာစရေးစဉ်က ကျွန်တော့်ကို ဘယ်သူမှ မသိကြသေးပါဘူး။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာက ခပ်ညံ့ညံ့ရယ်ပါ။ အင်္ဂလိပ်လူမျိုး ထုတ်ဝေသူက ဘာသာပြန် ဆရာကောင်းကောင်း တွေ့ထားကြောင်းပြောတော့ ကျွန်တော် ဝမ်းသာသွားခဲ့တယ်။ အင်္ဂလိပ်ဘာသာပြန်ကို ကျွန်တော် ဖတ်ကြည့်တယ်။ နိပ်နေတာပဲ။ နောက် ကျွန်တော် ပြန်မဖတ်ဖြစ်တော့ဘူး။

နောက်ပိုင်း ကျွန်တော်ရေးတဲ့ စာအုပ်တွေကို ကျွန်တော့်မိန်းမ မာရီယံက အင်္ဂလိပ်ဘာသာ ပြန်ခဲ့တယ်။ သူက ကျွန်တော့် 'လေ'ကို သူများတွေ ထက် ပိုသိတာကိုး။ ကျွန်တော် သိပ်ကံကောင်းပါတယ်။ Farrar, Straus and Giroux စာအုပ်တိုက်က 'ည'ကို မာရီယံ အသစ်ထပ်ပြန်ဖို့ ပြောတော့ အမျိုးသမီးက လက်ခံလိုက်တယ်။ သူ့လက်ရာကို စာဖတ်သူတွေ ကြိုက်ကြ လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ပထမတည်းဖြတ်သူက တော်တော် ပြင်းပြင်းထန်ထန် ဟည်းထားတော့ အချို့ ကျွန်တော် ပြန်ပြင်ရပါတယ်။ အရေးကြီးတဲ့ အသေးစိတ်တွေ တော်တော်များများ ပြန်ညှိရပါတယ်။

ဒီလိုနဲ့ နောက်ဆုံးမှာ နှစ်ပေါင်းများစွာက ကျွန်တော် ရေးထားခဲ့တဲ့ စာအုပ်ကို ပြန်ဖတ်ပါတယ်။ ခုလို အသစ်ဘာသာပြန်ဖြစ်တဲ့အတွက် ကျွန်တော် ဝမ်းသာရပါတယ်။ ကျွန်တော်သုံးခဲ့တဲ့ စကားလုံးတွေ အဆင်ပြေရဲ့လား၊ ခွင်ကျရဲ့လား ကျွန်တော် သံသယ ဖြစ်နေဆဲပါပဲ။ ဆိုပါတော့။ အဲဒီကို ကျွန်တော် ရောက်သွားတဲ့ညက နှစ်ကြီးသမားတစ်ယောက်က ကျွန်တော်တို့ သားအဖကို အသက်တွေ လိမ်ပြောဖို့ အကြံပေးတဲ့ စကားလုံးတွေ။ အဖေကို ငယ်ခိုင်းပြီး ကျွန်တော့်ကို ကြီးခိုင်းတယ်လေ။ ပြီးတော့ လူရွေး၊ အုပ်စုခွဲ၊ ငြိမ်သက်နေတဲ့ ကောင်းကင်အောက်မှာ အဆိပ်ငွေ့စက်ရုံကြီးကို လှမ်းမြင်နေရ။ ကလေးတွေကို မီးတွင်းကြီးတွေထဲ ပစ်ချတဲ့အခန်းကို ကျွန်တော်ရေးတော့ အသက်ရှင်နေဆဲ ကလေးများလို့ ကျွန်တော် မရေးဘူးနော်။ ဒါက ကျွန်တော့် အထင်လေ။ ကျွန်တော် ဖွတ်ထင်ရတာပါ။ အဲဒီလိုမဟုတ်ရင် ကျွန်တော် ရူးသွားနိုင်လို့ပါ။ တခြားလူတွေလည်း ဒီမြင်ကွင်းကို မြင်ပါတယ်။ အရှင်



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ် ကလေးတွေပါ။ ဒီအကြောင်းကို သမိုင်းသုတေသီ တဲဖို့ဒ် တေလာက အတည်ပြုပြီးပါပြီ။ တော်ပါသေးတယ်။ ကျွန်တော် ဦးနှောက် ချောင်မသွားခဲ့ဘူး။

ဒီအမှာစာကို အဆုံးမသတ်ခင် စာအုပ်တွေအပေါ်မှာ ကျွန်တော် ဘယ်လောက် အလေးအနက်ထားတယ်ဆိုတာ ပြောချင်ပါတယ်။ စာအုပ်တွေဟာ လူတွေလိုပါပဲ။ သူတို့မှာ ခရီးပန်တိုင် ရှိကြပါတယ်။ အချို့ပန်းတိုင်က ပျော်စရာရှင်စရာ၊ အချို့က လွမ်းစရာဆွေးစရာ၊ အချို့က နှစ်မျိုးစလုံး။ လွန်ခဲ့တဲ့ လေးဆယ့်ခုနစ်နှစ်က 'ည'ကို ပြင်သစ်မှာ မထုတ်ဝေခင် ဒီစာအုပ်ကြောင့် မမျှော်လင့်ဘဲ ကြုံတွေ့ရပုံ အဖုံဖုံကို ကျွန်တော် ရေးခဲ့ဖူးပါတယ်။

ဝေဖန်ရေးဆရာတွေက 'ည'ကို ဝိုင်းပြီး 'ပို့'ကြပေမဲ့ စာအုပ်က မပေါက်ခဲ့ပါဘူး။ အကြောင်းအရာက အနိဋ္ဌာရုံတွေချည်းမို့တဲ့။ ဘယ်သူမှ စိတ်မဝင်စားကြပါဘူး။

တရားဟောဆရာတစ်ယောက်က ဒီစာအုပ်အကြောင်း ထည့်ဟောရင် တရားနာပရိသတ်က မကြိုက်ကြပါဘူး။ ဂျူးတွေရဲ့အတိတ်၊ အဖြစ်ဆိုးတွေအကြောင်း ပြန်ရေးနှူးပြီး သူတို့ကလေးတွေကို စိတ်မညစ်ပါစေနဲ့တဲ့။ ဂျူးလူမျိုးတွေကို အဲဒီတုန်းက ကျွန်တော် အရမ်းစိတ်ပျက်သွားတယ်။ 'ည'ကို ဒီလိုတုံ့ပြန်ကြလိမ့်မယ်လို့ လုံးဝ မမျှော်ခဲ့ဘူးလေ။

ခုတော့ သမိုင်းတစ်ခေတ် သစ်ခဲ့ပါပြီ။ အမေရိကန်က အထက်တန်းကျောင်းတွေ၊ ကောလိပ်ကျောင်းတွေမှာကော၊ အခြား တိုင်းပြည်ပေါင်းများစွာမှာပါ ကျောင်းသုံးစာအုပ်တစ်အုပ်လို ဖတ်နေကြပါပြီ။

ဒီဖြစ်ရပ်ကို ဘယ်လိုပြောရမှန်း ကျွန်တော် မသိပါဘူး။ ကြီးမားတဲ့ အပြောင်းအလဲကြီး တစ်ခုကြောင့် လူတွေ အမြင်ပြောင်းလာတာပဲ ဖြစ်ပါလိမ့်မယ်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်က မွေးခဲ့တဲ့ လူတွေဟာ ဂျူးတွေ



www.burmeseclassic.com

www.burmeseclassic.com



အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရတဲ့ကိစ္စကို ၁၉၅၀ နဲ့ ၆၀ ခုနှစ် တစ်ဝိုက်မှာ သိပ်အလေးအနက် မထားခဲ့ကြပါဘူး။

ခုတော့ အဲဒီလို မဟုတ်ကြတော့ပါဘူး။ ဟိုဘက်ခေတ်မှာ ဒီအကြောင်း အရာကို ထုတ်ဖို့ ထုတ်ဝေသူတွေ၊ စာအုပ်တိုက်တွေ သတ္တိ မရှိကြပါဘူး။

ဒီနေ့တော့ စာအုပ်တွေ အများကြီး ထွက်နေပါပြီ။ ပညာတတ် လူတန်းစားတွေ အများကြီး ဖတ်နေကြပါပြီ။ ဟိုတုန်းက ကျောင်းတွေမှာ ဒီဘာသာရပ်ကို မသင်ခဲ့ကြပါဘူး။ ဒီနေ့ ကျောင်းတော်တော်များများမှာ သင်နေကြပါပြီ။ ထူးဆန်းတာက သိပ်လူကြိုက်များတဲ့ ဘာသာရပ် ဖြစ်လာ တာပါပဲ။ အော့ချ်ဝစ်ဇ်ဆိုတဲ့ ဘာသာရပ်ဟာ လူ့ယဉ်ကျေးမှုသမိုင်းမှာ အရေး ပါတဲ့ ဘာသာရပ် ဖြစ်နေပါပြီ။

အော့ချ်ဝစ်ဇ်အကြောင်း ရုပ်ရှင်တွေ ရိုက်ကြတယ်။ ဝတ္ထုတွေ ရေးကြ တယ်။ ပြဇာတ်တွေ ကကြတယ်။ နိုင်ငံတကာ ဆွေးနွေးပွဲတွေ လုပ်ကြတယ်။ အထူးခြားဆုံးကတော့ ဝါရှင်တန်မှာ အော့ချ်ဝစ်ဇ် အောက်မေ့ဖွယ် ပြတိုက်ကြီး တည်ဆောက်နိုင်ခဲ့ခြင်းပါပဲ။ ၁၉၉၃ ခုနှစ်မှာ ပြတိုက် စဖွင့်ခဲ့ပါတယ်။ ယနေ့ထိ လာရောက် လည်ပတ်ကြည့်ရှုသူပေါင်း နှစ်ဆယ့်နှစ်သန်း ရှိသွားပါပြီ။

အော့ချ်ဝစ်ဇ်ကနေ မသေမပျောက် လွတ်မြောက်လာတဲ့လူတွေ တဖြည်း ဖြည်း နည်းနည်းလာပြီဆိုတာ လူတွေသိလာလို့ ခုလောက် စည်ကားတာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မကြာခင် ပျောက်သွားတော့မယ့် သမိုင်းအဖြစ်ဆိုး ကြီးကို မျှဝေခံစားဖို့ စိတ်ကူးရကြတာလည်း ဖြစ်နိုင်တယ်။ နောက်ဆုံးမှာတော့ မယုံနိုင်စရာ ဆိုးယုတ်ခဲ့တဲ့ ဒီအမည်းကွက်ကြီးဟာ သတိရစရာ ခြေရာဖွဖွ ကလေးတွေပဲ ကျန်ရစ်မှာပါ။ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတွေကိုပါ ကြာရင် မေ့သွားကြမှာပါ။

လွတ်မြောက်လာသူ တစ်ယောက်အနေနဲ့ ဒီအမှုတွဲကြီးမှာ သက်သေ လိုက်မယ်လို့ ဆုံးဖြတ်ပြီးကတည်းက သေလွန်သူများအတွက်ရော ရှင်ကျန်



www.burmeseclassic.com

www.burmeseclassic.com



သူများအတွက်ပါ ကြားနာဖို့၊ သက်သေခံဖို့ တာဝန်ယူရမှာပါ။ ဒါက ရှင်းပါတယ်။ အတိတ်ရဲ့ အောက်မေ့ဖွယ်တွေဟာ အားလုံးနဲ့ ဆိုင်ပါတယ်။ အားလုံးပိုင်ပါတယ်။ ဒါကို သူ့မှာ ဖုံးဖိထားဖို့ တာဝန် မရှိပါဘူး။

ဒီအတိတ်ကို မေ့ကြမယ်၊ မေ့အောင် လုပ်မယ်ဆိုရင် အန္တရာယ်များရုံမကဘူး စော်ကားမော်ကားလုပ်ရာလည်း ရောက်ပါလိမ့်မယ်။ ပြီးတော့ သေလွန်သူများကို ဒုတိယအကြိမ် ထပ်သတ်သလိုလည်း ဖြစ်သွားပါလိမ့်မယ်။ တစ်ခါတလေ ကျွန်တော် အမေးခံရတယ်။ 'အော့ချ်ဝစ်ဇ်ရဲ့ တုံ့ပြန်မှုက ဘာလဲ'တဲ့။ ကျွန်တော် ပြန်ဖြေတယ်။ 'သိပ်သိတာပေါ့၊ သိလွန်းလို့ ဒီလိုအဖြစ်ဆိုးကြီးတွေအတွက် တုံ့ပြန်စရာ လိုမလို ဆိုတာထက် တာဝန်ဆိုတာ ပိုပြီး လိုအပ်တယ်'လို့ ကျွန်တော် ပြန်ဖြေပါတယ်။

အဲဒီ အမှောင်ကာလရဲ့ ပြောမယုံ ကမ်းကုန်အောင် ဆိုးယုတ်ခဲ့ကြတဲ့ အကြောင်းတွေ ပြန်ပြောမိကြရင် အဖြစ်အပျက်တွေဟာ နီးနီးလေးမှာလိုလို၊ ဟိုးအဝေးကြီးမှာ ကျန်ခဲ့သလိုလို ဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရေးကြီးဆုံး စကားတစ်လုံးကတော့ 'တာဝန်'ဆိုတာပါပဲ။

သက်သေကတော့ အစစ်ခံဖို့ သူ့ကိုယ်သူ အတင်းအကျပ် ခိုင်းနေပါပြီ။ ဒီနေ့လူငယ်တွေနဲ့ မနက်ဖြန်မှာ မွေးလာမယ့် ကလေးတွေအတွက် သူသက်သေလိုက်မှာ ဖြစ်ပါတယ်။ သူက သူ့အတိတ်ကို သူတို့ရဲ့ အနာဂတ် မဖြစ်စေချင်ပါဘူး။

**အယ်လီ ဝီဆယ်လ်**

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## နိုဘဲလ်ဆုရ ပြင်သစ်စာရေးဆရာကြီး
## ဖရန့်ဆွာ မောရီယက်၏ အမှာ

နိုင်ငံခြားသား စာရေးဆရာတွေ၊ သတင်းစာဆရာတွေ၊ သတင်းထောက်တွေ ကျွန်တော့်ဆီ မကြာမကြာ ရောက်လာတတ်ပါတယ်။ သူတို့ကို ကျွန်တော် သိပ်သတိထားရပါတယ်။ သူတို့နဲ့ လွတ်လွတ်လပ်လပ်လည်း စကားပြောချင်တယ်။ ဒါပေမဲ့ အဲဒီ အင်တာလာဗျူးတဲ့ လူတွေရဲ့ လက်ထဲကို လက်ပစ်ဗုံး ထည့်ပေးလိုက်သလို ဖြစ်မှာကိုလည်း စိုးရိမ်ရသေးတယ်လေ။ ပြင်သစ်နိုင်ငံအပေါ် သူတို့ထားတဲ့ သဘောထားကို ကျွန်တော် မသိနိုင်ဘူး မဟုတ်လား။ မမျှော်လင့်ဘဲ သူတို့ရောက်လာရင် ကျွန်တော် အများကြီး ချင့်ချိန်ရပါတယ်။

တစ်နေ့မနက်မှာတော့ ကျွန်တော့်ဆီကို တယ်လ်အဗီး နေ့စဉ်က ဂျူးလူငယ် သတင်းထောက်တစ်ယောက် ရောက်လာပါတယ်။ စကားဝိုင်း စပြီးဆိုတာနဲ့ သူ့ကို ကျွန်တော် သဘောကျသွားတယ်။ သူကလည်း ဗျူးဖို့ ရောက်လာတာပါပဲ။ ချက်ချင်းပဲ ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံကျသွားပြီး နာဇီလက်အောက် ကျသွားတဲ့အချိန်ကို ရောက်သွားပါတယ်။ ကိုယ်ရေးကိုယ်တာတွေ ပါလာတယ်။ သူပြောတဲ့ အကြောင်းအရာနောက်ကို ကျွန်တော် မျောပါသွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဟာ နာဇီအောက် ရောက်ခဲ့ပေမဲ့ တိုက်ရိုက် မခံစားခဲ့ရလို့ ဒီအကြောင်းအရာတွေကို သိပ်ကြီးအလေးအနက် မထားခဲ့ပါဘူး။ အဲဒီအကြောင်း လူငယ်သတင်းထောက်ကို ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော် ပြောပြလိုက်ပါတယ်။

တကယ်တော့ အလုံပိတ်ရထားနဲ့ အော့ချ်ဝစ်ဇ်ကို ပါသွားတဲ့ ဂျူးတွေကို ကျွန်တော် မျက်စိနဲ့ မမြင်လိုက်ရပါဘူး။ ကျွန်တော့်မိန်းမ ပြန်ပြောလို့ သိခဲ့ရတာပါ။ သူက မျက်မြင်ကိုယ်တွေ့သမားဆိုတော့ တော်တော် တုန်လှုပ်ချောက်ချားခဲ့ပါတယ်။ အဲဒီတုန်းက နာဇီတွေရဲ့ ဂျူးမျိုးဖြုတ်ရေး စီမံကိန်းအကြောင်း ဘယ်သူမှ မသိသေးပါဘူး။ ဒါလောက် မိုက်မိုက်ရိုင်းရိုင်း ကိစ္စကြီးကို ဘယ်သူ စဉ်းစားမိမှာလဲ။ ဒါပေမဲ့ ဖြစ်နိုင်ဖို့ သိပ်ခက်တဲ့၊ မယုံကြည်နိုင်လောက်တဲ့ ကိစ္စကြီးဟာ တကယ်ဖြစ်ခဲ့ပါတယ်။ အမေ့ရင်ခွင်ထဲက ကလေးတွေကို အတင်းဆွဲသွားကြတယ်ဆိုတာ ဘယ်လိုမှ နားလည်လို့ မရနိုင်တဲ့ ကိစ္စပါ။

အဲဒီနေ့ကစပြီး ကျွန်တော် ယုံကြည်လိုက်ပါတယ်။ ဒါလောက် လွန်လွန်းတဲ့ အဖြစ်များဟာ ကြာကြာမတည်တံ့နိုင်ဘူး။ အဲဒီခေတ် ကုန်ဆုံးပြီး ခေတ်သစ်တစ်ခု ရောက်လာတော့မယ် ဆိုတာပါပဲ။ ဆယ့်ရှစ်ရာစုက အနောက်နိုင်ငံသားတွေ အိပ်မက် မက်ခဲ့တယ်။ သူတို့က ၁၇၈၉ ခုနှစ်မှာ ခေတ်သစ်ရဲ့ အလင်းတန်းကို မြင်ရပြီလို့ ထင်ခဲ့တယ်။ အဲဒီအလင်းတန်းဟာ ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ရောက်တော့ ပိုအားကောင်းလာတယ်။ တစ်ဦးချင်း ဒဿနတွေ၊ ပုဂ္ဂလိကဝါဒတွေ ပေါ်လာတယ်။ သိပ္ပံပညာ တိုးတက်လာတယ်။

အဲဒီအိပ်မက်ဟာ ကလေးတွေကို အလုံပိတ်ရထားတွေနဲ့ သယ်သွားတဲ့ သတင်း ကြားရတဲ့နေ့မှာ ကျွန်တော့်အတွက် ပျက်စီးသွားတယ်။ ဒါတောင် အဲဒီကလေးတွေကို မီးလောင်တိုက်သွင်းဖို့၊ အဆိပ်ငွေ့စက်ရုံထဲ ထည့်ဖို့ ဆိုတာမျိုး ကျွန်တော် မတွေးမိသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဂျူးသတင်းထောက်ကလေးကို ကျွန်တော် ပြောမိတယ်။ 'ငါဖြင့် အဲဒီကလေးတွေအကြောင်း မကြာမကြာ စဉ်းစားမိတယ်ကွာ'။ ဒီတော့ သူက ပြန်ပြောတယ်။ 'အဲဒီအထဲမှာ ကျွန်တော် ပါတယ်လေတဲ့'။ သြော်… လက်စသတ်တော့ သူက အော့ရှ်ဝစ်ဇ်ပြန်ကိုး။ သူသိပ်ချစ်တဲ့ ညီမလေးရယ်၊ အမေနဲ့ အစ်မတွေရယ် မီးလောင်တိုက် အသွင်းခံခဲ့ရတယ်။ အရှင်လတ်လတ်က ပြာဖြစ်ခဲ့ကြရတယ်။ အဖေကြီးကလည်း သေကောင်ပေါင်းလဲ အနှိပ်စက်ခံရပြီးမှ သေခဲ့ရတယ်။ ဒါတွေအားလုံး ဒီစာအုပ်ထဲမှာ သူ ရေးထားတယ်။ ဒီစာအုပ်အကြောင်း အသေးစိတ်တွေ စာဖတ်သူများကို ကျွန်တော် စကားဦး မသန်းတော့ပါဘူး။ 'အင်းန်ဖရန့်၏ နေ့စဉ်မှတ်တမ်း'လို စာအုပ်မျိုးတွေနဲ့ အတူ စာဖတ်သူများ ဖတ်ရှုကြရမှာပါ။

ဒီစာအုပ်ဟာ ဘယ်စာအုပ်နဲ့မှ နှိုင်းယှဉ်လို့ မရနိုင်အောင် ဆွဲဆောင်အားပြင်းတဲ့ စာအုပ်ပါ။ ကျွန်တော့်ရင်ကို ထိမှန်တဲ့ စာအုပ်ပါ။ ဒီကလေးကို ဒီစာအုပ်ရေးဖို့ ဘုရားသခင်က ရွေးပေးခဲ့တာပါ။ သူ့စိတ်အနေကို ကျွန်တော်တို့ မှန်းကြည့်ကြရအောင်လား။ ကောင်းကင်ကို လွင့်တက်နေတဲ့ မီးခိုးမည်းမည်းတွေကို သူ့မျက်လုံးအစုံနဲ့ စောင့်ကြည့်နေခဲ့တယ်။ အဲဒီ မီးခိုးတွေက ထောင်ပေါင်းများစွာသော အခြား ဂျူးလူမျိုးတွေနဲ့အတူ သူ့မိသားစုကို လောင်ကျွမ်း လွင့်တက်လာတဲ့ မီးခိုးတွေ။ ကျွန်တော် မှန်းလို့ရခဲ့ပြီ။ နောက်ပိုင်းမှာမှ ဒီသူငယ်ကို ကျွန်တော် သဘောကျသည်ထက် ကျခဲ့တာပါ။ သူ့မျက်လုံးတွေက ခရစ်တော် အသက်သွင်းလိုက်လို့ သေရာမှထလာတဲ့ လားဇရပ်ရဲ့ မျက်လုံးမျိုးတွေ။ ကျွန်တော်က ဘုရားသခင်ကို ယုံတယ်။ ကိုယ်တော်၏ မေတ္တာတော်ကို ယုံတယ်။ ဒါပေမဲ့ ကြိုးဒဏ် ကျခံထားပြီးတဲ့ ကလေး တစ်ယောက်ရဲ့ မျက်နှာနဲ့ ကျွန်တော့်ရှေ့မှာ သည်သူငယ်ကို ကျွန်တော် ဘယ်လိုပြောရပါမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးနဲ့ပတ်သက်ပြီး သူ ကျောက်တုံးတစ်တုံးကို ခလုတ်တိုက်မိတယ်။ အဲဒီကျောက်တုံးဟာ ကျွန်တော့်အတွက် အုတ်မြစ်ချရမယ့်ကျောက်တုံး ဖြစ်နေပြီဆိုတာ သူ့ကို ကျွန်တော် ပြောရမှာလား။ လက်ဝါးကပ်တိုင်နဲ့ လူ့ဘဝရဲ့ ဒုက္ခသုခတွေအကြောင်း ကျွန်တော့်အမြင်ကို ပြောရမှာလား။ ဒါတွေကို စဉ်းစားရင်း သူငယ်ကလေးမှာ ဘုရားသခင်ကို အယုံအကြည်ကင်းမဲ့လာတာ မဟုတ်ပါ။

ဒါပေမဲ့ နာဇီ လူသတ်စက်ရုံတွေထဲကနေပြီး ဖိုင်ယွန့်ဝါဒဟာ တစ်ကျော့ပြန် ခေါင်းထောင်လာခဲ့တယ်လေ။ သူတို့တစ်တွေ သန်းပေါင်းများစွာ အသတ်ခံရပြီးတဲ့နောက်မှ အစ္စရေးနိုင်ငံ အသက်ပြန်ဝင်လာတာ မဟုတ်လား။

ဘဝသစ်ကို ဂျူးတွေကိုယ်တိုင် ပြန်လည် တည်ထောင်နိုင်ခဲ့ကြတယ်။ ကျွန်တော်တို့တစ်တွေက သူတို့လို မျက်ရည်တစ်ပေါက်ရဲ့ တန်ဖိုးကို မသိကြဘူး။ သွေးတစ်စက်ရဲ့တန်ဖိုးကို မသိကြဘူး။ ဂျူးလူငယ် သတင်းထောက်ကလေးကို ဒါတွေ ကျွန်တော် ပြောပြဖို့ ကောင်းတာပေါ့။ ဒါပေမဲ့ ဘာမှ မပြောနိုင်ဘဲ သူ့ကို ဖက်ငိုမိပါတော့တယ်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# ည

သူ့ကို ဖိုးသူတော် မိုရှေဟု လူတွေက ခေါ်ကြသည်။ သူ့မျိုးရိုးနာမည် ဘယ်သူမှ မခေါ်ကြ။ သိလည်း မသိကြ။ သူက လူစုံ။ ဟိုစပ်စပ် သည်စပ်စပ် သမား။ ဆစ်ဂက်မြို့ကလေး၏ ဂျူးရပ်ကွက်မှ ဝတ်ကျောင်းတစ်ခုတွင် အနေများသဖြင့် သူ့ကို ဖိုးသူတော်ဟု ခေါ်ကြခြင်း ဖြစ်ပါသည်။

ဆစ်ဂက်မှာ ထရန်ဆယေးနီးယားပြည်နယ်မှ မြို့ငယ်ကလေးတစ်မြို့ ဖြစ်သည်။ ကျွန်တော် ကြီးပြင်းခဲ့သည့် မြို့ကလေး ဖြစ်ပါ၏။ မိုရှေက လူချစ်လူခင် ပေါသည်။ သို့သော် လူတိုင်းက ချစ်ခင်သည်တော့ မဟုတ်။ သူသည် အလွန်ဆင်းရဲသူ ဖြစ်သည်။ ကျွန်တော်တို့ မြို့ကလေးမှ မြို့သူမြို့သား များသည် မရှိဆင်းရဲသားများကို ပေးကမ်း စွန့်ကြဲတတ်သူများ ဖြစ်၏။ အချို့က သူ့ကို မကြည်ဖြူကြပေ။ သူက လူတစ်မျိုး။ သူနေပုံထိုင်ပုံက တစ်ဘာသာ။ သို့သော် သူ့ကြောင့် ဘယ်သူမှ စိတ်အနှောင့်အယှက် မဖြစ်ကြရပါ။ သူသည် အခါခပ်သိမ်း ခပ်လျှိုလျှိုကလေး နေတတ်သူ ဖြစ်သည်။ လူတွေ သူ့ကို သတိမထားမိအောင် ကုပ်ကုပ်ကလေး နေတတ်၏။ သည် အတတ်ပညာမှာ သူ၏ မွေးရာပါ ဖြစ်သည်။

လူပုံက မြင်ရလျှင် ရယ်စရာ။ ခန္ဓာကိုယ် ဖွံ့စည်းပုံက အချိုးမကျ။ အရုက်အကြောက် ကြီးသည်။ သူ့တွင် အိမ်ခြေရာခြေ မရှိ။ ခြေသလုံးအိမ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သမား ဖြစ်၏။ သူ့ကိုတွေ့လျှင် လူတွေက ပြုံးကြသည်။ ကျွန်တော်ကတော့ သူ့ကို ခင်သည်။ ဟိုးအဝေးကြီးကို လှမ်းကြည့်နေတတ်သည့် ပြူးကျယ်ကျယ် ရီဝေဝေ မျက်လုံးတွေကို သဘောကျသည်။

မိုရှေသည် စကားနည်းသူ ဖြစ်၏။ သီချင်းတကြော်ကြော် ဆိုနေတတ်သည်။ သူဆိုသည့် သီချင်းများမှာ ဓမ္မတေးများ ဖြစ်၏။ သီချင်းဆိုရာမှ ရုတ်ခြည်းရပ်ပြီး ဒုက္ခအကြောင်း ပြောချင်ပြောနေတတ်သည်။ ဓမ္မသစ်ကျမ်းစာကို ကိုးကားပြီး ကိုယ်တော်အရှင်၏ ဝေဒနာကို ဟောချင် ဟောနေတတ်သည်။ 'ကက်ဘာလာ' ကျမ်းတော်မြတ်၏အလိုအရ လူသားတို့အား ဒုက္ခအပေါင်းမှ ကယ်တင်ရန် ဘုရားသခင်သည် စောင့်ဆိုင်းလျက်ရှိကြောင်းလည်း အလေးအနက်ထားပြီး ဟောပြောတတ်၏။

သူ့ကို ၁၉၄၁ ခုနှစ်တွင် ကျွန်တော် စတွေ့ခြင်း ဖြစ်သည်။ သည်တုန်းက ကျွန်တော် ဆယ့်သုံးနှစ်တောင် မပြည့်တတ်သေး။ အရာရာကို ထိုးထွင်းသိမြင်ချင်နေသည့်အတွက် နေ့လယ်ပိုင်းတွင် ဂျူးလူမျိုးတို့၏ ဓမ္မဟောင်း တာလမွဒ်ကျမ်းကို သင်ရသည်။ ညအခါတွင် ဘုရားကျောင်းသို့ ပြေးပြီး ဝတ်ပြုရသည်။

တစ်နေ့တွင် အဖေ့ကို ကျွန်တော် ပူဆာသည်။ ကက်ဘာလာကျမ်းကို ကျွန်တော် သင်ချင်ပါသည်။ သင်ပေးမည့်ဆရာ ရှာပေးပါမည့်အကြောင်း ပြောတော့ အဖေက ကျွန်တော် ငယ်သေးကြောင်း ရှင်းပြသည်။

"သား ငယ်လွန်းပါသေးတယ်။ မိုင်မောနဒီး(စ်) (Maimonides (၁၁၃၅-၁၂၀၄) စပိန်ပြည်သား၊ ဂျူးလူမျိုးတွေးခေါ်ရှင်)က ပြောတယ်။ အသက် သုံးဆယ်မပြည့်ခင်မှာ ထူးခြားတဲ့ ဉာဏ်အမြင် သက်ဝင်ယုံကြည်မှုကို မလေ့လာ ရဘူးတဲ့။ သိပ်အန္တရာယ်များတယ်တဲ့။ သူ့ရှေ့မှာ သားတို့အရွယ် နားလည် နိုင်တဲ့ အခြေခံကျမ်းစာတွေ အများကြီးရှိတယ်။ ဒါတွေကို ကျေညက်အောင် အရင်လုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေသည် စာတတ်ပေတတ်တစ်ဦး ဖြစ်ပါသည်။ အရာရာကို လက်တွေ့ကျကျ တွေးခေါ်တတ်သူ ဖြစ်ပါသည်။ သို့သော် သူ ဘာတွေ စဉ်းစားနေသည်ကို ထုတ်ဖော်လေ့မရှိပါ။ မိသားစုဝင်များကိုပင် ထုတ်ပြော လေ့ မရှိ။ ပြီးတော့ ရပ်ရေးရွာရေးကို မိသားစုကိစ္စထက် ဦးစားပေးသူဖြစ်၏။

ကျွန်တော်တို့ ဆစ်ဂက်မြို့ကလေး၏ ဂျူးရပ်ကွက်တွင် ရပ်မိရပ်ဖ အဖေသည် လူရိုသေ ရှင်ရိုသေတစ်ဦး ဖြစ်သည်။ အားလုံး သူ့အကြံဉာဏ်ကို ယူကြရသည်။ သူ တစ်ခွန်းပြောလျှင် ပြီးသည်။

ကျွန်တော်တို့တွင် ညီအစ်ကို မောင်နှမ လေးယောက် ရှိသည်။ ဟီလ်ဒါ က အကြီးဆုံး၊ သူ့အောက်က ဘီး၊ ကျွန်တော်က နံပါတ်သုံး တစ်ဦးတည်း သော သား၊ ညီမ အငယ်ဆုံးကလေးက ဇီပိုရာ။ အဖေနှင့်အမေက စတိုးဆိုင် ကလေးတစ်ဆိုင် ဖွင့်ထားသည်။ အစ်မအကြီးနှစ်ယောက်က ဆိုင်အလုပ်တွေကို လုပ်ရသည်။ ကျွန်တော်က အိမ်မှာနေပြီး စာသင်ရသည်။ အဖေက မကြာခဏ ပြောတတ်သည်။

"ကက်ဘာလာတတ်တဲ့လူ ဆစ်ဂက်မှာ တစ်ယောက်မှ မရှိဘူးနော်"

ကျွန်တော် ကက်ဘာလာ သင်ချင်နေမှန်း သူ အမြဲ သတိထားမိတော့ သည်။ ဒါကြောင့် ကျွန်တော်စိတ်ပျက်အောင် မကြာခဏ ပြောနေခြင်း ဖြစ်ပါလိမ့်မည်။ သို့သော် အဖေ့ရည်ရွယ်ချက် အထမမြောက်ပါချေ။ ကျွန်တော်ကိုယ်တိုင် သင်ကြားပေးနိုင်သည့် ဆရာရှာသည်။ ကျွန်တော့်ဆရာမှာ ဖိုးသူတော်မိုရှေ ဖြစ်ပါ၏။

တစ်နေ့တွင် ကျွန်တော် ဘုရားဝတ်ပြုနေသည်ကို သူ စောင့်ကြည့် နေသည်။ "ဘုရားဝတ်ပြုရင်း မင်း ဘာလို့ငိုတာလဲ"။ သူက ကျွန်တော့် စိတ်ထဲကို ဖောက်ထွင်းမြင်နိုင်သလို ကြည့်ပြီးမေးသည်။ "အဲဒါ ကျွန်တော် မသိဘူး" ကျွန်တော်က စိတ်ဓာတ်ကျကျဖြင့် ပြန်ဖြေလိုက်သည်။ သည် မေးခွန်းကို ကျွန်တော့်ကိုယ်ကျွန်တော် တစ်ခါမှ မေးမကြည့်ခဲ့ဖူးပါ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ငိုသလဲဆိုရင်၊ ဘာကြောင့် ငိုမိသလဲဆိုရင် ကျွန်တော့်ရင်ထဲမှ တစ်စုံတစ်ရာ၏ စေ့ဆော်မှုကြောင့် ငိုချင်လာတတ်သဖြင့် ငိုကြွေးမိခြင်း ဖြစ်ပါသည်။ ကျွန်တော် သိသမျှ ဒါပဲဖြစ်ပါ၏။ သူက ခဏထိုင်ပြီး ဆက်မေးသည်။ "မင်းဘာပြုလို့ ဘုရားဝတ်ပြုတာလဲ"။ "ဘာပြုလို့ ဘုရားဝတ်ပြုတာလဲ"တဲ့။ ကျွန်တော် ဘယ်လို ဖြေရမှာလဲ။ ဘယ်လို မေးခွန်းကြီးပါလိမ့်။ ကျွန်တော် ဘာကြောင့် အသက်ရှင်နေသလဲ၊ ဘာကြောင့် အသက်ရှူနေသလဲ ကျွန်တော် ပို၍ စိတ်ခတ်ကျစွာ ပြန်ဖြေလိုက်သည်။

"ကျွန်တော် မသိဘူး၊ ကျွန်တော် မသိဘူး"

သည့်နောက်ပိုင်းတွင် သူ့ကို မကြာခဏ တွေ့သည်။ သူက ကျွန်တော့်ကို လေးနက်သော မေးခွန်းများ၏ အဖြေကို နက်နက်နဲနဲ ရှင်းပြသည်။ သူမေးသည့် မေးခွန်းများသည် ဘုရားသခင်နှင့် နီးစပ်သည်ဟု သူက ပြောလေ့ရှိသည်။ သည်အမေးအဖြေထဲတွင် သစ္စာတရားကို ရှာဖွေ တွေ့ရှိနိုင်သည်ဟု သူက ဆိုသည်။ လူသားက အမေး ရှိသည်။ ဘုရားသခင်က ဖြေကြားသည်။ သို့ သော် ကိုယ်တော်အရှင်၏ ပြောကြားချက်တွေကို ကျွန်တော်တို့ နားမလည်နိုင်။ ဘာကြောင့် နားမလည်နိုင်တာလဲ။ အဖြေတို့သည် လူသားဝိညာဉ်၏ အနက်ဆုံးအပိုင်းတွင် သေလွန်သည့်တိုင် နှစ်မြုပ်နေခြင်းကြောင့် ဖြစ်သည်။

"ဒါကြောင့် တကယ့် အဖြေဟာ မင်းဆီမှာပဲရှိတယ် အယ်လီဆာ"ဟု သူက ကျွန်တော့်ကို သရုပ်ခွဲပြသည်။ "ဒါဆို ခင်ဗျားကော ဘာလို့ ဘုရားဝတ်ပြုသလဲ မိုရှေ" ကျွန်တော်က သူ့ကို ပြန်မေးသည်။ "ငါက ငါ့ခန္ဓာကိုယ်ထဲမှာ ကိန်းအောင်းနေတဲ့ ဘုရားသခင်ကို ရှိခိုးတာ၊ ကိုယ်တော်အရှင်၏ နာမတော်ကို တိုင်တည်ပြီး တကယ့်မေးခွန်းတွေမေးဖို့ ခွန်အားရှိအောင် ငါ ပူဇော်သက္ကာ ပြုတာ"။ ကျွန်တော်တို့နှစ်ယောက် သည့်လိုပင် ညနေတိုင်း ဆွေးနွေးကြသည်။ ဝတ်ပြုသူများ ပြန်သွားလျှင် ဘုရားကျောင်းထဲ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ထိုင်ကျန်ရစ်ပြီး ကုန်ခါနီး ဖယောင်းတိုင် မီးရောင်မှိန်မှိန်တွင် စကားပြောကြခြင်း ဖြစ်၏။

တစ်ညတွင်တော့ ကျွန်တော် ထုတ်ညည်းမိသည်။ "ဆစ်ဂက်မှာ သင်ပေးနိုင်မယ့်လူ တစ်ယောက်မှ မရှိဘူး၊ ကက်ဘာလာဟာ ကျွန်တော်တို့ ဂျူး အဘိဓမ္မာမှာ အမြင့်ဆုံးကျမ်းဗျ" သူ စိတ်လိုလက်ရ ပြုံးသည်။ အတန် ကြာမှ စကားစသည်။ "သစ္စာတရားဆီသွားတဲ့ လမ်းမကြီးကို ရောက်နိုင်တဲ့ လမ်းသွယ်တွေ အများကြီးရှိတယ်ကွ၊ လူသားတိုင်းမှာ သူ့ရဲ့ ကိုယ်ပိုင် လမ်းသွယ်တွေ ရှိတယ်၊ ဒီနေရာမှာ အယူမလွဲရဘူး။ ကိုယ့်လမ်းနဲ့ကိုယ် သွားရမယ်။ သူများလမ်းကို ကူးပြီး မသွားရဘူး၊ ကူးမိရင် ကိုယ်သာ အန္တရာယ်တွေ့မှာ မဟုတ်ဘူး၊ အဲဒီ လမ်းပေါ်ကလူပါ စက်ကွင်းမလွတ် ဖြစ်သွားတတ်တယ်"

ဤသို့ဖြင့် ကုန်းကောက်စရာမရှိအောင် ဆင်းရဲတကာ့ထိပ်ခေါင် ဖိုးသူတော် မိုရှေသည် လေးနက်ရှုပ်ထွေးလှသည့် ကက်ဘာလာဓမ္မတရားကို နေ့စဉ် ပို့ချလေတော့သည်။ ကျွန်တော်သည် အလိုအလျောက် သူ၏သာဝက ဖြစ်သွားရလေတော့သည်။ ကျွန်တော်တို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး စာအုပ်ထူကြီးတွေကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ကျွန်တော်တို့ အလွတ် ကျက်ဖို့ မကြိုးစားကြပါ။ တရားဓမ္မ၏ အနှစ်သာရကိုသာ ရအောင် ရှာဖွေ ကြခြင်း ဖြစ်ပါသည်။

သည်လို နှစ်တွေ ရှည်ကြာလာသောအခါတွင် ဖိုးသူတော် မိုရှေသည် ကျွန်တော့်အား ရှေ့ဆောင်နိုင်သည့် ဥပဇ္ဈာယ်ဆရာဂုဏ်ရှိလ် ဖြစ်လိမ့်မည်ဟု ယုံကြည်လာတော့သည်။ အမေးနှင့် အဖြေကို တစ်ထပ်တည်းဖြစ်အောင် စွမ်းဆောင် ကူညီနိုင်မည့်သူဟု ယုံကြည်လာတော့သည်။

ဤသို့ဖြင့် တစ်နေ့တွင် နိုင်ငံခြားသားဂျူးတွေ ဆစ်ဂက်မှ ထွက်ခွာရ မည်ဟူသော အမိန့်ထွက်လာသည်။ ဖိုးသူတော် မိုရှေသည် နိုင်ငံခြားသားဂျူး



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးဖြစ်ပြီး ကျွန်တော်တို့လို ဟန်ဂေရီပြည်ပေါက် မဟုတ်ချေ။

သူတို့တစ်တွေကို ဟန်ဂေရီရဲမျာ းက တိရစ္ဆာန်တင်သည့် ရထားတွဲကြီးတွေထဲသို့ ငါးပိသိပ် ငါးချဉ်သိပ် ထည့်ကာ ခေါ်သွားလေတော့သည်။ အားလုံးမျက်ရည်စက်လက်နှင့် ပါသွားကြ၏။ ဘူတာရုံသို့ ကျွန်တော်တို့တစ်တွေသွားရောက် နှုတ်ဆက်ကြသည်။ ပလက်ဖောင်းပေါ်တွင် လာရောက် နှုတ်ဆက်သူတွေအားလုံး ငိုကြသည်။

မိုးကုပ်စက်ဝိုင်းဆီသို့ ရထားကြီး ပြေးဝင် ပျောက်ကွယ်သွားလေပြီ။ မီးခိုးမည်းမည်းများသာ လွင့်ပျံကျန်ရစ်၏။ ကျွန်တော့်နံဘေးမှ လူကြီးတစ်ယောက်က သက်ပြင်းချပြီး ပြောသည်။ "အင်း… စစ် စစ်၊ ဘာတွေထပ်ဖြစ်လာဦးမလဲ မသိဘူးနော်"

ပြောင်းရွှေ့ နေရာချထားခြင်း ခံရသည့် ဂျူးတွေအကြောင်း မကြာမတင်အတွင်း မေ့သွားကြသည်။ ရက်များမကြာမီ သူတို့ သတင်းကို ကြားရသည်။ သူတို့အားလုံး ဂယ်လီစီယာကို ရောက်နေကြသည်တဲ့။ အလုပ်ကြမ်းတွေ လုပ်နေရသည်တဲ့။ သို့သော် သူတို့ဘဝကို သူတို့ ကျေနပ် နေကြသည်တဲ့လေ။

တဖြည်းဖြည်းနှင့် ရက်မှ လကူးကာ ဘာမျှမထူးခြားသလို အချိန်တွေကုန်ဆုံးခဲ့လေသည်။ ကျွန်တော်တို့၏ ဘဝအထွေထွေသည် တည်ငြိမ်အေးချမ်းနေပြန်သည်။ ဈေးဆိုင်တွေ ရောင်းကောင်းနေကြသည်။ ကျောင်းသားတွေအေးအေးလူလူ စာကျက်နေကြသည်။ ကလေးတွေ လမ်းပေါ်တွင် အကြောင့်အကြမရှိ ကစားနေကြသည်။ တစ်နေ့တွင် ဝတ်ကျောင်းထဲသို့ ကျွန်တော်ဝင်မည့်ဆဲဆဲတွင် ခုံတန်းလျားတစ်ခုပေါ် ထိုင်နေသော မိုရှေကို ကျွန်တော်မြင်လိုက်သည်။ သူနှင့် အပေါင်းအပါတို့၏ ဖြစ်ကြောင်းကုန်စင်ကို သူကခရေစေ့တွင်းကျ ကျွန်တော့်ကို ပြောပြသည်။ သူတို့ကို သယ်ဆောင်သွားသည့်ရထားသည် ဟန်ဂေရီနယ်စပ်ကို ဖြတ်ပြီး ပိုလန်နိုင်ငံအတွင်းသို့တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မောင်းသွားသည်။ ဟန်ဂေရီရဲမှုးလက်မှ ဂက်စတာပိုတို့က နယ်စပ်တွင် လွှဲယူလက်ခံသည်။

တစ်နေရာတွင် ရထားရပ်သည်။ သူတို့အားလုံးကို ရထားပေါ်မှ ဆင်းစေပြီး အသင့်စောင့်နေသည့် လော်ရီကားကြီးများပေါ်သို့ တင်သည်။ ကားကြီးတွေက သူတို့ကိုတင်ပြီး သစ်တောထဲသို့ မောင်းဝင်သွားသည်။ သစ်တောထဲရောက်တော့ အားလုံးကို ကားပေါ်မှ ဆင်းခိုင်းသည်။ ပြီးတော့ သူတို့အား ဧရာမတွင်းကြီးတွေ တူးခိုင်းသည်။ ပြီးသည်အထိ ဂက်စတာပို စစ်ပုလိပ်တွေက စောင့်ကြည့်နေ၏။

သူတို့ အလုပ်ပြီးသည်နှင့် ဂက်စတာပိုတို့က သူတို့အလုပ်သူတို့ စတော့၏။ အလောတကြီးမဟုတ် အေးအေးဆေးဆေးပင်။ အကြင်နာကင်းမဲ့စွာ လူမဆန်စွာဖြင့် ကျင်းစပ်မှ လူတွေကို စက်သေနတ်ဖြင့် မွှေ့တော့သည်။ ခပ်လှမ်းလှမ်းမှ လူတွေကို တွင်းနှုတ်ခမ်းတွင် စုဝေးစေ၏။ ခေါင်းငုံ့စေ၏။ ပြီးတော့ တစ်တောင့်ချင်း မောင်းဖြုတ်သည်။ ကလေးများကို လေထဲသို့ မြှောက်တင်ပြီး လက်တည့်စမ်းကြသည်။

သည်မြင်ကွင်းမှာ 'ကိုလိုမေ'အနီးမှ 'ဂါလီစီယံ'သစ်တောထဲတွင် တကယ်ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ဖိုးသူတော်မိုရှေ ဘယ်လို လွတ်မြောက်ခဲ့တာပါလဲ။ တန်ခိုးတော်ရှင် တစ်ဦးဦးကြောင့်ပေလား။ သူ့ခြေထောက်တွင် သေနတ် ဒဏ်ရာရခဲ့သည်။ သို့သော် သေကံမရောက် သက်မပျောက်ခဲ့ပေ။ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ သူ လမ်းလျှောက်ခဲ့ရသည်။ ဂျူးအိမ် တစ်အိမ်မှတစ်အိမ် ဂျူးရွာ တစ်ရွာမှတစ်ရွာ ဖြတ်သန်းပြီး တောင်းရမ်း စားသောက်၍ ခရီးဆက်ခဲ့သည်။ သူ့အတွေ့အကြုံတွေကို ဂျူးလူမျိုးအချင်းချင်း ရင်ဖွင့်သည်။

မသေမရှင်နှင့် ဆန့်ငင်ဆန့်ငင် ဖြစ်နေရှာသည့် မယ်လ်ကာဟူသည့် ကလေးမလေးအကြောင်း၊ သူ့သားကို မပစ်ခင် သူ့ကို အရင်ပစ်ပါဟု ရှိခိုး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရှာသည့် အပ်ချုပ်သမား ကိုဘီအကြောင်း စသည် စသည်များ။

ကျွန်တော်နှင့် ပြန်တွေ့သည့် မိုရှေသည် ဟိုတုန်းက ဖိုးသူတော်မိုရှေ မဟုတ်တော့။ သူ့မျက်လုံးများတွင် အရောင်အဆင်း မရှိတော့။ ဟိုတုန်းကလို သီချင်းလည်း မဆိုတော့။ ဘုရားသခင်အကြောင်း၊ ဓမ္မဟောင်း၊ ဓမ္မသစ် အကြောင်းတို့ကို မဟော မပြောတော့ပေ။

သူမြင်ခဲ့ရသည့် မြင်ကွင်းနှင့် သူ့အတွေ့အကြုံကိုသာ မိုရှေ ထပ်တလဲလဲ ပြောနေတော့သည်။ သို့သော် လူတွေက သူပြောတာတွေကို မယုံ။ ဘယ်သူမှ နားမထောင်ချင်ကြ။ တချို့ကဆိုလျှင် သူ့ကို လူတွေသနားလာအောင် လံကြုတ်ဇာတ်လမ်းတွေ လုပ်ကြံနေတာဟု ထင်လာကြသည်။ ပြောလာကြသည်။ အချို့ကမူ သူ ရူးသွားပြီဟု ထင်လာကြ၏။

မိုရှေက ငိုယိုတောင်းပန်ကာ ပြောရှာသည်။

"အို... မိတ်ဆွေတို့၊ သွေးရင်း သားရင်းဂျူးအပေါင်းတို့...၊ ကျွန်တော်ပြောတာကို တစ်ဆိတ် နားထောင်ကြပါ။ ကျွန်တော့်ကို ပေးကမ်းစွန့်ကြဲဖို့ မလိုပါ၊ ကရုဏာသက်ဖို့ မလိုပါ၊ နားထောင်ရုံ နားထောင်ပေးကြပါ"

သူက အရုဏ်တက် ဝတ်ပြုသူများကိုရော၊ ညပိုင်း ဝတ်ပြုသူများကိုပါ ဝတ်ကျောင်းတော်တွင် အော်ဟစ် တောင်းပန်ရှာသည်။ ကျွန်တော်ကိုယ်တိုင် သူ့ကို မယုံပါ။ ဝတ်ပြုဆုတောင်းမှု ပြီးချိန်တိုင်း သူ့ဒဏ္ဍာရီကို ကျွန်တော် နားထောင်ပါသည်။ ယုံကြည်ဖို့ ကြိုးစားပါသည်။ သို့သော် သူ့ကို သနားရုံသာ သနားပြီး ယုံကြည်လို့ မရခဲ့ပါ။

သူက မျက်ရည်တွေတွေကျပြီး ကျွန်တော့်ကို ပြောသည်။

"သူတို့က ငါ့ကို ရူးနေပြီထင်နေကြတယ်ကွာ"

သူ့မျက်လုံးထဲမှ ကျလာသည့် မျက်ရည်ပေါက်တွေက ဖယောင်းစက်တွေနှင့် တူနေ၏။ တစ်ခါတော့ သူ့ကို ကျွန်တော် မေးမိသည်။

"လူတွေက ခင်ဗျားပြောတာကို ဘာလို့ ခင်ဗျား ယုံစေချင်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မိုရှေ၊ ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင် သူတို့ ယုံယုံ၊ မယုံယုံ ဂရုစိုက်မှာ မဟုတ်ဘူး''

သူ မျက်စိမှိတ်ထားသည်။ အချိန်တွေ မြန်မြန်ကုန်အောင် လုပ်နေသည့်အလား။ ပြီးတော့ စိတ်ပျက်လက်ပျက် ပြောသည်။

''မင်း မသိဘူး အယ်လီ၊ မင်း နားမလည်နိုင်သေးဘူးကွာ။ ငါ ကံကောင်းလွန်းလို့ လွတ်လာတယ်။ ငါ ဒီကို အရောက်ပြန်လာနိုင်ခဲ့တယ်။ အဲဒီခွန်အား တွေ ငါ ဘယ်ကရတယ် မင်းထင်လဲ။ ငါဒီကို ပြန်လာဖြစ်တာဟာ ငါ သေသွားပြီဖြစ်တဲ့အကြောင်း မင်းကို ပြောချင်လို့ပဲ။ ဒါမှ မင်းလည်း မင်းကိုယ်မင်း အဆင်သင့် ပြင်ဆင်နိုင်မှာ။ အချိန်ရှိသေးတယ် အယ်လီ။ ဘဝဆိုတာ ဘာလဲ၊ ငါဆက်ပြီး မနေချင်တော့ဘူး။ ငါက ဥတစ်လုံး တစ်ကောင်ကြွက်။ ဒါပေမဲ့ ငါ ဒီကို အရောက်ပြန်လာချင်နေတယ်။ မင်းကို သတိပေးဖို့ပဲ။ ဒါပေမဲ့ ဘယ်သူမှ ငါ့စကားကို မယုံကြဘူးကွာ''

သည်လို သူပြောခဲ့တဲ့အချိန်က ၁၉၄၂ ခု နှစ်ကုန်လောက်မှာပါ။ နောက်ပိုင်းတွင် အခြေအနေတွေ ပြန်ငြိမ်ကာ ပုံမှန်အတိုင်း ပြန်ဖြစ်နေသည်။ ကျွန်တော်တို့ ညနေတိုင်း ရေဒီယို နားထောင်ကြသည်။ ဘီဘီစီမှ လွှင့်သည့်သတင်းများကို အမြဲကြားနေရ၏။ စတာလင်ဂရက်ကို ဂျာမန်တို့ ဝိုးကြံနေပြီ။ ဒုတိယစစ်မျက်နှာတွင် ထိုးစစ်ပြင်ဆင်နေကြပြီ။ ဆစ်ဂက်မြို့ကလေးမှ ကျွန်တော်တို့ ဂျူးလူမျိုးတွေကမူ အကောင်းဘက်ကို မျှော်လင့်နေကြ၏။ ဆုတောင်းနေကြ၏။ မကြာခင် ဆုတောင်း ပြည့်တော့မည်ဟုလည်း ယုံကြည်နေကြ၏။

ကျွန်တော်က စာကို ကြိုးစားပြီး သင်နေသည်။ နေ့တွင် တာလမွဒ်ကျမ်းကို ဖတ်ပြီး၊ ညတွင် ကက်ဘာလာကို ဖတ်သည်။ အဖေက ဆိုင်အလုပ်တစ်ဖက်နှင့် ရပ်ရေးရွာရေးကိစ္စတွေ ဆက်လုပ်နေသည်။ ရို့ရှ်ဟာရှနာ (ဂျူးနှစ်ကူး) ပွဲတော်တွင် နွဲပျော်ဖို့အတွက် ကျွန်တော်တို့အဘိုး ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ သည်ပွဲတွင် အစ်မဟီလ်ဒါအတွက် ဖူးစာရှင်ရှာဖို့ အကောင်းဆုံးဟု ကျွန်တော့် အမေက တွက်ကိန်းချထား၏။

ဤသို့ဖြင့် ၁၉၄၃ ခုနှစ် ကုန်ဆုံးသွားလေသည်။

❖

၁၉၄၄ ခုနှစ် နွေဦးကာလ။ ရုရှားစစ်မြေပြင်မှ မင်္ဂလာသတင်းများ ကြားနေရသည်။ ဂျာမန်တွေ စစ်ရှုံးဖို့ သေချာနေပြီ။ ဘာမှ ယုံမှားသံသယ ဖြစ်စရာ မလိုတော့ပေ။ အနေးနှင့်အမြန်သာ စောင့်ကြည့်ရတော့မည်။ ရက်သတ္တပတ်အတွင်း ပွဲပြီးချင် ပြီးသွားမည်။ လချီ ကြာချင်ကြာမည်။

သစ်ပင်ပန်းပင်များ ဖူးပွင့်ဝေစည်လာပြီ။ သည်နှစ် နွေဦးမှာ ထူးခြားသည့် နွေဦးဖြစ်သည်။ စေ့စပ်ကြောင်းလမ်းခြင်းများ၊ လက်ထပ်မင်္ဂလာ သတင်းများ၊ မီးရှူးသန့်စင် ဖွားမြင်ခြင်းများဖြင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နွေဦး ဖြစ်သည်။

'တပ်နီတော်၏ လျှင်မြန်သည့်အဟုန်ဖြင့် ဆင်နွှဲနေသည့် တန်ပြန်ထိုးစစ်၊ ငါတို့ကို ဟစ်တလာက ရန်ပြုချင်သည့်တိုင် ဘာမျှတတ်နိုင်မည် မဟုတ်တော့ဘူး' စသည့် သတင်းများသည် လူတိုင်း၏ နှုတ်ဖျားတွင် ရောက်နေသည်။ ဂျူးတွေကို သုတ်သင်ရှင်းလင်းဖို့ဆိုသည့် သူ့စီမံကိန်းကို ကျွန်တော်တို့တစ်တွေ ကောလာဟလလို့ ထင်လာခဲ့ကြသည်။

လူမျိုးတစ်မျိုးလုံးကို သူ ဘယ်လိုလုပ်ပြီး ရှင်းပစ်နိုင်မှာလဲ။ ကျွန်တော်တို့ ဂျူးလူမျိုးဆိုတာက ကမ္ဘာအနှံ့မှာ ရှိနေကြတာပဲ။ သည်လိုအချိန် နိုင်ငံတကာမှာ ပြန့်ကျဲနေသည့် လူသန်းပေါင်းများစွာကို သူ ဘယ်လိုလုပ် ရှင်းပစ်နိုင်မှာလဲ။ ဘယ်နည်းနဲ့ ရှင်းနိုင်မှာလဲ။ ပြီးတော့ ခေတ်က နှစ်ဆယ်ရာစု နှစ်အလယ်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေကတော့ တစ်ချိန်လုံး နိုင်ငံရေး ဆွေးနွေးနေကြ၏။ စစ်သေနင်္ဂဗျူဟာအကြောင်းများ၊ သံရေး တမန်ရေး ကိစ္စများ၊ ပြီးတော့ ဗိုင်ယွန်ဝါဒအကြောင်းများ။ သို့သော် သူတို့ကြမ္မာအကြောင်းကိုကား လုံးဝ ပြောသံမကြားရပေ။

ဖိုးသူတော် မိုရှေသည်ပင် ဘာမျှမပြောတော့ဘဲ နှုတ်ဆိတ်နေ၏။ စကားပြောဖို့ စိတ်မဝင်စားသလို ခေါင်းငိုက်စိုက်ချကာ လမ်းတကာ လျှောက်သွားနေ၏။ လူတွေနှင့် မျက်နှာချင်း မဆိုင်တော့ပေ။ ဘုရားကျောင်းတွင်လည်း စိတ်ပါလက်ပါ ရှိပုံမရတော့။

ထိုအချိန်တွင် ပါလက်စတိုင်းကိုသွားဖို့ နိုင်ငံကူးလက်မှတ်များ ဝယ်လို့ရနေသေးသည်။ အားလုံး ထုခွဲရောင်းချပြီး လစ်ဖို့ အဖေ့ကို ကျွန်တော် တိုက်တွန်းသေးသည်။

"အဖေ အသက်ကြီးပြီ သားရယ်၊ ဘဝသစ်တစ်ခုပြန်စဖို့ သိပ်အိုသွားပြီ၊ မရောက်ဖူးတဲ့ တိုင်းတစ်ပါးကိုသွားပြီး တစ်ကပြန်စဖို့ မလွယ်ပါဘူးကွာ"ဟု ပြန်ပြောသည်။

ဘူဒါပက်စ် ရေဒီယိုမှ ကြေညာသည်။ ဘယ်လ်ဂျီယံတွင် ဖက်ဆစ်ပါတီက အာဏာသိမ်းလိုက်ပြီတဲ့။ ရင်ခွင်ပိုက်အစိုးရအဖွဲ့ ခေါင်းဆောင်ရေတပ်ဗိုလ်ချုပ်ကြီး မစ်ခလော့စ်ဟော်သီကို အစိုးရအဖွဲ့သစ်ဖွဲ့ဖို့၊ နာဇီမဟာမိတ် ညီးလတ်စ်ပါတီကို ဦးဆောင်စေဖို့ ဟာစ်တလာက အကျပ်ကိုင်တော့သည်။

သည်အချိန်အထိ ကျွန်တော်တို့ စိတ်မပူကြသေး။ ဖက်ဆစ်တို့အကြောင်း ကျွန်တော်တို့ ကြားဖူးကြပါသည်။ သို့သော် သိပ်မည်မည်ရရ မဟုတ်။ ထို့ကြောင့် နိုင်ငံရေးအခြေအနေကို ဝန်ကြီးဌာန အပြောင်းအလဲ တစ်ခုလောက် အဖြစ်သာ သဘောထားခဲ့ကြသည်။

နောက်တစ်နေ့တွင် လှုပ်လှုပ်ရှားရှားသတင်းများ ကြားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်တပ်တွေ ဟန်ဂေရီပြည်ထဲကို ဟန်ဂေရီအစိုးရ၏ သဘောတူညီမှုဖြင့် ဝင်လာနေပြီတဲ့။

သည်တော့မှ လူတွေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတော့၏။ နွေဦးရာသီ ပွဲတော်အတွက် ဘူဒါပက်စ်မှ ခဏပြန်လာသည့် ကျွန်တော်တို့ မိတ်ဆွေ မိုရှေ ဘာကိုဝစ်ဇ်ထံမှ စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းများ ကြားရသည်။ ဘူဒါပက် စစ်ပွဲတော်တွင် ဂျူးလူမျိုးများ ကိုးလန့်စာစား ဖြစ်နေကြရပြီ။ ဂျူးဆန့်ကျင်ရေးတွေ နေရာတကာတွင် စတင်နေပြီတဲ့။ ဖက်ဆစ်ပါတီက ဂျူးလူမျိုးပိုင် ဆိုင်များကိုလည်း ဖျက်ကြသည်တဲ့။ ဂျူးတို့၏ ဝတ်ကျောင်းများကိုလည်း ဖျက်ဆီးနေပြီတဲ့။ အခြေအနေ မကောင်းနိုင်တော့ပြီ။

သည်သတင်းက ဆစ်ဂက်ဂျူးရပ်ကွက်တွင် တောမီးပမာ လျင်စွာ ပျံ့နှံ့သွားသည်။ အိမ်ပေါက်စေ့ သည်သတင်းကိုပဲ ခေါင်းချင်းရိုက်နေကြသည်။ သို့သော် ခဏမျှသာ။ ဂျာမန်တွေ ဒါလောက်ဝေးဝေးကြီးကို ရောက်မလာနိုင်ပါဘူးဟု အကောင်းဘက်မှတွေးပြီး စိတ်သက်သာသလို နေလိုက်ကြပြန်သည်။ ဘူဒါပက်စ်မှာပဲ သူတို့ စခန်းချကြလိမ့်မည်။ စစ်ရေး၊ နိုင်ငံရေးအတွက် ရှုံးစိုက်လိမ့်မည်ဟု ထင်မှတ်နေခဲ့ကြသည်။

သို့သော် သုံးရက်အတွင်း ကျွန်တော်တို့ မြို့ကလေး၏ လမ်းများပေါ်သို့ ဂျာမန်စစ်ကားတွေ ဘွားခနဲ ပေါ်လာလေတော့သည်။

❖

သံခမောက်တွေ တလက်လက်၊ မျက်နှာထားတင်းတင်းနှင့် ဂျာမန်စစ်သားများ ရောက်လာချေပြီ။ သူတို့၏ စကြာတံဆိပ်မှာ သေမင်း၏ ဦးခေါင်းနှင့်တူ၏။

မည်သို့ရှိစေ ပထမပိုင်းတွင် သူတို့ကို ထင်သလောက် မဆိုးဟု မြင်စ



www.burmeseclassic.com

www.burmeseclassic.com



ပြုလာကြသည်။ အရာရှိများက အရပ်သားအိမ်များတွင် စခန်းချကြသည်။ အချို့က ဂျူးလူမျိုး၏အိမ်တွင်ပင် တည်းခိုကြသေးသည်။ အိမ်ရှင်များနှင့် ဂျာမန်တို့၏ ဆက်ဆံရေးမှာ တရင်းတနှီး မဟုတ်သော်လည်း သူတို့အားလုံး ယဉ်ကျေးကြသည်။ အတင်းအကျပ် တောင်းဆိုမှုများ မရှိ။ နိုင်ထက်စီးနင်း မလုပ်၊ အိမ်ရှင်များနှင့် ပြုံးပြုံးရွှင်ရွှင် ဆက်ဆံသည်။

ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်မှ 'ခန်း' မိသားစုဆီတွင် တည်းသည့် ဂျာမန်စစ်ဗိုလ်ဆိုလျှင် အလွန် သဘောကောင်းရှာသည်။ မစ္စက်ခန်းကို ချောကလက် ဖာလိုက် လက်ဆောင်ပေးသည်။

"သူတို့ ဘယ်မှာ ဆိုးလို့တုံး"

"ရက်စက်မှုအပေါင်း သရဖူဆောင်းဆို"

သည်လို သည်လို အမြင်တွေပြောင်းလာပြီး အကောင်းမြင်ကြပြန်သည်။ ကျွန်တော်တို့ မြို့ကလေးတွင် ဂျာမန်တွေ တဖြည်းဖြည်း များလာသည်။ မြို့ခံတွေနှင့် ပြေလည်နေသဖြင့် ကျွန်တော်တို့အားလုံး ဟင်းချပြီး ပြုံးနိုင်လာကြသည်။

❖

နွေဦး ပွဲတော်ရာသီ။ ရှစ်ရက်ကာလ ရာသီဥတုမှာ ကြည်လင်လှပ၍ နေလေသည်။ အမေက မီးဖိုချောင်တွင် အလုပ်ရှုပ်နေသည်။ ဝတ်ကျောင်းတွေ ပိတ်လိုက်ရပြီ။ ကျွန်တော်တို့တစ်တွေ အိမ်တစ်အိမ်တွင် စုပြီး ဝတ်ပြုဆုတောင်းကြရသည်။

မမှဆရာများ၏ အိမ်တိုင်းလိုလိုသည် ဝတ်ပြုဆုတောင်းရာနေရာ ဖြစ်လာတော့သည်။ ကျွန်တော်တို့တစ်တွေ သောက်ကြ စားကြ သီချင်းဆိုကြသည်။ ဤသည်မှာ ကျမ်းတော်လာ ရှစ်ရက်ကာလ ပျော်ပွဲရွှင်ပွဲဖြစ်၏။ သို့သော် ကျွန်တော်တို့အားလုံး စိတ်တထင့်ထင့်ဖြင့် ပျော်နေကြရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန် ပွဲပြီးစေချင်နေကြပြီ။ ဟန်ဆောင်ပွဲကြီးကို ဆက်မနွှဲချင်ကြတော့။

ပွဲတော် သတ္တမမြောက်နေ့တွင် မင်းသားခေါင်း ဆောင်းထားသော ဘီလူးများ မျက်နှာဖုံး ခွာချလိုက်ကြတော့သည်။ လူမှုရေးခေါင်းဆောင် ဂျူးလူမျိုးများကို စတင် ဖမ်းဆီးတော့၏။

ထိုအချိန်မှစ၍ အဖြစ်အပျက်များက မြန်ဆန်လှသည်။ သေမင်းနိုင်ငံသို့ အပြေးပြိုင်ပွဲကြီး စလေပြီတည်း။ ပထမဆုံး ကြေညာချက်-

*ဂျူးလူမျိုးများ သုံးရက်လုံးလုံး အိမ်ပြင် မထွက်ရ။ အမိန့်မနာခံလျှင် သေဒဏ်။*

ဖိုးသူတော် မိုရှေ ကျွန်တော်တို့အိမ် ပြေးချလာသည်။

"ကဲ... ကျွန်တော် မပြောဘူးလား"

ဟုအော်ပြီး အဖေ ဘာမျှမပြောနိုင်ခင် ပြန်လှည့် ပြေးထွက်သွားသည်။

ထိုနေ့တွင်ပင် ဟန်ဂေရီရဲများက ဂျူးရပ်ကွက်တွင် အိမ်ပေါက်စေ့ တက်ပြီး ဥပဒေ နောက်ထပ်တိုးပြန်သည်။ ဂျူးလူမျိုးမှန်သမျှ ရွှေ ငွေ ကျောက်မျက်ရတနာ ပိုင်ဆိုင်ခွင့်မရှိတဲ့။ ရှိလျှင် ရှိသမျှအားလုံး သက်ဆိုင်ရာသို့ အပ်နှံရမည်တဲ့။ အမိန့်မနာခံလျှင် သေဒဏ်။ အဖေက မြေအောက်ခန်းဆင်းပြီး အတွင်းပစ္စည်းတွေ တူးမြှုပ်သည်။ အမေကမူ အိမ်ထဲတွင် ဟိုလျှောက် သည်လျှောက်နှင့် ယောင်နနဖြစ်နေသည်။ တစ်ခါတလေ ရပ်ပြီး အိမ်သားတွေ ကို အကြောင်းသား ငေးကြည့်နေတတ်သည်။

နောက် သုံးရက်အကြာတွင် အမိန့်တစ်ခု ထပ်ထွက်သည်။ ဂျူးလူမျိုး တိုင်း လက်ပတ်အဝါ စည်းထားကြရမည်။ လူကြီးအချို့ အဖေ့ဆီ ရောက် လာပြီး တိုင်ပင်ကြသည်။ အဖေက ဟန်ဂေရီရဲဘက်မှ အရာရှိကြီးတွေနှင့် အကျွမ်းဝင်သောကြောင့် ဖြစ်၏။ အခြေအနေတွေနှင့် ပတ်သက်ပြီး အဖေ့အား ဂိုင်းမေးကြသည်။ အဖေ့သဘောထားက အကောင်းဘက် ယိမ်းသည်။ ဒိပ်စိတ်ပူစရာ မလိုသေးကြောင်း ပြောသည်။ သူတို့တစ်တွေ စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



မကျအောင် အဖေ ပြောလိုက်ခြင်း ဖြစ်၏။ ဒဏ်ရာထဲကို အဖေ ဆားပက်လိုဟန် မတူပေ။

"လက်ပတ်ဝါ ပတ်ရတာ ဘာအပန်းကြီးလို့လဲကွာ၊ သေရွာ သွားရတာမှ မဟုတ်ဘဲ" (ဪ… အဖေ အဖေ၊ အမှားကြီး မှားရှာသော အဖေ။)

အမိန့်တွေ ဆက်တိုက် ထွက်လာသည်။ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များသို့ ဝင်ခွင့် မရှိတော့ပေ။ နောက်ပိုင်းတွင် ရထားစီးခွင့်၊ စုရုံး ဝတ်ပြုခွင့်ပါ ရုပ်သိမ်းလိုက်တော့သည်။ ည ၆ နာရီကျော်လျှင် လမ်းပေါ် မထွက်ရတော့ပေ။

နောက်ဆုံးတွင် ကျွန်တော်တို့လူမျိုးတွေကို တစ်နေရာတွင် စုထားပြီး သံဆူးကြိုး ခတ်လိုက်တော့၏။

ဆစ်ဂက်တွင် ဂျူးစခန်းနှစ်ခု ဖွင့်လိုက်သည်။ ပထမစခန်းမှာ မြို့လယ်ကောင် လမ်းလေးခွဆုံတွင် ဖြစ်၏။ လူအများကြီးဆံ့သည့် စခန်းဖြစ်၏။ ဒုတိယစခန်းက သိပ်မကြီး။ မြို့ပြင်ရပ်ကွက်တွင် ဖြစ်သည်။

ကျွန်တော်တို့နေသည့် ဆားပင့်လမ်းက ပထမစခန်းထဲ ပါသွားသည်။ ကျွန်တော်တို့ ကိုယ့်အိမ်တွင်ပင် ဆက်နေခွင့်ရသည်။ ကျွန်တော်တို့အိမ်က လမ်းထောင့်အိမ် ဖြစ်သည်။ လမ်းကို မြင်နေရသည့် မျက်နှာစာနှင့် အိမ်နံဘေး တစ်ဖက်မှ ပြတင်းပေါက်တွေကို အသေပိတ်ပေးလိုက်ရသည်။ လမ်းပေါ်ကို အိမ်ထဲမှ လှမ်းမမြင်ရတော့ပေ။ အခန်းလွတ်တွေကို သူတို့အိမ်မှ မောင်းချခံရသည့် ဆွေမျိုးများအား ပေးထားရသည်။

တဖြည်းဖြည်းနှင့် သည်ဘဝတွင် ကျွန်တော်တို့ နေသားကျလာသည်။ နံရံတွေလိုမျိုး သံဆူးကြိုးတွေ ကာရံထားသည်ကို ကြောက်စရာဟု မထင်တော့။ ကိုယ့်လူမျိုးအချင်းချင်း စုစုစည်းစည်း နေနေရသဖြင့် အင်း မဆိုးပါဘူးဟု ဖြေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူးသမ္မတနိုင်ငံ သေးသေးကလေး တည်ထောင်ဖြစ်ပြီဟု သဘောထားကာ အုပ်ချုပ်ရေးကောင်စီတစ်ခု ဖွဲ့လိုက်ကြသည်။ ပြီးတော့ ဂျူးတို့အဖွဲ့၊ သာရေးနာရေးအသင်း၊ အလုပ်သမားရေးရာအဖွဲ့၊ ကျန်းမာရေး ကော်မတီ စသည်စသည်ဖြင့် အစိုးရအဖွဲ့တစ်ဖွဲ့အတိုင်း ထောင့်စေ့အောင် စည်းရုံးဖွဲ့စည်းကြသည်။

လူတွေ အားတက်လာကြ၏။ ရန်လိုမုန်းထားသည့် ဂျာမန်မျက်နှာများကို ဂရုစိုက်စရာ မလိုတော့။ ကြောက်ရွံ့ခြင်းမှ ကင်းဝေးလာကာ ဂျူးလူမျိုး အချင်းချင်း ညီအစ်ကိုအချင်းချင်း အတူတကွ လက်ရေတစ်ပြင်တည်း နေခွင့်ရနေခြင်းအတွက် တဖြည်းဖြည်း ပျော်လာကြသည်။

သို့သော် စိတ်အနှောင့်အယှက် ဖြစ်စရာများကတော့ ရှိနေမြဲပင်။ ဂျာမန်တွေက စစ်ရထားတွေပေါ်သို့ မီးသွေးတင်ဖို့ ယောက်ျားများအား လုပ်အားဆင့်ခေါ်သည်။ သို့သော် နိစ္စဓူဝတော့ မဟုတ်။ သည်လို ကိစ္စကလေးများမှ လွဲ၍ အခြေအနေ အရပ်ရပ်သည် ထူးဆန်းစွာ အေးငြိမ်းလျက် ရှိသည်။ လူတိုင်း၏ စိုးရိမ်စိတ်များ မေ့မှိန် အိပ်ပျော်နေလေသည်။

စစ်ကြီး ပြီးသည်အထိ သည်အတိုင်း စခန်းသွားရတော့မည်ဟု ကျွန်တော်တို့အားလုံး ယုံကြည်နေ၏။ တပ်နီတော် ရောက်အလာကို အသာကလေး စောင့်နေရုံသာ ရှိသည်ဟု ထင်မှတ်နေကြ၏။ ပြီးလျှင် အရင်အတိုင်း ပြန်ဖြစ်လာမည်ပေါ့။

ကျွန်တော်တို့စခန်းကို ဂျာမန်တွေ အုပ်ချုပ်နေသည် မဟုတ်။ ဂျူးတွေ အုပ်ချုပ်နေခြင်းလည်း မဟုတ်။ မရေရာ မသေချာခြင်းက အုပ်ချုပ်နေခြင်း ဖြစ်လေသည်။

သီးနှံရာသီ ကျေးဇူးတော်ပွဲမတိုင်မီ နှစ်ပတ်အလို နေခြည်ဖြာ၍ နွေးသော နေ့တစ်နေ့။ လမ်းများပေါ်တွင် လူတွေ အေးအေးလူလူ လမ်းသလားနေကြချိန်။ တစ်ယောက်နှင့်တစ်ယောက် လှမ်းနှုတ်ဆက်လိုက်ကြ ရယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



မောကြနှင့်။ ကလေးတွေလည်း လမ်းပေါ်တွင်ထွက်၍ ပျော်ပျော်ပါးပါး ကစားနေကြ၏။ ကျွန်တော်က ကျောင်းနေဖက် သူငယ်ချင်းများနှင့်အတူ အိဇာမာလစ်၏ ပန်းခြံထဲတွင် တာလမွဒ်ကျမ်းတော်မှ စာတမ်းတစ်စောင်ကို ထိုင်ကျက်နေသည်။

ညပိုင်းရောက်တော့ ကျွန်တော်တို့အိမ်ရှေ့တွင် လူနှစ်ဆယ်ခန့်စုပြီး စကားပြောနေသည်။ ကျွန်တော့်အဖေက အခြေအနေတွေကို သုံးသပ်ပြနေသည်။ ဖြစ်ရပ်မှန်ဇာတ်လမ်းများကို ညှပ်ကာညှပ်ကာဖြင့်။ အဖေသည် ပုံပြောကောင်းသူတစ်ယောက် ဖြစ်သည်။

ထိုစဉ် ဝင်းတံခါး ဝုန်းခနဲ ပွင့်လာပြီး ဟိုတုန်းက ဈေးသည် ယခု ဂျူးရဲဖြစ်နေသည့် စတန်း ပြေးဝင်လာသည်။ မောကြီးပန်းကြီးနှင့် အဖေ့ဆီ တန်းပြေးသွားသည်။ မှောင်နေပြီဖြစ်သော်လည်း အဖေ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကို ကျွန်တော် သေသေချာချာ လှမ်းမြင်လိုက်သည်။

"ဘာဖြစ်တာလဲဟင်"

အဖေ့ကို ကျွန်တော်တို့ ဝိုင်းမေးကြသည်။

"မသိသေးဘူး၊ ငါ့ကို အရေးပေါ်ကောင်စီ အစည်းအဝေး တက်ရမယ်တဲ့၊ တစ်ခုခုဖြစ်တော့မှာ သေချာတယ်"

အဖေက ပြောလက်စ ဇာတ်လမ်းကို တန်းလန်းကြီးနှင့် ရပ်ထားပြီး ဆက်ပြောသည်။

"ငါသွားတော့မယ်၊ အစည်းအဝေး ပြီးပြီးချင်း ပြန်လာခဲ့မယ်၊ စောင့်နေကြပါ"

သူ ဘယ်လောက်ကြာကြာ ကျွန်တော်တို့ စောင့်ရတော့မည်။ ကျွန်တော်တို့၏ အိမ်ရှေ့ကွက်လပ်သည် ခွဲစိတ်ခန်းပြင်ဘက် ဧည့်ခန်းတစ်ခုလို တိတ်ဆိတ်နေသည်။ ကျွန်တော်တို့အားလုံး၏ မျက်လုံးများသည် ဝင်းတံခါးတွင် စိုက်လျက် ရှိကြသည်။ ကောလာဟလသတင်းတွေ အမျိုးမျိုး ကြားလာ



www.burmeseclassic.com

www.burmeseclassic.com



သည့် အိမ်နီးနားချင်းများ စုပြုံရောက်လာကြသည်။

အားလုံး နာရီတကြည့်ကြည့်ဖြင့် စောင့်နေကြ၏။ နာရီလက်တံက မရွေ့တော့သလို တန့်နေသည် ထင်ရသည်။ အစည်းအဝေးက ဘာကြောင့် ဒါလောက် ကြာနေရတာလဲ၊ ဘာအစီပွာယ်လဲ။

အမေက ထင်မြင်ချက်ပေးသည်။

"ဒီနေ့ ငါ စိတ်တွေ လေးနေတယ်။ တို့ရပ်ကွက်ထဲကို မျက်နှာစိမ်း ဂျာမန်နှစ်ယောက် ရောက်လာတယ်။ သေချာတယ်။ သူတို့တွေဟာ ရိုးရိုး စစ်သားတွေ မဟုတ်ဘူး။ ဂက်စတာပိုတွေ ဖြစ်ရမယ်။ သူတို့ ရောက်လာ ကတည်းက မြင်နေကျ စစ်မိုလ်တွေ ပျောက်သွားတော့တာပဲ"

ဤသို့ဖြင့် သန်းခေါင် ချဉ်းသွားသည်။ ဘယ်သူမှ အိပ်ဖို့ စိတ်မကူးကြ။ အချို့ ကိုယ့်အိမ်ကိုယ် ခဏပြန်ကြသည်။ ညနက်လာတော့ အားလုံးပြန်ကြ သည်။ အဖေ ပြန်ရောက်ရင် သူတို့ကို လှမ်းခေါ်ဖို့ မှာသွားကြ၏။

နောက်ဆုံးတွင်မှ အဖေ ပြန်ရောက်လာသည်။ သူ့မျက်နှာတွင် သွေး မရှိတော့။ သူ့အနားသို့ လူတွေ စုပြုံ တိုးဝေ့သွားကြသည်။

"ဘယ်လိုတဲ့လဲ အခြေအနေ၊ ပြောပါဗျ မြန်မြန်"

ခါတိုင်းလိုပင် အဖေ့ဆီမှ စိတ်သက်သာရာ သတင်းအမျိုးမျိုး ကြား ရမည်အထင်နှင့် ဝိုင်းမေးကြသည်။ သို့သော် အဖေ့မျက်နှာကို ကြည့်ပြီး အားလုံး ဆွံ့သွားကြ၏။

နောက်ဆုံး အဖေ ဖြေသည်။

"အခြေအနေ မကောင်းဘူး"

ပြောပြီး အကြာကြီး ငိုင်နေသည်။ ပြီးမှ လေးတွဲ့စွာ ပြောသည်။

"တို့ နေရာရွှေ့ကြရလိမ့်မယ်"

မြို့ပေါ်မှ စခန်းနှစ်ခု လုံးဝ ဖျက်သိမ်းပစ်ရမည်။ မနက်ဖြန်မှစပြီး တစ်လမ်းပြီးတစ်လမ်း ရွှေ့ပြောင်းကြရမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဖေက ဒါပဲ ပြောသည်။ ကျွန်တော်တို့က အသေးစိတ် သိချင်နေကြသည်။ ဘယ်လောက် ဆိုးသည့်သတင်းဖြစ်စေ သိချင်နေကြသည်။

ဘယ်ကို ပြောင်းရမှာလဲ၊ ကျွန်တော်တို့ကို ဘယ်ခေါ်သွားမှာလဲ။

သည်ကိစ္စကို လျှို့ဝှက်ထားသည်။ ခေါင်းဆောင်ဖြစ်သည့် အဖေတစ်ယောက်တည်းသာ သိရမည်။ သို့သော် အဖေက ထုတ်ပြောလိမ့်မည်မဟုတ်။ ပြောနိုင်လိမ့်မည် မဟုတ်။ ပေါက်ကြားလျှင် ဂက်စတာပိုက သူ့ကို ပစ်သတ်မည်ဟု ခြိမ်းခြောက်ထားသည်။

နောက်ဆုံး အဖေက ထင်မြင်ချက် ပေးသည်။

"ဟုတ်လား မဟုတ်လားတော့ မသိဘူး။ သတင်းကြားရသလောက်တော့ တို့ကို ဟန်ဂေရီထဲက တစ်နေရာရာကို ခေါ်သွားပြီး အုတ်စက်တစ်ခုမှာ အလုပ်လုပ်ခိုင်းမယ်တဲ့။ ဆစ်ဂက်က နယ်ခြားနဲ့ နီးလို့တဲ့"

ခြောက်ကပ်ကပ် အသံနှင့် ပြောပြီး တိတ်သွားသည်။ ပြီးမှ ဆက်ပြောသည်။

"တို့အားလုံး ကိုယ်ပိုင်ပစ္စည်းတွေ သယ်ယူခွင့်ရှိတယ်။ ကျောပိုးအိတ်ထဲမှာ အဝတ်နည်းနည်း၊ စားစရာနည်းနည်း ယူလာနိုင်တယ်။ ဒါထက်ဘာမှ ပိုမယူရဘူး"

တိတ်သွားပြန်သည်။ အတန်ကြာမှ-

"ကဲ သွားကြတော့၊ အိမ်နီးနားချင်းတွေကို နှိုးပြော၊ အားလုံး အသင့်ဖြစ်အောင် လုပ်ထားကြရမယ်"

ကျွန်တော့်အနားမှ အရိပ်မည်းမည်းတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ အိပ်ရာမှ နိုးလာသည့် ခြေလှမ်းများဖြင့် ထွက်သွားကြသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် ကျွန်တော်တို့ချည်း ကျန်ရစ်၏။ အတူနေ အမျိုးတစ်ယောက်က ကျွန်တော်တို့ အခန်းထဲ ဝင်လာပြီး တိုးတိုးပြောသည်။

"ပိတ်ထားတဲ့ ပြတင်းပေါက်တစ်ချပ်မှာ တံခါးလာခေါက်နေတယ်"

စစ်ပြီးတော့မှ ဘယ်သူဘယ်ဝါ တံခါးလာခေါက်သည်ကို ကျွန်တော် သိရသည်။ အဖေ့မိတ်ဆွေ ဟန်ဂေရီ ရဲအရာရှိတစ်ယောက် လာသတိပေးခြင်း ဖြစ်သည်။ ကျွန်တော်တို့ကို သံဆူးကြိုး မခတ်မီ သူက အဖေ့ကို ကပ်ပြော ထားသည်။

"ဘာမှမပူနဲ့၊ အရေးအကြောင်းဆိုရင် ကျွန်တော် လာသတိပေးမယ်"

သူနှင့် ထိုညက အချိန်မီတွေ့လိုက်လျှင် ကျွန်တော်တို့ မိသားစု လွတ်ရာ လွတ်ကြောင်း ထွက်ပြေးနိုင်စရာအကြောင်း ရှိသည်။ သို့သော် ကျွန်တော်တို့ ပြတင်းပေါက်ကို အသံမကြားအောင် ခဲရာခဲဆစ် ဖွင့်နေရလေရာ အချိန် အတန်ကြာသွားသည်။ ဖွင့်ပြီးတော့ အပြင်တွင် သူ မရှိတော့ပေ။

❖

စခန်းတစ်ခုလုံး နိုးနေကြပြီ။ တစ်အိမ်ပြီးတစ်အိမ် မီးတွေ လင်းလာ သည်။

အဖေ့မိတ်ဆွေ တရားဟောဆရာတစ်ဦး၏ အိမ်ထဲသို့ ကျွန်တော် ဝင်လာခဲ့သည်။ အိမ်ရှင်လူကြီးကို ကျွန်တော် နှိုးလိုက်၏။ သူ့ကြည့်ရသည်မှာ အိပ်မကက်မကက်နေဆဲ ဖြစ်ဟန်တူ၏။ ကျွန်တော့်ကို မှေးစင်းစင်း မျက်လုံးများဖြင့် ငေးကြည့်နေသည်။

ကျမ်းစာများ ဖတ်ရလွန်းသဖြင့် ခါးကိုင်းနေပြီ။ မုတ်ဆိတ်တွေလည်း ဖြူနေပြီ။

"ဦးလေး ထလေ။ ခရီးထွက်ဖို့ ပြင်ရဦးမယ်လေ။ မနက်အစောကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး ပြောင်းကြရမှာဗျ။ ဘယ်ကိုလဲ ဟုတ်လား၊ အဲဒါ မမေးပါနဲ့ဗျာ၊ ဘာမေးခွန်းမှ မေးမနေနဲ့။ အဲဒီမေးခွန်းက ဘုရားသခင်မှ ဖြေနိုင်မှာ။ ကဲဗျာ ထပါဗျ''

ကျွန်တော်ပြောတာတွေ သူ တစ်လုံးမှ နားလည်ပုံ မရပါ။ ကျွန်တော့်ကို ရူးနေပြီများ သူ ထင်နေသလား မသိ။

''မင်း ဘာတွေပြောနေတာလဲ ကောင်လေး။ ဘယ်ခရီးသွားရမှာလဲ၊ ဘာလို့သွားရမှာလဲ၊ ဘာတွေဖြစ်ကုန်လို့လဲ၊ မင်း စိတ်မှန်သေးရဲ့လားဟင်''

အိပ်ချင်မူးတူးဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသော မျက်လုံးများ ချက်ချင်း ပြူးထွက်လာကာ အထိတ်တလန့် ဖြစ်လာသည်။

ကျွန်တော် အာခေါင်တွေ ခြောက်လာပြီ။ လည်ချောင်းထဲတွင် စကားလုံးများ တစ်ဆို့နေ၏။ ကျွန်တော့်နှုတ်ခမ်းမှ အကြောများ ခဏ သေသွားသလို ဘာစကားမှ ဆက်ပြောမထွက်တော့ပေ။

နောက်ဆုံး အခြေအနေကို သူ နားလည်သွားသည်။ အိပ်ရာထဲမှ ထသည်။ အဝတ်ဝတ်သည်။ သူ့မိန်းမ အိပ်နေသော ခုတင်ဆီ လျှောက်သွားသည်။ အကြင်နာများစွာဖြင့် မိန်းမနဖူးပေါ်ကို လက်တင်သည်။ အမျိုးသမီးကြီးက မျက်လုံးပင့်ကြည့်ရင်း ပြုံးသည်။ ပြီးတော့ ကလေးနှစ်ယောက်ကို သူ နှိုးသည်။ ကျွန်တော် ထွက်ပြေးလာခဲ့၏။

ခုတော့ အချိန်တွေ အကုန်မြန်လှသည်။ မနက် လေးနာရီကို ချက်ချင်း ရောက်သွားသည် ထင်ရ၏။ အဖေတစ်ယောက် ပြေးဟယ်လွှားဟယ်ဖြင့် မောနေပြီ။ မိတ်ဆွေ အပေါင်းအသင်းတွေကို နှစ်သိမ့်ရ၊ ဂျူးရပ်ကွက် ကောင်စီရုံးသို့ပြေးပြီး သတင်းနားထောင်ရနှင့်။ ပြင်ဆင်ချက်အမိန့် တစ်မျိုးမျိုးများ ထွက်လေမလားဟု ပြေးပြေးကြည့်နေခြင်း ဖြစ်၏။ နောက်ဆုံး အချိန်အထိ ကောက်ရိုးမျှင်ကို ခိုတွဲဖို့ စဉ်းစားနေဆဲ။

အမျိုးသမီးများက ကြက်ဥပြုတ်ကြ မုန့်ဖုတ်ကြနှင့် အလုပ်ရှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အချို့က ကျောပိုးအိတ်တွေ ချုပ်နေကြ၏။ ကလေးသူငယ်များက အစောကြီး နိုးနေပြီး လူကြီးတွေကို ကြည့်ကာ ဘာလုပ်ရမှန်းမသိဘဲ မျက်စိသူငယ် ဖြစ်နေကြ၏။

ကျွန်တော်တို့ အိမ်နောက်ဖေးတွင် ဈေးတမျှ စည်ကားနေ၏။ အဖိုးတန်ပစ္စည်းတွေ ပြန့်ကျဲနေ၏။ ကော်ဇောအသစ်ကြီးတွေ၊ ငွေဖယောင်းတိုင်ပန်းဆိုင်းတွေ၊ ကျမ်းစာအုပ်တွေနှင့် ဘုရားစင်ပေါ်မှ ရှေးဟောင်းပစ္စည်းများ ဖုန်တောထဲတွင် မြင်မကောင်း ရှုမကောင်း။ သူတို့အတွက် နေရာမရှိတော့ပေ။ ရင်ကိုးစရာ မြင်ကွင်းမျိုး ဖြစ်ပါ၏။ လှပသော ကောင်းကင်ပြာပြာအောက်တွင် မြင်ကွင်းမှာ အကျည်းတန်လွန်းလှသည်။

မနက်ရှစ်နာရီထိုးတော့ ပင်ပန်းလွန်းသဖြင့် ကျွန်တော်တို့ ခြေလက်တွေ ထုံကျင်နေပြီ။ ဦးနှောက်တွေက အပူပေးခံရသည့် ခဲလို အရည်ပျော်နေပြီ။ စုပြီး ဘုရားရှိခိုးနေစဉ် လမ်းထဲမှ ဆူဆူညံညံအသံတွေ ကြားလိုက်သဖြင့် လွယ်ထားသည့် ကျမ်းစာအိတ်ကို ဖြုတ်ချပြီး ပြတင်းပေါက်ဆီ ကျွန်တော် ပြေးသွားသည်။

ဟန်ဂေရီရဲတွေ စခန်းအတွင်းဝင်လာပြီး အော်ဟစ် အမိန့်ပေးနေသည်။

"ဂျူးတွေ အားလုံး ထွက်ကြ၊ မြန်မြန်လုပ်"

သူတို့အထဲတွင် ဂျူးလူမျိုး ရဲတပ်ဖွဲ့ဝင်တွေလည်း ပါသည်။ သူတို့က တစ်ဆို့ဆို့အသံဖြင့် ကပ်ပြောသည်။

"ကဲ အားလုံးကို စွန့်ခဲ့ကြပေတော့။ အချိန်ကျပြီ။ ကျွန်တော်တို့လည်း ဘာမှ မတတ်နိုင်ဘူး"

ဟန်ဂေရီရဲများက သူတို့အလုပ် မြန်မြန်ပြီးစေဖို့ သူတို့၏ တုတ်တွေ၊ သေနတ်ဒင်တွေ စိတ်တိုင်းကျ အသုံးချတော့သည်။ သက်ကြီးရွယ်အိုတွေကိုပါ ချမ်းသာမပေး။ မသန်မစွမ်း ဒုက္ခိတတွေကိုပါ မညှာမတာ ရိုက်သည်။

အိမ်တွေပေါ်မှ တစ်ယောက်ချင်း မောင်းချသည်။ လူတိုင်း အထုပ်အပိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီထမ်းပြီး ဆင်းကြရသည်။ ဆယ်နာရီတွင် အိမ်တွေဟောင်းလောင်း ဖြစ်သွားသည်။ လူတွေအားလုံး လမ်းပေါ်ရောက်နေပြီ။ ရဲက အိမ်ထောင်စု ဇယားနှင့်တိုက်ပြီး လူစာရင်းခေါ်သည်။ တစ်ကြိမ်နှစ်ကြိမ် ကျေနပ်သည်အထိ စေ့စေ့စပ်စပ် စစ်သည်။ အားလုံးပေါင်း အကြိမ်နှစ်ဆယ်။

နေက တဖြည်းဖြည်း အပူရှိန်ပြင်းလာသည်။ လူအားလုံး၏ မျက်နှာများ ပေါ်တွင် ချွေးတွေ ပြိုဆင်းနေသည်။ ကိုယ်ပေါ်တွင်ကား စက်စက်နစ်နေကြပြီ။

ကလေးတွေက အော်ငိုပြီး ရေတောင်းကြသည်။ ရေက အိမ်တိုင်းတွင် ရှိသည်။ အိမ်ရှေ့မှာရော အိမ်နောက်မှာပါ ဘယ်အိမ်မဆို ရှိသည်။ သို့သော် ဘယ်သူမှ မလှုပ်ရဲကြ။

“အမေ… ရေဆာတယ်၊ ရေဆာတယ်”

ဟာန်ဂေရီယန် ဂျူးလူမျိုးရဲများက ခိုးကြောင်ခိုးဝှက် ရေရှာပေးကြ၏။ ကျွန်ုပ်တော်တို့ မိသားစုက နောက်ဆုံး ရထားကျမှ စီးကြရမည်ဖြစ်၍ ဟိုဟိုဒီဒီ သွားခွင့်ရသဖြင့် ဂျူးရဲတွေကို အကူအညီ ပေးနိုင်ခဲ့ကြသည်။

❖

နောက်ဆုံး မွန်းလွဲတစ်နာရီတွင်မှ စခန်းက ထွက်ခွာဖို့ အမိန့်ရသည်။ အားလုံး ပျော်သွားသည်။ လမ်းပေါ်တွင် တန်းစီပြီး ကျောပိုးအိတ်တွေ တနင့် တပိုး လွယ်ကာ ပူပြင်းလှသော ရာသီဥတုတွင် နေပူလှန်း ခံနေရသည့်ဘဝမှ လွတ်မြောက်ကြတော့မည် မဟုတ်ပါလား။

တစ်သက်လုံး နေလာခဲ့ကြသည့် အိမ်တွေကို လှည့်မကြည့်ကြတော့။ လမ်းတွေကို လှည့်မကြည့်ကြတော့။ ပန်းခြံတွေ၊ သချိုင်းတွေကိုလည်း ခေါင်းငုံ့ကြည့်မည့်သူ မရှိကြတော့ပေ။

လူတိုင်း လူတိုင်း၏ နောက်ကျောတွင် ကျောပိုးအိတ်ကိုယ်စီ သယ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် လာခဲ့ကြသည်။ လူသားတိုင်း၏ မျက်ဝန်းထဲတွင် မျက်ရည်တွေတွေ ကျနေသည်။ လူတန်းကြီးသည် ဖြည်းဖြည်းချင်း ရွေ့လျားနေ၏။ စခန်း၏ အစွန်ဆုံး ဂိတ်ဝဆီသို့ ဦးတည်လျှောက်နေကြခြင်း ဖြစ်လေသည်။

ကျွန်တော်က လမ်းနံဘေးတွင်ရပ်ပြီး သည်လူတန်းကြီးကို ငေးကြည့်နေ၏။ မလှုပ်နိုင် မယှက်နိုင် ငိုင်နေမိသည်။ ခါးကုန်းနေသော တရားဟော ဆရာကြီးက ကျောပေါ်တွင် အထုပ်ကြီးတင်လျက် လူတန်းကြီးထဲတွင် ပါလာသဖြင့် မြင်ကွင်းမှာ ပို၍ အိပ်မက်ဆန်နေသည်။ သမိုင်းနောက်ခံ ဝတ္ထုစာအုပ်ထဲမှ စာမျက်နှာတစ်ခုနှင့် တူနေသည်။ ဘေဘီလုံ သို့မဟုတ် စပိန်နိုင်ငံ ဘာသာရေး သိမ်းသွင်းညှဉ်းပန်းသည့် မြင်ကွင်းများကို ကျွန်တော် မြင်ယောင်လာသည်။

သူတို့တစ်တွေ ကျွန်တော့်ကို ဖြတ်ကျော် သွားနေကြသည်။ တစ်ယောက်ပြီး တစ်ယောက်။ ကျွန်တော့်ဆရာတွေ ပါသည်။ သူငယ်ချင်းတွေ ပါသည်။ ကျွန်တော် တစ်ချိန်က ကြောက်ရွံ့ခဲ့ရသူများ ပါသည်။ ရယ်စရာ လုပ်ခဲ့သူများ ပါသည်။ နှစ်ပေါင်းများစွာ ကျွန်တော်တို့နှင့် အတူနေလာကြသူများ။ သူတို့အိမ် သူတို့မြေ သူတို့ဘဝ အတွေ့တွေကိုထားခဲ့ပြီး အရှုံးသမား ဘဝဖြင့် အထုပ်ထမ်းကာ လျှောက်လှမ်းနေကြရလေပြီ။

သူတို့အားလုံး အရိုက်ခံထားရသည့် ခွေးများလို ခေါင်းငိုက်စိုက်ချကာ ဘေးဘီကိုမကြည့်ဘဲ ကျွန်တော့်ကို ဖြတ်ကျော်သွားနေကြ၏။ ကျွန်တော့်ကို သူတို့တစ်တွေ မနာလိုများ ဖြစ်သွားကြလေသလား။

ဟိုးခပ်ဝေးဝေးမှ လမ်းချိုးတစ်ခုတွင် လူတန်းကြီး ပျောက်ကွယ်သွား လေသည်။ သံဆူးကြိုးနံရံများ ဆုံးခါနီးတွင် လူတန်းကြီး ချိုးကွေ့သွားခြင်း ဖြစ်လေသည်။ လမ်းပေါ်တွင် ပစ္စည်းတွေ ပြန့်ကျဲ ကျန်ရစ်သည်။ လက်ဆွဲ သေတ္တာတွေ၊ ဓားတွေ၊ ပန်းကန်ခွက်ယောက်တွေ၊ ပိုက်ဆံတွေ၊ စက္ကူတွေ၊ ဆေးရောင်မှိန်နေသည့် ရုပ်ပုံကားချပ်တွေ၊ မုန့်တိုင်းတိုက်ခံရသည့် ပွဲဈေးခင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



တူနေ၏။

အားလုံးတစ်ပါတည်း ယူသွားမည့်ပစ္စည်းများ ဖြစ်၏။ အပြေးအလွှား မနိုင်မနင်းဖြစ်ကာ လမ်းပေါ်တွင် ကျကျန်ခဲ့ခြင်း ဖြစ်သည်။ ခုတော့ ဘာမျှ အကြောင်း မဟုတ်တော့ပြီ။

အိမ်တိုင်းအိမ်တိုင်း၏ တံခါးတွေ ပွင့်ကျန်ခဲ့လေသည်။ ပိုင်ရှင်မဲ့ဘဝဖြင့် ကျန်ရစ်ခဲ့ခြင်း ဖြစ်၏။ ဖွင့်ထားသည့် အုတ်ဂူများလို ယူချင်သူ ယူကြပါစေ။

နေ ချစ်ချစ်တောက် ပူသောနေ့။

❖

ထိုနေ့က ကျွန်တော်တို့အားလုံး ဘာမျှမစားရဘဲ တစ်နေ ကုန်သွားသည်။ သို့သော် ဘယ်သူမျှ မဆာကြ။ ဆာဖို့ သတိမရနိုင်လောက်အောင် ခြေကုန်လက်ပန်း ကျနေကြပြီ။ အဖေက ပထမအသုတ် သွားလေသူများကို ဂိတ်ဝအထိ လိုက်ပို့သည်။

သူတို့တစ်တွေကို ဝတ်ကျောင်းတော်ကြီးထဲတွင် ရပ်ခိုင်းပြီး အထုပ်အပိုးတွေဖြေကာ စစ်သားတွေက ရှာဖွေကြခြင်းဖြစ်သည်။ ရွှေနှင့် လက်ဝတ်ရတနာတွေကို ရှာဖွေကြခြင်းဖြစ်သည်။ အရိုက်အနှက် ခံကြရသူများ ရှိသည်။ မူးလဲ မေ့မြောသွားသူများ ရှိသည်။

"ကျွန်တော်တို့အလှည့် ဘယ်တော့ကျမှာလဲ အဖေ"

ကျွန်တော်က မေးလိုက်သည်။

"တို့အလှည့်က သန်ဘက်ခါ၊ ဒါပေမဲ့ တကယ်လို့ ကံကြမ္မာ အလှည့် အပြောင်း တစ်မျိုးမျိုးဖြစ်လာရင်..."

ဘယ်ကိုသွားကြရမှာလဲ၊ ဘယ်ကိုခေါ်သွားနေတာလဲ၊ ဘယ်သူမှမသိ။ သူတို့ လျှို့ဝှက်မှုက သိပ်သည်း ကျစ်လျစ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းသို့ ရောက်လာခဲ့ပြီ။ ကျွန်တော်တို့ စောစော အိပ်ရာဝင်ကြသည်။ အဖေက မအိပ်ခင် ကျွန်တော်တို့ကို ပြောသည်။

"ကလေးတွေ စိတ်ချလက်ချ အိပ်ကြ၊ သန်ဘက်ခါအထိ ဘာမှ အကြောင်းထူးမှာ မဟုတ်ပါဘူး"

အဖေပြောသည့် သန်ဘက်ခါမှာ အင်္ဂါနေ့ ဖြစ်သည်။ တနင်္လာနေ့သည် ဝေလီဝေလင်း အိပ်မက်လိုလို၊ နွေဦးလေပြည်တွင် လွင့်နေသည့် တိမ်မျှင်ကလေးများလိုလို မရေမရာ ကုန်ဆုံးသွားလေသည်။

ကျောပိုးအိတ်တွေ ပြင်ကြ၊ မုန့်ဖုတ်ကြနှင့်မို့ ကျွန်တော်တို့ တစ်အိမ်သားလုံး ဘာမျှ ထွေထွေထူးထူး တွေးမနေအားတော့ပေ။ လုပ်စရာရှိသည်ကို လုပ်ကြရတော့မည် မဟုတ်လား။

ထိုညတွင် အမေက ကျွန်တော်တို့ကို စောစော အိပ်ရာဝင်ခိုင်းသည်။ အားမွေးကြရမည်ဟု ဆိုသည်။ ကျွန်တော်တို့ကို မွေးခဲ့သည့်အိမ်တွင် နောက်ဆုံးအိပ်ရမည့်ည ဖြစ်လေသည်။

အရဏ်မတက်မီ ကျွန်တော် နိုးနေသည်။

အိမ်ကမထွက်ခင် ဘုရားဝတ်ပြုချိန် ရမှရပါ့မလား မသိ။

အဖေက ကျွန်တော်တို့ထက် စောစောထပြီး အခြေအနေ စနည်းနာဖို့ မြို့ထဲထွက်သွား၏။ ရှစ်နာရီလောက်တွင် သတင်းကောင်းနှင့် ပြန်လာသည်။ သည်နေ့ ကျွန်တော်တို့ မထွက်ရသေးဘူးတဲ့။ မြို့စွန်ရပ်ကွက်မှ ဂျူးစခန်းကို ပထမ ပြောင်းကြရမည်။ နောက်ဆုံးအသုတ်နှင့် ထွက်ဖို့ စောင့်ကြရမည်။

ကိုးနာရီထိုးတော့ တနင်္ဂနွေနေ့က ပုံစံအတိုင်း ပြန်တွေ့ရသည်။ ရဲတွေက တုတ်တဝင့်ဝင့်နှင့် လမ်းထဲတွင် လိုက်အော်နေသည်။

"ဂျူးတွေ အိမ်ပြင်ထွက်၊ အားလုံးထွက်"

ကျွန်တော်တို့က အားလုံး အသင့်ပြင်ထားပြီးဖြစ်၍ အရင်ဆုံး ထွက်လိုက်သည်။ အဖေနှင့်အမေ၏ မျက်နှာကို ကျွန်တော် မမြင်ချင်။ သူတို့ မျက်ရည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မကြည့်ရက်။

လွန်ခဲ့သည့် နှစ်ရက်က လူတွေလို ကျွန်တော်တို့အားလုံး လမ်းပေါ်တွင် ထိုင်ကြသည်။ ဟိုနေ့ကလိုပင် နေက အစောကြီးပူနေပြီ။ ဟိုနေ့ကအတိုင်း ဟိုနေ့ကလူတွေလို ရေငတ်ကြပြီ။ သို့သော် ရေရှာပေးမည့်သူ တစ် ယောက်မျှ မရှိတော့ပေ။

အိမ်ကို ကျွန်တော် တစ်ချက်ပြန်ကြည့်သည်။ သည်အိမ်ထဲမှနေ၍ ဘုရားသခင်ကို ကျွန်တော် ရှာဖွေခဲ့သည်။ သည်အိမ်ထဲမှနေ၍ နောက်ပွင့်မည့် ကိုယ်တော်အရှင်ကို ဦးစွာ ဖူးမြော်ခွင့်ရဖို့ ဆုတောင်းခဲ့သည်။ အနာဂတ်ဘဝတွင် ဘာဖြစ်လာမည်လဲဟု ဘုရားသခင်ထံ သည်အိမ်မှပင် ကျွန်တော် လျှောက်ထား မေးမြန်းခဲ့သည်။ ခုတော့ ကျွန်တော်တစ်ယောက် သိပ်ကြီး ဝမ်းနည်းပက်လက် မဖြစ်တော့ပေ၊ ကျွန်တော့်ခေါင်းထဲတွင် ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။

''အားလုံးထ လူစစ်မယ်''

အမိန့်ကို ကျွန်တော်တို့ နာခံရသည်။ အားလုံး မတ်တတ်ရပ်လိုက်ကြ၏။ သူတို့က လူစစ်သည်။ ပြီးတော့ ပြန်ထိုင်ကြရသည်။ ပြီးတော့ ထခိုင်း ပြန်သည်။ ခဏ ခဏ ထိုင်ခိုင်းသည်၊ ထခိုင်းသည်။

မြန်မြန် သွားပါရစေတော့။ ကျိတ်ပြီး ဆုတောင်းမိကြ၏။ သူတို့ ဘာကို စောင့်နေကြတာပါလိမ့်။ နောက်ဆုံးတွင်မှ ကျွန်တော်တို့ ဆုတောင်း ပြည့်သည်။

အပြီးအပိုင် ထွက်ခွာဖို့ အမိန့်စပေးပြီ။

''ချီတက်''

အဖေ ငိုနေပြီ။ သူ ငိုသည်ကို ကျွန်တော် ပထမဆုံး မြင်ဖူးခြင်း ဖြစ်၏။ အဖေ ငိုတတ်လိမ့်မည်ဟု ကျွန်တော် လုံးဝ မထင်ခဲ့။ အမေကတော့ တစ်လှမ်းချင်း လျှောက်နေသည်။ ခံစားမှုကင်းသည့် မျက်နှာဖြင့် တစ်ခုခုကို အတွေးနက်နေပုံ။ ညီမလေး ဇီပိုရာကို ငုံ့ကြည့်လိုက်သည်။ ရွှေရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို သေသေသပ်သပ် ဖြီးသင်ထား၏။ ကုတ်အင်္ကျီ အနီကလေးကို လက်မောင်းပေါ် တင်လျက်။ သူကလေးမှာ ခုနစ်နှစ်သမီးကလေး ဖြစ်၏။ ကျောပေါ်တွင် သယ်လာသည့်အိတ်ကြီးက သူ့အရွယ်နှင့်မလိုက်။ သူက အံကြိတ်ပြီး သယ်လာသည်။ အခြေအနေကို သူသိသည်။ ထို့ကြောင့် ဘာမျှ မပြော။

ရဲတွေက လူတန်းကြီးထဲဝင်ပြီး တုတ်တဝင့်ဝင့်ဖြင့် လက်စွမ်းပြရင်း အော်နေသည်။

"မြန်မြန်လျှောက်၊ မြန်မြန်လျှောက်"

ကျွန်တော့်ခြေထောက်တွေကို မသယ်ချင်တော့။ ခရီးထွက်စမှာပင် ကျွန်တော် သာခွေယိုင် ဖြစ်နေပြီ။

"ဟေ့… မြန်မြန်လျှောက်စမ်း၊ ဆန်ကုန်မြေလေးတွေ"

ဟန်ဂေရီရဲတွေက အသံကုန် အော်ဟစ်နေသည်။ သည်အချိန်တွင် သူတို့ကို ကျွန်တော် စတင်မုန်းတီးမိခြင်း ဖြစ်သည်။ စင်စစ် သူတို့သည် ကျွန်တော်တို့နှင့် တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ခဲ့သူများ ဖြစ်၏။ ယနေ့ သူတို့သည် ကျွန်တော်တို့အား ရှေ့တန်းမှ နှိပ်စက်သူများ ဖြစ်နေပြီ။ ငရဲသို့ သွားရာလမ်းတွင် သူတို့မျက်နှာများသည် ကျွန်တော်တို့ ပထမဆုံး မြင်ရသည့်မျက်နှာများ ဖြစ်သည်။

လမ်းလျှောက် နှေးရကောင်းလားဆိုပြီး သူတို့က လူတန်းကြီးကို အပြေးလျှောက်ဖို့ အမိန့်ပေးသည်။ ကျွန်တော်တို့ ပြေးကြရသည်။ ပြတင်းပေါက်များ၊ တရုတ်ကတ်များကြားမှ တစ်မြို့တည်းသား ကျွန်တော်တို့၏ ဟန်ဂေရီမိတ်ဆွေများက လူတန်းကြီးကို ခိုးကြည့်နေကြသည်။

နောက်ဆုံးတွင်မှ မြို့ပြင် ဒုတိယဂျူးစခန်းသို့ ရောက်သည်။ အထုပ်အပိုးတွေ ပစ်ချလိုက်ပြီး အားလုံး မြေကြီးပေါ် ပုံလျက်သား ကျသွားကြသည်။

"အို… တန်ခိုးတော်အရှင်၊ မေတ္တာအသချော်ကို ရင်ဝယ်ပိုက်ထား


www.burmeseclassic.com

www.burmeseclassic.com



သော ကိုယ်တော်သည် ကျွန်တော်မျိုးတို့အပေါ် အကြင်နာ ပေးသနားတော်မူပါ...''

❖

လွန်ခဲ့သည့် သုံးရက်က သည်မှာနေသွားသူတွေ ဘယ်ရောက်သွားကြပြီလဲ။ သူတို့စခန်းတွင် ကျွန်တော်တို့ ရောက်လာပြီး သူတို့ပစ္စည်းတွေကို ကျွန်တော်တို့ အသုံးပြုနေကြသည်။ သူတို့ကို သည်နေရာမှ မောင်းထုတ်လိုက်ကြပြီ။ သူတို့အကြောင်း မကြာခင် ကျွန်တော်တို့ မေ့သွားကြလိမ့်မည်။

ကြည့်ရသည်မှာ သည်စခန်းကလူတွေ ကျွန်တော်တို့ထက် အဖြစ်ဆိုးပုံရသည်။ ဘာမျှ ပြင်ဆင်ချိန်မရဘဲ ချက်ချင်းထွက်ကြရဟန်တူ၏။ ကျွန်တော်တို့ ဦးလေးတော်သော အန်ကယ်မင်ဒယ်လ် နေသွားသည့် အိမ်ထဲကို ကျွန်တော်ဝင်ကြည့်သည်။

စားပွဲပေါ်တွင် စွပ်ပြုတ်ပန်းကန်က တစ်ဝက်တစ်ပျက်။ ပုံစံခွက်ထဲသို့ မုန့်ဖုတ်ဖို့ ဂျုံထည့်မည့်ဆဲဆဲ ပစ္စည်းတွေက ဖရိုဖရဲ။ ကြမ်းပြင်ပေါ်တွင် စာအုပ်တွေ ပြန့်ကျဲလျက်။ သည်စာအုပ်တွေက ကိုယ်နှင့်မကွာ ယူသွားရမည့် စာအုပ်များဖြစ်၏။

ကျွန်တော်တို့ စတည်းချရမည့် အိမ်ရောက်တော့ ပထမဆုံး ထင်းရှာရသည်။ အစ်မတွေက မီးမွှေးပေးသည်။ အမေက ပင်ပန်းနေသည့်ကြားမှ ချက်ပြုတ်ရသည်။

''စိတ်ဓာတ်မကျကြနဲ့၊ စိတ်ဓာတ်မကျကြနဲ့''

ဟု တဖွဖွပြောရင်း အလုပ်လုပ်နေခြင်း ဖြစ်၏။

စိတ်ဓာတ်ရေးရာအပိုင်းတွင် လူတွေ ကြဲခိုင်ကြသည်။ အခြေအနေနှင့် နေသားကျလာသည်။ အကောင်းမြင်သမားများပင် ရှိလာသည်။

''ဂျာမန်တွေမှာ တို့ကို မောင်းထုတ်ဖို့ အချိန်မရှိတော့ဘူး။ သိပ်နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားပြီ''

ဟုပြောပြီး အငြင်းအခုံတွေ ဖြစ်နေကြ၏။

''ဒီစခန်းက ထွက်သွားရတဲ့ လူတွေအတွက်တော့ စိတ်မကောင်းစရာပဲ။ တို့တစ်တွေက အခွင့်အရေး အများကြီး ရှိသေးတယ်။ စစ်ပြီးတဲ့အထိ ဒီလိုပဲ ကြံဖန်ပြီး စခန်းသွားကြရမယ်''

ဟု ပြောသူများလည်း ရှိ၏။

သည်စခန်းကို အစောင့်ချမထားပေ။ ကြိုက်သလို ဝင်လို့ထွက်လို့ရသည်။ တစ်ခါတုန်းက ကျွန်တော်တို့အိမ်တွင် အိမ်ဖော် လုပ်သွားဖူးသည့် မာရီယာ ရောက်လာသည်။ တရှုံ့ရှုံ့နှင့်ငိုပြီး သူတို့ရွာကို လိုက်ခဲ့ဖို့ ခေါ်သည်။ လုံခြုံသည့် နေရာမှာ သူ ဖွက်ထားပေးမည့်အကြောင်း ပြောသည်။

အဖေ့ကို ဘယ်လိုမှ နားဝင်အောင် ပြောလို့မရ။ ကျွန်တော်နှင့် အစ်မတွေကို ပြောသည်။

''မင်းတို့ လိုက်ချင် လိုက်သွားကြပါ၊ ငါကတော့ အမေကြီးနဲ့ အငယ်လေးနားမှာပဲ နေရစ်မယ်''

ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ မောင်နှမတွေက သူတို့ကို ထားရစ်ခဲ့နိုင်ပါမည်လဲ။

❖

ည။

ညကို မြန်မြန်ကုန်လွန်ပါစေဟု ဘယ်သူမှ ဆုမတောင်းကြပါ။ ကြယ်တွေသည် ရောမ မီးလျှံကြီးများ ဖြစ်သည်ဟု ကျွန်တော် ကြားဖူးသည်။ သည်မီးလျှံကြီးများကို ကျွန်တော်တို့ ပိုင်ဆိုင်သည်တဲ့။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မီးလျှံကြီးတွေ ငြိမ်းသေသွားလျှင် ကောင်းကင်တွင် ကြယ်တစ်လုံးမျှ ကျန်မည် မဟုတ်တော့ပေ။ မီးသေနေသည့် ကြယ်ကလေးများ၏ ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



ဖွဖွကလေးများသာ ကျန်ရစ်တော့မည်။ အမြင်အာရုံမဲ့ မျက်လုံးကလေးများနှင့် တူနေလိမ့်မည်။

ကျွန်တော်တို့တွင် ဘာမျှ လုပ်စရာ များများစားစား မရှိတော့ပေ။ အိပ်ရာဝင်ဖို့ပဲ ကျန်တော့သည်။ ထွက်ခွာသွားလေသူများ၏ အိပ်ရာတွင် ဝင်အိပ်ကြသည်။ ကျွန်တော်တို့ ကောင်းကောင်းနားဖို့ လိုသည်။ အားမွေးကြရမည်။ အားရှိမှ ခံသာမည်။

မိုးလင်းတော့ စိတ်မချမ်းမြေ့စရာများ မရှိတော့သလို ကြည်ကြည်လင်လင် ဖြစ်နေကြသည်။ အခြေအနေက ပူပင်ကြောင့်ကြစရာ မရှိတော့သလိုလို။ စိတ်သက်သာစရာ စကားများ ကြားနေရ၏။

"ရှေ့တန်းစစ်မျက်နှာက တဖြည်းဖြည်း နီးလာနေပြီလေ။ ဒါကြောင့် တို့ကို ဘေးကင်းရာ ပို့ပေးတာဖြစ်မှာပါ။ တို့နေရာက စစ်ကြောင်းကျနေလို့ နေမှာပေါ့။ မကြာခင် အမြောက်သံတွေ ကြားရတော့မှာ။ အရပ်သားတွေအားလုံး သူတို့ ရွှေ့ပေးမယ်ထင်တယ်"

"တို့တွေကို ပြောက်ကျား တော်လှန်ရေးသမားတွေနဲ့ ဆက်မိမှာလည်း သူတို့ စိုးရိမ်ဟန်တူတယ်"

"ကျုပ်အထင်တော့ ခုလို ကျုပ်တို့အားလုံးကို မောင်းထုတ်တာဟာ လုပ်ပွဲကြီးလို့ထင်တယ်။ မရယ်ကြပါနဲ့လေ။ တို့ကို မောင်းထုတ်မှ တို့ဝှက်ထားခဲ့တဲ့ ပစ္စည်းတွေကို သူတို့ တူးယူနိုင်မှာပေါ့။ ဒါကြောင့် ပစ္စည်းပိုင်ရှင်တွေကို အပျော်ခရီး ထွက်ခိုင်းတာ"

အပျော်ခရီး ဆိုပါလား။

သည်လို တောရမ်းပယ်ဖွဲ့ လျှောက်ပြောနေတာတွေကို ဘယ်သူမျှ မယုံကြပါ။ သို့သော် တဒင်္ဂ စိတ်သက်သာရာ ရနေကြသည်။ သည်စခန်းတွင် ရက်အနည်းငယ်မျှ ကျွန်တော်တို့ ရွှင်ရွှင်ပျပျ နေနိုင်ခဲ့ကြသည်။ လူတွေ အချင်းချင်းလည်း နားလည်မှုအပြည့်ဖြင့် ချစ်ချစ်ခင်ခင် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် ဆင်းရဲချမ်းသာ မျိုးရိုးဂုဏ်သိန် ခြားနားခြင်း မရှိတော့ပေ။ အားလုံး စီရင်ချက်တစ်မျိုးတည်း ချထားခံရသည့် ကံကြမ္မာ၏ သားကောင်များ မဟုတ်လား။ သို့သော် မည်သည့်စီရင်ချက်မျိုး ဖြစ်သည်ကိုကား မည်သူမျှ မသိကြသေးပေ။

❖

စနေနေ့။

သည်နေ့မှာ သာမန်အားဖြင့် အနားယူရမည့်နေ့ ဖြစ်သည်။ သို့သော် ခရီးစထွက်ကြရမည်ဟု အမိန့်ထွက်လာသည်။

မနေ့ညက ကျွန်တော်တို့ မိသားစု၏ သောကြာနေ့ ညစာဝိုင်း ဖြစ်သည်။ ထုံးစံအတိုင်း ဝိုင်းထိုင်ကြပြီး ပေါင်မုန့်နှင့်ဝိုင် မသောက်ခင် ဆုတောင်းကြသည်။ ပြီးမှ တိတ်ဆိတ်စွာ စားကြသောက်ကြသည်။ မိသားစု မျက်နှာစုံညီထိုင်ကြသည့် နောက်ဆုံးညစာ ဖြစ်ကြောင်း တစ်မိသားစုလုံး သိနေ၏။ ဟိုတွေး သည်တွေးနှင့် ကျွန်တော် တစ်ညလုံး အိပ်လို့ မပျော်ခဲ့ပါ။

အရုဏ်တက်ချိန်တွင် အားလုံး လမ်းပေါ် ရောက်နေကြပြီ။ အားလုံး အသင့်ဖြစ်နေကြပြီ။ ခုတော့ ဟန်ဂေရီရဲများ မပါတော့။ ဂျူးလူကြီးများက ကိုယ့်အဖွဲ့ကိုယ် ထိန်းကြရမည်တဲ့။

လူတန်းကြီးသည် ဝတ်ကျောင်းဆီသို့ ချီတက်ကြရပြန်သည်။ တစ်မြို့လုံး ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်နေ၏။ လူတွေက ကျွန်တော်တို့ကို တရုတ်ကတ်များ အသာလှစ်ပြီး ကြည့်နေကြလိမ့်မည်။ မနေ့က ကျွန်တော်တို့ မိတ်ဆွေများသည် ယနေ့ ကျွန်တော်တို့ပစ္စည်းများကို ခိုးယူမည့်သူများ ဖြစ်နေလေပြီလား။

ဝတ်ကျောင်းတော်ကြီးသည် ချက်ချင်း ဘူတာရုံနှင့် တူသွားလေတော့သည်။ ကျောပေါ်တွင် အထုပ်ကိုယ်စီနှင့် လူတွေ မျက်နှာတွင် မျက်ရည်ကိုယ်စီဖြင့်။ နံရံမှ ပန်းစက္ကူများကို ဆွဲဆုတ်ချထားသည်။ နံရံအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဗလာကျင်းနေသည်။ အဆောင်နှင့်လူအုပ် မမျှသဖြင့် အားလုံးပြွတ်သိပ်ပြီး အသက်ရှုကျပ်နေကြသည်။ သည်နေရာတွင် ကျွန်တော်တို့ နှစ်ဆယ့်လေးနာရီ နေခဲ့ကြရသည်။ ပြန်မတွေးချင်လောက်အောင် စိတ်ပျက်စရာကောင်းသည့် နှစ်ဆယ့်လေးနာရီ ဖြစ်၏။

ယောကျ်ားတွေက အောက်ထပ်၊ မိန်းမတွေက အပေါ်တွင် နေကြရသည်။ ထိုနေ့က စနေနေ့ဖြစ်သလို ဥပုသ်နေ့လည်း ဖြစ်၏။ ကျွန်တော်တို့ အားလုံး ဥပုသ်ယူဖို့ ရောက်နေကြသည့်အလား ထိုညက အပြင်ထွက်ခွင့် မရကြ။ အားလုံး ငြိမ်ကုပ်နေကြရသည်။

နောက်နေ့မနက်တွင် ဘူတာရုံသို့ လမ်းလျှောက်သွားကြရသည်။ တိရစ္ဆာန်တွေတင်သည့် ရထားကြီး အသင့်စောင့်နေ၏။ ဟန်ဂေရီရဲများက ကျွန်တော်တို့ကို ရထားတွဲတွေပေါ် မောင်းတင်သည်။ တစ်တွဲကို လူရှစ်ဆယ်ဝင်အောင် တင်သည်။ ပေါင်မုန့်နှင့်ရေ နှစ်ပုံး၊ သုံးပုံး ပေးသည်။ ပြီးတော့ ပြတင်းပေါက်သံတိုင်တွေ ခိုင်မခိုင် လိုက်စစ်သည်။ ပြီးတော့ ရထားတွေကို ချိပ်ပိတ်လိုက်သည်။ ကိုယ့်လူတွေကို ကိုယ်တာဝန်ယူဖို့ တစ်တွဲတစ်ယောက် ကြီးကြပ်ရသည်။ တစ်ယောက်ယောက် လွတ်သွားလျှင် ကြီးကြပ်ရေးမှူးကို ပစ်သတ်မည်တဲ့။

ဂက်စတာပို နှစ်ယောက်က ပလက်ဖောင်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း တွဲတွေကို စစ်ဆေးနေသည်။ သူတို့နှစ်ယောက်စလုံး ပြုံးနေကြသည်။ အားလုံး ချောချောမွေ့မွေ့ ဖြစ်နေသည် မဟုတ်လား။ သူတို့ စေ့စပ်ကြပါပေသည်။ နောက်ဆုံးတွဲမှ ခရာမှုတ်သံ ကြားရသည်။ စူးစူးရှရှနှင့် အကြာကြီး ဆွဲမှုတ်နေသည်။ နောက်ထပ် ကြားရသည်က သံလမ်းနှင့် ဘီး ပွတ်တိုက်သံများ။ ခုမှ ကျွန်တော်တို့၏ခရီး စတင်ခြင်း ဖြစ်လေသည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## (၂)

လှဲအိပ်ဖို့ဆိုသည်မှာ လုံးဝ မဖြစ်နိုင်သည့်ကိစ္စ ဖြစ်ပါသည်။ ထိုင်လို့လည်း မရပါ။ အလှည့်နှင့်ထိုင်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြသည်။ တွဲထဲသို့ လေနည်းနည်းပဲဝင်သည်။ ပြတင်းပေါက်နားတွင် နေရာရသူများကတော့ ကံကောင်းကြသည်။ တရိပ်ရိပ် ကျန်ခဲ့သည့် စိုက်ပျိုးခင်းများကို လှမ်းကြည့်နိုင်သည်။

ခရီးထွက်လာပြီး နှစ်ရက်အကြာတွင် အပူဒဏ်နှင့် ရေငတ်သည့်ဝေဒနာက ဆိုးဆိုးရွားရွား နှိပ်စက်စ ပြုလာသည်။

တွဲထဲတွင် ချစ်သူစုံတွဲများ ပါလာကြလေသည်။ သူတို့တွေကတော့ ဒုက္ခကို မေ့နေကြသည်။ အမှောင်ထဲတွင် ကယုကယင် ကြင်ကြင်နာနာနှင့် ရင်ခုန်သံချင်း ပြိုင်နေကြသည်။ နံဘေးမှ ရင်လေးနေသူများက မမြင်ဟန် ပြုနေကြရသည်။

ရိက္ခာတော့ မပြတ်သေး။ သို့သော် ကျွန်တော်တို့အားလုံး ရာရှင်စနစ် လုပ်ထားသဖြင့် အာသာပြေရုံသာ စားကြရသည်။ အစစအရာရာ ချွေတာဖို့ ကျွန်တော်တို့ မူချထားသည်။ 'မနက်ဖြန်အတွက် စဉ်းစားပါ' ဟူသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားကြသည်။ မနက်ဖြန် အခြေအနေသည် ဆိုးသည်ထက် ဆိုးလာနိုင်သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ချက်ကိုစလိုဗက်နယ်စပ်မှ ကာချာအူမြို့ကလေးတွင် ရထားရပ်သည်။ သည်တော့မှ ကျွန်တော်တို့ကို ဟန်ဂေရီနိုင်ငံထဲတွင် အလုပ်လုပ်ခိုင်းမည် ဆိုသည်မှာ အမှန်မဟုတ်ကြောင်း သိကြရတော့သည်။ အားလုံး မျက်လုံးပြူး သွားသည်။ သို့သော် ဘာမျှ မတတ်နိုင်ပြီ။

ရထားတံခါး ပွင့်သွားသည်။ ဂျာမန် စစ်ဗိုလ်တစ်ယောက် တက်လာသည်။ ဟန်ဂေရီ စစ်ဗိုလ်ကလေး တစ်ယောက်လည်း ပါလာ၏။ သူက ဂျာမန်စစ်ဗိုလ်အတွက် စကားပြန် လုပ်ပေးသည်။

"ခုအချိန်ကစပြီး မင်းတို့အားလုံး ဂျာမန်တပ်ရဲ့ အုပ်ချုပ်မှုအောက်ကို ရောက်သွားပြီ။ ရွှေငွေလက်ဝတ်ရတနာရှိတဲ့ လူတွေ လက်ပတ်နာရီပါမကျန် အပ်နှံရမယ်။ ရှာတဲ့အခါမှ တွေ့လို့ရှိရင် ချက်ချင်း ပစ်သတ်ခံရမယ်။ နောက် တစ်ခုက တစ်ယောက်ယောက် နေထိုင်မကောင်းဖြစ်ရင် ဆေးရုံတွဲကို သတင်း ပို့ရမယ်။ ဒါပဲ"

ဟန်ဂေရီ စစ်ဗိုလ်ကလေးက တောင်းတစ်လုံးနှင့် လက်ဝတ်ရတနာ တွေကို လိုက်စုသည်။ အရဲစွန့်ပြီး ယူလာကြသူများ နောက်ထပ် မစွန့်စားရဲ ကြတော့ပေ။

ဂျာမန် စစ်ဗိုလ်က အမိန့်ဆက်ပေးသည်။

"ဒီတွဲထဲမှာ လူရှစ်ဆယ်ပါတယ်။ တစ်ယောက်လျော့တာနဲ့ တစ်တွဲလုံး ပစ်သတ်မယ်။ ခွေးသေ ဝက်သေ မသေချင်ရင် ငါ့အမိန့်အတိုင်း လိုက်နာကြ ဒါပဲ"

သူတို့နှစ်ယောက် ဆင်းသွားသည်နှင့် တံခါးကို အပြင်မှ ပြန်ပိတ် လိုက်သည်။

အားလုံး ထောင်ချောက်ထဲ ပိတ်မိခံကြရ ပါပြီကော။ တံခါးကို အပြင်မှ သံနှင့် အသေရိုက်ပိတ်လိုက်သံ ကြားလိုက်ရ၏။ ကျွန်တော်တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လမ်း မရှိတော့ပြီ။ ကမ္ဘာကြီးနှင့် ကျွန်တော်တို့ အားလုံး အဆက်ပြတ်သွားလေပြီ။

❖

ကျွန်တော်တို့တွဲထဲတွင် မစ္စစ်ရှဟက်တာဆိုသော အမျိုးသမီးကြီးတစ်ယောက် ပါလာသည်။ အသက်ငါးဆယ်ခန့်။ ဆယ်နှစ်သားကလေးကို ပိုက်ပြီး ထောင့်တစ်ထောင့်တွင် ကပ်နေသည်။ ယောကျ်ားနှင့် သားအကြီးနှစ်ယောက်က မှားပြီး ပထမအသုတ်နှင့် ပါသွားသည်။ ယခုမူ စိတ်သိပ်မမှန်ချင်တော့။ တိမ်းတိမ်းပွေပွေ ဖြစ်နေရှာပြီ။

ရှုးရှသည့် မျက်လုံးများနှင့် စကားနည်းသည့် အမျိုးသမီးကြီးကို ကျွန်တော် ကောင်းကောင်းသိသည်။ ကျွန်တော်တို့အိမ်သို့ သူတို့မိသားစု မကြာမကြာ ရောက်လာတတ်သည်။ သူ့ယောကျ်ားက ဘာသာရေး အလွန်ကိုင်းရှိုင်းသည်။ ကျမ်းစာအုပ်နှင့်မျက်နှာ ခွာသူမဟုတ်။ တစ်ချိန်လုံး ဘုရားရှိခိုးနေတတ်သူ။ မိသားစုကို မိန်းမက ရှာကျွေးရသည်။

မစ္စစ်ရှဟက်တာ၏ စိတ်အနေမှာ အခြေအနေ သိပ်မကောင်းတော့ပေ။ ခရီးစထွက်ကတည်းက ငိုလိုက်ညည်းလိုက်နှင့် ပါလာခဲ့ခြင်း ဖြစ်သည်။ ဘာကြောင့် သူတို့၏မိသားစု တကွဲတပြားစီ ဖြစ်သွားရတာလဲဟု တစ်မေးတည်း မေးလိုက်လာသည်။ နောက်ပိုင်းတွင် တရှုပ်ရှုပ်ငိုသည်။ ငိုနေရင်းထအော်ချင် အော်သည်။

တတိယညတွင် ကျွန်တော်တို့ အိပ်ပျော်နေကြသည်။ အချို့က ထိုင်လျက်ငိုက်လိုက်လာကြသည်။ အချို့က မတ်တတ်။ ထိုစဉ် စူးစူးဝါးဝါးအော်သံကြားလိုက်သည်။

"မီး မီး၊ ဟိုမှာ တွေ့လား၊ မီးလောင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် အော်သံကြောင့် အားလုံး လန့်နိုးလာကြသည်။ အားလုံး အလန့်တကြား ဖြစ်သွားကြသည်။ ဘယ်သူ့အော်သံပါလိမ့်။ မစ္စစ်ရှဟက်တာ ဖြစ်ပါသည်။ တွဲအလယ်ကောင်တွင် မတ်တတ်ရပ်ပြီး အော်နေသည်ကို ပြတင်းပေါက်မှ ဝင်လာနေသည့် အလင်းရောင်မှိန်မှိန်တွင် အားလုံး မြင်နေကြရသည်။ သူ့ကို ကြည့်ရသည်မှာ ဂျုံခင်းအလယ်မှ သစ်ခြောက်ပင်ကြီးနှင့် တူနေသည်။

ပြတင်းပေါက်ကို လက်ညှိုးထိုးပြီး ငယ်သံပါအောင် ဆက်အော်နေသည်။

"ဟိုမှာလေ ဟိုမှာ မီးတွေ၊ ကြောက်စရာကြီး။ ကယ်ပါ၊ ကျွန်မကို ကယ်ကြပါ"

တချို့က ပြတင်းပေါက် သံတိုင်များဆီ တိုးဝှေ့ပြီး ကြည့်ကြသည်။ အပြင်တွင် ဘာမီးမှ မရှိပါ။ ပကတိ မည်းမှောင်နေသည့် ညကိုသာ မတွေ့ကြရသည်။

ကျွန်တော်တို့ အားလုံး ပြန်မအိပ်ပျော်ကြတော့။ လူတိုင်း အထိတ်တလန့် ဖြစ်နေဆဲ။ ကြောက်စိတ်ဖြင့် ဆတ်ဆတ်တုန်နေကြသည်။ အောက်တည့်တည့် ရထားဘီးသံများနှင့်အပြိုင် ရင်တုန်နေကြ၏။ ချောက်ကမ်းပါးကြီးထဲသို့ ရထားကြီး ထိုးဆင်းနေသလို ခံစားနေကြရ၏။ တစ်ဦးကိုတစ်ဦး အားပေးရင်း စိတ်ကို တင်းထားကြရ၏။

"သွင်သွင်ရူးသွားပြီ ထင်ပါရဲ့၊ တကယ်သနားစရာကောင်းတဲ့ အမျိုးသမီးကြီးပဲ"

တစ်ယောက်က သူ့နဖူးပေါ်ကို အဝတ်ရေစိုဖြင့် ကပ်ပေးသည်။

သို့သော် သူက ဆက်အော်နေဆဲ။

"မီး မီး၊ မီးလောင်နေတာ ကျွန်မ မြင်တယ်"

ကလေးကလည်း ငိုပြီး မအေ့စကတ်ကို ဆွဲထားသည်။ ပြီးတော့ သူ့အမေလက်ကို လှမ်းဆွဲဖို့ ကြိုးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မီးမလောင်ပါဘူး၊ ဘာမှမဖြစ်ပါဘူး၊ ထိုင်ပါ မေမေရယ်"

မအေကိုမြင်ရတာထက် ကလေးကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ အမျိုးသမီးတွေက ဝိုင်းပြီး သားအမိကို ချော့မော့ နှစ်သိမ့်ကြသည်။

"မကြာခင် မင်းယောက်ျားနဲ့ သားတွေကို ပြန်တွေ့မှာပါကွယ်၊ နော်... စိတ်တင်းထား"

သို့သော် ပြောလို့ မရ။ ဆက်ငိုပြီး အော်ပြောနေပြန်သည်။

"ဂျူးတွေအားလုံး နားထောင်စမ်း၊ မီးလောင်နေတာကို ငါမြင်တယ်၊ ဧရာမ မီးလျှံကြီးတွေ"

သူကြည့်ရသည်မှာ မကောင်းဆိုးဝါး အစီးခံထားသူနှင့် တူနေ၏။

ကျွန်တော်တို့အားလုံး ဝိုင်းပြီး အမျိုးသမီးကို ချော့ကြမော့ကြသည်။ သူ့ကို နှစ်သိမ့်ရင်း ကိုယ့်ကိုယ်ကိုယ်ပါ စိတ်ငြိမ်အောင် ကြိုးစားရ၏။

"ဘာမှမဟုတ်ဘူး၊ ရေဆာလွန်းလို့ သူ စိတ်ဖောက်သွားတာ၊ အင်း... သနားပါတယ်၊ ဒါကြောင့် မီးလျှံကြီးတွေ သူ မြင်လာတာဖြစ်မယ်"

အမျိုးသမီးကြီးကို ဘယ်လိုမှ ထိန်းလို့ မရတော့ပါ။ ကျွန်တော်တို့တစ်တွေ တစ်ကိုယ်လုံးကိုက်ခဲနေပြီ။ ကျွန်တော်တို့ကိုယ်တိုင် ဆောက်တည်ရာမရ ဖြစ်လာသည်။ မစ္စစ်ရှာဟက်တာ၏ ရူးသွပ်မှုသည် ကျွန်တော်တို့အားကူးစက်လာပြီလား မသိ။

ကျွန်တော်တို့ လက်လျှော့လိုက်ကြသည်။ လူငယ်များက သူ့ကို ဖမ်းချုပ်ပြီး ပါးစပ်ထဲကို အဝတ်တွေ ဆို့ထားလိုက်ကြရသည်။ ပြီးတော့ အတင်းငြိမ်ခိုင်းရသည်။

တွဲထဲတွင် ငြိမ်သွားပြန်သည်။ ကလေးက သူ့အမေနောက်တွင် ကပ်ထိုင်ပြီး ငိုနေသည်။ ကျွန်တော် အသက်မှန်မှန် ပြန်ရှူနိုင်လာပြီ။ ရထားသံလမ်းအဆက်တွေပေါ် ဘီးဖြတ်သည့်အခါ တဒုန်းဒုန်း မြည်သည့်အသံကို နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်၏။ ရထားကြီးသည် ညမှောင်မှောင်ထဲကို အပြေးအလွှား တိုးဝင်နေသည်။

အနားရအောင် တစ်ရေးအိပ်ပျော်ဖို့ ကြိုးစားကြည့်ဦးမည်။ အိပ်မက်မက်ဖို့ ကြိုးစားရဦးမည်။

ဤသို့ဖြင့် တစ်နာရီ နှစ်နာရီ ကြာသွားသည်။ အမျိုးသမီးက ချည်ထားသည့် ကြိုးတွေကို အတင်းဖြေပြီး ရုန်းထွက်ကာ ထအော်ပြန်သည်။ သည်တစ်ခါ အော်သံက ပိုကျယ်သည်။

"ဟိုမှာ၊ မီးတွေ၊ မီးတောက်ကြီးတွေ နေရာတကာမှာပဲ"

လူငယ်များကထပြီး ကြိုးတုပ်ကြပြန်သည်။ ပါးစပ်ထဲ အဝတ်တွေ ဆို့ကြပြန်သည်။ သည်တစ်ခါ သူတို့ လက်ပါကြသည်။ ကျန်လူတွေက အော်ဟာစ်ပြီး ထောက်ခံကြသည်။

"ဟုတ်ပြီကွ၊ ဒီအရူးမကို ငြိမ်အောင်လုပ်ကြ။ ဒီတွဲထဲမှာ သူ တစ်ယောက်တည်း မဟုတ်ဘူး"

ထိုအခါ လူငယ်များက အားတက်လာပြီး အမျိုးသမီးကို ဝိုင်းပြီး ထိုးကြ ရိုက်ကြပြန်သည်။ သေကောင်ပေါင်းလဲ ထုကြနှက်ကြပြန်သည်။ ကလေးက သူ့အမေကို တွယ်ဖက်ထား၏။ စကားတစ်ခွန်းမျှ မပြော၊ ငိုလည်း မငိုတော့။

ညသည် အဆုံးမရှိတော့သလို ရှည်လျားလှ၏။ အရုဏ်တက်ချိန်တွင် အလင်းရောင် ပျို့လာသည်။ မစ္စစ်ရှုပာက်တာ ငြိမ်နေပြီ။ သူ့နေရာဖြစ်သည့် တွဲထောင့်ကို ထိုးကပ်ပြီး ပုနေသည်။ ဘာခံစားမှုမျှ မရှိတော့သလို အဝေးသို့ ငေးနေ၏။ တစ်နေရာတည်းကို စိုက်ကြည့်နေ၏။ ကျွန်တော်တို့ကို သူ မမြင်တော့။

ထို့နေ့တစ်နေ့လုံး သူငြိမ်နေသည်။ လူအများထဲတွင် သူတစ်ယောက်တည်းရှိနေသလို ဘေးဘီကို လုံးဝ ဂရုမစိုက်။ ညပိုင်းရောက်မှ ထအော်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

"ဟိုမှာ ဟိုမှာ မီးတောက်ကြီးတွေ..."

အဝေးတစ်နေရာကို လက်ညှိုးထိုးပြီး အော်နေခြင်းဖြစ်၏။ သူ့ကို ဘယ်သူမှ ဆက်ပြီး မရိုက်ချင်ကြတော့ပေ။ တွဲထဲတွင် လူငွေ့ဖြင့် ချွေး တလုံးလုံး ဖြစ်နေကြပြီ။ ရှူစရာလေ နည်းသည်ထက် နည်းလာသည်။ ရေငတ်သည်ထက် ငတ်လာသည်။ အနံ့ဆိုးသည်ထက် ဆိုးလာသည်။ အဆိုးဆုံးမှာ နှလုံးသွေးပျက်ချင်စရာ ကောင်းလှသည့် အမျိုးသမီး၏ အော်သံ။ သည်အတိုင်း ဆက်သွားလျှင် ကျွန်တော်တို့အားလုံး သူနှင့် သံပြိုင် လိုက်အော် ဖြစ်ကြတော့မည် ထင်သည်။

တော်ပါသေးသည်။ ဘူတာရုံတစ်ရုံတွင် ရထား ထိုးရပ်လိုက်သည်။ ပြတင်းပေါက်နားမှ လူဟာစ်ယောက်က ဆိုင်းဘုတ်ကို လှမ်းဖတ်သည်။

'အော့ချ်ဝစ်ဇ်'

ဘယ်သူမျှ မကြားဖူး၊ ဘယ်သူမျှ မသိ။ ဘယ်မြို့ဘယ်ရွာကို ရောက် လာတာလဲ။

❖

ရထား ဆက်မထွက်တော့ပေ။ တဖြည်းဖြည်းနှင့် ညနေစောင်းသွား သည်။ အတန်ကြာမှ တံခါးပွင့်သွား၏။ လူနှစ်ယောက်ဆင်းပြီး ရေခပ်ခွင့် ပေးသည်။

သည်နှစ်ယောက်က အသက်နှင့်လဲပြီး ဖုက်ထားသည့် ရွှေနာရီကို လက်ဆောင်ပေး၍ ရရှိခဲ့သော သတင်းကို တွဲထဲတွင် ပြန်ဖောက်သည်ချသည်။

သည်ဘူတာတွင် ကျွန်တော်တို့ ခရီးဆုံးပြီတဲ့။

သည်နေရာတွင် ရထားပေါ်မှ ဆင်းကြရမည်။ အလုပ်စခန်းကို သွားကြ ရမည်။ အခြေအနေ ကောင်းသည်။ ကိုယ့်မိသားစုနှင့်ကိုယ် အတူနေကြရမည်။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေက စက်ရုံများတွင် အလုပ်လုပ်ကြရမည်။ လူကြီးလူအိုတွေ၊ ကျန်းမာရေး မကောင်းသူတွေက စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကြရမည် စသည့် စိတ်သက်သာဖွယ်ရာ သတင်းများ။

အားလုံး ယုံကြည်မှုအပြည့်ဖြင့် အားတက်လာကြပြန်သည်။ မနေ့ညက အနိဋ္ဌာရုံများ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက်သွားကြ၏။ ဘုရားသခင်၏ နာမတော်ကို တိုင်တည်၍ ကျွန်တော်တို့ မေတ္တာပို့ကြသည်။

မစ္စစ်ရှုပာက်တာကတော့ ထောင့်ကပ်ပြီး ငွေးနေဆဲပင်။ စကားလုံးဝမပြောတော့။ သူများတွေ ပျော်နေသည်ကိုလည်း သူ မသိ။ သမီးကလေးက မအေ့လက်ကို ပွတ်ပေးနေ၏။

မှောင်စပြုပြီ။ ရိက္ခာ အကြွင်းအကျန်ကလေးများ ထုတ်ပြီး မဝရေစာ ကျွေးကြ၏။ ပြီးတော့ တိုးတိုးဖွေ့ဖွေ့ဖြင့် တစ်ရေးတစ်မော မှေးဖို့ ကြိုးစားကြသည်။

ထိုစဉ် မစ္စမ်ရှုပာက်တာ၏အော်သံ ထွက်လာပြန်သည်။

"ဟဲ့ ဂျူးတွေ၊ ဟိုမှာကြည့် ဟိုမှာကြည့် မီးတွေ၊ မီးတွေ"

ဟုတ်လိုဟုတ်ငြား ပြတင်းပေါက်နား တိုးဖွေ့သွားပြီး အပြင်သို့ ပြူးပြူးပျာပျာ ကြည့်ကြပြန်သည်။ သို့သော် ဘာမျှ မတွေ့ရ။ အပြင်တွင် ပကတိအမှောင်ထု။ ရှက်ရှက်နှင့် ကိုယ့်နေရာကိုယ် အတင်းပြန်လာပြီး အသာကုပ်နေကြပြန်၏။ အကြောက်တရားက ကျွန်တော်တို့ကို ဝါးမျိုဖို့ ကြိုးစားနေသည်။ ဆက်အော်နေသည့် အမျိုးသမီးကို ဝိုင်းဝန်းချုပ်နှောင်၍ ငြိမ်အောင် လုပ်ကြရပြန်၏။ သူတိတ်သွားအောင် မနည်းလုပ်ယူရသည်။

ကျွန်တော်တို့တွဲမှ ကြီးကြပ်သူတစ်ယောက်က ပလက်ဖောင်းပေါ်တွင် လျှောက်သွားနေသည့် ဂျာမန်စစ်ပိုလ်တစ်ယောက်ဆီ သွားပြီး နေမကောင်းသည့် အမျိုးသမီးအား ဆေးရုံတွဲသို့ ပို့ပေးပါရန် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်က လေသံမာမာဖြင့် ပြန်ပြောသည်။

''အသာနေစမ်း၊ မကြာခင် ပို့ပေးမယ်''

ဆယ့်တစ်နာရီလောက်တွင် ရထားဘီး စလိမ့်သည်။ ကျွန်တော်တို့ ပြတင်းပေါက်ဆီကို တိုးဝှေ့သွားကြပြန်သည်။ အပြင်ကို အလုအယက် ကြည့်ကြသည်။ ရထားက ဖြည်းဖြည်းကလေး သွားနေ၏။ ဆယ့်ငါးမိနစ်ခန့် ကြာတော့ ပိုနှေးသွားသည်။ သံဆူးကြိုးတွေ ကာထားသည့် စခန်းတစ်ခုကို လှမ်းမြင်ရသည်။ အားလုံး သဘောပေါက်လိုက်ပြီ။ ကျွန်တော်တို့၏ ခရီးဆုံးကို ရောက်ပြီ။

အားလုံး မစ္စစ်ရှဟက်တာကို မေ့သွားကြပြီ။ ဤတွင် ရုတ်တရက် သူ့အော်သံ ပေါ်လာပြန်သည်။

''ဟိုမှာ ဟိုမှာ မတွေ့ဘူးလား။ မီးတွေ မီးတွေ''

ရထားရပ်ပြီ။ ခုမှ ကျွန်တော်တို့ မြင်ကြရသည်။ ဟုတ်ပါသည်။ အရှူးမပြောသည့် မီးလျှံများ။ ခေါင်းတိုင်အမြင့်ကြီး တစ်ခုမှ မှောင်နှင့်မည်းမည်း ကောင်းကင်ထဲသို့ လွင့်တက်သည့် မီးလျှံများ။

မစ္စစ်ရှဟက်တာ ငြိမ်ကျသွားပြန်သည်။ သူ့နေရာတွင် ကုပ်ကုပ်ကလေး။

မီးလျှံများကို ခေါင်းပေါ်ရွက်ထားသည့် အမှောင်ထုအတွင်းမှ ခေါင်းတိုင်ကြီးကို ကျွန်တော်တို့ ငေးကြည့်နေကြသည်။ လေထဲတွင် လွင့်ပျံ့နေသည့် အနံ့ဆိုးဆိုးကြီး တွံထဲ လိမ့်ဝင်လာသည်။ တော်ပါသေးသည်။ လူတွေ အော့အန်မကုန်မီ ရထားတံခါး ပွင့်သွားသည်။

ထူးဆန်းသည့် သတ္တဝါတွေနှင့်တူသည့် လူတွေ တွဲထဲ ခုန်တက်လာကြသည်။ အင်္ကျီက အစင်းတွေနှင့် ကြောင်ကြောင်ကျားကျား။ ဘောင်းဘီတွေက အနက်ရောင်။ လက်ထဲတွင် လက်နှိပ်ဓာတ်မီးကိုယ်စီ၊ တုတ်ကိုယ်စီ ကိုင်လျက်။ ဘာမပြော ညာမပြောနှင့် ကျွန်တော်တို့ကို တအား လွှဲရိုက်ကြတော့သည်။ ဘယ်ပြန်ညာပြန် ရိုက်သည်။ ပါးစပ်ကလည်း အသံကုန် အော်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးဆင်း မြန်မြန်လုပ်၊ ဘာပစ္စည်းမှ မယူရဘူး ဒီအတိုင်းထားခဲ့"

ကျွန်တော်တို့အားလုံး တွဲပေါ်မှ ခုန်ဆင်းလိုက်ကြသည်။ မစ္စစ်ရှုဟက်တာတို့ သားအမိကို ကျွန်တော် တစ်ချက် လှမ်းကြည့်လိုက်သည်။ ချာတိတ်က သူ့အမေ့လက်ကို တင်းတင်းဆုပ်ထားဆဲ။

ကျွန်တော်တို့ ရှေ့တည့်တည့်တွင်ကား မီးလျှံများ။ လေထဲတွင် အသားကို လောင်ကျွမ်းသည့် အော်ဂလီဆန်ချင်စရာ အနံ့ဆိုးကြီးက မင်းမူနေ၏။ အချိန်မှာ သန်းခေါင်ယံခန့် ဖြစ်လိမ့်မည် ထင်ရ၏။ နောက်ဆုံး ကျွန်တော်တို့ ရောက်လာသည့်နေရာမှာ အော့ချ်ဝစ်ဇ်မြို့ ဘာကင်နူးစခန်း ဖြစ်လေသည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# (၃)

ကျွန်တော်တို့ အမြှတ်တနိုးသယ်ကာ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ် ယူဆောင်လာခဲ့သည့် ပစ္စည်းတွေ ရထားတွဲပေါ်တွင် ထားခဲ့ကြရသည်။ ကျွန်တော်တို့ အကောင်းဘက်မှ တွေးမြင် မျှော်မှန်းခဲ့သမျှတို့လည်း ထို ပစ္စည်းများနှင့်အတူ ကျန်ခဲ့လေပြီ။

ဂျာမန်စစ်ဗိုလ်၊ စစ်သားတွေက ဝါးတစ်ရိုက်လောက်အကွာတွင် တစ်ယောက်စီ ရပ်စောင့်ပြီး ကျွန်တော်တို့ကို စက်သေနတ်များဖြင့် ချိန်ထား ကြသည်။ တစ်ယောက်လက် တစ်ယောက်တွဲပြီး လူအုပ်ကြီးနောက်ကို လိုက်သွားကြသည်။

ဂျာမန်တစ်ယောက်က တုတ်တဝင့်ဝင့်ဖြင့် ရှေ့ထွက်လာပြီး အမိန့် ပေးသည်။

''ယောကျ်ားသတ်သတ် မိန်းမသတ်သတ် လူခွဲမယ်။ ယောကျ်ားတွေ ဘယ်ဘက်ကပ်၊ မိန်းမတွေ ညာဘက်''

သူ့အသံတွင် ခံစားမှု လုံးဝမပါ။ သံပြတ်နှင့် မာမာကျောကျော ပြောခြင်း ဖြစ်၏။ အမေနှင့် ခွဲရမည့်အချိန်သို့ ရောက်လာခဲ့လေပြီ။ ဘာမျှစဉ်းစားချိန် ပြောချိန်မရတော့။ အဖေ့လက်ကို ကျွန်တော် တင်းတင်းဆုပ်လိုက်သည်။ ကျွန်တော်တို့သားအဖနှစ်ယောက်တည်း ကျန်ခဲ့လေပြီ။ ညာဘက်လူစုထဲသို့



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် ကျွန်တော့်အစ်မများ ဝင်သွားသည်ကို ဖျတ်ခနဲ လှမ်းမြင်လိုက်သည်။ အငယ်ဆုံးကလေးက အမေ့လက်ကို တင်းတင်းဆုပ်လျက်။ သူတို့ တဖြည်းဖြည်း ဝေးသွားပြီ။ မျက်စိတစ်ဆုံး ကျွန်တော် ငေးကြည့်နေမိ၏။ အမေက အငယ်လေး၏ ရွှေရောင်ဆံပင်တွေကို လက်နှင့်သပ်ရင်း လိုက်ပါသွားသည်။ ဒါထက်ပို၍ အမေ ဘာမျှအကာအကွယ် မပေးနိုင်ရှာ။

ကျွန်တော်တို့ သားအဖလည်း လူတန်းကြီးထဲတွင် ရောပါသွားသည်။ ကျွန်တော်တို့မိသားစုတွေ ပြန်တွေ့နိုင်ဦးမှာလား။ အပြီးအပိုင် ခွဲခွာရခြင်းလား ကျွန်တော် မသိ။ အဖေ့လက်ကိုကိုင်ပြီး ကျွန်တော် ဆက်လျှောက်သည်။

ကျွန်တော့်နောက်မှ အဘိုးကြီးတစ်ယောက် လဲကျသွားသည်။ အနားမှ စစ်ဗိုလ်က ပစ္စတိုကို ခါးမှ သေနတ်အိတ်ထဲ ပြန်ထိုးထည့်လိုက်သည်။

အဖေ့လက်ကို ကျွန်တော် တအားညှစ်ထားလိုက်သည်။ အခုအချိန်တွင် အဖေ့လက်ကို လွှတ်မသွားဖို့ကလွဲပြီး ကျွန်တော် ဘာမျှ မသိ။ ကျွန်တော် တစ်ယောက်တည်း မကျန်ခဲ့ဖို့ကလွဲပြီး ဘာမျှ မစဉ်းစားမိ။

ဂျာမန်စစ်ဗိုလ်က အမိန့်ပေးသည်။

"ငါးယောက်တစ်တွဲ တန်းစီပြီးလျှောက်"

လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ကိုယ့်အတွဲနှင့်ကိုယ် တန်းစီဖို့ မဖြစ်မနေ ကြိုးစားကြသည်။ ပြီးတော့ ဆက်လျှောက်ကြသည်။

"ချာတိတ် မင်းအသက် ဘယ်လောက်ရှိပြီလဲ"

ကျွန်တော့်ကို လှမ်းမေးသူမှာ အကျဉ်းသားတစ်ယောက် ဖြစ်၏။ သူ့ မျက်နှာကို ကျွန်တော် မမြင်ရ။ သို့သော် သူ့အသံက ပင်ပန်းနွမ်းနယ်အသံမျိုး ဖြစ်သော်လည်း နွေးထွေးသည်။

"ဆယ့်ငါးနှစ်"

"မဟုတ်ဘူး၊ ဆယ့်ရှစ်နှစ်လို့ပြော"

"ဘာလို့ ပြောရမှာလဲဗျ၊ ကျွန်တော် ဆယ့်ငါးနှစ်ပဲ ရှိသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"သေတော့မှာပဲ၊ ငါပြောတဲ့အတိုင်း မင်း ပြောရမယ်၊ မှတ်ထား"

ပြီးတော့ အဖေ့အသက်ကို သူမေးပြန်သည်။

"ကျုပ်က ငါးဆယ်"

ထိုလူက ဒေါသတကြီးလေသံဖြင့်–

"ငါးဆယ်လို့ မပြောနဲ့၊ လေးဆယ်လို့ပြော ကြားလား၊ ဆယ့်ရှစ်နဲ့ လေးဆယ်နော်"

ပြောပြီး အမှောင်ထဲတွင် ထိုလူ ပျောက်သွားသည်။ သူပျောက်သွားပြီး နောက်တစ်ယောက် ပေါ်လာပြန်သည်။ ရိုင်းရိုင်းစိုင်းစိုင်း မေးခွန်းတွေ တရစပ် မေးတော့၏။

"ခွေးသားတွေ၊ မင်းတို့ ဘာလို့ ဒီကိုလာကြတာလဲ။ ပြောကြစမ်း၊ ဘာလို့ လာတာလဲ"

တစ်ယောက်က ဒေါသဖြင့် ပြန်ပြောသည်။

"မင်း ဘာစကားပြောတာလဲ၊ တို့လာချင်လို့ ဒီကိုလာတယ် ထင်လား၊ တောင်းတောင်းပန်ပန်နဲ့ လိုက်လာတယ်ထင်လား"

ကျွန်တော်တို့အထဲမှ နောက်တစ်ယောက်က ထိုလူကို သတ်မည် တကဲကဲ လုပ်နေသည်။

"ဟော့ကောင် ငတုံး၊ မင်းပါးစပ် ပိတ်ထားစမ်း၊ တစ်စစီ ဖြစ်သွားမယ်။ ဘာမှတ်လဲ။ မင်းတို့ ဒီကိုလာမယ့်အစား ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချ သေခဲ့ရမှာ။ ဒီအော့ချ်ဝစ်ဇ်အကြောင်း မင်းတို့ မသိဘူးလား၊ မသိဘူး မဟုတ်လား၊ ၁၉၄၄ ခုနှစ်မှာလေ…"

ကျွန်တော်တို့ မသိပါ။ မသိကြောင်း၊ မကြားဖူးကြောင်း ပြန်ပြောတော့ ထိုလူက သူ့နားကို သူ မယုံသလိုပုံမျိုးဖြင့် ဆက်ပြောသည်။

"ဟိုမှာတွေ့လား၊ မီးခိုးခေါင်းတိုင်ကြီး။ မြင်တယ် မဟုတ်လား။ ခေါင်းတိုင်ထဲက ထွက်နေတဲ့ မီးလျှံတွေကိုကော မြင်ရဲ့လား။ (ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မြင်နေရပါသည်) အဲဒီကို သူတို့ ခေါ်သွားလိမ့်မယ်။ အဲဒါ မင်းတို့ရဲ့ သချိုင်းကုန်းပဲ။ ခုထိ မင်းတို့ နားမလည်ကြသေးဘူးလား။ ခွေးမသားတွေ ဘာမှ နားမလည်တဲ့ ငတုံးတွေ၊ မင်းတို့ကို မီးသဂြိုဟ်မှာ သိလား။ မင်းတို့ တစ်တွေ မီးသွေးခဲဖြစ်မှာ။ ပြီးတော့ ပြာဖြစ်မှာ''

သူ့ဒေါသက တဖြည်းဖြည်း ပိုကြမ်းလာသည်။ ကျွန်တော်တို့အားလုံး မတ်တတ်ရပ်လျက်သား ကြက်သေ သေနေကြသည်။ ဒါတွေဟာ တကယ် လား မစဉ်းစားရဲအောင် ဆိုးရွားသည့် မရဏ အိပ်မက်ခန်းလား။

တစ်ယောက်၏ ခပ်တိုးတိုးပြောသံ ကြားလိုက်ရသည်။

''တစ်ခုခု လုပ်မှဖြစ်မယ်။ ဒီအတိုင်း အသတ်ခံလို့ ဘယ်ဖြစ်မလဲ။ ကျုပ်တို့ဟာ သားသတ်ရုံထဲက နွားတွေ၊ ဝက်တွေ မဟုတ်ဘူး။ ကျုပ်တို့ ပုန်ကန်ရမယ်''

ကျွန်တော်တို့အုပ်စုထဲတွင် အရွယ်ကောင်း လူငယ်တွေပါသည်။ သူတို့တွင် ဝှက်ယူလာသည့် ဓားမြှောင်တွေ ပါသည်။ အစောင့်စစ်သားကို သတ်ဖို့ သူတို့တစ်တွေ ကျိတ်တိုင်ပင်နေကြသည်။

သူတို့အထဲမှ တစ်ယောက်က ပြောသည်။

''အော့ချ်ဗစ်ဇ် စခန်းရှိနေတယ်ဆိုတာ ကမ္ဘာကသိအောင် တို့ လုပ်ရမယ်။ ဒီစခန်းအကြောင်း လေ့လာရမယ်၊ ပြီးတော့ လွတ်အောင် ပြေးကြရမယ်''

သို့သော် လူကြီးများက သူတို့တူတွေသားတွေကို ချော့မော့ ပြောဆို ကြသည်။ ဓွတ်မမိုက်ဖို့ တားကြသည်။

''မျှော်လင့်ချက် ရှိပါသေးတယ်ကွာ။ အားမလျှော့ကြပါနဲ့။ ခေါင်းပေါ် တည့်တည့်မှာ ဓားတွဲလောင်းစိုက်ပြီး ကြိုးချည်ထားတဲ့ အခြေအနေမှာတောင် မျှော်လင့်စရာ ရှိသေးတာပဲ။ ရှေးပညာရှိတွေ အဲဒီလိုပဲ တို့ကို သင်ကြားခဲ့ တယ်လေ...''

ကျမ်းစာနှင့် ကိုင်ပေါက်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထကြွပုန်ကန်ချင်သည့် လူငယ်တွေ ငြိမ်သွားသည်။ ကျွန်တော်တို့ ဆက်လျှောက်ကြသည်။ လမ်းဆုံတစ်ခုသို့ ရောက်တော့ လမ်းလယ်ကောင်တွင် ရပ်စောင့်နေသည့် ဝတ်ရုံဖြူနှင့် လူတစ်ယောက်ကို လှမ်းမြင်ရသည်။ သူ့နံဘေးတွင် စစ်ဗိုလ်ကြီးတွေ ခြံရံလျက်။ သည်တုန်းက ဘယ်သူဘယ်ဝါမှန်း ကျွန်တော် မသိ။ သူကား ဝတ်ရုံဖြူနှင့် သေမင်းဟူ၍ နာမည်ကျော်သည့် ဒေါက်တာ 'မင်ဂလီ'ပင်တည်း။ သူ့မျက်နှာပေါက်က အခြားအခြားသော ဂျာမန် စစ်ဗိုလ်များအတိုင်း ရက်စက် ကြမ်းကြုတ်မည့်ပုံ။ သို့သော် အခြား စစ်ဗိုလ်၊ စစ်သားများနှင့် မတူသည်မှာ သူက စူးရှထက်မြက်ပုံ ရသည်။ မျက်မှန်ကို မျက်လုံး တစ်ဖက်တည်းတွင် တပ်ထား၏။ လက်ထဲတွင် ကြိမ်လုံး အတိုကလေးကို ကိုင်လျက် ဘယ်ဘက်ကို ညွှန်လိုက်၊ ညာဘက်ကို ထိုးလိုက်နှင့် လူတွေကို အုပ်စုခွဲနေခြင်း ဖြစ်၏။

မကြာခင် ကျွန်တော့်အလှည့် ရောက်လာသည်။

"မင်းအသက် ပြောပါဦး"

သူက အသံကို ချိုသာအောင် ကြိုးစားပြီး မေးသည်။

"ဆယ့်ရှစ်နှစ်"

ကျွန်တော် အသံတုန်နေသည်။

"ကျန်းမာရေး ကောင်းလား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

"မင်း ဘာလုပ်သလဲ"

ကျွန်တော် ကျောင်းသားဖြစ်ကြောင်း ပြောမည်ပြုပြီးမှ နှုတ်မှ ထွက်သွားသော အသံကို ပြန်ကြားလိုက်သည်။

"လယ်သမားပါ"

သည်အမေးအဖြေခန်းမှာ စက္ကန့်ပိုင်းသာ ကြာသော်လည်း ကျွန်တော့်စိတ်ထဲ တစ်ကမ္ဘာလောက် ကြာသည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



တုတ်ချောင်းကလေး ဘယ်ဘက်သို့ ညွှန်သည်။ ကျွန်တော့်ခြေလှမ်း တစ်ဝက်တစ်ပျက်လှမ်းပြီး အဖေ ဘယ်ဘက်ပါမှာပါလိမ့် သိလိုဇောဖြင့် ငဲ့ကြည့်လိုက်သည်။ သူ့ကို ညာဘက်ပို့လျှင် ကျွန်တော် ပြေးလိုက်သွားမိမည် ထင်သည်။ သို့သော် အဖေ့ကို စစ်မေးပြီး တုတ်ချောင်းကလေး ဘယ်ဘက် သို့ပင် ညွှန်သည်။ ကျွန်တော့်ရင်ထဲမှ အလုံးကြီး ကျသွားသည်။

ဘယ်က ကောင်းသလား၊ ညာက ကောင်းသလား၊ ကျွန်တော်တို့ ဘာမျှ မသိရသေး။ အကျဉ်းစခန်းကိုသွားသည့်လမ်းနှင့် မီးသင်္ဂြိုဟ်စက်သို့ သွားလမ်းကိုလည်း ခွဲခြား မသိကြ။ မည်သို့ဖြစ်စေ ဘယ်ဘက် အုပ်စုထဲသို့ အဖေ ပါလာသည့်အတွက် ကျွန်တော် ဝမ်းသာနေသည်။

ကျွန်တော်တို့အဖွဲ့ကို ဖြည်းဖြည်းချင်း မောင်းခေါ်သွားသည်။ နောက် အကျဉ်းသားတစ်ယောက်က လာပြန်သည်။

"ဘယ်လိုလဲ၊ မင်းတို့ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်"

တစ်ယောက်က ပြန်ဖြေလိုက်သည်။

"အင်း၊ သနားစရာ သတ္တဝါတွေပါလား။ မင်းတို့ ဘယ်ကို သွားနေ သလဲသိလား။ ဒီလမ်းက မီးသင်္ဂြိုဟ်တဲ့နေရာကို သွားတဲ့လမ်းကွ"

သူပြောတာဟုတ်ပါလိမ့်မယ်။ ဟိုး ခပ်လှမ်းလှမ်းတွင် မီးတောက်ကြီး များကို မြင်နေရပါသည်။ တွင်းကြီးတစ်တွင်းထဲမှ ထိုးတက်နေသည့် မီးလျှံများ။ ဘာတွေကို မီးရှို့နေတာပါလိမ့်။ ကားကြီးတစ်စီး ဆိုက်လာသည်။ ပါလာသည့် ပစ္စည်းတွေ ပစ်ချနေ၏။ အလို… ဘုရားသခင်၊ ကလေးတွေ ပါလား။ ကလေးပေါက်စလေးတွေ။ ကျွန်တော့်မျက်စိနှင့် မျက်ဝါးထင်ထင် မြင်နေရခြင်း ဖြစ်ပါ၏။ (သည်မြင်ကွင်းမြင်ပြီး ကျွန်တော် အိပ်လို့မရတော့ပါ။)

သည်နေရာကို ကျွန်တော်တို့ ဦးတည်သွားနေကြတာပါလား။ ဟိုဘက် နားတိုးတိုးတွင် လူကြီးများအတွက် တွင်းကြီးကြီးတစ်တွင်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်ကျွန်တော် ဆိတ်ဆွဲကြည့်လိုက်သည်။ ကျွန်တော် အသက်ရှင်နေသေးသည်လား၊ အိပ်ပျော်နေတာလား။ ဒါဖြစ်နိုင်ပါ့မလား။ ယောက်ျား မိန်းမ ကလေးတွေ အရှင်လတ်လတ် မီးရှို့ အသတ်ခံနေကြရသည်။ ကမ္ဘာကြီးက လက်ပိုက် ကြည့်နေကြသည်တဲ့လား။ မဟုတ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ ဒါ တကယ်မဟုတ်ဘူး။ ငါအိပ်ပျော်နေရင်း အိပ်မက်ဆိုးတွေ မက်နေတာ ဖြစ်ရမယ်။

မကြာခင် ကျွန်တော် နိုးလာမှာ။ နိုးလာရင် ရင်တွေ တုန်နေမယ် ထင်တယ်။ ပြီးတော့ ကျွန်တော့်အခန်းထဲ ကျွန်တော် ပြန်ရောက်မယ်။ ကျွန်တော့်ကလေးဘဝ ရှိရာလေ။ စာအုပ်တွေ အများကြီးနဲ့ အခန်းလေ။

မအိပ်ဘဲ မက်နေသည့် အိပ်မက်ဆိုးမှ အဖေ့အသံကြောင့် ကျွန်တော် လန့်နိုးလာသည်။

"သား၊ မင်းအမေနဲ့ လိုက်သွားဖို့ကောင်းတာကွာ။ မင်းအရွယ် ကလေးတွေ သူတို့အမေတွေနဲ့ပါသွားတာ အဖေ မြင်ပါတယ်။ မင်း သိပ်မိုက်တာပဲ"

စိတ်ခါတ် အကျကြီးကျကာ ယူကျုံးမရဖြစ်နေသံဖြင့် ပြောလိုက်ခြင်း ဖြစ်၏။ ကျွန်တော် နားလည်ပါသည်။ သူတို့ ဘာလုပ်ကြမည်ကို အဖေ သိနေပြီး သူ မကြည့်ရက်သဖြင့် ခုလိုမြည်တမ်းခြင်း ဖြစ်ပါ၏။ မီးတွင်းထဲ ပစ်ချခံရသည့် တစ်ဦးတည်းသော သားကလေးကို အဘယ် အဖေက ရှုမြင်ရက် ပါမည်လဲ။

ကျွန်တော့်နဖူးတွင် ချွေးသီးတွေ ဥလာပြီ။ သည်ခေတ်တွင် လူသား စင်စစ်တွေကို မီးရှို့သတ်တယ်ဆိုတာ ကျွန်တော် မယုံနိုင်ကြောင်း အဖေ့ကို ကပ်ပြောမိသည်။

"ဒါဟာ တကယ်ဆိုရင် ကမ္ဘာကြီးက ဘာလို့ လက်ပိုက်ကြည့်နေကြ တာလဲ အဖေ"

"ကမ္ဘာကြီး ဟုတ်လား၊ ကမ္ဘာကြီးက တို့ကို စိတ်မဝင်စားပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ ခုအချိန်မှာ မဖြစ်နိုင်တာဆိုတာ ဘာမှ မရှိဘူး။ မီးရှို့သတ်တယ်ဆိုတာလည်း…”

သူ အသံတိမ်ဝင်သွားသည်။

“ဒါဟာ အမှန်ဆိုရင်တော့ ကျွန်တော် စောင့်မနေချင်တော့ဘူး အဖေ၊ ဓာတ်အားလွှတ်ထားတဲ့ ဟောဟို သံဆူးကြိုးတွေဆီပဲ ပြေးသွားလိုက်ချင်ပြီ။ မီးလောင်ပြီး တမြည့်မြည့် သေရတာထက်စာရင် ဒါက ပိုမြန်မယ်ထင်တယ်။ ပိုခံသာမယ် ထင်တယ်”

သူ ဘာမျှ ပြန်မပြောတော့ပါ။ ငိုလို့သာ နေတော့သည်။ သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေသည်။ သည်တော့ ဘေးကလူတွေပါ လိုက်ငိုကြသည်။ တစ်ယောက်က သေလွန်သူများအတွက် ဆုတောင်းဂါထာကို စရွတ်သည်။ ဂျူးလူမျိုးတို့၏ ရှည်လျားလှသော သမိုင်းတွင် မသေမီ သည်ဆုတောင်းဂါထာကို ရွတ်ရသည်ဟု ကျွန်တော် တစ်ခါမျှ မကြားဖူးခဲ့ပါ။ ကိုယ့်အသုဘအတွက် ကိုယ်ရွတ်ရသည်ဟုလည်း သမိုင်းတွင် မရှိခဲ့ဖူးပါ။ အဖေလည်း လိုက်ဆိုနေလေပြီ။

‘ဘုရားသခင်၏ နာမတော်ကို အမွှမ်းပြု၍ ကိုယ်တော်အရှင်၏ အကုသိုလ် ကင်းရှင်း မြင့်မြတ်မှုအတွက်…’

အဖေ တိုးတိုးလေး ရွတ်နေသည်။

ပထမဆုံးအကြိမ်အဖြစ် ကျွန်တော့် ရင်ထဲတွင် ဒေါသတွေ လှိုင်းထလာသည်။ ဘာကြောင့် ဘုရားသခင်၏ နာမတော်ကို ကျွန်တော် အမွှမ်းတင်ရမည်လဲ။ စကြဝဠာကို စိုးမိုးတော်မူသော ကိုယ်တော်အရှင်သည် ဘယ်အတွက် တိတ်ဆိတ်ခြင်းလမ်းကို ရွေးချယ်ထားပါသလဲ။ ဘာအတွက်မျှ ကျေးဇူးတော် တင်စရာ မရှိပေ။

ကျွန်တော်တို့ ဆက်လျှောက်နေကြသည်။ မီးလျှံများ၏ အပူရှိန်ဟပ်ခြင်းကို စထိတွေ့ရလေပြီ။ မီးတွင်းကြီးနှင့် နီးသည်ထက် နီးလာပြီ။ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်လောက်ပဲ လိုတော့သည်။ ကိုယ့်ကိုယ်ကိုယ် အပြတ်ရှင်းမည်ဆိုလျှင် သည်အချိန်ဟာ အကောင်းဆုံးအချိန်ပဲ။ ဆယ့်ငါးလှမ်းအကွာသို့ ရောက်လာပြီ။ ကျွန်တော် သွားချင်းရိုက်နေသံကို အဖေ မကြားစေရန် နှုတ်ခမ်းကို တအား ကိုက်ထားလိုက်၏။ ဆယ်လှမ်းအကွာသို့ ရောက်လာပြီ။ နောက် ရှစ်လှမ်း ခုနစ်လှမ်း။ ကျွန်တော်တို့ ခြေလှမ်းများက နှေးကွေးလှသည်။ အသုဘ ခေါင်းတလားကို ထမ်းသွားနေသည့် ခြေလှမ်းများ။ မထူးလှပါ။ ကျွန်တော်တို့ လည်း ကိုယ့်အသုဘ ကိုယ်ပို့နေကြသူများ မဟုတ်လား။

လေးလှမ်း။

သုံးလှမ်း။

မီးလျှံတွေ တဟုန်းဟုန်းနှင့် တွင်းကြီးနားသို့ ကျွန်တော်တို့ ရောက် လာကြပြီ။ သံဆူးကြိုးတွေဆီ ပြေးချသွားဖို့ ရှိသမျှအားအင်တွေ ဖျစ်ညှစ် ထုတ်လိုက်သည်။ အဖေ့ကို စိတ်ထဲမှ ကျိတ်ပြီး နှုတ်ဆက်လိုက်သည်။ ပြီးတော့ ကမ္ဘာကြီးတစ်ခုလုံး၊ စကြဝဠာတစ်ခုလုံးကို နှုတ်ဆက်သည်။ ပြီးတော့ ကျွန်တော်ကိုယ်တိုင် သတိမထားမိဘဲ တိုးတိုးလေး ရွတ်နေမိသည်။ 'ဘုရားသခင်၏ နာမတော်ကို အမွှမ်းပြု၍ . . . '

ကျွန်တော့်ရင်ထဲတွင် ပေါက်ကွဲလုနီးနီး ဖြစ်သွားသည်။ သေမင်းနှင့် ကျွန်တော် ရင်ဆိုင်တွေ့နေပြီကော။

တွင်းဝနှင့် ခြေနှစ်လှမ်းအလို။

ဘယ်ကွေ့ဖို့ အမိန့်ပေးသံ ထွက်လာသည်။ ရှည်လျားသည့် တန်းလျား များရှိရာသို့ မောင်းသွားပြီး အထဲဝင်ခိုင်းသည်။

အဖေ့လက်ကို နာနာညှစ်လိုက်၏။ အဖေက တိုးတိုးပြောသည်။

"သား ရထားတွဲထဲမှာ ဆုံခဲ့တဲ့ မစ္စစ်ရှဟက်တာကို မှတ်မိလား"

❖



www.burmeseclassic.com

www.burmeseclassic.com



သည်ညကို ကျွန်တော့်တစ်သက် မေ့နိုင်မည် မဟုတ်ပါ။ သည်စခန်းကို ရောက်သည့် ပထမည။

သည်မီးခိုးများကို ကျွန်တော် ဘယ်တော့မှ မမေ့ပါ။ မျက်နှာ သေးသေး ကလေးများနှင့် ကလေးငယ်တို့၏ ခန္ဓာကိုယ်၊ တိတ်ဆိတ်နေသည့် ကောင်းကင်ပြင်ထဲကို လွင့်တက်သွားသည့် မီးခိုးများ။

ကျွန်တော့်၏ ဘာသာရေးအမြင်ကို ဝါးမျိုပစ်လိုက်သည့် သည်မီးလျှံ များကို ကျွန်တော် ဘယ်တော့မှ မမေ့ပါ။

လောကကြီးတွင် နေချင်စိတ် ကုန်ခန်းသွားလောက်သည့် ထိုည၏ ဆိတ်ငြိမ်ခြင်း အနိဋ္ဌာရုံများကို ကျွန်တော် ဘယ်တော့မှ မမေ့ပါ။

ကျွန်တော့်ဝိညာဉ်နှင့် ကျွန်တော့် ဘုရားသခင်ကို သတ်ပစ်လိုက်ပြီး ကျွန်တော့် အိပ်မက်များကို ပြာအတိ ဖြစ်စေမည့် ထိုတဒင်္ဂများကို ကျွန်တော် ဘယ်တော့မှ မေ့မည် မဟုတ်ပါ။

ဘုရားသခင်ကိုယ်တော်တိုင် ကောင်းကင်ဘုံတွင် တည်နေပြီး ကျွန်တော့် အား အသက်ရှင်ခွင့် ပေးထားလျှင်တောင်မှ ဤမည်သော အကြောင်းအရာ တို့အား ကျွန်တော်က မေ့လိမ့်မည် မဟုတ်ပါ။ ဘယ်သောအခါမှ မေ့မည် မဟုတ်ပါ။

❖

ကျွန်တော်တို့နေရသည့်အဆောင်မှာ အရှည်ကြီးဖြစ်သည်။ အလင်းရောင် ဝင်ဖို့ အမိုးတွင် အပေါက်များ ဖောက်ထားသည်။ ငရဲဘုံ၏ အဝင်ဝနှင့် တူလေမည်လားဟု ကျွန်တော် တွေးကြည့်သည်။ ရှုးသွပ်နေသူများ၊ ရက်စက်မှုများ၊ အော်ဟစ်ငိုကြွေးသံများမှအပ ဘာမျှ မရှိသည့်နေရာ ဖြစ်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဇင်ပေါင်းများစွာသော လက်ကောက် အကျဉ်းသားဟောင်းတို့က ကျွန်တော်တို့ကို လက်ခံဖို့ စောင့်နေကြသည်။ လက်ထဲတွင် တုတ်ကိုယ်စီကိုင်လျက်။ မြင်မြင်သမျှ လက်တည့်စမ်းတော့သည်။ ဘာအကြောင်းမှ မရှိဘဲ ရိုက်နှက်ခြင်း ဖြစ်၏။ ပြီးမှ အမိန့်ပေးသည်။

"ချွတ် အဝတ်တွေ အားလုံးချွတ်၊ ဖိနပ်နဲ့ ခါးပတ်ပဲ ချန်ထား၊ မြန်မြန်လုပ်"

ကျွန်တော်တို့ အဝတ်တွေကို အဆောင်နောက်ဘက်သို့ ပစ်ထုတ်ကြသည်။ အဝတ်တွေက အဆောင်နောက်တွင် တောင်ပုံရာပုံ ရှိနှင့်ပြီးသား။ အဝတ်ပုံကြီးထဲတွင် ဝတ်စုံ အသစ်စက်စက်တွေပါသည်။ အဟောင်းတွေလည်း ပါ၏။ အစုတ်အပြဲတွေလည်း ပါ၏။

ကျွန်တော်တို့အားလုံး အဝတ်ဗလာ ဖြစ်သွားကြပြီ။ အားလုံး တန်းတူ ဖြစ်သွားပြီ။ ချမ်းလွန်းလို့ မေးချင်းရိုက်ကာ ခိုက်ခိုက်တုန်နေကြ၏။

ဂျာမန်စစ်ဗိုလ်များ အဆောင်ထဲတွင် လမ်းသလား နေကြသည်။ ဗလကောင်းသူများကို လိုက်ရှာနေကြခြင်း ဖြစ်၏။ သူတို့က ဗလကောင်းကောင်း လိုက်ရွေးနေသည်ဆိုလျှင် အားကောင်းမောင်းသန်ရှိကြောင်း ပြသင့်မသင့် ချွေးချွေးကြသည်။ အဖေက မပြသင့်ဟု ဆိုသည်။ (အဖေ မှန်ကြောင်း နောက်မှသိကြရသည်) ထိုနေ့က အရွေးခံရသူများ အားလုံး မီးသဂြိုဟ်စက်သို့ ရောက်ကုန်သည် ဆို၏။ ဘဲလားကတ်ဖ်ဆိုသူမှာ ကျွန်တော်တို့မြို့မှ လူချမ်းသာ ကုန်သည်ကြီးတစ်ယောက်၏သား ဖြစ်သည်။ သူက ပထမဦးဆုံး အသုတ်နှင့် ပါလာသူ။ ကျွန်တော်တို့ သည်စခန်းကို ရောက်သည်ကြားတော့ သူက စာရွက်တိုကလေး အရောက်ပို့ပြီး သတင်းပေးသည်။ သူက လူထွားကြီးမို့ ဗလကောင်းသူများရွေးတော့ ပါသွားသည်တဲ့။ (သူ့မိသားစုကို သူကိုယ်တိုင် မီးဖိုထဲ ပစ်ချဖို့ သေနတ်တော့ပြီး ခိုင်းသဖြင့် လုပ်ခဲ့ရသည်တဲ့။) ထောင်ကျ လက်ကောက်တို့က ကျွန်တော်တို့ကို လက်သီးစာ၊ တင်းပုတ်စာ ကျွေးနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ထွက် ထွက်၊ ဆံပင်ညှပ်ရမယ်"

ဖိနပ်နှင့် ခါးပတ်ကိုဆွဲပြီး ဆံပင်ညှပ်ဆောင်သို့ ကိုယ့်ကိုယ်ကိုယ် မနည်းသယ်ပြီး သွားရသည်။

ကတ်ကြေးတုံးတုံး မားတုံးတုံးတွေနှင့် သမကြသည်။ အမွေးအမှင် မှန်သမျှ အားလုံးရိတ်ပစ်၏။

ကျွန်တော့်ခေါင်းထဲတွင် ဆူညံနေသည်။ အဖေနှင့် ကျွန်တော် ခွဲရမှာလား၊ အတူနေရမှာလားဟူသည့် မေးခွန်းဖြင့် ဆူညံနေခြင်း ဖြစ်သည်။ ဆတ္တာသည်လက်မှ လွတ်ပြီးတော့ မိမွေးတိုင်း ဖမွေးတိုင်း ပုံစံဖြင့် လူအုပ်ကြီးထဲ တိုးဝင်သွားကြသည်။ အပေါင်းအသင်းများအကြောင်း၊ အသိမိတ်ဆွေတွေ အကြောင်း စနည်းနာကြသည်။ အားလုံး ပျော်နေကြသည်။ တစ်ယောက် ကိုတစ်ယောက် ကြည့်ပြီး ရယ်သူ ရယ်ကြနှင့်။ ကံကောင်းထောက်မနေသဖြင့် အသက်မသေသေးခြင်းမှာ ပျော်စရာ မဟုတ်ပါလား။

ငိုနေသူတွေလည်း ရှိ၏။ သူတို့က လက်ကျန်အားအင်ကို ငိုခြင်းတွင် အသုံးပြုဖို့ ဆုံးဖြတ်ထားသူများ၊ ယူကျုံးမရ ဖြစ်နေသူများ ဖြစ်၏။ ဘာဖြစ်လို့ ဒီအထိ လိုက်လာခဲ့ရတာလဲ။ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်အိပ်ရာပေါ်မှာ ဘာလို့ မသေခဲ့ရတာလဲ။ သူတို့ စကားသံများသည် ရှိုက်သံများနှင့် ရောထွေး နေလေသည်။

တောင်စဉ်ရေမရ လျှောက်တွေးနေစဉ် တစ်ယောက်က ကျွန်တော့်ကို သိုင်းဖက်လာသည်။ ကျွန်တော်တို့မြို့က ရီဟေးလ်ပါလား။ ရှိုက်ကြီးတငင် ငိုနေ၏။ အသက်ရှင်နေဆဲမို့ ပျော်လွန်းလို့ ငိုတာဟု ကျွန်တော် ထင်လိုက်သည်။

"မငိုပါနဲ့ ရီဟေးလ်ရာ၊ ဘာလို့ မျက်ရည်အကုန်ခံနေမလဲဗျာ"

"မငိုရဘူး ဟုတ်လား၊ သေခါနီးမှ မငိုရင် ဘယ်အခါမှာ ငိုရမှာလဲ အယ်လီဆာရယ်။ မကြာခင် တို့အထဲဝင်ရတော့မှာကွ၊ မင်း သိလား။ မကြာခင် အထဲဝင်ရမှာ ကောင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်က အလင်းပေါက်ကလေးတွင် ပြာလဲ့လဲ့ ကောင်းကင်ရောင်သည် တဖြည်းဖြည်း လွင့်ပြယ်နေသည်။ ကျွန်တော် စောင့်ကြည့်နေ၏။ ကျွန်တော့်တွင် ကြောက်စိတ်ဟူသည် မရှိတော့ပြီ။ ကျွန်တော့်ကို လွှမ်းခြုံထားသည်က ပင်ပန်းနွမ်းနယ်ခြင်းသာ ဖြစ်၏။

လူစာရင်းစစ်ဖို့ နာမည်ခေါ်လျှင် ကျွန်တော် သွားချင်မှ သွားသည်။ ထူးချင်မှ ထူးသည်။ သူတို့ကို ကြောက်စရာ မလိုတော့ဘူးလေ။ သူတို့အခြေအနေ မကောင်းတော့ကြောင်း ပြောသံတွေ နားလျှံအောင် ကြားနေရပြီ။ မည်သို့ဖြစ်စေ သူတို့အကြောင်း ကျွန်တော်တို့အားလုံး မေ့မေ့ပျောက်ပျောက်နေနေကြသည်တော့ အမှန်။ သို့သော် သူတို့ကံကြမ္မာသည် ကျွန်တော်တို့ကံကြမ္မာဟူသည်ကိုတော့ ဘယ်သူမျှ မမေ့။

စင်စစ် ကျွန်တော်တို့အားလုံး စဉ်းစားတွေးခေါ်ဖို့ လုံးဝ အချိန်မရှိပေ။ အချိန်ရှိလျှင်လည်း ကျွန်တော်တို့၏ ဦးနှောက်တွေ ပုံမှန် မဟုတ်နိုင်တော့။ ထုံထိုင်းနေပြီ၊ မှုန်မှိုင်းနေပြီ။ ဘယ်အရာကိုမှ ဆုပ်ဆုပ်ကိုင်ကိုင် မရ။ စီးစီးပိုင်ပိုင် မလုပ်နိုင်တော့ပြီ။

အတ္တာဟိအတ္တနော နာထောလည်း မရှိတော့။ လူသားတို့မှာ ရှိအပ်သည့် မာနဆိုသည်လည်း ကျွန်တော်တို့ထံမှ ထွက်ပြေးသွားကြလေပြီ။

အသိအာရုံကလေး ကြည်လင်သည့် တန်လှုပ်ချောက်ချားဖွယ် တဒင်္ဂတွင် ကျွန်တော်တို့၏ဘဝကို တွေးကြည့်မိသည်။ ကြမ္မာဆိုးထဲမှ ဝိညာဉ်များနှင့်တူနေသည်။ လေဟာနယ်ထဲတွင် လွင့်မျောနေသော ဝိညာဉ်များ။ အချိန်ယန္တရားကုန်ဆုံးသည်အထိ ဘာမျှ မျှော်လင့်ချက်မရှိဘဲ အစားပြန်ရဖို့ မျှော်လင့်နေကြသည့် ဝိညာဉ်များ။

❖



www.burmeseclassic.com

www.burmeseclassic.com



မနက်ငါးနာရီခန့်တွင် ကျွန်တော်တို့ကို အဆောင်ထဲမှ မောင်းထုတ်သည်။ လက်ယဉ်နေသည့် ထောင်ကျတွေက လက်စွမ်း ပြကြပြန်၏။ ကိုယ်ပေါ်သို့ ကျရောက်လာသည့် တုတ်ချက်တွေကို နာရမှန်း မသိတော့။ သွေးခဲမတတ်အေးသည့် လေထုထဲသို့ ကျွန်တော်တို့ ထွက်ကြရသည်။ အားလုံး အဝတ်မပါ ဗလာကိုယ်တည်း။ ခါးပတ်နှင့်ဖိနပ် ကိုယ်စီကိုင်လျက်။

အမိန့်ပေးသံ ပေါ်လာသည်။

"ပြေး၊ ပြေး"

အားလုံး ပြေးကြရသည်။ မိနစ်အနည်းငယ်အတွင်း အဆောင်သစ်တစ်ခု ရှေ့သို့ ရောက်သွားသည်။ တံခါးဝတွင် အနံ့ဆိုးလှသည့် အရည်တွေ အပြည့်နှင့် စည်ပိုင်းကြီးတစ်လုံး ချထားသည်။ ပိုးသတ်ဆေးတဲ့။ လူတိုင်း စည်ပိုင်းထဲ ဆင်းကြရသည်။ ပြီးမှ ရေပူ ချိုးရသည်။ အပြေးအလွှား လုပ်ရခြင်း ဖြစ်၏။ ရေချိုးပြီးသည်နှင့် အပြင်ကို မောင်းထုတ်သည်။ ပြီးတော့ ဆက်ပြေးခိုင်းသည်။

နောက် အဆောင်တစ်ခုကို ရောက်ပြန်သည်။ သည်အဆောင်က ဂိုဒေါင်ကြီးနှင့် တူသည်။

စားပွဲရှည်ကြီးပေါ်တွင် အဝတ်အစားတွေ တောင်ပုံရာပုံ။ အပြေး သွားနေသည့် ကျွန်တော်တို့ဆီသို့ ဘောင်းဘီ၊ ရှပ်အင်္ကျီနှင့် ဂျာကင်အင်္ကျီတွေ ပစ်ပေးသည်။

ငိုအားထက် ရယ်အားသန် အဖြစ်မျိုးနှင့် ကြုံရ၏။ စက္ကန့်ပိုင်းအတွင်း ကျွန်တော်တို့အားလုံး လူအဖြစ်မှ ရုပ်စဲကာ ရယ်စရာအရုပ်တွေ ဖြစ်သွားလေတော့သည်။

ရောမ လူထွားကြီး မီယာကတ်ဇ်က ကလေးဝတ်စုံ ဝတ်ထားပြီး၊ လူဖလံကလေး စတန်းက ဆိုက်အကြီးဆုံး ဂျာကင်ကြီး ဖိုးရိုးဖားရားဖြင့်။ ချက်ချင်း လဲဝတ်ကြရသည်။

အဖေ့ကို လှမ်းကြည့်လိုက်သည်။ အဖေ့ပုံစံ လုံးဝ ပြောင်းလဲသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများတွင် အရောင်အဆင်း မရှိတော့။ သူ့ကို ကျွန်တော် တစ်ခုခု ပြောချင်နေသည်။ သို့သော် ဘာပြောရမှန်း မသိ။

မိုးစင်စင် လင်းသွားပြီ။ ကောင်းကင်တွင် ကြယ်ကလေးတွေ မှိန်ပျပျ လက်နေသေးသည်။ အဖေသာ မဟုတ်။ ကျွန်တော်ကိုယ်တိုင်လည်း ပြောင်းလဲခဲ့လေပြီ။ ရှေးဟောင်း တာလမွဒ်ကျမ်းကို ကျက်မှတ်နေသည့် သူငယ်ကလေး မရှိတော့ပြီ။ သူ့ကို အော့ချ်ဝစ်ဇ်၏ မီးလျှံများက ဝါးမျိုဖျက်ဆီး ပစ်လိုက်ပြီ။ သူ့ဝိညာဉ်ပါ ပျက်စီးသွားလေပြီ။ သူ့နေရာတွင် သူနှင့်တူသော အခြားတစ်ယောက် ရောက်နေခြင်း ဖြစ်သည်။ နာရီအနည်းငယ်အတွင်း ဖြစ်ပျက်သွားသော အကြောင်းအရာတွေက များပြားလှသည်။ အချိန်တွေ ကုန်လွန်ဖြတ်သန်းသွားခြင်းကို ကျွန်တော် လုံးဝ မသိလိုက်။ အမြင်တွေ ပို၍ ထုံထိုင်းကာ ပို၍ ဝေဝါးနေပြီ။

ကျွန်တော်တို့ အိမ်ကထွက်ခဲ့တာ ဘယ်တုန်းကလဲ။ သံဆူးကြိုး အပိုင်းခံရပြီး ဂျူးစခန်းထဲနေခဲ့ရတာ ဘယ်လောက် ကြာခဲ့သလဲ။ ပြီးတော့ မီးရထားခရီး။ လွန်ခဲ့သည့် တစ်ပတ်ကလား၊ မနေ့ညကလား။ ဒီအဖြစ်ဆိုးကြီး တွေဖြစ်ခဲ့တာ တစ်ညတည်းလား။

ရေခဲတောင်ကို ဖြတ်သန်း တိုက်ခတ်လာသလား အောက်မေ့ရအောင် အေးသည့် သည်လေဟာတောထဲတွင် မတ်တတ်ရပ်နေခဲ့တာ ဘယ်လောက် ကြာပြီလဲ။ တစ်နာရီလား၊ တစ်နာရီတည်း ဟုတ်နိုင်ပါ့မလား။

မဟုတ်ဘူး။ အားလုံး တကယ် မဟုတ်နိုင်ဘူး။

အိပ်မက်ပဲ ဖြစ်ရမယ်။

❖

ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် အကျဉ်းသားတွေ အလုပ်လုပ် နေကြသည်။ အချို့က မြေကြီး တူးနေကြသည်။ အချို့က သဲအိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထမ်းနေကြသည်။ ဘယ်သူမှ ကျွန်တော်တို့ကို လှည့်မကြည့်ကြ။ ကျွန်တော်တို့ အားလုံး သဲကန္တာရအလယ်မှ သစ်ခြောက်ပင်တွေလို ဖြစ်နေကြပြီ။ ကျွန်တော့် ဘေးဘီတွင် လူတွေ စကားပြောနေကြသည်။ သို့သော် နားထောင်ချင်စိတ် မရှိတော့။ ဘယ်သူတွေ ဘာအကြောင်း ပြောနေမှန်းလည်း မသိ။ အားလုံး တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြခြင်း ဖြစ်သည်။ ဘယ်သူမှ အသံကို မမြှင့်ရဲကြ။ အနီးအနားတွင် အစောင့်မရှိဘဲ ကြောက်နေကြရခြင်း ဖြစ်သည်။ တိုးတိုးပြောသည့် အကျင့်ပါသွားသည်မှာ အဆိပ်သင့်နေသော လေထုထဲက မီးခိုးတွေရှူမိပြီး လည်ချောင်းတွေ ကွဲကုန်၍လား မပြောတတ်။

နောက် တဲကြီးတစ်လုံးဆီသို့ မောင်းခေါ်သွားကြပြန်သည်။ ဂျစ်ပစီစခန်း ဖြစ်၏။ ကျွန်တော်တို့ ငါးယောက်တစ်တွဲ တန်းစီချီတက်ရသည်။

"အားလုံးရပ်"

တဲတန်းလျားကြီးက အမိုးနှင့်အကာပဲ ရှိသည်။ အခင်းမရှိ။ အထဲဝင် လိုက်တော့ ခြေထောက်တွေ ဗွက်ထဲ နစ်ဝင်သွား၏။

သည်အတိုင်းကြီး ရပ်စောင့်ရပြန်သည်။ ကျွန်တော် မတ်တတ်ကြီး အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် အိမ်က အိပ်ရာပေါ် ပြန်ရောက်နေသည်။ ကျွန်တော့်မျက်နှာကို အမေက တယုတယ စမ်းနေ၏။ ပြန်နိုးလာသည်။ မတ်တတ်ရပ်လျက်ပင်။ ခြေထောက်တွေကလည်း ရွှံ့ထဲမှာပင်။

အချို့ ရွှံ့ရေထဲသို့ လဲကျသွားသည်။ ပြန်မထဘဲ လှဲသူက ဆက်လှဲ နေသည်။ အခြားသူများက အော်ဟစ်တားမြစ်ကြ၏။

"ဟေ့ မြန်မြန်ထလေ၊ ရပ်နေရမယ်လို့ အမိန့်ပေးထားတယ် မဟုတ် လား။ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

သူပြောလိုက်ပုံက ကျွန်တော်တို့တွင် ဒုက္ခဟူ၍ မြူငွေ့မျှ မထင်သေး သည့် အလား။

တဖြည်းဖြည်း ဒူးတွေခွေပြီး ထိုင်ချလိုက်ကြသည်။ သို့သော် တုတ်



www.burmeseclassic.com

www.burmeseclassic.com



တဝင့်ဝင့်နှင့် လက်ကောက်ရာထူး ရထားသည့် ထောင်ကျတို့အသံ ကြားသည်နှင့် ထရပ်ပြီးသား ဖြစ်သွားကြသည်။

တဲကြီးတစ်ခုလုံးလုံး ကြောက်မက်ဖွယ် တိတ်ဆိတ်နေသည်။ ထိုစဉ် ဂျာမန်စစ်ဗိုလ်တစ်ယောက် ရောက်လာသည်။ သူ့ကိုယ်မှ သေမင်းအနံ့ ထွက်နေသည် ထင်ရ၏။ သူ့နှုတ်ခမ်းထူထူကြီးကို ကျွန်တော်တို့ ငေးကြည့်နေကြသည်။

အားလုံး၏ အလယ်တွင် ရပ်ပြီး မိန့်ခွန်းခြွေပါတော့၏။

"မင်းတို့ ခုရောက်နေတဲ့စခန်းဟာ အော့ချ်ဝစ်ဇ်မှာ ရှိတယ်"

သူက နားလိုက် ပြောလိုက်၊ သူ့စကားလုံးများ ဘယ်လောက် တာသွားသည်ကို အကဲခတ်လိုက်နှင့်။

သည်မျက်နှာကို ယနေ့တိုင် ကျွန်တော် မှတ်မိနေသည်။ နောင်လည်း မေ့သွားမည် မဟုတ်ပါ။ ဥပမိရုပ်ကိုက လူသတ်သမားပုံ ပေါက်နေသည်။ ကျွန်တော်တို့ကို သူ ကြည့်ပုံက အသက်ငင်နေသည့် ခွေးလေခွေးလွင့်တွေကို ကြည့်နည်းဖြစ်၏။

"မင်းတို့ နားလည်ထားရမှာက စွဲစွဲမြဲမြဲမှတ်ထားရမှာက အော့ချ်ဝစ်ဇ် ဆိုတာ နာလန်ထစခန်း မဟုတ်ဘူး၊ အကျဉ်းစခန်း။ ဒီမှာ မင်းတို့ အလုပ်လုပ်ရမယ်။ အလုပ်မလုပ်တဲ့လူ ခေါင်းတိုင်ဆီ တန်းသွားရမယ်။ မီးသင်္ဂြိုဟ်တဲ့ နေရာကို သွားရမယ်။ အလုပ်လုပ်မလား၊ အဲဒီကို သွားမလား။ မင်းတို့ဘာသာ ရွေးကြ"

ဒီလိုညမျိုးတွေ အများကြီး ဖြတ်သန်းပြီးကတည်းက ကျွန်တော်တို့တွင် ကြောက်စိတ်ဟူသည် မရှိတော့ပြီ။ သို့စင်လျက် သူ့စကားလုံးများက နှလုံးသွေးပျက်ချင်စရာ ကောင်းလွန်းသဖြင့် ကျောထဲ စိမ့်စိမ့်သွားကြသည်။

'ခေါင်းတိုင်' ဟူသည့် စကားလုံးသည် ကျောချမ်းစရာ အကောင်းဆုံး ဖြစ်သည်။ သည်နေရာ၏ သရုပ်သဏ္ဍာန်ကို လှစ်ပြသည့် စကားလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူပြန်သွားသည်နှင့် ဂျစ်ပစီလက်ကောက်တစ်ယောက် အော်ဟစ်ပြီး ဝင်လာသည်။

"ကျွမ်းကျင်တဲ့လူတွေ လိုတယ်။ ယန်းပဲ ရှိလား၊ လက်သမား ရှိလား၊ နာရီပြင်တဲ့လူ ပါလား၊ ဝိုင်ယာမင်း ပါလား၊ ပါရင် ရှေ့ထွက်"

သူတို့တွေကို ရွေးပြီး ကျန်သည့် ကျွန်တော်တို့ လူသိုက်ကို အခြား တဲတစ်လုံးသို့ ပို့လိုက်သည်။ သည်တဲတန်းလျားက ကွန်ကရစ်ခင်း ဖြစ်သည်။ အားလုံး ထိုင်ခွင့်ရကြသည်။ သည်အဆောင်၏ လက်ကောက်ကလည်း ဂျစ်ပစီ တစ်ယောက်ပင် ဖြစ်၏။

အဖေ ချက်ချင်း မိုက်နာလာသည်။ သူက မတ်တတ်ထပြီး ဂျာမန် ဘာသာဖြင့် ယဉ်ယဉ်ကျေးကျေး မေးသည်။

"တစ်ဆိတ်ခင်ဗျာ၊ အိမ်သာ ဘယ်အနားမှာများပါလိမ့်"

ဂျစ်ပစီလက်ကောက်က အဖေ့ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ သူ့ကိုထပြီး မေးခွန်းထုတ်သူသည် လူစင်စစ် ဟုတ်ရဲ့လားဟု စိုက်ကြည့် နေပုံမျိုး။ ပြီးမှ အိပ်မက်ယောင်ပြီး လမ်းလျှောက်သည့် ခြေလှမ်းများဖြင့် အဖေ့ဆီ လျှောက်လာသည်။ ပြီးတော့ အဖေ့ပါးကို တအား လွှဲရိုက်ချလိုက် သည်။ အဖေ တစ်ဖက်သို့ လည်ထွက်သွားပြီး ကားခနဲ လဲကျသွားသည်။ သူ့ နေရာသို့ လေးဖက်ထောက်ပြီး ပြန်လာရ၏။

ကျွန်တော် ကြောင်ကြည့်နေမိသည်။ ကျွန်တော် ဘာဖြစ်နေတာလဲ၊ ကျွန်တော့်ရှေ့တွင် ကျွန်တော့်အဖေ ပါးရိုက်ခံရတာကို မျက်တောင်တစ်ချက် မခတ်ဘဲ ငိုင်ပြီး ကြည့်နေသည်။

ကျွန်တော် ဘာမျှ မလုပ်ချင်တော့ပြီ။ မနေ့ကဆိုလျှင် သည်လူဆိုး လူသွမ်း လူသရမ်းကို လက်တုံ့ပြန်မိချင် ပြန်မိလိမ့်မည်။ ကျွန်တော် သည်လောက် ပြောင်းလဲသွားပြီလား။ ဒါလောက် မြန်မြန် ပြောင်းလဲသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ဒုစရိုက်မှု ကျူးလွန် ပြစ်မှားမိသလို ခံစားနေရသည်။ သို့သော် ကျွန်တော် ဘာမျှမတတ်နိုင်။ ဒါပေမဲ့ ရင်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ချပြီးသား ဖြစ်သွား၏။

သူတို့ကို ဘယ်တော့မှ ခွင့်မလွှတ်၊ ဒီလူတွေကို ခွင့်လွှတ်စရာအကြောင်း ဆိုသည်ကကော ရှိနိုင်သေးလို့လား။

အဖေက ကျွန်တော့်ကို အကဲခတ်နေသည်။ အကဲခတ်မိသွားပုံ ရသည်။ ကျွန်တော့်နားနားကပ်ပြီး တိုးတိုးလေး ပြောသည်။

"အဖေ မနာပါဘူးသားရယ်" တဲ့။ သူ့မျက်နှာတွင် လက်ချောင်းရာတွေ နီရဲ ထင်ကျန်နေသည်။

❖

"အားလုံး အပြင်ထွက်"

ကျွန်တော်တို့ လက်ကောက်ကို အားဖြည့်ဖို့ ဂျစ်ပစီတစ်ဒါဇင်လောက် ထပ်ရောက်လာသည်။ ဘာမပြော ညာမပြောနှင့် အသားကုန် ရိုက်ကြပြန်သည်။ လူကြီးတွေ၏ ကိုယ်နှင့်ကွယ်ပြီး အတတ်နိုင်ဆုံး သက်သာအောင် ကျွန်တော် ဟိုကပ်သည်ကပ် လုပ်ရသည်။

နွေနှောင်းပိုင်းသို့ ရောက်လာပြီဖြစ်သဖြင့် နေအစောကြီး ထွက်သည်။

"ငါးယောက်တစ်တွဲ တန်းစီ"

ကျွန်တော်တို့တဲကြီးနှင့် မလှမ်းမကမ်းတွင် မနက်က ဖျတ်ခနဲ တွေ့လိုက်ရသည့် အကျဉ်းသားတွေ အလုပ်လုပ်နေကြသည်။ အစောင့်များ ချထားသည်ကို မတွေ့ရ။ သို့သော် မီးခိုးခေါင်းတိုင်ကြီး၏ အရိပ်ကမူ သူတို့ အပေါ် မိုးနေသည်။

နံနက်ခင်း နေရောင်ခြည်က နွေးထွေး ငြိမ်းချမ်းလှသည်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြောင်တောင်နှင့် အိပ်မက်တွေ မက်နေဆဲ။ တစ်စုံတစ်ယောက်က ကျွန်တော့်အင်္ကျီ လက်မောင်းကို ဆွဲလိုက်သည်။ ငဲ့ကြည့်လိုက်တော့ အဖေ ဖြစ်နေ၏။

"သား လာလေ"

ကျွန်တော်တို့ ချီတက်ကြသည်။ ဝင်းတံခါးတွေ တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ကြ၏။ တစ်ဖက်တစ်ချက်တွင် သံဆူးကြိုးတွေ ကာရံထားသော လမ်းအတိုင်း ကျွန်တော်တို့ ဘယ်ညာ နင်းလာခဲ့ကြသည်။

နေရာတကာတွင် လမ်းဘေးဆိုင်းဘုတ်ကြီးများကို ဖြတ်သွားရသည်။ အဖြူရောင်နောက်ခံတွင် အနက်ရောင် အရိုးခေါင်းများက ကျွန်တော်တို့ကို ငုံ့ကြည့်နေကြ၏။ 'သတိ၊ အသက်အန္တရာယ်' ဟူသည့် ဆိုင်းဘုတ်များ။

ရယ်စရာတော့ ကောင်းသည်။ အလွန်အဆီအငေါ်မတည့်သည့် ဆိုင်းဘုတ်များဖြစ်၏။ ဒီမှာ အသက်အန္တရာယ် မရှိတဲ့နေရာ ဘယ်မှာရှိလို့တုံး။

တဲတန်းလျားတစ်လုံးကို ရောက်တော့ ဂျစ်ပစီ လက်ကောက်တွေ ရပ်လိုက်ကြသည်။ သူတို့က ကျွန်တော်တို့ကို ဂျာမန်စစ်သားများလက်သို့ လွှဲအပ်လိုက်သည်။ ဂျာမန်စစ်သားများက ကျွန်တော်တို့ကို စက်သေနတ်နှင့် ချိန်ပြီး ဝိုင်းလိုက်ကြသည်။ သူတို့နှင့်အတူ စစ်ခွေးများလည်း ပါ၏။

ပြီးတော့ လျှောက်ခိုင်းပြန်သည်။ ကျွန်တော်တို့နောက်တွင် သံဆူးကြိုးများ ကျန်ခဲ့သည်ကို သတိထားလိုက်မိ၏။ ကျွန်တော်တို့ကို စခန်းပြောင်းနေပြီကော။

မေလသည် လှပသောအဆင်းကို ဆောင်နေ၏။ နွေဦး၏ အငွေ့အသက် အကြွင်းအကျန်တို့ လေထုထဲတွင် ဝဲနေသေးသည်။

နေဝင်စပြုပြီ။

မကြာမီ သံဆူးကြိုးကာထားသည့် စခန်းတစ်ခုကို လှမ်းမြင်ရသည်။ စခန်းဂိတ်ဝက ရောမ သံတံခါးကြီး။ သံပန်းဖြင့်လုပ်ထားသည့် စာတန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို အဝေးမှပင် မြင်နိုင်၏။

*'အလုပ်သည် လွန်မြောက်ခြင်း ဖြစ်၏'*

အော့ချ်ဝစ်ဇ်၏ ဆောင်ပုဒ် ဖြစ်လေသည်။

❖

ရောက်ရောက်ချင်း သတိထားမိသည်မှာ အော့ချ်ဝစ်ဇ်သည် ဘာကင်နူး စခန်းထက် အခြေအနေကောင်းသည် ဟူသောအချက် ဖြစ်သည်။ အဆောင်တွေက နှစ်ထပ်တိုက်တန်းလျားများ ဖြစ်သည်။ ပန်းခြံကလေးများလည်း ဟိုနေရာတစ်ခု သည်နေရာတစ်ခု တွေ့ရ၏။

ကျွန်တော်တို့ကို အဆောင်တစ်ဆောင်ဆီသို့ ခေါ်သွားပြီး အဆောင်အဝင်ဝ မြေကြီးပေါ်တွင် ထိုင်ခိုင်းသည်။ သည်မှာလည်း စောင့်နေကြရပြန်သည်။ ပြီးမှ အလှည့်နှင့်ဝင်ပြီး ရေချိုးခိုင်းသည်။

ရေနွေးနှင့်ချိုးပြီး အမှောင်ထဲတွင် ပြန်ထိုင်စောင့်ရသည်။ အဝတ်အစားတွေ ရေချိုးခန်းထဲတွင် ထားခဲ့ကြရ၏။ အားလုံး မေးချင်းရိုက်နေကြသည်။ အဝတ်သစ်တွေ ထုတ်ပေးမည်ဟု ကြေညာသည်။

သန်းခေါင်လောက်တွင် ထပြေးခိုင်းသည်။ အစောင့်လက်ကောက်က အော်ဟစ် အမိန့်ပေးသည်။

"ပြေးပြေး၊ မြန်မြန်ပြေး၊ မြန်မြန်အိပ်ချင်ရင် မြန်မြန်ပြေးကြ"

အသားကုန်ပြေးပြီး မကြာမီ အဆောင်သစ်တစ်ခုသို့ ရောက်ကြသည်။

အဆောင်မှူးက အသင့်စောင့်နေသည်။ ပိုလန်သား ဂျူးလူငယ်တစ်ယောက် ဖြစ်၏။ သူက ပြုံးပြုံးရွှင်ရွှင် ကြိုဆိုသည်။ အားလုံးရှေ့တွင်ရပ်ပြီး စကားပြောသည်။ ပင်ပန်းမနေအားဘဲ သူပြောတာတွေ နားစိုက်ထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော်တို့၊ ရဲဘော်တို့အားလုံး အော့ချ်ဝစ်ဇ်အကျဉ်းစခန်းကို ရောက်လာခဲ့ကြပြီ။ ခင်ဗျားတို့ ရှေ့ဆက် လျှောက်ရမယ့်လမ်းက ခရီးရှည်ကြီး တစ်ခု ဖြစ်တယ်၊ ဒုက္ခသုက္ခတွေနဲ့ ခင်းထားတဲ့ လမ်းကြီးပဲ၊ ဒါပေမဲ့ မျှော်လင့်ချက်ကိုတော့ ပစ်ခွာမချလိုက်ကြနဲ့၊ ခင်ဗျားတို့အားလုံး အန္တရာယ်တွေကို ဖြတ်ကျော်ပြီးခဲ့ပြီပဲ။ ဥပမာ- အုပ်စုခွဲတဲ့ ကိစ္စမျိုးတွေပေါ့။ ဒါကြောင့် တောင့်ထားကြပါ။ ဘုရားသခင်ကို သက်ဝင်ယုံကြည်ကြပါ။ တစ်နေ့မှာ လွတ်မြောက်ဖို့လမ်းကို မလွဲမသွေ တွေ့ကြမှာပါ။ ဘုရားသခင်ကို အဆ တစ်ထောင်ယုံပါ"

"စိတ်ဓာတ်ကျစရာတွေကို ဖယ်ရှားခြင်းအားဖြင့် သေခြင်းတရားက လွတ်မြောက်နိုင်ကြလိမ့်မယ်။ ငရဲဆိုတာ အစဉ်ထာဝရအရာ မဟုတ်ပါ။ ကျွန်တော် ခင်ဗျားတို့ကို တစ်ခုပြောမယ်။ ဆုတောင်းပေးခြင်းလည်း ဖြစ်တယ်။ အချင်းချင်း ရဲဘော်စိတ်ထားကြပါ။ ကျွန်တော်တို့အားလုံးဟာ ညီအစ်ကိုတွေ ဖြစ်တဲ့အတွက် တစ်လှေတည်းစီးတွေပါ။ ကျွန်တော့် ခေါင်းပေါ်မှာ ပျံလွင့်နေတဲ့ မီးခိုးတွေဟာ တစ်မျိုးတည်းသော မီးခိုးတွေပါ။ တစ်ဦးကို တစ်ဦး ရိုင်းပင်းကြပါ။ ဒါဟာ ရှင်ကျန်လွတ်မြောက်ဖို့ တစ်ခုတည်းသောလမ်း ဖြစ်ပါတယ်။ ကဲ... ကျွန်တော်ပြောတာ ရှည်သွားပြီ၊ ခင်ဗျားတို့လည်းပဲ ပင်ပန်းလှပြီ။ အားလုံး မှတ်ထားကြပါ။ ခင်ဗျားတို့ ခုရောက်နေတာ အဆောင် ၁၇ ပါ။ ကျွန်တော် ဒီမှာ အဆောင်မှူးတာဝန် ယူထားပါတယ်။ မကျေနပ် တာရှိရင် အချိန်မရွေး ကျွန်တော့်ဆီ လာတွေ့နိုင်ပါတယ်။ ဒါပါပဲ။ ကဲ... အိပ်ရာဝင်ကြပါ။ အိပ်စင်တစ်စင်မှာ နှစ်ယောက်အိပ်ကြရပါမယ်၊ ဂွတ်နိုက်"

မကြားရတာ ကြာပြီဖြစ်သည့် လူစကားများ ဖြစ်ပါ၏။

❖



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်တက်ပြီး ကျောချလိုက်သည်နှင့် ကျွန်တော်တို့အားလုံး ကုလားသေ ကုလားမော အိပ်ပျော်သွားတော့သည်။

မနက်မိုးလင်းတော့ နှစ်ကြီးလက်ကောက်များက ကျွန်တော်တို့အား သက်သက်ညှာညှာ ဆက်ဆံကြသည်။ ရေချိုးကြရသည်။ အဝတ်အစား အသစ်တွေ ထုတ်ပေးသည်။ ကော်ဖီကြမ်း တိုက်သည်။

အဆောင်တွင်း သန့်ရှင်းရေးလုပ်ရန် ဆယ်နာရီတွင် ကျွန်တော်တို့ အပြင်ထွက်ပေးကြရသည်။ အပြင်တွင် နေခြည်နွေးနွေး ဖြာနေ၏။ အားလုံး လန်းဆန်းတက်ကြွလျက် ရှိကြသည်။ တစ်ညကောင်းကောင်း အိပ်လိုက်ရသဖြင့် သိသိသာသာ အားအင်ပြည့်ဖြိုးလာခြင်း ဖြစ်ပေသည်။

မိတ်ဆွေ အပေါင်းအသင်းများနှင့် ဆုံကြသည်။ အာလာပသလ္လာပတွေ ပြောကြသည်။ သို့သော် ပျောက်သွားသူများ အကြောင်းကိုတော့ ဘယ်သူမှ စကား မစကြပေ။ လောလောဆယ် ပြောဆိုဆွေးနွေးကြသော အဓိက အကြောင်းအရာမှာ မကြာခင် စစ်ကြီး ပြီးတော့မည်ဆိုသည့်သတင်း ဖြစ်၏။

နေ့လယ်ပိုင်းတွင် ပျစ်ပျစ်နှစ်နှစ်ရှိသော စွပ်ပြုတ်တစ်ပန်းကန် တိုက်သည်။ ကျွန်တော် အရမ်းဆာနေပြီ။ သို့သော် မစားဘဲ အငတ်ခံနေလိုက်၏။ ကျွန်တော်က ကလေးဆိုးတစ်ယောက်လို ပေကတ်ကတ် လုပ်နေ၏။ အဖေက ကျွန်တော့်ပန်းကန်ကို ယူသောက်ပစ်လိုက်သည်။

ထို့နောက် အဆောင်တစ်ဖက်အရိပ်တွင် ကျွန်တော်တို့ကို တစ်ရေး မှေးခွင့်ပေး၏။ ရွံ့ဗွက်တွေနှင့် အဆောင်မှ ဂျာမန်စစ်ဗိုလ်က ကျွန်တော်တို့ကို သက်သက်ဖြဲခြောက်ခြင်း ဖြစ်သည်။ အော့ချ်ဝစ်ဇ်ဟာ နာလန်ထစခန်း မဟုတ်ဘူးတဲ့။

ညနေပိုင်းတွင် အားလုံးကို တန်းစီခိုင်းသည်။ ထောင်ကျသုံးယောက်က စားပွဲရှည်ကြီး တစ်လုံးနှင့် ဆေးဝါးပစ္စည်းတွေ ယူလာသည်။ လူတိုင်းကို အင်္ကျီလက်မောင်း ပင့်တင်ခိုင်းပြီး တစ်ယောက်စီ ခေါ်သည်။ နှစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသား သုံးယောက်က ကိုယ်ပိုင်နံပါတ်တွေ စုတ်နှင့် ထိုးပေးသည်။ ဤသို့ဖြင့် ကျွန်တော်သည် အေ ၇၇၁၃ ဖြစ်သွားလေတော့သည်။ ကျွန်တော့် နာမည် ပျောက်သွားပြီ။

ညဦးပိုင်းတွင် နာမည်ခေါ်ပြီး လူစစ်သည်။ ပိုလန်သား အဆောင်မှူး ပြန်ရောက်လာပြီး အပေါက်ဝတွင် တီးပိုင်းက စစ်ချီသီချင်းတွေ တီးပေးသည်။

ဂျာမန်စစ်ဗိုလ်က ထောင်ပေါင်း၊ သောင်းပေါင်းများစွာသော လူတန်းကြီးကို စာရင်းနှင့် လက်မောင်းနံပါတ်ကို တိုက်ပြီး စစ်ဆေးသည်။

လူစစ်ပြီးသည့်နောက်တွင် အဆောင်ပေါင်းများစွာမှ အကျဉ်းသားများသည် အသိမိတ်ဆွေတွေ ရှာကြ၊ ဆွေမျိုးသားချင်းတွေကို မေးကြနှင့် ရှုပ်ယှက်ခတ်နေသည်။ အနယ်နယ်အရပ်ရပ်မှ ရောက်လာသည့် ဂျူးလူမျိုးတွေ ဖြစ်၏။ နောက်ဆုံးအသုတ်နှင့် ပါလာသူများလည်း ရှိသည်။

❖

တဖြည်းဖြည်းနှင့် ရက်တွေ နေ့တွေ ကုန်လွန်နေသည်။ မနက်ပိုင်းတွင် ကော်ဖီကြမ်း သောက်ရ၏။ နေ့လယ်ပိုင်းတွင် စွပ်ပြုတ်ရသည်။ တတိယ နေ့တွင် ကျွန်တော် စွပ်ပြုတ် စသောက်သည်။ ညနေခြောက်နာရီတွင် တန်းစီ လူစစ်သည်။ ပြီးလျှင် ပေါင်မုန့်နှင့် အခြားတစ်မျိုးမျိုး ကျွေးသည်။ ည ကိုးနာရီတွင် အိပ်ရာဝင်ရသည်။

အော့ချ်ဝစ်ဇ်ကို ကျွန်တော်တို့ ရောက်သည်မှာ ရှစ်ရက်မျှ ရှိသွားပြီ။ တစ်နေ့ လူစစ်ပြီးချိန် ဖြစ်သည်။ တန်းဖြုတ်ဖို့ အားလုံး စောင့်နေကြသည်။ လူတန်းကြီးကြားထဲမှာ လှုပ်ရှားမှုတစ်ခုကို ကျွန်တော် သတိထားလိုက်မိ၏။ သူ့အသံ ခပ်တိုးတိုးကို ကျွန်တော် ကြားလိုက်သည်။

"ဒီအုပ်စုထဲမှာ ဆစ်ဂက်က ဝီဆယ်လ်ဆိုတာများ ပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို လိုက်ရှာနေသည့် ပုဂ္ဂိုလ်မှာ မျက်မှန်နှင့် ဖြစ်သည်။ မျက်နှာမှာ အသားမရှိသလို ညှိုးရော်ခြောက်သွေ့နေသည်။

"ဆစ်ဂက်က ဝီဆယ်လ်ဆိုတာ ကျုပ်ပဲ"

ထိုလူ၏ မျက်လုံးအစုံ ကျဉ်းသွားသည်။ အဖေ့ကို အကြာကြီး စိုက်ကြည့်နေသည်။

"ကျွန်တော့်ကို မသိဘူးလား။ မမှတ်မိဘူးလား။ ကျွန်တော်နဲ့ ခင်ဗျား ဟာ သားချင်းတွေပဲ။ ကျွန်တော့်နာမည် စတိန်းလေ။ မမှတ်မိတော့ဘူးလား။ အင့်တဝပ်က စတိန်းလေဗျာ။ ရေဇယ့်ယောကျ်ားလေ။ ခင်ဗျားအမျိုးသမီးက ရေဇယ့်အဒေါ်လေ။ သူ ကျွန်တော်တို့ဆီ အမြဲစာရေးတယ်လေဗျာ။ သိပ်ဖတ်လို့ ကောင်းတဲ့စာတွေ…"

အဖေ သူ့ကို မမှတ်မိပါ။ သိဟန်လည်း မတူပါ။ တစ်ချိန်လုံး ရပ်ရေးရွာရေးများဖြင့် အလုပ်ရှုပ်နေတတ်သော အဖေသည် မိသားစုကိစ္စများနှင့် ဝေးနေတတ်သည်။ အိမ်မြဲတမ်းလို အပြင်ထွက်နေတတ်သည်။ အိမ်မှာနေလျှင် လည်း တစ်ယောက်တည်း အတွေးတစ်ခုခုတွင် နစ်မျောနေတတ်သည်။ (တစ်ခါတွင် အမျိုးတစ်ယောက် အိမ်ရောက်လာသည်။ တစ်စားပွဲတည်း ထိုင်ကာ နှစ်ပတ်တိတိ အိမ်တွင် စားသောက်နေသွားသည်။ ပြန်ခါနီးမှ သူ ရောက်နေကြောင်း အဖေ သတိထားမိသည်။)

စတိန်းကို လုံးလုံး မမှတ်မိပါ။ ကျွန်တော်က မှတ်မိသည်။ ဘယ်လ်ဂျီယံ ထွက်မသွားမီ ရေဇယ်ကို ကျွန်တော် ကောင်းကောင်း မှတ်မိနေသည်။

စတိန်းက သူ့အကြောင်း ပြောပြသည်။ ၁၉၄၂ ခုကတည်းက သူတို့ အဖမ်းခံရပုံမှစပြီး ဇာတ်ကြောင်းပြန်သည်။

"ဆစ်ဂက်ကလူတွေ ရောက်လာပြီလို့ ကြားတာနဲ့ ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာ။ အင့်တဝပ်မှာ ကျန်ခဲ့တဲ့ ကျွန်တော့်မိန်းမနဲ့ သားလေး နှစ်ယောက်သတင်းကို ခင်ဗျားတို့များ ကြားမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဘာမျှ မကြားပါ။ ၁၉၄၀ ခုနှစ်ကတည်းက သူတို့နှင့် စာအဆက်အသွယ် ပြတ်သွားသည်။ သို့သော် ကျွန်တော် လိမ်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ အမေ့ဆီ ရေဇယ့်စာ လာတယ်ခင်ဗျ၊ သားအမိတွေ နေကောင်းကြပါတယ်တဲ့"

သူ တရှုပ်ရှုပ် ငိုသည်။ သူ ကျွန်တော့်အနားမှာနေပြီး သတင်းပလင်းတွေ မေးချင်နေသေးသည်။ သို့သော် ဂျာမန်စစ်ဗိုလ် ခပ်လှမ်းလှမ်းမှ လျှောက်လာနေသည်ကို မြင်တော့ ဇက်ပုပြီး လူတန်းကြီးထဲတွင် ပျောက်ကွယ်သွားသည်။ နောက်တစ်နေ့မှာ သူ လာဦးမည် ထင်သည်။

တန်းဖြုတ် ခေါင်းလောင်းသံ ကြားလိုက်ရသည်။ ညနေစာယူဖို့ စားဖိုဆောင်သို့ အလုအယက် သွားကြသည်။ ထိုနေ့က ပေါင်မုန့်နှင့် မာဂျရင်းရသည်။ ကျွန်တော် အရမ်းဆာနေပြီ။ လက်ထဲရောက်ရောက်ချင်း တစ်ခါတည်း ဝါးပစ်လိုက်သည်။ အဖေက ကျွန်တော့်ကို သတိပေးသည်။

"သား၊ အကုန်စားမပစ်လိုက်နဲ့၊ မနက်ဖြန် အခြေအနေက ဘာမှန်း မသိသေးဘူး"

သို့သော် သူပြောတော့ ကျွန်တော်က ကုန်နေပြီ။ သူက သူ့ဝေစုကို တို့ပင် မတို့သေး။

"အဖေ သိပ်မဆာပါဘူးကွာ"ဟု ဆိုလေသည်။

❖

အော့ရှ်ဝစ်ဇ်သို့ ရောက်ခဲ့သည်မှာ သုံးပတ်ကြာခဲ့ပြီ။ ဘာမျှ မည်မည်ရရ မလုပ်ရပါ။ တစ်နေ့လုံး တစ်ညလုံး အိပ်လိုက်စားလိုက်ဖြင့် အနေချောင်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှ မပို့ပါစေနှင့်ဟု ဆုတောင်းနေကြရသည်။ သည်မှာ ကြာနိုင်သမျှ ကြာကြာနေချင်ကြသည်။ ကျွမ်းကျင်လုပ်သား မဖြစ်ခြင်းအတွက် ကျွန်တော်တို့ ကံကောင်းနေကြသည်။

တတိယပတ်ထဲရောက်တော့ အဆောင်မှူး လဲပစ်လိုက်သည်။ ပိုလန်သားက သိပ်လူသားဆန်လွန်း၏။ နောက်ရောက်လာသူက ရိုင်းစိုင်းကြမ်းတမ်းလွန်းသူ ဖြစ်သည်။ သူ့လက်ကောက်တွေက ပိုဆိုးသည်။ တဖြည်းဖြည်းနှင့် သည်စခန်းမှ ပြောင်းပေးပါစေဟု ဆုတောင်းလာရတော့သည်။

အမျိုးတော်သူ စတိန်း မကြာမကြာ ရောက်လာသည်။ လာတိုင်း ပေါင်မုန့်ကလေး တစ်ခြမ်းတစ်ဖဲ့ ပါလာတတ်၏။

"ရော့၊ ဒါက မင်းအတွက် အယ်လီဆာ"

ပြောပြီး ကျွန်တော့်ကိုကြည့်ကာ မျက်ရည်တွေ ကျလာတတ်သည်။ ပြီးတော့ အဖေ့ကို ပြောလေ့ရှိ၏

"ခင်ဗျားသားကို ဂရုစိုက်နော်၊ သူ့ကြည့်ရတာ အားနည်းနေသလိုပဲ။ ရေဓာတ် နည်းနေတယ်ထင်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး။ လူရွေးရင် မပါစေနဲ့။ များများစား။ ဘာရရ ဘယ်အချိန်ရရ စားသာစား။ ဒီမှာ အားနည်းတဲ့လူတွေ။ နေမကောင်းတဲ့သူတွေ ကြာကြာမထားဘူး"

သူ့ကြည့်ရသည်မှာလည်း အခြေအနေ သိပ်မကောင်း။ လေတိုးလျှင် ထိုးလဲမည့်ပုံ။

"ကျွန်တော် အသက်ရှင်နေတာက ရေဇယ်လ်နဲ့ သားလေးတွေ အသက်ရှင်နေသေးလို့ဗျ၊ မဟုတ်ရင် စိတ်လျှော့လိုက်တာ ကြာပြီ"

တစ်ညနေ သူ ရောက်လာသည်။ မှိုရသည့် မျက်နှာဖြင့်။

"အင့်တဝပ်ကအုပ်စု ရောက်လာတယ်။ မနက်ဖြန် ကျွန်တော် တွေ့ဖြစ်အောင် တွေ့မယ်။ သတင်းကြားရမှာ သေချာတယ်"

ပြောပြီး သူ ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် သူ့ကို မတွေ့ရတော့ပါ။ အင့်တဝပ်သတင်းတွေ သူ ရသွားပါလိမ့်မည်။ တကယ့် သတင်းမှန်တွေလေ။

❖

ညညတွင် အိပ်စင်ပေါ်လှဲကာ ကျွန်တော်တို့ ဓမ္မတေးများ စုပေါင်းသီချင်းဆိုကြသည်။ ဒရမ်တီးသမား အကီဘာ၏ အသံကြောင့် ကျွန်တော်တို့အားလုံး ကြေအင်ကြေကွဲ အသည်းခိုက်အောင် ခံစားကြရသည်။ သူ့အသံက လေးနက်သည်။ အောင်မြင်သည်။

အချို့က ဘုရားသခင်ကို တိုင်တည်ပြီး အမွှမ်းတွေ ရွတ်ကြသည်။ ဂျူးလူမျိုးတို့၏ ဒုစရိုက်များကို ဆေးကြောပေးဖို့ အသနားခံကြသည်။ ခံခဲ့ရသည့် ဒုက္ခသုက္ခများအတွက် အလျော်ပေးဖို့ ပန်ကြားကြသည်။

ကျွန်တော်ကတော့ ဘုရားဝတ်ပြုခြင်းကို ရပ်ဆိုင်းလိုက်ပြီ။ ကျွန်တော်တာဝန်ကျသည့် အလုပ်တွင်သာ ဖိလုပ်နေသည်။ ဘုရားသခင်ရှိသည်ကိုတော့ ကျွန်တော် မငြင်းပါ။ သို့သော် သံသယစိတ်တွေ ဝင်လာနေပြီ။ ကိုယ်တော်အရှင်၏ စီရင်ဆုံးဖြတ်မှုတွေကို တစ်စတစ်စ အယုံအကြည်မဲ့လာပြီ။

ဒရမ်တီးသမား အကီဘာက ဆိုသည်။

"ဘုရားသခင်က တို့ကိုစမ်းသပ်နေတာ။ ငါတို့တစ်တွေရဲ့ ဗီဇ စိတ်ကိုလေ့လာနေတာ။ ဒုစရိုက်ကို တို့အတွက်နဲ့ အသေသတ်နိုင် မသတ်နိုင် စောင့်ကြည့်နေတာ။ ငါတို့အားလုံးမှာ စိတ်ပျက်အားလျော့ခွင့် မရှိဘူး။ ကိုယ်တော်အရှင်က ငါတို့ကို အကြင်နာမဲ့စွာ ဒဏ်ခတ်နေတယ်ဆိုရင် တို့ကို ချစ်မြတ်နိုးလို့ပဲ။ အနှိုင်းအဆမဲ့သော မေတ္တာမျိုးနဲ့"

ဟတ်ရှ်ဂီနွဒ်က ကက်ဘာလာကျမ်းကို အရည်ကျိုသောက်ထားသူ၊



www.burmeseclassic.com

www.burmeseclassic.com



သူက ကမ္ဘာကြီး ပျက်သုဉ်းမည့်နေ့အကြောင်းပြောရင်း ဘုရားသခင်အကြောင်း ဟောကြားသည်။

သူတို့ပြောတာတွေ နားထောင်ရင်း နားထောင်ရင်း ကျွန်တော့်ခေါင်းထဲ မေးခွန်းတစ်ခု ဝင်လာသည်။ အမေ ခု ဘယ်မှာလဲ။ ညီမလေး ဇီပိုရာ ဘယ်မှာလဲ။

အဖေ ပြောဖူးသည်။

"မင်းတို့ အမေက သိပ်မကြီးသေးတော့ အလုပ်ကြမ်းစခန်း တစ်နေရာရာမှာ ရှိမှာပေါ့။ မင်းညီမလေးလည်း ခုလောက်ဆို အလုပ်လုပ်နိုင်တဲ့ အရွယ် ရောက်လောက်ပြီဆိုတော့ မင်းအမေနဲ့အတူတူ အလုပ်လုပ်နေရမှာပေါ့။ တစ်နေရာတည်းမှာ အတူတူ ရှိနေမှာပါ"

ဘယ်လိုလုပ်ပြီး ကျွန်တော် ယုံနိုင်ပါ့မည်လဲ။ သို့သော် ကျွန်တော်တို့ အားလုံး ယုံကြည်ဟန် ဆောင်ထားခဲ့ကြသည်။

❖

လက်မှုပညာ တတ်ကျွမ်းသူများကို အလုပ်စခန်း အသီးသီးသို့ ခွဲပို့လိုက်ပြီးပြီ။ ကျွန်တော်တို့ ရိုးရိုးအလုပ်သမား တစ်ရာခန့်သာ ကျန်နေခဲ့၏။ တစ်နေ့တွင် အဆောင်မှူးက ကြေညာသည်။

"ဒီနေ့ မင်းတို့အလှည့်။ ဒီအသုတ်နဲ့ မင်းတို့ လိုက်ရမယ်"

မနက်ဆယ်နာရီတွင် နေ့စဉ်ပေးနေကျ ပေါင်မုန့်ဝေစု ကျွန်တော်တို့ ထုတ်ကြသည်။ ဂျာမန်စစ်သား တစ်ဒါဇင်လောက် စောင့်ကြည့်နေကြ၏။ ဂိတ်ဝက ဆိုင်းဘုတ်ကြီး၏ ကြွေးကြော်သံအရဆိုလျှင် ကျွန်တော်တို့တစ်တွေ လွတ်လပ်နေပြီ။

လူစစ်သည်။ ပြီးတော့ နေပူကျဲကျဲတွင် လမ်းပေါ်ကို ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသည်။ ကောင်းကင်တွင် တိမ်ဖြူဖြူကလေးတွေ တစ်စွန်းတစ်စသာ တွေ့ရသည်။

ခပ်ဖြည်းဖြည်းပင် လျှောက်လာခဲ့ကြ၏။ သူတို့ကလည်း အမြန် မမောင်းကြပါ။ သည်အတွက် ကြံဖန်ပြီး သူတို့ကို ကျေးဇူးတင်ရသေးသည်။ ရွာတွေကိုဖြတ်တော့ ဂျာမန်အချို့ကို တွေ့ရသည်။ ကျွန်တော်တို့ကို စောင့်ကြည့်နေကြ၏။ အံ့သြသည့်အမူအရာ မပြကြ။ သည်လို လူတန်းကြီးတွေကို မြင်နေကျ ဖြစ်ဟန်တူသည်။

လမ်းတွင်လည်း ဂျာမန်အမျိုးသမီးငယ်များကို လှမ်းမြင်ရသည်။ ဂျာမန်စစ်သားတွေက သူတို့ကို စလိုက်နောက်လိုက် လုပ်ကြသည်။ သူတို့ကလည်း တခစ်ခစ်ရယ်ကာ ကလူ၏သို့ မြူ၏သို့ လုပ်ကြ၏။ နမ်းခွင့်ပင် ပေးလိုက်သေးသည်။ ပြီးတော့ တဝါးဝါးရယ်ကြသည်။ သူတို့အချင်းချင်း နောက်လိုက်ပြောင်လိုက် ရယ်လိုက် မောလိုက်၊ ရိသဲ့သဲ့ အစောင်းအချိတ်စကားများဖြင့် ကျီစယ်လိုက် လုပ်နေကြသည်။

ကျွန်တော်တို့ကို ရိုက်ဖို့၊ ဆဲဖို့ သတိမေ့နေခြင်းအတွက် အားလုံးပျော်နေကြသည်။

လေးနာရီ လမ်းလျှောက်ပြီးမှ စခန်းအသစ်တစ်ခုသို့ ရောက်သည်။ စခန်းအမည်က ဘူနာ။ အထဲရောက်သည်နှင့် ဂိတ်တံခါးကြီး ပိတ်သွားသည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

(၄)

စခန်းအခြေအနေက မသာယာ။ ကူးစက်ရောဂါကြောင့် လူတွေ သေကျေပျက်စီးပြီး ကျန်ခဲ့သည့်နေရာမျိုးနှင့် တူနေသည်။ ယူနီဖောင်း စမတဲ့ကျုကျဝတ်ထားသည့် ထောင်ကျအချို့ကို အဆောင်တွေအကြားတွင် လှမ်းမြင်ရသည်။

ထုံးစံအတိုင်း ပထမဆုံး ရေချိုးခိုင်းသည်။ စခန်း ကြီးကြပ်ရေးမှူး ရောက်လာသည်။ ကျွဲပေါက်တစ်ကောင်လို တွေနေအောင် တောင့်သည့်လူကြီး ဖြစ်၏။ ပခုံးကျယ်ကြီးနှင့် လည်ပင်းက နွားသိုးတစ်ကောင်အတိုင်းပင်။ ဆံပင်ကောက်ကောက် နှုတ်ခမ်းထူထူနှင့် ကြောက်မက်ဖွယ်အတိ။ သို့သော် လည်း အပြာရင့်ရောင် မျက်ဝန်းအစုံဖြင့် အကျဉ်းသားများကို ပြုံးကြည့်နေသည်။ ကြင်နာတတ်ပုံကို တွေ့ရ၏။ ကျွန်တော်တို့အုပ်စုတွင် ဆယ့်နှစ်နှစ်သား ကလေးတွေ ပါသည်။ ထိုဂျာမန်အရာရှိ လူထွားကြီးက ကလေးချစ်တတ်ပုံ ရသည်။ ကလေးများကို ချက်ချင်း မုန့်ကျွေးဖို့ အမိန့်ပေးသည်။

ကျွန်တော်တို့ကို ဝတ်စုံသစ်များထုတ်ပေးပြီး တဲကြီးနှစ်လုံးတွင် နေရာ ချထားပေးသည်။ လုပ်ငန်းခွင်မှ ပြန်လာသည့် အကျဉ်းသားများကို တွေ့ဖို့ စောင့်ကြရသည်။ စခန်းတစ်ခုခုတွင် တာဝန်ချထားပေးမည်ဟု သိရ၏။

ညနေပိုင်းတွင် လုပ်ငန်းခွင်မှ အကျဉ်းသားများ ပြန်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်းစီ လူစစ်ပြီးသည်နှင့် အသိအကျွမ်းတွေများ တွေ့မလားဆိုပြီး ကျွန်တော်တို့ လိုက်ရှာကြသည်။

အရင်ရောက်နှင့်နေသူ လူဟောင်းများအား ဝိုင်းမေးကြသည်။ ဘယ်စခန်းဟာ အနေအချောင်ဆုံးလဲဟူသည့် မေးခွန်း။ သူတို့အားလုံး တညီတညွတ်တည်း ဖြေကြသည်။

"ဟောဒီ ဘူနာဟာ အကောင်းဆုံးပဲ၊ ဒီမှာ အတော်လေး လွတ်လပ်တယ်၊ အရေးကြီးဆုံးကတော့ ဆောက်လုပ်ရေးစခန်းတစ်ခုခုကို ရောက်မသွားဖို့ပဲ"

သူတို့ပြောနေပုံက ကျွန်တော်တို့တွင် ရွေးချယ်ပိုင်ခွင့် ရှိနေသည့်အလား။

ကျွန်တော်တို့တဲကို အုပ်ချုပ်သည့် ဂျာမန်က လူသတ်သမားရုပ်။ လက်ချောင်းတွေက ဝံပုလွေတစ်ကောင်၏ လက်အတိုင်း။ ခန္ဓာကိုယ်အတွဲဘောကြီးကို သူ့ဘာသာသူ မနည်းသယ်နေရသည်။ စခန်းတာဝန်ခံအရာရှိလိုပင် သူကလည်း ကလေးချစ်တတ်သည်။ ကျွန်တော်တို့နှင့်တွေ့ပြီး မကြာခင်အတွင်း ကလေးတွေကို ပေါင်မုန့်၊ စွပ်ပြုတ်နှင့် မာဂျရင်းတွေ ဝေပေးသည်။ (နောင်မှ ကျွန်တော်တို့သိရသည်။ ကလေးတွေကို သူတို့အကြင်နာတရားဖြင့် မုန့်ကျွေးခြင်းမဟုတ်၊ လိင်ဖျော်ဖြေမှုအတွက် အသုံးချကြသည်တဲ့။)

သူက ကျွန်တော်တို့ကို ပြောသည်။

"မင်းတို့အားလုံး ကျန်းမာရေးအတွက် ဒီမှာ သုံးရက် နေရမယ်၊ မနက်ဖြန် ဆေးစစ်မယ်"

သူ့လက်ထောက်က လူငယ်ကလေးတစ်ယောက် ဖြစ်သည်။ သူ့ခိုးမျက်လုံးနှင့်။ သူက ကျွန်တော့်ဆီ လျှောက်လာပြီး စကားပြောသည်။

"မင်း နေရာကောင်းကောင်း ရချင်လား"

"ရချင်တာပေါ့။ ဒါပေမဲ့ ငါ့အဖေနဲ့တော့ မခွဲနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ငါလုပ်ပေးနိုင်တယ်။ မင်းဖိနပ် ငါ့ကိုပေးပါလား။ ငါ အစားတစ်ရန် ပေးမယ်"

မပေးနိုင်ကြောင်း ကျွန်တော် ငြင်းလိုက်သည်။ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ဒါလေးပဲ ကျန်တော့တာ မဟုတ်လား။

"မင်းကို ငါ ပေါင်မုန့်လည်း ပိုပေးမယ်။ မာဂျရင်းလည်း ပေးမယ်"

ကျွန်တော့်ဖိနပ်ကို သူ သဘောကျနေပြီ။ ဒါပေမဲ့ ဘယ်တော့မှ မပေးဖို့ ကျွန်တော် ဆုံးဖြတ်ထားသည်။ သို့သော် နောက် ချွတ်ပေးလိုက်ရသည်သာ။ သူ့ဆီမှ ဘာမျှပြန်မရပါ။ တဲပြင်ဘက်တွင် မနက်စောစော ဆေးစစ်ကြရသည်။ ခုံရှည်တစ်ခုတွင် ဆရာဝန်သုံးယောက် ထိုင်ပြီး စစ်သည်။

ကျွန်တော့်အလှည့်ရောက်တော့ ထူးထူးထွေထွေ မစစ်ပါ။

"မင်း ကျန်းမာရေးကောင်းရဲ့လား"ဟုသာ မေးပါသည်။

"ကောင်းပါတယ်"

မကောင်းပါဘူးဟု ဘယ်သူ ပြောရဲပါမည်လဲ။ သွားဆရာကမူ စေ့စေ့စပ်စပ် စစ်သည်။ ကျွန်တော့်ကို ပါးစပ်ဟာခိုင်းသည်။ ရောဂါရှိသည့်သွားကို ကြည့်ခြင်းမဟုတ်။ ရွှေသွား ပါ မပါ ကြည့်ခြင်း ဖြစ်သည်။ ရွှေသွား ပါသူများကို နံပါတ်မှတ်၍ စာရင်းတစ်ခုတွင် မှတ်သည်။ ကျွန်တော့်တွင် ရွှေသွား တစ်ချောင်း ရှိပါသည်။

သုံးရက်သည် လျင်မြန်စွာ ကုန်ဆုံးသွားလေသည်။ စတုတ္ထမြောက်နေ့ ရောက်တော့ တဲရှေ့တွင် တန်းစီကြရ၏။ လက်ကောက်များပေါ်လာပြီး သူတို့ စိတ်ကြိုက် လူရွေးကြသည်။

"မင်း…၊ မင်း၊ မင်း"

ကျွဲတွေ နွားတွေ အရောင်းအဝယ်လုပ်သလို လက်ညှိုးထိုးပြီး ရွေးသည်။

လူငယ် လက်ကောက်တစ်ယောက်နောက်ကို ကျွန်တော်တို့ လိုက်သွားကြရသည်။ ဂိတ်အဝင်ဝနှင့် မလှမ်းမကမ်း အဆောင်ရောက်တော့ ရပ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်အဆောင်မှာ တီးဝိုင်းအဖွဲ့ရှိသော အဆောင် ဖြစ်၏။ အားလုံးကို အထဲဝင်ခိုင်းသည်။ ဘာလုပ်တာပါလိမ့်။ ဂီတနှင့် ကျွန်တော်တို့ ဘာများ ပတ်သက်လို့တုံး။

တီးဝိုင်းက စစ်ချီတစ်ပုဒ် တီးနေသည်။ တီးနေကျ တေးသွားပင်။ အကျဉ်းကျ အလုပ်သမားတွေ စည်းချက်ကျကျ ထွက်လာကြသည်။ ပြီးတော့ လုပ်ငန်းခွင်သို့ ဆက်လက် ချီတက်သွားကြ၏။ လက်ကောက်တွေက နံဘေးမှ စည်းလိုက်ပေးသွားကြ၏။

"ဘယ် ညာ ဘယ်"

ဂျာမန်စစ်ဗိုလ်က ထွက်သွားသူများ၏ လူဦးရေစာရင်းကို ဖောင်တိန် တစ်ချောင်းဖြင့် စာရင်းမှတ်နေသည်။ ဘင်ခရာတီးဝိုင်းက နောက်လူကုန် သည်အထိ တီးပေးနေသည်။

တီးဝိုင်းခေါင်းဆောင် လက်ထဲမှ အချက်ပြ တုတ်ချောင်းကလေး ငြိမ်သွားသည်။ တီးဝိုင်းသံ တိတ်သွားတော့မှ လက်ကောက်တစ်ယောက်က အော်ပြီး အမိန့်ပေးသည်။

"တန်းစီ"

ကျွန်တော်တို့အားလုံး ငါးယောက်တစ်တွဲ တန်းစီကြသည်။ တီးဝိုင်း သမားတွေပါ ဝင်စီကြ၏။ ကျွန်တော်တို့တစ်တွေ ဘင်ခရာမပါဘဲ စခန်းမှ ဘယ်ညာမှန်မှန် လျှောက်လှမ်းပြီး ထွက်ခဲ့ကြသည်။ စောစောက တေးသွား နားထဲတွင် စွဲနေဆဲ။

"ဘယ်ညာ ဘယ်ညာ"

ချီတက်ရင်း ဘင်ခရာတီးဝိုင်းမှ လူတွေနှင့် စကားပြောဖြစ်ကြသည်။ သူတို့အားလုံးလိုလိုမှာ ပိုလန်ဂျူးတွေ ဖြစ်သည်။ ဂျူးလစ်ဆိုသူက မျက်မှန်နှင့်။ ဖြူဖျော့ဖျော့မျက်နှာတွင် အောင့်သက်သက် အပြုံးကို တွေ့ရ၏။

ဂျူးလစ်က ဟန်ဂေရီပြည်ပေါက် ဂျူးတစ်ယောက် ဖြစ်၏။ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကျော် တယောဆရာတစ်ယောက် ဖြစ်သည်။ သူ့ကို ဂျာမန်တွေက ဗေထိုးဗင်ကို တီးခွင့်မပေး၊ အခြား ဂျာမန်သီချင်းတွေလည်း မတီးရဟု အမိန့်ထုတ်ထားသည်။ ဘာလင်သားကလေး ဟန့်စ်က စွယ်စုံဉာဏ်ထက်သူ ဖြစ်သည်။ ကျွန်တော်တို့ အလုပ်ကြပ်က ပိုလန်ဂျူး ဖရာနက်။ သူက ဝါဆောတက္ကသိုလ် ကျောင်းသား။

ဂျူးလစ်က ကျွန်တော်တို့ကို ရှင်းပြသည်။

"ငါတို့က လျှပ်စစ်ပစ္စည်းထုတ်တဲ့ စက်ရုံမှာ အလုပ်လုပ်ရတယ်။ ရှေ့သိပ်မဝေးတော့ဘူး။ အလုပ်က ဘာမှမခက်ဘူး။ အန္တရာယ်လည်း မရှိဘူး။ လက်ကောက်အီဒက်ဆိုတဲ့ ကောင်ကတော့ဆိုးတယ်။ ထစ်ခနဲဆို လက်ပါတယ်။ သူနဲ့ ကင်းအောင်နေနိုင်လေ ကောင်းလေပဲ"

ဟန့်စ်က ကျွန်တော့်ကို ပြုံးပြီးပြောသည်။

"မင်း ဒီအဖွဲ့ထဲရောက်လာတာ၊ သိပ်ကောင်းတယ် ချာတိတ်"

ဆယ်မိနစ်ကြာတော့ အလုပ်ရုံရှေ့သို့ ကျွန်တော်တို့ ရောက်လာကြသည်။ အရပ်သား ဂျာမန်ဆရာတစ်ယောက်က ကျွန်တော်တို့ကို ထွက်ကြိုသည်။ အဝတ်ဟောင်းတွေ လာရောင်းသည့် ဈေးသည်ကို ဆိုင်ရှင်က ကြိုနည်းနှင့် ကြိုခြင်း ဖြစ်၏။

သူတို့ပြောတာ မှန်ပါသည်။ အလုပ်က မခက်ပါ။ မြေကြီးပေါ်ထိုင်ပြီး မီးလုံးတွေ၊ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းကလေးများကို ရေတွက်ရသည်။

လက်ကောက်က သည်လုပ်ငန်း ဘယ်လောက်အရေးကြီးပုံကို ရှည်ရှည်ဝေးဝေး ရှင်းပြနေသည်။

"အလုပ် မတွင်ရင် ပျင်းရင်တော့ ကိုယ့်တာဝန် ကိုယ်ယူပဲ"

ကျွန်တော့်မိတ်ဆွေအသစ်က ရှင်းပြသည်။

"စိတ်မပူနဲ့၊ အဲဒါ သူ့ဆရာရှေ့မို့ ပြောတာ"

စက်ရုံထဲတွင် ပိုလန်အရပ်သား ဂျူးတွေရော၊ ပြင်သစ်ဂျူး အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



အချို့ပါ ရှိသည်။ အမျိုးသမီးတွေက ဂီတသမားများကို တိတ်တိတ်ကလေး ခိုးကြည့်ပြီး နှုတ်ဆက်ကြသည်။

ဖိုမင်ဖရာနက်က ကျွန်တော့်ကို အခန်းထောင့်တစ်နေရာတွင် တာဝန်ချ ထားသည်။

"ဘာမှ သေကောင်ပေါင်းလဲ လုပ်စရာ မလိုဘူး၊ အရေးတကြီး အလုပ် တွေ မဟုတ်ဘူး။ ဒါပေမဲ့ သတိနဲ့တော့နေ။ ဂျာမန်စစ်ဗိုလ်လာရင်တော့ ငိုက်မနေနဲ့"

ဖိုမင်လုပ်သူကို ကျွန်တော် အသနားခံသည်။

"တစ်ဆိတ်ခင်ဗျာ၊ အဖေနဲ့နီးနီး ကျွန်တော် အလုပ်လုပ်ပါရစေ"

"ကောင်းပြီ။ မင်းအဖေကို မင်းနောက်မှာ နေရာချထားပေးမယ်"

ကျွန်တော်တို့ ကံကောင်းပါသည်။ ကျွန်တော်တို့အုပ်စုထဲသို့ ချာတိတ် ညီအစ်ကို ရောက်လာသည်။ ယိုစီနှင့် တီဘီ။ ချက်နိုင်ငံသား ဂျူးလေးများ ဖြစ်သည်။ သူတို့မိဘတွေ ဘာကင်နူး လူသတ်ပွဲတွင် ပါသွားသည်။ ညီအစ်ကို နှစ်ယောက် အလွန်ချစ်ကြ၏။

မကြာခင် သူတို့နှင့် ကျွန်တော် မိတ်ဆွေဖြစ်သွားသည်။ တစ်ချိန်က ဇိုင်ယွန်ဝါဒီ လူငယ်များဖြစ်၍ ဟေဘရူးသီချင်းတွေ သူတို့ အများကြီးရသည်။ ဤသို့ဖြင့် ဂျူးရိုးရာတေးတွေကို ကျွန်တော်တို့ ဆိုဖြစ်ကြတော့သည်။ 'မြစ်မင်းဂျော်ဒန်၏ ညင်သာသည့် ရေစီးသံ'၊ 'ဂျေရုဆလင် မြို့မဟာ၏ ခမ်းနားကြီးကျယ်ပုံ' စသည် စသည်များ။ ပါလက်စတိုင်းအကြောင်းကိုလည်း မကြာခဏ ပြောဖြစ်ကြသည်။

သူတို့မိဘများသည် ကျွန်တော့်မိဘများလိုပင် အချိန်ရှိတုန်း အားလုံး ရောင်းချပြီး ထွက်ပြေးဖို့သတ္တိ မရှိခဲ့ကြပေ။

ကျွန်တော်တို့အားလုံး ဆုံးဖြတ်ထားပြီးပြီ။ စစ်ကြီးပြီးလို့ လွတ် မြောက်သည့်အချိန်အထိ ကျွန်တော်တို့ မသေဘဲ ရှင်ကျန်နေလျှင် ဥရောပတွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မျှ မနေ။ မီရာသင်္ဘောဖြင့် မြတ်သောမြေရှိရာကို ပြန်မည်။ ဟိုင်ဖာသို့ထွက်မည့် သင်္ဘောပေါ် ပြေးတက်မည်။

ကက်ဘာလာကျမ်းစာများ၏ အဆုံးအမတွင် တည်နေဆဲ၊ အိပ်မက်မက်နေဆဲဖြစ်သည့် ဒရမ်တီးသမား အကီဘာက ကျမ်းစာတွေကိုရွတ်၊ ဂဏန်းဗေဒင်တွေ တွက်နှင့် နိမိတ်တွေ ဖတ်နေသည်။ ကျွန်တော်တို့ လွတ်မြောက်ဖို့ ရက်သတ္တပတ် အနည်းငယ်ပဲ လိုတော့သည်တဲ့။

❖

တဲကြီးကို ကျွန်တော်တို့ထားခဲ့ပြီး တီးဝိုင်းရှိသည့် တိုက်တန်းလျားသို့ ပြောင်းလာခဲ့ကြရသည်။ အဆင့်မြင့်လာခဲ့ပါပြီ။ ခြံစရာ စောင်တစ်ထည်ရပြီ။ ချိုးဖို့ ရေခွက်တစ်ခွက်ရပြီ။ လျှော်စရာဖွပ်စရာ ဆပ်ပြာတစ်တောင့်ရပြီ။ လက်စသတ်တော့ အဆောင်မှူးက ဂျာမန်ဂျူးကိုး။

ကျွန်တော်တို့ နောက်ထပ် ကံကောင်းခြင်းပင်။ ကိုယ့်လူမျိုး အချင်းချင်း ခေါင်းဆောင်မှုအောက်တွင် နေရခြင်းမှာ အပျော်သီကံ ချမ်းသာလေစွ။

သူ့နာမည်မှာ အယ်လ်ဖောင့်စ် ဖြစ်သည်။ လူငယ်တစ်ယောက် ဖြစ်၏။ မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် အရိုးတွေ ငေါငေါ ထွက်နေသည်။

သူက သူ့အဆောင်အတွက် လုံးဝ အကာအကွယ်ပေးသူ ဖြစ်သည်။ တတ်နိုင်သည့်အခါတိုင်း ကလေးများအတွက် စွပ်ပြုတ်တွေ ဇလုံကြီးနှင့် ထည့်ယူလာတတ်သည်။ အားနည်းနေသူများကိုပါ တိုက်သည်။ ပြီးတော့ လွတ်မြောက်ရေးထက် အာဟာရကို မက်သူများကိုလည်း ပိုပိုသာသာ ကျွေးသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ အလုပ်ရုံမှ အိပ်ဆောင်သို့ ပြန်အလာတွင် အဆောင် အတွင်းရေးမှူးက ကျွန်တော့်ကို ခေါ်သည်။

"အေ ၇၇၁၃ ဘယ်သူလဲဟေ့"

"ကျွန်တော်ပါ"

"စားပြီးတာနဲ့ သွားဆရာဝန်ဆီသွား"

"ဗျာ… ကျွန်တော် သွားမကိုက်ပါဘူး"

"စားပြီးရင် သွား၊ ငါပြောတဲ့အတိုင်းလုပ်"

ကျွန်တော် ဆေးခန်းကို ထွက်လာခဲ့ရသည်။ အပေါက်ဝတွင် အကျဉ်းသား နှစ်ဆယ်ခန့် တန်းစီနေသည်ကို တွေ့ရ၏။ မကြာခင် အချိန်အတွင်း ဘာကြောင့်ခေါ်သည်ကို သိရတော့သည်။ ကျွန်တော့်တွင် ရွှေသွားတစ်ချောင်း ရှိသည်ကိုး။ သူတို့ နုတ်ယူကြတော့မည်။

သွားဆရာဝန်မှာ ချက်နိုင်ငံသား ဂျူးလူမျိုး ဖြစ်သည်။ ဂျာမန်ဆရာဝန်တွေလို လူသတ်သမား မျက်နှာမျိုး။ သူ ပါးစပ်ဟလိုက်သည့်အခါ ဝါကျင်ကျင်နှင့် ကျိုးပဲ့နေသည့် သွားများကို တွေ့ရ၏။

ကုလားထိုင်တွင်ထိုင်ပြီး ကျွန်တော်က ကျိုးနွံစွာ မေးလိုက်သည်။

"ဆရာ တကယ်လုပ်မှာလားဟင်"

"ရွှေကွပ်ထားတဲ့ သွားကို နုတ်ယူရုံပါပဲ"

သူက တစ်လုံးချင်း ခပ်ရှင်းရှင်း ပြောပြသည်။ ကျွန်တော်က ဖျားချင်ယောင်ဆောင်ဖို့ စိတ်ကူးလိုက်သည်။

"နောက်မှ နုတ်လို့မရဘူးလားဆရာ၊ ကျွန်တော် နေမကောင်းလို့ပါ"

သူက နဖူးရှုံ့ပြီး ခဏစဉ်းစားသည်။ ပြီးတော့ ကျွန်တော့် လက်ကောက်ဝတ်ကို စမ်းကြည့်သည်။

"ကောင်းပြီလေ၊ မင်းနေကောင်းတဲ့အခါမှ ပြန်လာခဲ့။ ငါ မခေါ်ရစေနဲ့နော် ချာတိတ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ကြာတော့ ကျွန်တော် ပြန်သွားသည်။ နေမကောင်းကြောင်း ထပ်ပြောသည်။ သူ ယုံပါ့မလားဟု ကျွန်တော် တွေးလန့်နေ၏။ သူက အံ့ဩဟန်မပြဘဲ ခွင့်ပြုလိုက်သည်။ ကျွန်တော့်ကတိအတိုင်း သူ့ဆီ ပြန်လာသည်ကို ဆရာဝန်က သဘောကျနေပုံ။

ကျွန်တော်ပြန်လာပြီး မကြာခင်ပင် သူ့ သွားဆေးခန်းကို ပိတ်ပစ်လိုက်သည်။ သူ အကျဉ်းသား ဖြစ်သွားပြီ။ ကြိုးပေးခံရမည်ဟု သတင်းဖြစ်နေသည်။ ရွှေသွားတွေကို သူက အားလုံးမအပ်ဘဲ ဖြတ်ပြီး 'ဗုန်း' ထားသည်တဲ့။ ကံကောင်းထောက်မ၍ ကျွန်တော့် ရွှေသွားကလေး မဆုံးသော်လည်း သူ့အတွက် ကျွန်တော် ကရုဏာ မသက်မိပါ။

တစ်နေ့တွင် သည်ရွှေသွားကလေး အသုံးဝင်လာနိုင်သည်။ ပေါင်မုန့်နှင့် လဲလို့ရမည်။ အသက်ချမ်းသာရဖို့ပင် အသုံးဝင်မကောင်း ဝင်နိုင်သေးသည်။

လောလောဆယ်တွင်တော့ စွပ်ပြုတ်တစ်ခွက်နှင့် အနံ့အသက် မကောင်းသည့် ပေါင်မုန့်တစ်ချပ်ရဖို့ပဲ ကျွန်တော့်အတွက် အရေးအကြီးဆုံး ဖြစ်၏။ အသက်ဆက်ဖို့ ဝမ်းတစ်ထွာကိစ္စသည်သာ အခရာဖြစ်လေသည်။

❖

အလုပ်ရုံထဲတွင် ပြင်သစ်အမျိုးသမီးတစ်ယောက်နှင့် ကျွန်တော် မကြာမကြာ တွဲလုပ်ရသည်။ သို့သော် စကားမပြောဖြစ်ကြ။ သူက ဂျာမန်စကား မတတ်။ ကျွန်တော်က ပြင်သစ်စကား မသိ။

သူ့ကြည့်ရတာ ဂျူးအမျိုးသမီးနှင့်တော့ တူသည်။ သို့သော် အာရိယံသွေးစစ်တော့ သူအောင်သည်။ သူက အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံရသည့် အမျိုးသမီးဖြစ်၏။

တစ်နေ့တွင် အလုပ်ရုံမှူး အီဒက်တစ်ယောက် ဒေါသူပုန်ထနေသည်။ ကံဆိုးချင်တော့ ထိုနေ့က ကျွန်တော့်အလှည့် ဖြစ်သွားသည်။ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



တောရိုင်းတိရစ္ဆာန်တစ်ကောင်လို ခုန်အုပ်၊ ဦးခေါင်းနှင့် ရင်ဘတ်ကို တအား ကန်ကျောက် ထိုးနှက်တော့၏။ ဆွဲထူပြီး ကိုင်ပေါက်၏။ နောက်တစ်ခါ ဆွဲထူပြီး စိတ်ကြိုက် ရိုက်ပုတ်ပြန်သည်။

ကျွန်တော့်တစ်ကိုယ်လုံး သွေးချင်းချင်းနီနေပြီ။ သို့သော် မအော်မိအောင် နှုတ်ခမ်းကို တအားကိုက်ထားလိုက်၏။ ဒါကို သူက အာခံသည်ဟု တလွဲ ယူဆပြီး ထပ်ထိုးပြန်သည်။

နောက်ဆုံးမှ သူက ရပ်လိုက်ပြီး ဘာမျှမဖြစ်သလို အလုပ်ဆက်လုပ်ခိုင်း သည်။ သူ့ကြည့်ရသည်မှာ အပျော်လက်ဝှေ့ထိုးပွဲ ပြီးသွားသည့် ပုံစံမျိုး။

ကျွန်တော့်နေရာကို ပြန်ရောက်အောင် ကိုယ့်ကိုယ်ကိုယ် မနည်း သယ်သွားရသည်။ တစ်ကိုယ်လုံး အတွင်းကြေ ကြေနေပြီ ထင်လိုက်၏။ နဖူးပေါ်မှ သွေးတွေကို လက်နုနုကလေးဖြင့် သုတ်ပေးလာသည်ကို ခံစားရ လိုက်၏။ သူက ကျွန်တော့်လက်ထဲကို ပေါင်မုန့်တစ်ချပ် ထည့်ပေးရင်း ကြေကွဲစွာ ပြုံးပြရှာသည်။ ပြီးတော့ ကျွန်တော့် မျက်လုံးတွေထဲကို စိုက်ကြည့် နေသည်။ သူ တစ်ခုခု ပြောချင်မှန်း သိသာ၏။ သို့သော် အရမ်းကြောက်နေ ပုံရသည်။ သည်အတိုင်း အကြာကြီး ဆက်ကြည့်နေ၏။ ပြီးမှ သူ့မျက်နှာ ကလေး ဝင်းကြည်သွားကာ ပီသသော ဂျာမန်ဘာသာဖြင့် တိုးတိုးကလေး ကပ်ပြောသည်။

''တင်းထား မောင်လေး၊ နှုတ်ခမ်းကိုကိုက်ပြီး တင်းထား။ မငိုနဲ့၊ ဒေါသကို ထိန်းထား။ အမုန်းခွန်အားကို ထုတ်မပြနဲ့။ နောက်နေ့အတွက် ပြီးတော့ နောက်နေ့ နောက်နေ့တွေအတွက် မျိုသိပ်ထား။ အချိန် တစ်ချိန်ချိန်ကို ရောက်လာလိမ့်မယ်။ ခုတော့ တောင့်ထားဦး၊ အံကြိတ်ပြီးစောင့်နေ''

❖



www.burmeseclassic.com

www.burmeseclassic.com



နောင်နှစ်ပေါင်းများစွာ ကြာပြီးနောက် တစ်နေ့တွင် ပါရီ မြေအောက် ရထားဘူတာရုံမှာ ကျွန်တော် သတင်းစာ ထိုင်ဖတ်နေသည်။ ရှေ့တည့် တည့်မှ မိန်းမချောကို ကျွန်တော် တအံ့တသြ လှမ်းကြည့်လိုက်သည်။ ဆံပင် နက်နက်နှင့် မျက်လုံးတွေက ရီဝေဝေ။ သည်မျက်လုံးတွေကို မြင်ဖူးပါတယ်ဟု ထင်လိုက်၏။ ဘယ်မှာမြင်ဖူးထားပါလိမ့်။ သိပြီ။

"မဒမ်၊ ကျွန်တော့်ကို မမှတ်မိဘူးလား ဟင်"

"ဟင့်အင်း မမှတ်မိဘူး၊ မင်း ဘယ်သူလဲဟင်"

"၁၉၄၄ ခုနှစ်တုန်းက ပိုလန်ကို မဒမ် ရောက်ခဲ့တယ်လေ၊ နာဇီ အကျဉ်းစခန်း"

BURMESE CLASSIC .com

"အင်း၊ ဟုတ်တယ် ဒါပေမဲ့..."

"အစ်မနဲ့ ကျွန်တော် လျှပ်စစ်ပစ္စည်းအလုပ်ရုံ"

"ဟုတ်တယ်၊ ဟုတ်တယ်"

ပြောပြီး မျက်နှာပျက်သွားသည်။ ဘာမျှဆက်မပြောဘဲ ကျွန်တော့်ကို ကြောင်ကြည့်နေပြီးမှ–

"ဟုတ်ပြီ မှတ်မိပြီ၊ လက်စသတ်တော့..."

"ဟုတ်ကဲ့၊ လက်ကောက်အီဒက်နဲ့ ဂျူးချာတိတ်ကလေးလေ၊ အစ်မက ကျွန်တော့်ကို အားပေးစကားတွေ..."

ကျွန်တော်တို့နှစ်ယောက် ဘူတာထဲမှထွက်ပြီး အပေါ်တက်ခဲ့ကြသည်။ ကဖေးဆိုင်တစ်ဆိုင်၏ ဥပစာတွင်ထိုင်ပြီး တစ်ညနေလုံး ရှေးဖြစ် နောက် ကြောင်းများကို စားမြုံ့ပြန်ကြသည်။

"ကျွန်တော် အစ်မကို တစ်ခုမေးပါရစေနော်"

"မင်း ဘာမေးမယ်ဆိုတာ ကိုယ်သိပါတယ်။ ကိုယ် ဂျူးလူမျိုးလား ဆိုတဲ့မေးခွန်း မင်း မေးမှာ မဟုတ်လား။ ဟုတ်တယ် ကိုယ် ဂျူးစစ်စစ်ပါ။ ပြင်သစ်ကို သူတို့သိမ်းတော့ ကိုယ်တို့မိသားစုကို ဂျူး ဟုတ်၊မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စောင့်ကြည့်ခဲ့ကြတယ်။ ကိုယ်က စာရွက်စာတမ်း အတုတွေလုပ်ပြီး အစစ်ခံတော့ အာရိယံမျိုးရိုးလို့ အဖြေထွက်တယ်လေ။ ဒါပေမဲ့ ချွေးတပ် အဆွဲခံခဲ့ရတယ်။ အဲဒီလိုနဲ့ အော့ချ်ဝစ်ဇ်ကို ရောက်သွားတာ။ ကိုယ် ဂျာမန်လို တတ်တယ်ဆိုတာ ဘယ်သူမှ မသိဘူး။ သိရင် သူတို့ ပိုပြီး မသင်္ကာဖြစ်မှာ။ မင်း ပြင်သစ်လို မတတ်မှန်းသိလို့ အရဲစွန့်ပြီး ဂျာမန်လို ကိုယ် ပြောလိုက်တယ်။ အဲဒီအကြောင်း မင်းဘယ်သူ့မှ ပြန်မပြောဘူးဆိုတာ ယုံလို့လေ''

BURMESE CLASSIC .com

တစ်ခါတွင် ဒီဇယ်စက်ကြီးများကို ကားကြီးတွေပေါ် တင်ကြရသည်။ ဂျာမန်စစ်သားများက စောင့်ကြည့် ကြီးကြပ်သည်။ အီဒက် စိတ်တိုနေ၏။ ပေါက်ကွဲပြန်ပြီ။ သည်တစ်ခါ အလှည့်ကျသူက ကျွန်တော့်အဖေ။

''ဟိုချွေးသားကြီး၊ ဒါ အလုပ်လုပ်တယ်ခေါ်လား။ လက်ကြောတင်းအောင်လုပ်စမ်း''

ပြောပြောဆိုဆို လက်ထဲမှသံတုတ်နှင့် ရိုက်တော့သည်။ အချက်ပေါင်းများလာတော့ လဲကျသွား၏။ ရိုးရိုးလဲသွားပုံမျိုး မဟုတ်။ သစ်ပင်အိုကြီး တစ်ပင်ကို မိုးကြိုးပစ်သဖြင့် နှစ်ပိုင်းပြတ်ပြီး ကျိုးသွားသည့်အတိုင်းပင်။

အဖြစ်အပျက်ကို ကျွန်တော် အကြောင်သား ငေးကြည့်နေမိသည်။ ဘာတစ်ခွန်းမျှ ဝင်မပြော။ စင်စစ် ထိုတဒင်္ဂတွင် ကျွန်တော် စဉ်းစားနေသည်မှာ ထွက်ပြေးဖို့ ဖြစ်၏။ အရိုက်အနှက် မခံရဖို့ ဖြစ်၏။ ဒေါသထွက်နေ၍လည်း အကြောင်းထူးမည် မဟုတ်။ ဒေါသထွက်လျှင်လည်း လက်ကောက်ကြောင့် မဟုတ်ဘဲ အဖေ့ကြောင့်သာ ထွက်စရာ ဖြစ်နေ၏။

အီဒက်နှင့် ထိပ်တိုက်မတွေ့အောင် အဖေ ဘာလို့ မရှောင်နိုင်ရတာလဲ။ နာဇီ အကျဉ်းစခန်းက ကျွန်တော့်ကို သည်လို တွေးတတ်လာအောင် ပြောင်းလဲပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုမင်လုပ်သူ ဖရာနက်က တစ်နေ့တွင် ကျွန်တော့်ပါးစပ်ထဲ ရွှေသွား တစ်ချောင်း ရှိတဲ့အကြောင်း သတိထားမိသွားသည်။

"ချာတိတ်၊ မင်းရွှေသွား ငါ့ကို ပေးပါလားကွ"ဟု ပြောလာသည်။

ကျွန်တော်က မပေးနိုင်ကြောင်း၊ အဲဒီသွားမရှိလျှင် မဝါးနိုင်ကြောင်း ပြန်ပြောလိုက်သည်။

"မင်း စားရတဲ့ စားစရာထဲမှာ ဘာများ ဝါးစရာ ပါလို့လဲ"

ကျွန်တော်က အခြားအကြောင်းပြချက်တစ်ခု ထပ်ပေးလိုက်သည်။ ဆေးစစ်တုန်းက ရွှေသွားရှိတဲ့အကြောင်း မှတ်တမ်းတင်ပြီးသားဖြစ်လို့ သူရော ကျွန်တော်ပါ ဒုက္ခရောက်နိုင်ကြောင်း ပြောပြလိုက်သည်။

"မင်း ငါ့ကိုမပေးရင် ဒုက္ခရောက်နိုင်တယ်နော်"

သူ့မျက်လုံးများမှာ လောဘရမ္မက်ဖြင့် အရောင်လက်နေသည်။

"ဒါဆိုလည်း ကျွန်တော့်အဖေနဲ့ တိုင်ပင်ကြည့်ဦးမယ်ဗျာ"

အဖေ့ကို သည်အကြောင်း ပြောပြတော့ အကြာကြီး တွေပြီး စဉ်းစား နေသည်။

BURMESE CLASSIC .com

"မပေးနဲ့သား၊ မပေးသင့်ဘူး"

"သူက ရန်ငြိုးထားပြီး အပြစ်ရှာရင်ကော"

"သူ မလုပ်ရဲပါဘူးကွာ"

ကျွန်တော်တို့သားအဖ ကံဆိုးပါသည်။ ဖရာနက်က ဘယ်အချက် ကိုင်ရမည်ကို သိသွားပြီ။ ကျွန်တော်တို့၏ အားနည်းချက်ကို သူက တွေ့ထား ပြီးသား။

ကျွန်တော့်အဖေ ဘယ်တုန်းကမှ စစ်မှုမထမ်းခဲ့ပေ။ ဘယ်ညာလျှောက် ရင် ဘယ်တော့မှ ခြေလှမ်းမမှန်။ ကျွန်တော်တို့က ဘယ်စခန်းသွားသွား ဘယ်နေရာရွှေ့ရွှေ့ တန်းစီပြီး ဘယ်ညာဘယ်ညာ လုပ်ရသည်။

ဘယ်ညာ မမှန်တိုင်း အဖေ့ကို ဖရာနက်က ပါးရိုက်သည်။ လက်သီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးသည်။

အဖေ့ကို ဘယ်ညာ မှန်အောင် လျှောက်တတ်ဖို့ ကျွန်တော် သင်ပေးရတော့သည်။ အဆောင်ရှေ့ ကွက်လပ်တွင် အလုပ်စသည်။

"ဘယ် ညာ ဘယ်၊ ဘယ် ညာ ဘယ်"

အဖေ ကြိုးစားပြီး လေ့ကျင့်ရှာသည်။ ကျွန်တော်တို့ သားအဖကို ကြည့်ပြီး ဘဝတူအကျဉ်းသားတွေ ရယ်ကြသည်။

"ဟေး… ဟိုမှာကြည့်ကြ၊ စစ်အရာရှိပေါက်စကလေးက အဘိုးကြီးကို လမ်းလျှောက် သင်ပေးနေတယ်၊ ဟေး… ဗိုလ်ချုပ်ကလေး၊ အဲဒီအတွက် မင်း ပေါင်မုန့်ရရင် ပို့ရသလား"

အဖေက ဘယ်လောက်လေ့ကျင့်လေ့ကျင့် မှန်မှန် မလှမ်းတတ်။ သည်တော့ ဆက်ပြီး အထိုးအကြိတ် ခံနေရသည်။

"ဒီခွေးသားကြီး ခုထိ မှားတုန်း၊ မှားဦးကွာ မှားဦးကွာ"

ဆိုပြီး ထိုးပြန် ရိုက်ပြန်သည်။ သည်လိုဖြင့် နှစ်ပတ်ကြာသွားသည်။ ကျွန်တော်တို့ ဘာမှ မတတ်နိုင်။ လည်စင်း ခံနေရသည်။

တစ်နေ့တွင် ဖရာနက်က ခွက်ထိုးခွက်လန်ရယ်ပြီး–

"ငါ နည်းလမ်းတွေ့ပြီကွ။ မင်းက ငါ့ကို စောင့်ခိုင်းတော့။ စောင့်ရကျိုးနပ်အောင် လုပ်ရမှာပေါ့ကွာ၊ မင်းကို ငါပြောထားပြီးသားနော်၊ အသာတကြည် မပေးရင် မင်း ဒုက္ခရောက်နိုင်တယ်လို့။ မခက်ပါဘူးကွ၊ မင်းရဲ့ ခွဲတမ်း ပေါင်မုန့်တစ်ချပ် ပေးလိုက်ရုံနဲ့ နာမည်ကျော် ပိုလန်သွားစိုက်ဆရာဝန်က သွားနုတ်ပေးဖို့ သဘောတူတယ်လေ"

"ဘာဗျ၊ ကျွန်တော့်ပေါင်မုန့်လည်း ပေးရဦးမယ်၊ ရွှေသွားလည်း အဆုံးခံရဦးမယ် ဟုတ်လား"

ဖရာနက်က ပြုံးနေသည်။

"နို့ ငါက ဘာလုပ်ရမှာလဲ။ မင်းမျက်နှာကို သွားတွေထွက်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



ထိုးစေချင်လို့လား’’

ထိုညနေမှာပင် ကျွန်တော့်ကို အိမ်သာထဲခေါ်သွားပြီး ကြေးဇွန်း အဟောင်းကြီးဖြင့် ဝါဆောမြို့သား သွားစိုက်ဆရာဝန်က ကျွန်တော့်သွားကို နုတ်ပစ်လိုက်သည်။ သည်နောက်ပိုင်းတွင်မှ ဖရာနက် ချိုချိုသာသာ ပြန်ဖြစ်လာသည်။ ရံခါတွင် စွပ်ပြုတ်တွေ ပိုပိုသာသာ ထည့်ပေးသေးသည်။ သို့သော် သည်ကာလ သိပ်မကြာလိုက်ပါ။ နှစ်ပတ်ကြာပြီးတော့ ပိုလန်သား အားလုံး စခန်းပြောင်း ပစ်လိုက်ကြသည်။ ရွှေသွားအတွက် ကျွန်တော် ဘာမျှ မရလိုက်ပါ။

❖

သူတို့မပြောင်းခင် ရက်အနည်းငယ်က ကျွန်တော် အတွေ့အကြုံသစ် တစ်ခု ရလိုက်သည်။

ထို့နေ့က တနင်္ဂနွေနေ့ ဖြစ်၏။ ကျွန်တော်တို့ အဆောင်သားတွေ အလုပ်ဆင်းဖို့ မလိုကြောင်း ကောင်းသတင်းရသည်။ သို့သော် အလုပ်ရုံကိုတော့ သွားရမည်တဲ့။ ဘာများပါလိမ့်ဆိုပြီး ကျွန်တော်တို့အားလုံး တအံ့တဩ ဖြစ်နေကြသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။

အလုပ်ရုံရောက်တော့ အီဒက်က ကျွန်တော်တို့ကို ဖရာနက်လက်သို့ ဝကွက်အပ်လိုက်ပြီး အမိန့်ရှိသည်။

‘‘မင်းတို့ ကြိုက်တာလုပ်နေကြ။ တစ်ခုခုတော့ လုပ်နေနော်။ မဟုတ်ရင် မင်းတို့ ငါ့အကြောင်းသိမယ်’’ဟု ပြောပြီး ပျောက်သွားသည်။

ကျွန်တော်တို့ ဘာဆက်လုပ်ရမှန်း မသိဘဲ အူကြောင်ကျားဖြစ် ကျန်ရစ်သည်။ မြေကြီးပေါ် တိုးဝှေ့ပူးကပ်ပြီး ထိုင်နေရတာကြာတော့ တစ်ယောက် တစ်လဲထပြီး အလုပ်ရုံထဲတွင် မွှေကြသည်။ ပေါင်မုန့်ကလေး တစ်ဖဲ့တစ်စွဲ များ ရမည်လားဟု မျှော်လင့်ခြင်းများစွာဖြင့်။ တစ်ယောက်ယောက် မေ့ကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ ရှိနိုင်သည်လေ။

အလုပ်ရုံ နောက်ဘက်သို့ ကျွန်တော် ရောက်သွားတော့ အခန်းကလေး တစ်ခန်းထဲမှ လှုပ်ရှားသံများ ကြားလိုက်သည်။ ရှေ့နား အသာတိုးသွားပြီး ကြည့်တော့ အီဒက်ကို လှမ်းမြင်ရသည်။ ကောက်ရိုးမွေ့ရာပေါ်တွင် ပိုလန် ကောင်မလေး တစ်ယောက်နှင့်။

ဪ... ဒါကြောင့် လူတစ်ရာလောက် ပြောင်းပစ်လိုက်တာကိုး။ မြင်ကွင်းက ရယ်စရာအတိမို့ ကျွန်တော် ခစ်ခနဲ အသံထွက်သွားသည်။

အီဒက်က ဝုန်းခနဲထရပ်ပြီး ကျွန်တော့်ကို လှမ်းမြင်သွားသည်။ ကောင်မလေးက ကမန်းကတန်း အင်္ကျီကောက်ဝတ်သည်။ ကျွန်တော် ထွက်ပြေးဖို့ ကြိုးစားသည်။ သို့သော် ခြေထောက်တွေက ကြမ်းပြင်နှင့် သံမှိုစွဲထားသလို လှုပ်လို့မရဘဲ ဖြစ်နေသည်။

သူက ကျွန်တော့်လည်ပင်းကို လာညှစ်ပြီး ကြောက်မက်ဖွယ် ခြိမ်း ခြောက်သည်။

"ခွေးသားလေး၊ မင်း ငါ့အမိန့်ကို မနာခံဘဲ အလုပ်ရုံထဲက ထွက်လာ တယ်။ အဲဒီအတွက် မင်း တန်ဖိုးကြီးကြီး ပေးဆပ်ရလိမ့်မယ်။ သွား ကိုယ့်နေရာ ကိုယ်ပြန်"

အလုပ်ဆင်းချိန်မတိုင်မီ နာရီဝက်အလိုတွင် နာမည်စာရင်း ခေါ်သည်။ ဘာကြောင့်များ အချိန်စောပြီး လူစစ်တာပါလိမ့်။ ဘယ်သူမှ နားမလည်ကြ။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ သိသူမှာ ကျွန်တော်တစ်ယောက်သာ ရှိသည်။ လက်ကောက်လုပ်သူက တိုတိုတုတ်တုတ် စကားစပြောသည်။

"အကျဉ်းသားတစ်ယောက်က တခြားလူတွေရဲ့ ကိုယ်ရေးကိုယ်တာကို မစပ်စုရဘူး။ မင်းတို့အထဲကတစ်ယောက်ဟာ ဒီစည်းကမ်းကို မနာခံခဲ့ဘူး။ ဒါကြောင့် သူ့ကို အပြစ်ပေးရမယ်။ တစ်ခါတည်း အသည်းစွဲသွားအောင် ပညာပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ စက်စက်နစ်နေပြီ။

"နံပါတ် အေ ၇၇၁၃"

ကျွန်တော် ရှေ့တစ်လှမ်း တိုးလိုက်သည်။

သေတ္တာရှည်ရှည်ကြီးကို လူအချို့ သယ်ယူလာကြ၏။

"အပေါ်တက်၊ ဝမ်းလျားမှောက်"

အမိန့်ကို ကျွန်တော် နာခံရသည်။

နောက်တော့ ကျောပေါ်ကျလာသည့် ကြိမ်ချက်တွေကလွဲပြီး ကျွန်တော် ဘာမျှမသိတော့။

"တစ်၊ နှစ်..."

သူက အသံထွက် ရေတွက်ပြီး ရိုက်သည်။ တစ်ချက်နှင့် တစ်ချက် ကြားတွင် ခဏလေးနားသည်။ အစပိုင်းတွင်သာနာပြီး နောက်ပိုင်းတွင် သတိမရတစ်ချက် ရတစ်ချက်ဖြစ်ပြီး နာရမှန်း မသိတော့။

သူ့ရေတွက်သံကို ဟိုးအဝေးကြီးမှလာသလို ကြားနေရ၏။

"တစ်ဆယ် ဆယ့်တစ်"

"နှစ်ဆယ့်နှစ် နှစ်ဆယ့်သုံး"

နှစ်ချက်ကျန်သေးသည်။ ကျွန်တော် လုံးဝ သတိလစ်နေပြီ။ လက်ကောက်က ခဏဆိုင်းထားသည်။ ခဏနေမှ-

"နှစ်ဆယ့်လေး နှစ်ဆယ့်ငါး"

အမှောင်ထုကြီးထဲ ကျွန်တော်ရောက်သွားပြီ။ ရေခဲရေတွေ သူတို့ ဝိုင်းလောင်းတော့ သတိပြန်ရပါသည်။ သေတ္တာပေါ်တွင် အားလျားမှောက် အနေထားအတိုင်းပင်။ အောက်တွင် စိုရွှဲနေသည့် မြေကြီးကို ဝိုးတဝါးမြင်ရ၏။ တစ်ကိုယ်လုံး ပြာနှမ်းနေပြီ။

တစ်ယောက်ယောက်၏ အော်ဟစ်သံကို ကျွန်တော် မသဲမကွဲ ကြားလိုက်သည်။ ဘယ်သူ့ အသံပါလိမ့်၊ ဘာတွေ အော်နေပါလိမ့်။ အသံပိုကျယ်



www.burmeseclassic.com

www.burmeseclassic.com



လာမှ လက်ကောက်၏ အသံမှန်း သိလိုက်၏။

"ဟော့ကောင်လေး ထ"

ကျွန်တော် မလှုပ်နိုင်ကြောင်း၊ မထနိုင်ကြောင်းပြောဖို့ ပါးစပ်ဟလိုက်သည်။ သို့သော် ဟလို့ မရတော့ပါ။ သူ့အမိန့်ဖြင့် အကျဉ်းသားနှစ်ယောက်က ကျွန်တော့်ကို ဆွဲထူပြီး သူ့ဆီသို့ တရွတ်ဆွဲခေါ်သွားသည်။

"ဟော့ကောင်၊ ငါ့မျက်လုံးတွေထဲကို သေသေချာချာ ကြည့်စမ်း"

ကျွန်တော်ကြည့်သည်။ ဘာမျှ မမြင်ပါ။ ကျွန်တော့်အဖေ သည်မြင်ကွင်းကို ကြည့်ပြီး ဘယ်လိုနေမှာပါလိမ့်ဟု တွေးကြည့်လိုက်သည်။ ကျွန်တော့်ထက် ပိုပြီး နာနာကျင်ကျင် ခံစားရလိမ့်မည် ထင်သည်။

"ဟော့၊ ခွေးသားလေး၊ နားထောင်"

အီဒက်၏ အသံပါလား။

"နောက် အဲဒီလို သူများကိစ္စမှာ ဝင်ရှုပ်ရင်၊ မင်းမြင်ခဲ့တာကို တစ်ယောက်ယောက်ဆီ သွားပြောရင် အပြစ်ငါးဆခံရမယ်၊ နားလည်လား"

ကျွန်တော် ဦးခေါင်းကို အဆက်မပြတ် ညိတ်မိသည်။ ခေါင်းညိတ်ခြင်းမှ ရပ်လို့ မရတော့သည့်အလား။

❖

နောက် တနင်္ဂနွေတစ်ရက်။

လူတစ်ဝက်သာ အလုပ်ဆင်းရပြီး တစ်ဝက်နားရသည်။ အလုပ်ဆင်းသည့်အထဲတွင် အဖေပါသွားပြီး နားရသည့်အထဲတွင် ကျွန်တော်ပါသည်။

ဆယ်နာရီလောက်တွင် အန္တရာယ်အချက်ပေး ဥသြတွေ ဆူညံသွားသည်။ စခန်းတစ်ခုလုံး အသင့်အနေအထားဖြင့် နေရမည့် ဥသြသံဖြစ်၏။ အဆောင်မှူးက ကျွန်တော်တို့ကို အဆောင်ထဲ မောင်းသွင်းသည်။ ဂျာမန်စစ်သားတွေက



www.burmeseclassic.com

www.burmeseclassic.com



စခန်းကို အထူးကြပ်မတ်သည့်အချိန်။ သည်အချိန်မှာ ထွက်ပြေးလွတ်မြောက်ဖို့ အကောင်းဆုံးအချိန် ဖြစ်၏။ မျှော်စင်ပေါ်မှ စက်သေနတ်သမားတွေ ခဏ တစ်ဖြုတ် အောက်ဆင်းကြသည်။ သံဆူးကြိုးတွေကို လွတ်ပေးထားသည့် လျှပ်စစ်ဓာတ်အားခွဲရုံ ခဏနားသည်။ သို့သော် အမိန့်တစ်ခု ရှိနေသည်။ အဆောင်အပြင်ထွက်လျှင် ချက်ချင်း ပစ်သတ်ရမည်တဲ့။

စခန်းတစ်ခုလုံး ရုတ်ခြည်း သင်္ချိုင်းကြီးလို ဖြစ်သွားသည်။ လုံးဝ တိတ်ဆိတ်သွားသည်။ လမ်းပေါ်တွင် လူသူ ကင်းမဲ့သွားသည်။ မီးဖိုဆောင်၏ နောက်ဘက်တွင် ရောမစွပ်ပြုတ်အိုးကြီးနှစ်လုံး အငွေ့တထောင်းထောင်းနှင့် ကျန်ရစ်၏။ နှစ်ကြီးသမားတွေလည်း မရှိ၊ လက်ကောက်တွေလည်း တစ်ကောင်တစ်မြီးမျှ မကျန်။

အနံ့တထောင်းထောင်းနှင့် စွပ်ပြုတ်အိုးကြီးနှစ်လုံး။ အစောင့်အကြပ် တစ်ယောက်မျှ မရှိ။ ရာပေါင်းများစွာသော မျက်လုံးများသည် အာသာ ငမ်းငမ်းနှင့် အိုးကြီးနှစ်လုံးဆီတွင် စိုက်နေသည်။ သိုးထိန်းမပါသည့် သိုးကလေး နှစ်ကောင်ကို ဝံပုလွေ ရာပေါင်းများစွာက ဝိုင်းထားသည့်နှယ်။ သို့သော် အဆောင်အပြင်ဘက်သို့ ဘယ်သူ ထွက်ရဲမည်နည်း။

ဆာလောင်မွတ်သိပ်ခြင်းထက် ကြောက်ရွံ့ခြင်းက ပို၍အားကောင်း လေသည်။

ရုတ်တရက် အဆောင် ၃၇ တံခါး တဖြည်းဖြည်း ပွင့်လာသည်ကို ကျွန်တော်တို့အားလုံး လှမ်းမြင်လိုက်သည်။ ခဏနေတော့ လူတစ်ယောက် ထွက်လာသည်။ မြွေတစ်ကောင်လို မြေကြီးပေါ်တွင် တွားထွက်လာခြင်း ဖြစ်၏။ စွပ်ပြုတ်အိုးကြီး နှစ်လုံးဆီသို့ တရွေ့ရွေ့ သွားနေလေပြီ။

မျက်လုံးပေါင်းများစွာသည် သူ့ကို မျက်တောင်မခတ်တမ်း စိုက်ကြည့် နေကြ၏။ မကြာပါချေ။ သူ့နောက်သို့ ရာပေါင်းများစွာသော အရိုးပေါ် အရေတင်နေသည့် အကျဉ်းသားများ သူ့လိုပင် တွားပြီး လိုက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရင်ဘတ်တွေ တံတောင်ဆစ်တွေ စုတ်ပြဲပြတ်သတ်ကုန်သည်။ ကျွန်တော်တို့ အားလုံး အသက်မရှုရဲဘဲ ရင်တမမဖြင့် စောင့်ကြည့်နေကြ၏။ ရှေ့ဆောင်သူကား တကယ့်သူရဲကောင်းပင်။ သူ့ကို ကျွန်တော်တို့ မနာလိုလည်း ဖြစ်နေကြ၏။

ပထမအိုးဆီသို့ သူ ရောက်သွားပြီ။ တစ်ယောက်ရင်ခုန်သံကို တစ်ယောက်ကြားနေရပြီ။ ကျွန်တော်တို့၏ သူရဲကောင်းသည် မသေရုံ ကျွေးထားသည့် အာဟာရထက် ပိုလိုချင်သဖြင့် အသက်ကိုပေးပြီး စွန့်စားခန်း ဖွင့်နေခြင်း ဖြစ်သည်။ ကျွန်တော်တို့ကတော့ သူ့ကို သေလူဟု တွက်ထားလိုက်ပြီ။

အိုးနှုတ်ခမ်းကို တွယ်ဖက်တက်ဖို့ သူကြိုးစားနေသည်။ သို့သော် အကြောက်လွန်နေ၍ပဲလား၊ အားမရှိတော့၍ပဲလားမသိ။ သူ မအောင်မြင်ရှာပါ။ နောက်ဆုံး ရှိစုမဲ့စု လက်ကျန်ခွန်အားကို ညှစ်ထုတ်လိုက်ဟန် တူသည်။ အိုးနှုတ်ခမ်းကို မီသွားပြီး မတ်တတ်အနေအထား ရသွားသည်။ အိုးထဲကို သူ ခဏငုံ့ကြည့်နေသည်။ အရိုးပဒေသာကို အိုးထဲတွင် မြင်လိုက်ရဟန်တူ၏။

ပြီးတော့မှ ဘာကြောင့်မှန်းမသိဘဲ အသံကုန် အော်လိုက်သည်။ သေမင်းခေါ်သံဆိုတာ သည်အသံမျိုးလား မသိ။ သည်အသံမျိုး ကျွန်တော် တစ်ခါမျှ မကြားဖူး။ ပြီးမှ ပူပူလောင်လောင် စွပ်ပြုတ်အိုးထဲသို့ သူ့ဦးခေါင်းကို နှစ်ချလိုက်သည်။ တစ်ပြိုင်တည်းတွင် သေနတ်သံ ဟိန်းထွက်သွားသည်။ ကျွန်တော်တို့အားလုံး လန့်ပြီး ခုန်ထလိုက်မိကြသည်။

ထိုပုဂ္ဂိုလ် လန်ကျသွားပြီး ခဏ တွန့်လိမ်နေသေး၏။ ပြီးတော့ ငြိမ်ကျသွားသည်။ မျက်နှာတစ်ခုလုံး စွပ်ပြုတ်ရည်တွေ နိုင်းချင်းနှင့်။

ထိုအချိန်နှင့်တစ်ပြိုင်တည်း လေယာဉ်သံတွေ ကြားလိုက်ရခြင်းဖြစ်၏။ တစ်ဆက်တည်းလိုလို အဆောင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။

"အလုပ်ရုံတွေကို ဗုံးကြဲပြီဟေ့"

တစ်စုံတစ်ယောက်၏ အော်သံ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဖေ့ကို ပြေးသတိရသည်။ အဖေက အလုပ်ရုံထဲမှာ။ သို့သော် စက်ရုံကြီးတွေ မီးဟုန်းဟုန်းတောက်နေတာကို လှမ်းမြင်ရတော့ ကျွန်တော် ပျော်သွားသည်။ ချစမ်းပါ။ လက်စားချေကြစမ်းပါ။ ရှေ့တန်းနေရာ တော်တော်များများတွင် ဂျာမန်တွေ အရေးနိမ့်နေပြီဆိုသော သတင်းကို ကြားရစဉ်က ကျွန်တော်တို့ မယုံမရဲ ဖြစ်နေခဲ့ကြသည်။ ခုတော့ သေချာနေပြီ။

ဗုံးက ကျွန်တော်တို့ အဆောင်တွေပေါ်သို့ ကျနိုင်သော်လည်း ဘယ်သူမှ မကြောက်ကြပါ။ သေမှာကို ဘယ်သူမှ မကြောက်ကြတော့။ ဗုံးတစ်လုံး ကျတိုင်း ကျွန်တော်တို့ ပိုပိုပျော်နေကြသည်။ လွတ်မြောက်ရေးအတွက် ယုံကြည်မှု ပိုပိုခိုင်လာသည်။

တစ်နာရီကျော်ကျော် ကြာအောင် ဗုံးကြဲပြီး အမေရိကန်လေယာဉ် အုပ်ကြီး လှည့်ပြန်သွားသည်။ ဘာဖြစ်လို့ ဆယ်နာရီ ဆယ်ကြိမ် မချကြတာလဲ။ စခန်းတစ်ခုလုံး ငြိမ်ကျသွားသည်။ နောက်ဆုံး အမေရိကန် လေယာဉ်သံတွေ လေထဲတွင် ပျောက်ကွယ်သွားပြီ။

စခန်းသည် သုသာန်တစပြင် ဖြစ်သွားလေပြီ။ မိုးကုပ်စက်ဝိုင်းကို နောက်ခံပြုပြီး မီးခိုးနက်နက်များ ကောင်းကင်သို့ ပျံတက်နေသည်ကို ကျွန်တော်တို့ လှမ်းမြင်နေရသည်။

အန္တရာယ်ကင်း ဥဩသံ ထွက်လာသည်။ အားလုံး အဆောင်ပြင်ဘက်သို့ ထွက်ကြည့်ကြသည်။ လေထဲတွင် မီးခိုးနံ့ဖြင့် မွန်နေသည်။ ဗုံးတစ်လုံးက စခန်းအလယ်တည့်တည့်တွင် ကျသည်။ အကျဉ်းသားများ စုဝေးသည့် ကွင်းနားတွင် ကျခြင်း ဖြစ်၏။ သို့သော် ဗုံးမပေါက်။ ကျွန်တော်တို့အားလုံး ဗုံးကြီးကို လွတ်ရာသို့ သယ်ပိုး ရွှေ့ပြောင်းပေးရသည်။

အကျဉ်းစခန်းတာဝန်ခံက သူ့လက်ထောက်များ လက်ကောက်များ ခြံရံလျက် စခန်းကို လှည့်စစ်သည်။ သူ့မျက်နှာတွင် သွေးမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



စွပ်ပြုတ်အိုးကြီးနှစ်အိုးကို မီးဖိုဆောင်ထဲ ပြန်သယ်သွားကြသည်။ ဂျာမန်စစ်သားတွေ ကိုယ့်နေရာကိုယ် ပြန်ယူကြသည်။ မျှော်စင်ပေါ် တက်သူတက်၊ ကင်းပုတ်တွေထဲ ပြန်ဝင်သူဝင်။

စက်ရုံအသီးသီးမှ အလုပ်သမားတွေ ဘယ်ညာချီကာ အဆောင်များရှိရာသို့ ပြန်လာနေပြီ။ အဖေ့ကို လှမ်းမြင်လိုက်မှ ကျွန်တော့်ရင်ထဲ အေးသွားသည်။

"အဆောက်အအုံ တော်တော်များများ ကြေမွသွားပြီ။ ဒါပေမဲ့ တို့ရုံကို မထိဘူး"ဟု အဖေက ရောက်ရောက်ချင်း ပြောပြသည်။

ညနေပိုင်းတွင် အပျက်အစီးတွေကို ကျွန်တော်တို့ ရှင်းကြရသည်။ အားလုံး ပျော်နေကြ၏။

❖

နောက်တစ်ပတ်အကြာတွင် ကျွန်တော်တို့ အလုပ်မှပြန်လာချိန်၊ လူစုကွင်းကိုရောက်တော့ အနက်ရောင် ကြိုးစင်တစ်ခုကို တွေ့ရသည်။ သည်နေ့ နာမည်ခေါ် လူစစ်ပြီးမှ စွပ်ပြုတ်ပေးမည်ဟု သိရ၏။ သည်နေ့ လူစုကွင်းထဲတွင် ပိုကြာသည်။ ဥပဒေတွေ နောက်ထပ် တိုးလို့သာနေ၏။ အမိန့်တွေက တစ်နေ့တခြား ပြင်းထန်ကျပ်တည်းလာသည်။ လေထဲတွင် ထူးဆန်းသည့် လှုပ်ရှားမှုများ ပျံ့လွင့်နေ၏။

"ဦးထုပ်ချွတ်"

စခန်းမှူး ဂျာမန်စစ်ဗိုလ်က အော်ပြီး အမိန့်ပေးသွားသည်။

ဦးထုပ်တစ်သောင်း ချွတ်ပြီးသား ဖြစ်သွားသည်။

"ဦးထုပ်ပြန်ဆောင်း"

လျှပ်တစ်ပြက်အတွင်း ဦးထုပ်တွေ ခေါင်းပေါ်စွပ်ပြီးသား ဖြစ်သွားသည်။

စခန်းဂိတ်ဝ ပွင့်လာပြီး စစ်သားတွေ ဝင်လာကာ ကျွန်တော်တို့အား



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလိုက်ကြသည်။ စက်သေနတ်တွေနှင့် ချိန်လိုက်ကြ၏။ ကင်းမျှော်စင်တွေပေါ်မှ စက်သေနတ်ပြောင်းဝများလည်း လူစုကွင်းဆီသို့ ဝိုင်းချိန်လိုက်၏။

ဂျူးလစ်က တိုးတိုးပြောသည်။

"သူတို့ တစ်ခုခုကို လန့်နေပုံပဲ"

စစ်သားနှစ်ယောက်က အပြစ်ရှိသည့် အကျဉ်းသားများကို ချုပ်ထားသည်။ ကြိုးတိုက်ရှိရာသို့ လျှောက်သွားသည်။ အကျဉ်းသားတစ်ယောက်ကို စစ်သားနှစ်ယောက်က တွဲထုတ်လာသည်။ ဝါဆောမှ ပိုလန်ဂျူး လူငယ်ကလေးဖြစ်၏။ နာဇီအကျဉ်းစခန်းကို ရောက်နေသည်မှာ သုံးနှစ်ရှိပြီ။ လူက အရပ်မြင့်မြင့် ဗလကောင်းကောင်း။ ကျွန်တော်နှင့်စာလျှင် မယှဉ်သာအောင် ထွားသည့် ဗလပိုင်ရှင်ဖြစ်သည်။ သူ့ကြည့်ရသည်မှာ ကြောက်စိတ်ဟူသ၍ မြူမွှေ့မျှမရှိဘဲ ရင်ကို ချီထားသည်။ လက်ထိတ်ခတ်ထားသည့် လက်များ လုံးဝတုန်ယင်ခြင်း မရှိ၊ တည်တည်ငြိမ်ငြိမ်။ မျက်လုံးများက ရာပေါင်းများစွာသောဂျာမန် စစ်သားများကို အေးစက်စွာ စိုက်ကြည့်နေ၏။

စခန်းတာဝန်ခံ ဗိုလ်မှူးက စီရင်ချက်ကို တစ်လုံးချင်း ဖတ်ပြသည်။

"နိုင်ငံတော် အဓိပတိကြီး ဟစ်တလာ၏ကိုယ်စား------အကျဉ်းသားနံပါတ်------- ဗုံးကြဲနေစဉ် အချိန်အတွင်း လက်နက်ခိုးယူမှု ------အကျဉ်းသားအမှတ်------ အား ဥပဒေအရ သေဒဏ် ချမှတ်လိုက်သည်"

သည်ပြစ်ဒဏ်သည် ဤအကျဉ်းသား အားလုံးအတွက် နမူနာ ဖြစ်စေရမည်။

အားလုံး တိတ်ဆိတ်နေသည်။ တုတ်တုတ်မျှ မလှုပ်ကြ။ ကျွန်တော့်ရင်ခုန်သံကို ကျွန်တော် ပြန်ကြားနေရ၏။ အော့စ်ချ်ဝစ်ဇ်နှင့် ဘာကင်နူးစခန်းများတွင် ကျွန်တော်တို့ ဂျူးတွေ အဆိပ်ငွေ့ပေးပြီး ထောင်ပေါင်းများစွာ အသတ်ခံနေရခြင်းအတွက် ဝမ်းနည်းကြေကွဲဖို့ အရေးထူနေပြီ။ သို့သော် သည်လူငယ်ကို ကြည့်ပြီး ရင်ထဲနင့်နေအောင် ခံစားရ၏။

"မြန်မြန်လုပ်လိုက်ရင် ပြီးရောကွာ၊ ငါဆာလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဂျူးလစ်က မကျေမချမ်း ရေရွတ်သည်။

တာဝန်ခံဗိုလ်မှူးက လက်ကောက်အကြီးအကဲကို အချက်ပြလိုက်တော့ လက်ကောက် ရှေ့ထွက်လာပြီး ကြိုးသမားဆီ လျှောက်သွားသည်။ သူ့ကို အကျဉ်းသားနှစ်ယောက်က အကူအညီပေးရင်း လူငယ်ကို သူတို့က ကုလားထိုင်တစ်လုံးပေါ် ဆွဲတင်လိုက်ကြ၏။ လူငယ်ကို မျက်နှာဖုံးစွပ်မလား မေးသည်။ လူငယ်က ခေါင်းခါပြတော့ လက်ကောက်က သူ့လည်ပင်းကို ကြိုးကွင်း စွပ်လိုက်သည်။ သူ့လက်ထောက်နှစ်ယောက်ကို ကုလားထိုင် ဆွဲထုတ်ဖို့ လက်ကောက် အမိန့်ပေးမည့်ဆဲဆဲတွင် လူငယ်က အောင်မြင်ခံ့ညားသည့် အသံဖြင့် တည်ငြိမ်စွာ အော်သည်။

"လွတ်လပ်တရားမျှတမှု ထာဝရ တည်တံ့ပါစေ။ ဂျာမနီ ကျဆုံးပါစေ။ ဟစ်တလာ…"

သူ့စကားမဆုံးမီ အာဏာပါးကွက်သားတို့က သူတို့ကိစ္စကို သူတို့ ပြီးအောင် ဆောင်ရွက်လိုက်ကြသည်။

အမိန့်သံတစ်ခု ပြတ်ပြတ်တောင်းတောင်း ထွက်လာပြန်သည်။

"ဦးထုပ်ချွတ်"

ထိုလူငယ်ကို နောက်ဆုံး အရိုအသေပေးသည့် အနေဖြင့် အကျဉ်းသားတစ်သောင်း ဦးထုပ်ချွတ်လိုက်ကြသည်။

"ဦးထုပ်ပြန်ဆောင်း"

ဦးထုပ် ပြန်ဆောင်းပြီးသည်နှင့် အဆောင်များစွာမှ အကျဉ်းသားတို့ ကိုယ့်အဆောင်ကိုယ် တန်းစီ ချီတက်၊ ကြိုးစင်ရှေ့ကို ဖြတ်လျှောက်ကြရသည်။ လက်ကောက်များက ကြိုးစင်ရှေ့ရောက်လျှင် အတင်းကြည့်ခိုင်းသည်။ ပိုလန်လူငယ်သည် မျက်လုံးများ ပြူးထွက်ကာ လျှာထွက်လျက် အသက်ပျောက်နေသည်။

အဆောင်ပြန်ရောက်တော့ မဝရေစာ ခွဲတမ်းကို ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုည သောက်ရသည့် စွပ်ပြုတ်မှာ အရသာအရှိဆုံးဟု ကျွန်တော် မှတ်မိနေသည်။

❖

ကြိုးပေးသည့် မြင်ကွင်းများကို ကျွန်တော်တို့ မကြည့်မနေ ကြည့်ကြရသည်။ သို့သော် ဘယ်ကြိုးသမားမှ မျက်ရည်ကျသည်ကို မတွေ့ရ။ ခြောက်သွေ့နေသည့် အရိုးစုများတွင် မျက်ရည် မရှိတော့ပေ။ မျက်ရည်၏ ခါးသီးမှု အရသာကို သူတို့ မေ့နေကြပြီ။

တစ်ခါတွင်တော့ မျက်ရည်ကျသူကို ကျွန်တော် တွေ့ဖူးလိုက်သည်။ အမှတ် ၅၂ ကြေးနန်းကြိုးအလုပ်ရုံမှ လက်ကောက်ကြီးက ခြောက်ပေကျော် ဒတ်ချ်လူမျိုး လူ့ဘီလူးကြီးတစ်ယောက် ဖြစ်သည်။ သူ့လက်အောက်တွင် အကျဉ်းသား ခုနစ်ရာကျော် ရှိသည်။ အားလုံးက သူ့ကို ချစ်ကြသည်။ ဘယ်သူ့ကိုမှ သူက မရိုက်မနှက်၊ နိုင်လိုမင်းထက် မနှိပ်စက်။

သူ့လက်အောက်တွင် နတ်ဆိုးကလေးတစ်ယောက် ရှိသည်။ သူတို့လို ချာတိတ်ကလေးတွေကို နတ်ဆိုးကလေးများဟု ခေါ်ကြ၏။ လူချော ကလေးတွေ ဖြစ်၏။

(ဘူနာစခန်းတွင် သူတို့လို ကောင်လေးတွေကို လူတိုင်း မုန်းကြသည်။ သူတို့ကို အထက်လူကြီးများက လက်သပ်မွေးထားကြ၏။ ဤသို့ဖြင့် သူတို့သည် သူတို့ဆရာများထက် ရက်စက်သူများ၊ လက်သံပြောင်သူများ ဖြစ်လာကြ၏။ ကျွန်တော် တစ်ယောက်တွေ့ဖူးသည်။ ၁၃ နှစ်သားကလေး။ သူ့အဖေက သူ့အိပ်ရာကို သိမ်းမပေးရကောင်းလားဆိုပြီး ဖအေကြီးကို သေကောင်ပေါင်းလဲ ရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤ၌တွင် အဘိုးကြီး ရှိက်ကြီးတငင် ငိုကြွေးသည်။ ဤ၌တွင် သားမိုက်က အော်သည်။

"ခင်ဗျားကြီး၊ အငိုတိတ်ရင်တိတ်၊ မတိတ်ရင် ခင်ဗျားကို ပေါင်မုန့် ယူမပေးတော့ဘူး၊ နားလည်လား" တဲ့။

သို့သော် ဒတ်ချ်လူမျိုး ဗလကြီး၏ နတ်ဆိုးကလေးမှာ သူတို့လို မဟုတ်။ လူတိုင်းက ချစ်သည့်ကလေး ဖြစ်သည်။ သူ့မျက်နှာကလေးက စိတ်ဓာတ်ကျနေသည့် နတ်သူငယ်ကလေး၏ မျက်နှာနှင့် တစ်ပုံစံတည်း။

တစ်နေ့တွင် စခန်းတစ်ခုလုံး မှောင်ကျသွားသည်။ လျှပ်စစ်ဓာတ်အားပေး စက်ရုံ ရပ်သွားခြင်း ဖြစ်၏။ ဂျာမန်ထောက်လှမ်းရေး ဂက်စတာပိုက ဒါကို လုပ်ကြံမှုတစ်ခုဟုထင်ပြီး မီးခိုးကြွက်လျှောက် လိုက်တော့၏။ ဒတ်ချ် လက်ကောက်ကြီး၏အဆောင်တွင် မသင်္ကာဖွယ်ရာ သွားတွေ့သည်။ ဝင်ရှာတော့ လက်နက်တွေ အများကြီး မိသွားသည်။

ဒတ်ချ်လက်ကောက်ကြီးကို ချက်ချင်း ဖမ်းလိုက်ကြသည်။ ရက်သတ္တ ပေါင်းများစွာ ညှဉ်းပန်းနှိပ်စက်ပြီး စစ်သော်လည်း လက်ကောက်ကြီးက မဖော်။ အော့ချ်ဝစ်ဇ်သို့ ပို့လိုက်သည်။ နောက် သူ့သတင်း ဘာမျှ မကြားရ တော့။ သူ့ကောင်လေးကိုလည်း ဖမ်းပြီး တိုက်ပိတ်ထားလိုက်ကြသည်။ ကောင်လေးကို သူ့ဆရာနည်းတူ ညှဉ်းဆဲပြီး ရက်ရက်စက်စက် စစ်သည်။ သူကလည်း မဖော်။ လက်နက်များနှင့်အတူ မိသည့်နှစ်ယောက်ကိုရော သူ့ကိုပါ သေဒဏ်ပေးလိုက်သည်။

တစ်နေ့တွင် ကျွန်တော်တို့ တုံးစံအတိုင်း အလုပ်ဆင်းချိန်တွင် ဘယ်ညာ လျှောက်ပြီး ပြန်လာခဲ့ကြသည်။ ကွင်းထဲတွင် ကြိုးစင် သုံးတိုင် စိုက်ထားသည် ကို တွေ့ရ၏။ ထုံးစံအတိုင်း နာမည်ခေါ် လူစစ်သည်။ ဂျာမန်စစ်သားများ ကျွန်တော်တို့ကို စက်သေနတ်နှင့် ဝိုင်းချိန်ကြသည်။ ကြိုးသမား သုံးယောက် ကို စစ်သားများက သံကြိုးနှင့်တုပ်ပြီး ခေါ်လာသည်။ သူတို့အထဲမှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က နတ်သူငယ်လေး ဖြစ်သည်။ ခပ်ခွေးခွေး မျက်နှာနှင့် နတ်သူငယ်လေး။

ဂျာမန်တွေ ခါတိုင်းလို သွက်သွက်လက်လက်မရှိဘဲ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေကြ၏။ ကလေးတစ်ယောက်ကို လူထောင်ပေါင်းများစွာရှေ့တွင် ကြိုးပေးရမည်မှာ လွယ်သည့်ကိစ္စ မဟုတ်ပေ။

အကျဉ်းစခန်းတာဝန်ခံ ဗိုလ်မှူးက စီရင်ချက်ကို ဖတ်သည်။ မျက်လုံးပေါင်းများစွာတို့သည် ၁၃ နှစ်သား ကလေးထံတွင် စိုက်နေကြသည်။

ဖြူဖျော့ဖျော့ သူငယ်လေးက လုံးဝ တည်တည်ငြိမ်ငြိမ်။ နှုတ်ခမ်းကို ကိုက်ထားပြီး ကြိုးစင်နားတွင် ရပ်နေသည်။

သည်တစ်ခါ စခန်းတာဝန်ခံ ဗိုလ်မှူးက ကြိုးမိန့်ဖတ်ဖို့ ငြင်းဆိုသည်။ ဂျာမန် စစ်ဗိုလ်သုံးယောက်က သူ့ကိုယ်စား တာဝန်ယူကြရ၏။

အကျဉ်းသားသုံးယောက် ကုလားထိုင်ပေါ် တက်လိုက်ကြသည်။ တစ်ယောက်ချင်း၏ လည်ပင်းကို ကြိုးကွင်းစွပ်လိုက်ကြသည်။

"လွတ်လပ်ရေးနှင့် တရားမျှတမှု မြဲပါစေ"

နှစ်ယောက်က အော်လိုက်သည်။ ကောင်လေးက ဘာမျှ မပြောဘဲ ငြိမ်နေသည်။

ကျွန်တော့်နောက်မှ တီးတိုးသံတစ်ခု ထွက်ပေါ်လာသည်။

"အို- ဘုရားသခင်၊ ဘုရားသခင် ဘယ်ရောက်နေလဲဟင်"

ကြိုးမိန့်ပေးလိုက်သည်နှင့် ကုလားထိုင်တွေ လွင့်ထွက်သွားသည်။ အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီတွင် နေဝင်စပြုပြီ။

"ဦးထုပ်ချွတ်"

စခန်းတာဝန်ခံ ဗိုလ်မှူး၏ အမိန့်သံမှာ အားမပါ။ တုန်နေသည်။ ကျွန်တော်တို့အားလုံး ငိုနေကြပြီ။

"ဦးထုပ်ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြိုးစင်ရှေ့ကို ဖြတ်လျှောက်ကြရပြန်သည်။ လူနှစ်ယောက်က အသက်ကုန်နေပြီ။ လျှာထွက်ပြီး ချက်ချင်းပြာနှမ်းသွား၏။ သို့သော် တတိယကြိုးက လှုပ်နေသေးသည်။ သူငယ်ကလေး၏ ကိုယ်အလေးချိန်က နည်းနည်းလေးမို့ အသက်ရှူနေဆဲ ဖြစ်သည်။ တော်တော်နှင့် ကိစ္စပြီးမည် မဟုတ်။ သေခြင်းတရားနှင့် သက်ရှိဘဝကြားတွင် ရုန်းကန်နေလိမ့်ဦးမည်။

ကျွန်တော်တို့က နောက်ဆုံးတန်းဖြစ်၍ သူ့အနားမှ ဖြတ်သွားသည့်တိုင် ထွက်နေသည့်လျှာသည် မပြာသေး၊ နီရဲနေဆဲ။ မျက်လုံးများ အပြင်သို့ ပြူးထွက် မလာသေး။

စောစောကအသံကို ကျွန်တော့်နောက်မှ ကြားရပြန်သည်။

"ဘုရားသခင် ကယ်မပါ၊ ဒါပေမဲ့ ဘုရားသခင်က ဘယ်မှာလဲ"

တစ်စုံတစ်ယောက်က ဖြေသံကြားလိုက်၏။

"အဲဒီမှာပေါ့ကွ၊ ဟောဟို ကြိုးစင်ပေါ်မှာပေါ့ကွ"

ထိုညသောက်ရသည့် စွပ်ပြုတ်မှာ အလောင်းအနံ့ နံနေသည်ဟု ထင်ရ၏။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# (၅)

နွေရာသီ ကုန်ဆုံးချိန် ရောက်ပြီ။ ဂျူးတို့၏ နှစ်ကူးချိန် နီးလာပြီ။

ရိုရှ်ဟာရှနာ နှစ်သစ်ကူး မဟာရက်မြတ်အဖိတ်နေ့တွင် စခန်းတစ်ခုလုံး အကျဉ်းသားတို့၏ မျက်နှာတွေ တင်းမာနေသည်။ သူတို့အတွက် အမင်္ဂလာနှစ်၊ အန္တရာယ်နှစ် ဖြစ်၏။

ဂျူးတို့တွင် ဘာသာရက်တွေ၊ ပွဲတော်ရက်တွေ အများကြီး ရှိသည်။ နှစ်တစ်နှစ်၏ နောက်ဆုံးနေ့ကား သူတို့ အမွန်အမြတ်အထားဆုံးနေ့ ဖြစ်၏။

နောက်ဆုံးနေ့၊ ကျွန်တော်တို့ အားလုံးအတွက် နောက်ဆုံးနေ့ ဖြစ်နေလျှင်ကော။

ညနေစာ စွပ်ပြုတ်ကို ပျစ်ပျစ်နှစ်နှစ် ချက်ပေးသည်။ သို့သော် ဘယ်သူမှ မတို့ကြ။ ဘုရားရှိခိုးပြီးသည်အထိ ကျွန်တော်တို့ စောင့်ကြမည်။

လျှပ်စစ်သံဆူးကြိုးများအလယ်မှ လူစုကွင်းထဲတွင် ထောင်ပေါင်းများစွာသော ဂျူးအကျဉ်းသားများ စုဝေးကြသည်။ သူတို့မျက်နှာတွေ ညှိုးရော်မနေတော့။ ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့် မျက်နှာတွေ ဖြစ်နေ၏။

ညအချိန်သို့ လျင်မြန်စွာ ရောက်လာသည်။ အဆောင်တိုင်း အဆောင်တိုင်းမှ လူတွေ တဖွဲဖွဲ ဆက်ရောက်လာနေသည်။ ကျွန်တော် စိတ်လိုက်မာန်ပါ တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းချီးပေးရမှာလဲ။ ကျွန်တော့်ခန္ဓာကိုယ်ထဲမှ အသွေးအသား အကြောအမျှင် အားလုံး ပုန်ကန်ကြလေပြီ။

ဘာကြောင့် ကလေးသူငယ် ထောင်ပေါင်းများစွာ မီးရှို့သတ်ဖြတ်ခြင်း ခံခဲ့ရတာလဲ။ အဆိပ်ငွေ့ လူသတ်စက်ကြီးခြောက်ခု နေ့ရောညပါ ဘာကြောင့် မီးခိုးထွက်နေတာလဲ။ ဥပုသ်နေ့နှင့် နေ့ကြီးရက်ကြီးမကျန် သည်စက်ရုံကြီး တွေ လည်ပတ်နေခြင်း ဖြစ်၏။ ကျွန်တော်တို့ လူမျိုးတွေ နာရီမလပ် အသတ်ခံနေရခြင်း ဖြစ်၏။

အော့ချ်ဝစ်ဇ်၊ ဘာကင်နူးနှင့် ဘူနာအကျဉ်းစခန်းတွေကို ဘယ်သူ တည်ဆောက်ခဲ့ခြင်းလဲ၊ အဆိပ်ငွေ့စက်ရုံကြီးများကို ဘယ်သူ တည်ဆောက် ခဲ့ခြင်းလဲ၊ ဘယ်သူက တည်ဆောက်ခွင့် ပြုခြင်းလဲ။

ဘယ်နိုင်ငံသားမဆို ဂျူးလူမျိုးဆိုရင်ပြီးရော အားလုံးဖမ်းပြီး နှိပ်စက် ကွပ်မျက်နေတာ ဘယ်သူ့ တရားခံလဲ။ ကျွန်တော်တို့အဖေတွေ၊ ကျွန်တော်တို့ အမေတွေ၊ ကျွန်တော်တို့ညီအစ်ကိုတွေကို ဓာတ်ငွေ့စက်ရုံထဲ မောင်းသွင်း တာကို စောင့်ကြည့်ခိုင်းတာ ဘယ်သူလဲ။

အားလုံးနှင့် သံယောင်လိုက်ပြီး ကျွန်တော် ကောင်းချီးမင်္ဂလာ မလုပ် နိုင်ပါ။ ဝတ်အသင်းခေါင်းဆောင်၏ အသံ မြင့်တက်လာသည်ကို ကျွန်တော် နားထောင်နေသည်။ သို့သော် သူ့အသံကို ငိုရှိုက်သံများ၊ သက်ပြင်းချသံများက လွှမ်းနေသည်။

သူ့ ခမ္မတေးသံတို့သည် သူ့ လည်ချောင်းထဲတွင် တစ်ဆို့နေပြီ။ တရားစာများ၏ အနက်ကို သူ ဖွင့်ဆိုနိုင်အား မရှိတော့ပြီ။

ဘုရားသခင်၏ အဆုံးအမကို ယခင်က သက်ဝင် ယုံကြည်ခဲ့သော ကျွန်တော် ယခု စဉ်းစားနေမိသည်။

အာဒမ်နှင့် ဧဝက ဘုရားသခင်အား လိမ်လည် လှည့်ဖြားသွားစဉ်က ကိုယ်တော်အရှင်သည် ကောင်းကင်ဘုံမှ ဆင်းသက်တော်မူ၍ သူတို့နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းချီးပေးရမှာလဲ။ ကျွန်တော့်ခန္ဓာကိုယ်ထဲမှ အသွေးအသား အကြောအမျှင်အားလုံး ပုန်ကန်ကြလေပြီ။

ဘာကြောင့် ကလေးသူငယ် ထောင်ပေါင်းများစွာ မီးရှို့သတ်ဖြတ်ခြင်း ခံခဲ့ရတာလဲ။ အဆိပ်ငွေ့ လူသတ်စက်ကြီးခြောက်ခု နေ့ရောညပါ ဘာကြောင့် မီးခိုးထွက်နေတာလဲ။ ဥပုသ်နေ့နှင့် နေ့ကြီးရက်ကြီးမကျန် သည်စက်ရုံကြီးတွေ လည်ပတ်နေခြင်း ဖြစ်၏။ ကျွန်တော်တို့ လူမျိုးတွေ နာရီမလပ် အသတ်ခံနေရခြင်း ဖြစ်၏။

အော့ချ်ဝစ်ဇ်၊ ဘာကင်နူးနှင့် ဘူနာအကျဉ်းစခန်းတွေကို ဘယ်သူ တည်ဆောက်ခဲ့ခြင်းလဲ၊ အဆိပ်ငွေ့စက်ရုံကြီးများကို ဘယ်သူ တည်ဆောက် ခဲ့ခြင်းလဲ၊ ဘယ်သူက တည်ဆောက်ခွင့် ပြုခြင်းလဲ။

ဘယ်နိုင်ငံသားမဆို ဂျူးလူမျိုးဆိုရင်ပြီးရော အားလုံးဖမ်းပြီး နှိပ်စက် ကွပ်မျက်နေတာ ဘယ်သူ တရားခံလဲ။ ကျွန်တော်တို့အဖေတွေ၊ ကျွန်တော်တို့ အမေတွေ၊ ကျွန်တော်တို့ညီအစ်ကိုတွေကို ဓာတ်ငွေ့စက်ရုံထဲ မောင်းသွင်း တာကို စောင့်ကြည့်ခိုင်းတာ ဘယ်သူလဲ။

အားလုံးနှင့် သံယောင်လိုက်ပြီး ကျွန်တော် ကောင်းချီးမင်္ဂလာ မလုပ် နိုင်ပါ။ ဝတ်အသင်းခေါင်းဆောင်၏ အသံ မြင့်တက်လာသည်ကို ကျွန်တော် နားထောင်နေသည်။ သို့သော် သူ့အသံကို ငိုရှိုက်သံများ၊ သက်ပြင်းချသံများက လွှမ်းနေသည်။

သူ့ ဓမ္မတေးသံတို့သည် သူ့ လည်ချောင်းထဲတွင် တစ်ဆို့နေပြီ။ တရားစာများ၏ အနက်ကို သူ ဖွင့်ဆိုနိုင်အား မရှိတော့ပြီ။

ဘုရားသခင်၏ အဆုံးအမကို ယခင်က သက်ဝင် ယုံကြည်ခဲ့သော ကျွန်တော် ယခု စဉ်းစားနေမိသည်။

အာဒမ်နှင့် ဧဝက ဘုရားသခင်အား လိမ်လည် လှည့်ဖြားသွားစဉ်က ကိုယ်တော်အရှင်သည် ကောင်းကင်ဘုံမှ ဆင်းသက်တော်မူ၍ သူတို့နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့သည်။

ကိုယ်တော် ဖန်ဆင်းပေးခဲ့သူများ၏ ဆိုးညစ်မှုကြောင့် မြေကြီး ပုပ်စပ်ကာ ကမ္ဘာညစ်နွမ်းခြင်းဖြစ်၍ နောဧမိသားစုနှင့် သတ္တဝါအချို့မှအပ သက်ရှိသက်မဲ့ အားလုံးကို အမျက်တော်ရှကာ ရေလွှမ်းသေစေခဲ့သည်။

သောဒုံမြို့သားများအား နှလုံးမသာမယာ ဖြစ်လာသောအခါ ကောင်းကင်မှ မီးမိုးရွာချစေပြီး ပြစ်ဒဏ်ခတ်ခဲ့သည်။

ယခုလူတွေကို လူမဆန်စွာ နှိပ်စက်ညှဉ်းပန်း မီးလောင်တိုက်သွင်း။ အဆိပ်ငွေ့ဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်နေတာဟာ ဘာကြောင့်ပါလဲ။ သူတို့ ဘာပြစ်မှုကျူးလွန်မိလို့ပါလဲ။ သည်လူတွေက ဘုရားသခင်ရဲ့ နာမတော်ကို ချီးပနေကြတယ်။

"အားလုံးသော သတ္တဝါတို့သည် ဖန်ဆင်းရှင်၏ ကြီးမြတ်မှုကို မျက်ဝါးထင်ထင် ခံယူကြလေသည်"

ရိုရှ်ဟာရှနာ နှစ်ကူးပွဲတော်သည် ငယ်စဉ်ကပင် ကျွန်တော့်ပေါ် လွှမ်းမိုးခဲ့လေသည်။ ကျွန်တော်၏ မကောင်းမှုဒုစရိုက်တို့အတွက် ဘုရားသခင်က ခွင့်လွှတ်တော် မူလိမ့်မည်။ ထို့ကြောင့် ခွင့်လွှတ်ပါရန် ရှိခိုး တောင်းပန်ခဲ့ဖူးသည်။ ထိုစဉ်ကမူ ကျွန်တော်သည် ကမ္ဘာကြီး လွတ်မြောက်ဖို့ လူတိုင်းတွင် တာဝန် ရှိသည်။ ကျွန်တော်တို့ ဝတ်ပြုဆုတောင်းနေသူ တန်ခိုးရှင်အားလုံးတွင် တာဝန်ရှိသည်ဟု ယုံကြည်ခဲ့သည်။

သို့သော် ယနေ့ ကျွန်တော်သည် ဘာအတွက်ကိုမျှ ဆုမတောင်းလိုတော့ပြီ။ ကြေကွဲဝမ်းနည်းခြင်းလည်း မဖြစ်တော့ပြီ။ မဖြစ်သည့်အပြင် ကျွန်တော့်စိတ်ခွန်အားတွေ ပို၍ အားကောင်းလာသည်။

ကျွန်တော်သည် တရားခံမဟုတ်တော့။ ဘာသာရေး အဆုံးအမအပေါ် စွဲချက်တင်နေသော တရားလိုဖြစ်နေပြီ။ ကျွန်တော် မျက်စိပွင့်လာပြီ။ သို့သော် ကျွန်တော့်မှာ တစ်ယောက်တည်း။ ဘုရားသခင် မရှိသော၊ သတ္တဝါမရှိသော



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ကြောက်မက်ဖွယ်ရာ တစ်ယောက်တည်း။ အချစ်မရှိ၊ အကြင်နာမရှိသော ရပ်ဝန်းဒေသသို့ ရောက်နေခြင်းပင်။ စင်စစ် ကျွန်တော်သည် ပြာမှုန့်ဘဝသို့ ရောက်နေခြင်း ဖြစ်၏။ သို့သော် တစ်သက်လုံး ကိုင်းရှိုင်းခဲ့သည့်ဘာသာတရား အနှောင်အဖွဲ့မှ ရုန်းထွက်လာနိုင်ခဲ့ပြီ။ သောင်းနှင့်ချီသောဝတ်ပြုဆုတောင်းနေသည့် လူအုပ်ထဲတွင် ကျွန်တော်သည် သူစိမ်းပြင်ပြင်ဖြစ်နေသည်ဟု ခံစားရ၏။ စည်းပြင်က လူတစ်ယောက်အဖြစ် မြင်လာ၏။

နောက်ဆုံးတွင် သေလွန်သူများအတွက် အမျှအတန်းဝေ ဂါထာများရွတ်ဆိုကြသည်။ သူတို့၏ မိဘများ သားသမီးများအတွက်ပါ ရွတ်ဆိုကြသည်။

ကွင်းထဲတွင် ကျွန်တော်တို့ အကြာကြီး မတ်တတ်ရပ်နေကြသည်။ အိပ်မက်ဆန်လှသည့် ထိုတဒင်္ဂမှ ရုန်းမထွက်နိုင်သလို ဖြစ်နေကြ၏။ နောက်ဆုံးတွင်မှ အိပ်ဖို့ ခေါင်းလောင်းထိုးသံကြားရသည်။ သည်တော့မှ ကိုယ့်အဆောင်ရှိရာသို့ တစ်လှမ်းချင်း ပြန်လာခဲ့ကြသည်။

'မင်္ဂလာနှစ်သစ်ဖြစ်ပါစေ၊ ပျော်စရာနှစ်သစ်ဖြစ်ပါစေ'ဟု တစ်ယောက်နှင့်တစ်ယောက် ဆုတောင်းနေသံများ ကြားရသည်။

အဖေ့ကိုရှာဖို့ ကျွန်တော် ပြေးထွက်သွားသည်။ သို့သော် အဖေ့ကိုမင်္ဂလာ နှစ်သစ်ဆုတောင်းခွန်း မည်သို့ ဆက်ရပါမည်လဲ။ မင်္ဂလာရှိသည့်နှစ်ဟုကျွန်တော်မှ မယုံတော့တာ။

သူ့ကို တွေ့ပါသည်။ နံရံတွင် အရုပ်ကြိုးပြတ်ပုံစံဖြင့် မှီလျက်။ သူ့ဆီလျှောက်သွားပြီး လက်တစ်ဖက်ကို ယူနမ်းလိုက်သည်။ ကျွန်တော့်လက်ပေါ်သို့မျက်ရည်တစ်ပေါက် ကျလာသည်။ ကျွန်တော့်မျက်ရည်လား၊ အဖေ့မျက်ရည်လား ကျွန်တော်မသိ။ ကျွန်တော်က ဘာမျှမပြော။ အဖေကလည်း တစ်ခွန်းမျှမဟ။ သို့သော် သည်တဒင်္ဂလောက် ကျွန်တော်တို့ သားအဖ တစ်ယောက်ကိုတစ်ယောက် ဘယ်တုန်းကမှ နားမလည်ခဲ့ကြပေ။

ခေါင်းလောင်းသံကြားတော့မှ ကျွန်တော်တို့နှစ်ယောက် သတိပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ အိပ်ရာဝင်ကြရတော့မည်။ ဟိုးအဝေးကြီးမှ ပြန်လာသလို ကျွန်တော်တို့ လျှောက်ခဲ့ကြသည်။ အဖေ့မျက်နှာကို ကျွန်တော် မော့ကြည့်လိုက်သည်။ အပြုံးလေး တစ်စွန်းတစ်စ တွေ့ရလေမည်လား။ မည်သည့်ခံစားမှုမျှ မတွေ့ရပါ။ အဖေ့မျက်နှာတွင် မည်သည့်အဓိပ္ပာယ်မျှ ရှာမရတော့ပါ။ စိတ်လျှော့ အရှုံးပေးလိုက်သည့် လက္ခဏာ။

❖

ယွမ်ကစ်ပါ နှစ်စဉ် ဥပုသ်ပွဲတော်ရက်။

ကျူးလွန်ခဲ့မိသမျှ အပြစ်တို့မှ ကျေရာကျေကြောင်း ဆုတောင်းရမည့်နေ့။ ကျွန်တော်တို့ ဥပုသ် ယူသင့် မယူသင့် အပြင်းအထန် ငြင်းခုံကြသည်။ ဥပုသ်စောင့်လျှင် သေဖို့ရက်ကို တိုစေမည်မုချ။ သည်ရောက်ကတည်းက ကျွန်တော်တို့ နေ့စဉ် အာဟာရ ခြိုးခြံခြင်း ဥပုသ်ရနေသည် မဟုတ်လား။ သည်မှာ တစ်ချိန်လုံး ယွမ်ကစ်ပါပွဲတော် ကျင်းပနေရသည် မဟုတ်လား။

မည်သို့ဖြစ်စေ ဥပုသ်စောင့်သင့်သည်။ အန္တရာယ်များသဖြင့် စောင့်သင့်ခြင်းဖြစ်သည်ဟု ဆိုသူများလည်း ရှိ၏။ သည်လိုနေရာမှာပင်၊ သည်လိုငရဲခန်းမှာပင် ဘုရားသခင်ရှိနေကြောင်း ပြရမည်ဟု ဆိုကြ၏။ မမွှတေးကို ဆိုရမည်တဲ့။ ကိုယ်တော်၏ဂုဏ်ကို သီဖွဲ့ရမည်တဲ့။

ကျွန်တော် ဥပုသ် မစောင့်ပါ။ အဖေ့အလိုနှင့်အညီ ဖြစ်နေ၏။ အဖေက လုံးဝ တားသည်။ ကျွန်တော့်အနေဖြင့်လည်း ဥပုသ်ယူစရာ လုံးဝအကြောင်း မမြင်တော့ပါ။ ကောင်းကင်ဘုံက ကျွန်တော်တို့ ဖြစ်ထွေကို လက်ပိုက်ကြည့်နေခြင်းအတွက် လုံးဝ လက်မခံနိုင်ပါ။

ပေါင်မုန့်အနားသားတစ်ဖဲ့ ကိုက်ပြီး စွပ်ပြုတ်တစ်ဇွန်း သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ဘုရားသခင်ကို ပုန်ကန်လိုက်သည့် အမှတ်အသားဟု ထင်လိုက်၏။

ကျွန်တော်၏ ကိုယ်ထဲတွင် ဘာမျှ မရှိတော့သလို လေဟာနယ်ကြီး ဖြစ်သွားသည်။

❖

ဂျာမန်တွေက ကျွန်တော်တို့ကို နှစ်ကူးလက်ဆောင် လှလှကလေး ပေးသည်။

ကျွန်တော်တို့အားလုံး အလုပ်မှ ပြန်လာကြသည်။ စခန်းဂိတ်ဝနား ရောက်တော့ တစ်ခုခုဖြစ်နေပြီဟု သိလိုက်၏။ လေထုထဲမှ ထူးခြားမှုကို ကျွန်တော်တို့ ခံစားမှုဖြင့် သိလိုက်ခြင်း ဖြစ်၏။

နာမည်ခေါ် လူစစ်ခြင်းအလုပ်ကို သူတို့ အလောတကြီး လုပ်ကြသည်။ ညစာ ဝေစုကို အပြေးအလွှား ဝေသည်။ ကျွန်တော်တို့ အပြေးအလွှား စားကြရ၏။ ရင်တထိတ်ထိတ်ဖြင့်။

အဖေနှင့် ကျွန်တော် အဆောင်ကွဲသွားပြီ။ ကျွန်တော့်ကို ဆောက်လုပ်ရေး ဘက် ပြောင်းပေးလိုက်၏။ ရောမ ကျောက်တုံးကြီးတွေကို ကျွန်တော် သယ်ပိုးနေရပြီ။

အဆောင်သစ်၏ အဆောင်မှူးက ဂျာမန်ဂျူးဖြစ်၏။ သူ့မျက်လုံးများက စူးရှသည်။ ညပိုင်းတွင် သူက အမိန့်ထုတ်သည်။ ဘယ်သူမှ အဆောင် အပြင်ဘက် မထွက်ရတဲ့။ ကြောက်စရာ အကောင်းဆုံးသတင်း ချက်ချင်း ပြန့်သွားသည်။

လူရွေးပွဲ လုပ်ဦးမည်တဲ့။

သည်အဓိပ္ပာယ်ကို ကျွန်တော်တို့အားလုံး သိနေကြပြီ။ ကျွန်တော် တို့ကို စစ်ဆေးမည်။ အလုပ်မလုပ်နိုင်အောင် ပိန်ချုံးချည့်နဲ့လာသူများကို



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ကို ရေးမှတ်သွားမည်။ သူတို့ကို အဆိပ်ငွေ့ လူသတ်စက်ရုံသို့ ပို့မှာ ဖြစ်သည်။

ကျွန်တော်တို့တွေ အိပ်စင်များကြားတွင် စုဝေးကြသည်။ နှစ်ကြီးသမားများထဲက အဘိုးကြီးတစ်ယောက်က ရှင်းပြသည်။

"မင်းတို့တွေ ခုမှရောက်လာတာ သိပ်ကံကောင်းပါတယ်ကွာ၊ ဟိုတုန်းက ဘူနာဟာ ဒီလိုဘယ်ဟုတ်မလဲကွာ။ အဲဒီတုန်းကနဲ့စာရင် ဒီနေ့ မင်းတို့နေရတာဟာ နိဗ္ဗာန်ရောက်နေတယ်လို့မှတ်ပါ။ ဟိုတုန်းက တကယ့်ငရဲပဲ၊ ရေမရဘူး၊ စောင်မပေးဘူး၊ စွပ်ပြုတ်ကလည်း မင်းတို့ ခုရတာထက် တစ်ဝက်လောက်ပဲရှိတယ်။ ညညဆို တို့တစ်တွေ သုညအောက် သုံးဆယ်ဒီဂရီမှာ မိမွေးတိုင်း ဖမွေးတိုင်း အိပ်ကြရတယ်။ နေ့တိုင်း လူတစ်ရာလောက် သေတယ်။ တို့ပဲ အလောင်းတွေ လိုက်ကောက်ရတယ်။ အလုပ်ကလည်း ဒါထက် ဆယ်ဆလောက် လုပ်ရတယ်။ မင်းတို့ ဒီနေ့လုပ်ရတာ ဘာမှ မပြောပလောက်ပါဘူး။ ဟိုတုန်းက လက်ကောက်တွေကို တစ်နေ့ ဘယ်နှယောက် သတ်ရမယ်ဆိုတာ အထက်က အမိန့်ပေးထားတယ်။ လူရွေးပွဲကို အပတ်တိုင်း လုပ်တယ်။ ရက်ရက်စက်စက် ရွေးထုတ်တာ မင်းတို့ အရမ်းကံကောင်းတယ်"

ကျွန်တော်က ဖြတ်ပြောလိုက်သည်။

"ကဲ တော်ပါတော့ဗျာ၊ ခင်ဗျားဇာတ်လမ်းကို နောက်မှပဲပြောပါ"

သူတို့ နှစ်ကြီးသမားတွေ ဝိုင်းရယ်ကြသည်။ သူတို့တွေက တန်ဖိုးအများကြီး ပေးထားခဲ့ရသည့် နှစ်ကြီးသမားများ ဖြစ်ကြ၏။

"ဘာလဲကွာ ချာတိတ်၊ မင်းကြောက်နေလား။ တို့တုန်းကလည်း ကြောက်တာပါပဲကွာ"

ပြောပြီး အဘိုးကြီး ငြိမ်သွားသည်။ အားလုံး ငြိမ်နေကြ၏။ တီးတိုးတီးတိုးနှင့် ဘုရားစာရွတ်သံများ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီ စောင့်ရမည်။ ဒါပြီးရင် စီရင်ချက်ကို သိရတော့မည်။ နေရမှာလား၊ သေရမှာလား။

အဖေ့အတွက် ကျွန်တော် အရင်စဉ်းစားသည်။ သူ အသက်ကြီးပြီ။ ဘယ်လိုလုပ်ပြီး လူရွေးပွဲတွင် နေဖို့ဘက်ကို ပါနိုင်ပါမည်နည်း။ ကျွန်တော်တို့ အဆောင်မှူးမှာ ၁၉၃၃ ခုနှစ်ကတည်းက အကျဉ်းကျနေသူ။ စခန်းအပြင်ဘက်ကို သူ ဘယ်မှ မရောက်ဖူး။

လူသတ်ဌာနမျိုးစုံကို သူနဲ့နေပြီ။ အဆိပ်ခတ်ငွေ့ စက်ရုံများတွင်လည်း ဘာဝန်ကျဖူးသည်။ ကိုးနာရီထိုးတော့မှ အဆောင်ထဲသို့ သူဝင်လာသည်။

"အားလုံး သတိ"

အပ်ကျသံကို ကြားရလောက်အောင် ငြိမ်သွားသည်။

"ပြောတာကို သေသေချာချာ နားထောင်ကြပါ"

ပထမဆုံးအကြိမ်အဖြစ် သူ အသံတုန်နေသည်ကို ကျွန်တော် သတိထားလိုက်မိသည်။

"ခဏနေရင် လူရွေးပွဲစမယ်၊ အားလုံး အဝတ်တွေ ချွတ်ထားကြပါ။ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် ဆေးခန်းကိုသွားပြီး ဂျာမန်စစ်ဗိုလ် ဆရာဝန်ဆီကို ဝင်ရမယ်။ မင်းတို့အားလုံး အောင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဆေးစစ်ဖို့အတွက် ကိုယ့်အလှည့်မရောက်ခင် ကိုယ်လက်လှုပ်ရှားမှု လုပ်နေကြပါ။ ခုန်ပေါက် ပြေးလွှားနေကြပါ။ မင်းတို့ရဲ့ ဖယောင်းမျက်နှာမှာ သွေးရောင်ကလေးတွေ သန်းနေရင် ကံကောင်းနိုင်ပါတယ်"

သူ ခဏနားပြီးမှ ဆက်ပြောသည်။

"အရေးကြီးဆုံး ပြောမယ်၊ မကြောက်နဲ့၊ လုံးဝ မကြောက်နဲ့"

ဩဝါဒအတွက် ကျွန်တော်တို့အားလုံး သူ့ကို ကျေးဇူးတင်ကြရသည်။ သူ ပြောသည့်အတိုင်း ကျွန်တော်တို့ လုပ်ကြရမည်။

ကျွန်တော် အဝတ်တွေချွတ်ပြီး အိပ်ရာပေါ် တင်လိုက်သည်။ ဒီည



www.burmeseclassic.com

www.burmeseclassic.com



အတွက် အခိုးခံရဖို့ ပူစရာမလို။

ကျွန်တော်နှင့်အတူ ဆောက်လုပ်ရေးဘက် ပြောင်းလာသည့် တီဘီနှင့် ယိုစီက ကျွန်တော့်အနားလာပြီး ညှိသည်။

"အတူတူ ကပ်နေကြရအောင်၊ ဒါမှ အားရှိမှာ"

ယိုစီ့နှုတ်မှ တစ်ခုခု ရွတ်နေသည်။ ဘုရားဝတ်ပြုနေခြင်း ဖြစ်မည်။ သူက ဘာသာရေးကို အလွန်ကိုင်းရှိုင်းသူ။ ကျွန်တော်က သူနှင့် ဆန့်ကျင်ဘက်သို့ ရောက်နေပြီ။ တီဘီက နှုတ်နည်းသည်။ မျက်နှာကလေးက ဖြူဖပ်ဖြူရော်။ အားလုံး အဝတ်ဗလာနှင့် အိပ်စင်ခြေရင်းတွင် စီရပ်နေကြရသည်။ ကမ္ဘာ့နောက်ဆုံးနေ့။ ဘုရားသခင် စီရင်ချက်ချသည့်အခါ သည်လိုပင် ရပ်စောင့်နေကြရမည် ထင်၏။

"ဟိုမှာ သူတို့ လာနေကြပြီ"

ဂျာမန်စစ်ဗိုလ်များ ခြံရံလျက် ဆေးခန်းထဲသို့ ဝင်သွားသူမှာ အခြားသူမဟုတ်။ ဝတ်ရုံဖြူနှင့် သေမင်းဟု နာမည်ကြီးသည့် ဒေါက်တာ မင်ဂလီပင်။ ဘာကင်နူးတွင် တွေ့ခဲ့ရသည့် သေမင်းတမန်ပင်တည်း။

အဆောင်မှူးက ကျွန်တော်တို့ကို ကြိုးစားပြီး ပြုံးပြသည်။

"ကဲ... အားလုံး အသင့်ပြင်ကြ"

ကျွန်တော်တို့အားလုံး အသင့်ပြင်ပြီးသား ဖြစ်ပါသည်။ ဂျာမန်စစ်ဗိုလ်တွေနှင့် သေမင်းတမန် ဆရာကလည်း အဆင်သင့်ပင်။ ဒေါက်တာ မင်ဂလီက လူစာရင်းစာရွက်ထပ်ကြီး ကိုင်လျက်။

ပထမဦးဆုံး အပေါ်ပိုင်းကို အရင်စစ်သည်။ အဆောင်မှူးတွေ၊ လက်ကောက်တွေ၊ ဖိုမင်တွေဖြစ်၏။ သူတို့တွေက စိတ်ပူစရာမရှိ အကျဉ်းကျများ၏ ရာရှင်ကို ဖြတ်စားလျှပ်စား အဝအပြဲ ဝါးမျိုထားသူတွေ ဖြစ်၏။ ဓာတ်တူသားချင်း စားနေသူတွေ ဖြစ်၏။

သူတို့ပြီးမှ ရိုးရိုးအကျဉ်းသားများ အလှည့်ရောက်သည်။ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



မင်ဂလီက အားလုံးကို ခြေဆုံးခေါင်းဆုံး စစ်သည်။ ရုံခါတွင် ကိုယ်ပိုင်နံပါတ်ကို မှတ်သည်။

ဘယ်ဘက်လက်မှ နံပါတ်ကို သူမမြင်အောင် ဘယ်လိုဝှက်ရပါမည်လဲဟု ကျွန်တော် စဉ်းစားနေသည်။

ကျွန်တော့်ရှေ့မှ တီဘီနှင့် ယိုစီတို့ နှစ်ယောက်စလုံး ဆေးအောင်ကြသည်။ သူတို့ နံပါတ်တွေကို မင်ဂလီ ရေးမှတ်ခြင်း မပြုကြောင်း ကျွန်တော် သတိထားကြည့်နေသည်။

ကျွန်တော့်အလှည့်။ နောက်မှ တစ်ယောက်က တွန်းလွှတ်သည်။ ကျွန်တော် ပြေးချသွားသည်။ ကျွန်တော့်ခေါင်းထဲတွင် ချာချာလည်ကာ အသံတွေ ကြားနေသည်။

"ဒီကောင့်ကိုယ်ပေါ်မှာ အသားမရှိတော့ဘူး"

"မင်းက အရမ်း အားနည်းနေတယ်"

"မင်းကတော့ ဓာတ်ငွေ့စက်ရုံကို တန်းသွားဖို့ပဲကောင်းတယ်"

သူ့ဆီကို ကျွန်တော် တော်တော်နှင့် မရောက်နိုင်ဟု စိတ်ထဲ ထင်နေ၏။ အချိန်အကြာကြီး ပြေးသွားနေရသည်ဟု ထင်နေ၏။

သေမင်းတမန်ရှေ့ ရောက်တော့ ကျွန်တော် ခြေကုန်လက်ပန်းကျပြီး မောနေသည်။

အစစ်ခံပြီးတော့ ယိုစီနှင့် တီဘီကို အမောတကော မေးမိသည်။

"သူတို့ ငါ့နံပါတ် ရေးမှတ်တာ တွေ့လား"

ယိုစီက ပြုံးပြီး ဖြေသည်။

"ဘယ်မှတ်မလဲ၊ မင်းက တကယ့်အပြေးသမားပဲ"

သည်တော့မှ ကျွန်တော် ဟင်းချပြီး ရယ်နိုင်တော့သည်။ ပျော်လည်း ပျော်သွားသည်။ ယိုစီကို ဖက်နမ်းချင်စိတ် ပေါက်သွား၏။ ကျွန်တာတွေ ဘာမှ အကြောင်းမဟုတ်တော့။ ကျွန်တော့်နံပါတ် ပါမသွားဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်မှတ်သွားသူများ အုပ်စုခွဲ၍ ရပ်နေကြရသည်။ သူတို့အားလုံး ကမ္ဘာလောကကြီး၏ စွန့်ပယ်ခြင်း ခံလိုက်ရပြီ။ တချို့ အံကြိတ်ပြီး ငိုနေကြ၏။

❖

မကောင်းဆိုးဝါး မင်ဂလီနှင့် နာဇီစစ်ဗိုလ်တွေ ထွက်သွားကြပြီ။ အဆောင်မှူးပေါ်လာပြီး ညှိုးငယ်သည့် ကျွန်တော်တို့ မျက်နှာများကို ကြည့်ပြီး ပြောသည်။

"အားလုံး ပြီးသွားပြီ၊ မင်းတို့ ဘာမှ မပူကြနဲ့တော့။ နောက် ဘာမှ ဒါမျိုးတွေ ရှိမှာ မဟုတ်တော့ဘူး"

သူက ပြုံးဖို့ ကြိုးစားနေရဆဲဖြစ်၏။ အရိုးငေါ်ငင်နှင့် ဂျူးတစ်ယောက်က တုန်တုန်ယင်ယင်ဖြင့် မေးသည်။

"ဒါပေမဲ့ ဆရာရယ်၊ ကျွန်တော့် နံပါတ်ကို သူတို့ ရေးယူသွားကြပြီလေ"

အဆောင်မှူး စိတ်တိုသွားပြီး၊ သူ့စကားကို မယုံကြည်သူအား သူ လက်ခံလေ့ မရှိ။

"ဘာကွ၊ မင်းကို ငါ လိမ်ပြောနေတယ် ထင်လား။ ငါ ထပ်ပြောမယ်၊ နောက်ဆုံးပြောမယ် မင်းတို့ ဘာမှမဖြစ်စေရဘူး၊ နားလည်လား ငတုံးတွေ။ အလကား အသည်းကြောင်မနေကြနဲ့"

ခေါင်းလောင်းထိုးသံ ကြားရသည်။ စခန်းတစ်ခုလုံးမှ လူရွေးပွဲ အဆုံး သတ်သွားပြီ။

အဆောင်နံပါတ် ၃၆ ဆီသို့ ကျွန်တော် အသားကုန်ပြေးသွားသည်။

ကျွန်တော့်ဆီလာနေသော အဖေနှင့် လမ်းခုလတ်တွင် တွေ့သည်။ အဖေက အော်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား အောင်လား"

"ဟုတ်ကဲ့၊ အဖေကော"

"အေး… အောင်တယ်"

သည်တော့မှ နှစ်ယောက်စလုံး အသက်ဝအောင် ရှူနိုင်တော့သည်။ အဖေက ကျွန်တော့်ကိုပေးဖို့ လက်ဆောင်ပါလာသည်။ ပေါင်မုန့်တစ်ခြမ်းနှင့် ရော်ဘာအစကလေးတစ်ခု။ ဖိနပ်ပြင်ဖို့ အသုံးကျမည်တဲ့။

ခေါင်းလောင်းထိုးသံ ကြားရပြန်သည်။ အဖေနှင့်ကျွန်တော် ခွဲကြရတော့မည်။ အိပ်ဖို့အချက်ပေးသည့် ခေါင်းလောင်းသံ။ အရာတိုင်းကို ခေါင်းလောင်းသံဖြင့် ထိန်းချုပ်ထားသည့်နေရာ ဖြစ်၏။ ခေါင်းလောင်း၏ အမိန့်ပေးသံအောက်တွင် ကျွန်တော်တို့ လှုပ်ရှားနေကြရသည်။ သည်အမင်္ဂလာသံကို ကျွန်တော် မုန်းလာပြီ။

ပို၍ နေပျော်ထိုင်ပျော်ရှိသည့် ကမ္ဘာတစ်ခုကို ကျွန်တော် အိပ်မက်မက်လျှင် ခေါင်းလောင်းမရှိသည့်ကမ္ဘာပဲ ဖြစ်စေလိုပါသည်။

❖

ရက်များမကြာခင် ကျွန်တော်တို့တစ်တွေ ဆေးစစ်လူရွေးပွဲအကြောင်း မေ့သွားကြသည်။ အလုပ်ခွင်တွင် ပုံမှန် ပြန်ဖြစ်သွားသည်။ ကျောက်တုံးကြီးတွေကို ကားပေါ်သို့ မနိုင်မနင်း တင်ပေးနေရပြန်သည်။

ရိက္ခာဝေစုက တဖြည်းဖြည်း နည်းနည်းလာသည်မှအပ လုပ်ငန်းခွင်က ယခင်အတိုင်းပင်။

ခါတိုင်းလိုပင် အရဏ်တက်တွင် နေ့တိုင်းထကြရသည်။ ကော်ဖီကြမ်းနှင့် ပေါင်မုန့်တစ်ချပ် ပေးသည်။ တစ်နေ့တွင် ခါတိုင်းလို အဆောင်မှ ထွက်မည့်ဆဲဆဲ အဆောင်မှူး ပြေးလာသည်။ သူ့လက်ထဲတွင် စာရွက်တစ်ရွက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ ခဏလေး စကားပြောရအောင်။ မင်းတို့ကို ကိုယ်ပိုင်နံပါတ်တွေ ဖတ်ပြမယ်။ ပါတဲ့လူတွေ အလုပ်ဆင်းဖို့ မလိုဘူး၊ အဆောင်မှာပဲနေ။ ဟုတ်ပြီလား"

သူခပ်တိုးတိုး ဖတ်ပြသည်။ ကျွန်တော်တို့ နားလည်လိုက်ပါပြီ။ ဒေါက်တာ မင်ဂလီက မမေ့ပါ။ အားလုံး သူရွေးထားသည့် နံပါတ်များ ဖြစ်ပါ၏။

အဆောင်မှူးက သူ့အခန်းဆီသို့ လှည့်ပြန်မည်အပြုတွင် အကျဉ်းသား ဆယ်ယောက် သူ့ဆီပြေးသွားပြီး အသနားခံကြသည်။

"ကျွန်တော်တို့ကို ကယ်ပါဦးဆရာရယ်၊ ဆရာ ကတိပေးထားတယ်လေ၊ ကျွန်တော်တို့ အလုပ်လုပ်နိုင်ပါတယ်ဆရာ"

အဆောင်မှူးက သူတို့ကို ချော့မော့ပြောသည်။ စိတ်မပူဖို့ ပြောသည်။

"အဆောင်မှာနေဖို့ ပြောတာနဲ့ အဆိုးဘက် မရောက်နိုင်ပါဘူးကွာ၊ ငါလည်း နေ့တိုင်း အဆောင်မှာနေတာပဲ"

သို့သော် အကျဉ်းသား ဆယ်ဦးတို့က သူပြောတာကို မယုံ။ သူကိုယ်တိုင်ကလည်း သူပြောတာ သူ မယုံပါ။ ဘာတစ်ခွန်းမှ ဆက်မပြောတော့ဘဲ သူ့အခန်းထဲ ပြန်ဝင်သွားပြီး တံခါးချက် ချထားလိုက်တော့သည်။

တစ်ပြိုင်တည်းတွင် ခေါင်းလောင်းထိုးသံ ထွက်လာသည်။

"တန်းစီ"

အလုပ်ခွင်တွင် ဘယ်လောက် ပင်ပန်းပင်ပန်း အကြောင်းမဟုတ်တော့။ သည်အဆောင်မှ မြန်မြန်ထွက်ရလျှင် တော်ပြီ။ လူသေစော် နံနေသည့် အဆောင်။ ငရဲဘုံ၏ အလယ်တည့်တည့် အဆောင်မှ ထွက်ပြေးရလျှင် တော်ပြီ။

ကျွန်တော့်ဆီသို့ တူရူမှ ပြေးလာနေသော အဖေ့ကို လှမ်းမြင်ရသည်။ ချက်ချင်း ကျွန်တော် ခေါင်းနားပန်း ကြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ… ဘာဖြစ်လာတာလဲဟင်"

သူ မောနေသည်။ တော်တော်နှင့် စကားမပြောနိုင်။

"အဖေလည်း၊ အဖေလည်းပါတယ်။ အဆောင်မှာ နေခဲ့ရမယ်တဲ့"

သူ့နံပါတ် အမှတ်ခံလိုက်ရတာကို အဖေ မသိလိုက်ခြင်း ဖြစ်သည်။

"ဒါဆို ဘာလုပ်ကြမလဲ"

ကျွန်တော်က စိုးရိမ်တကြီး မေးလိုက်သည်။ သို့သော် အဖေက ဣန္ဒြေဆည်ပြီး စိတ်မပူဖို့ ပြန်ပြောသည်။

"ဘာမှ သေချာသေးတာ မဟုတ်ပါဘူးကွာ၊ ကံတရား ရှိပါသေးတယ်၊ ဒီနေ့ ထပ်ရွေးဦးမယ် ပြောတယ်။ ဒီတစ်ခါမှ နောက်ဆုံးဖြစ်မှာတဲ့"

ကျွန်တော် ဘာမှပြန်မပြောတော့။ အဖေက အချိန်သိပ်မကျန်တော့သလို စကားတွေ အလောတကြီး ပြောနေသည်။ သူပြောချင်တာတွေက အများကြီး။ ပြောရင်းပြောရင်း ဟိုရောက်သည်ရောက် ဖြစ်နေသည်။ အသံက ပို၍ ပို၍ တစ်ဆို့ဆို့ ဖြစ်လာသည်။ ကျွန်တော့်တွင် အချိန်မရှိတော့ကြောင်းလည်း အဖေ သိသည်။

သူတစ်ယောက်တည်း ကျန်ခဲ့တော့မည်။ တစ်ယောက်တည်းဆို တစ်ယောက်တည်း။

"ရော့ သား၊ ဒီဓားကို ယူထားလိုက်။ အဖေ့အတွက် မလိုတော့ဘူး၊ သားအတွက် တစ်နေ့ အသုံးဝင်လာနိုင်တယ်။ ဒီဇွန်းကိုလည်း ယူထားလိုက်။ ရောင်းမပစ်နဲ့နော်။ ရော့ မြန်မြန်ယူ၊ ယူလေကွာ"

ကျွန်တော်ရမည့် အမွေတွေများလား…

ကျွန်တော် ငိုချင်သွားသည်။

"အဲဒီလို မပြောပါနဲ့ အဖေရယ်၊ အဲဒီစကားမျိုးတွေ မပြောပါနဲ့။ ဓားနဲ့ ဇွန်းကို အဖေပဲ ယူထားပါ။ ကျွန်တော်လိုမယ်ဆိုရင် အဖေလည်း လိုမှာပေါ့၊ ဒီညတွေ့မယ်နော်။ အလုပ်ချိန် ပြီးရင်လေ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ခွံကို အနိုင်နိုင် ပင့်တင်ထားရသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ပြီးတော့ ထပ်ပြောသည်။

"အဖေ့စကား နားထောင်ပါ။ ယူထားစမ်းပါ သားရယ်။ အချိန် မရှိတော့ဘူး၊ အဖေပြောတဲ့အတိုင်း လုပ်စမ်း"

ကျွန်တော်တို့ လက်ကောက်က ချီတက်ဖို့ အမိန့်ပေးနေပြီ။

"ဘယ် ညာ ဘယ် ၊ ဘယ် ညာ ဘယ်"

ကျွန်တော် အံကြိတ်လိုက်သည်။ အဖေ ကျန်ရစ်ခဲ့ပြီ။ အဆောင်အနီးမှ နံရံတစ်ခုကို မှီလျက်။ ပြီးတော့ ကျွန်တော်တို့နောက်ကို ပြေးလိုက်လာသည်။ တစ်ခုခုပြောဖို့ ကျန်နေပုံ။ သို့သော် ကျွန်တော်တို့က ဘယ်ညာ အမြန်လျှောက် နေပြီ။ သူ လိုက်မမီတော့။

"ဘယ် ညာ၊ ဘယ် ညာ"

ဂိတ်ဝရောက်တော့ လူစစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး စစ်ချီသီချင်းသံ များဖြင့် ဆူညံနေ၏။ ပြီးတော့ ကျွန်တော်တို့ ဝင်းအပြင်သို့ ရောက်လာ ကြသည်။

❖

တစ်နေ့လုံး အိပ်မက်မက်ပြီး လမ်းလျှောက်နေသူလို ကျွန်တော် လေးလံစွာ လျှောက်သွားနေမိသည်။ တီဘီနှင့် ယိုစီက မကြာမကြာ လှမ်း ခေါ်ပြီး အားပေးသည်။ အလုပ်ခွင်မှ လက်ကောက်ကပင်လျှင် သည်နေ့ ကျွန်တော့်ကို အလုပ်လျှော့ခိုင်းသည်။ သူတို့တစ်တွေ ဘယ်လောက်ပင် ဝိုင်းပြီးအားပေး အားပေး ကျွန်တော့်ရင်ထဲ လေးလေးနင့်နင့်ကြီး ဖြစ်နေသည်။ အဖေကပါ ကျွန်တော့်ကို အားပေးနေရ၏။ သို့သော် စိတ်ထဲတွင် မိဘမဲ့ တစ်ယောက်လို ခံစားနေရ၏။

သည်နေ့ကို နေ့တာ တိုစေချင်တာလား၊ ရှည်စေချင်တာလား ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကျွန်တော် မသေချာ။ ညပိုင်းတွင် တစ်ယောက်တည်း ကျန်ရစ်ရမည့် အဖြစ်ကိုတွေးပြီး ကြောက်နေရသည်။ ခုချက်ချင်း အလုပ်လုပ်ရင်း လဲကျသေဆုံးသွားလျှင် မည်မျှ ကောင်းလေမည်လဲ။

နောက်ဆုံး အလုပ်ချိန် ကုန်ဆုံးသွားပြီး အပြန်ခရီးကို ဘယ်ညာ လျှောက်ပြန်ခဲ့ကြသည်။ အမြန်ချီတက်ခိုင်းရင် ဘယ်လောက် ကောင်းမလဲ။ အပြေးခိုင်းရင် ဘယ်လောက် ကောင်းမည်လဲ။ ဂိတ်ဝကို မြန်မြန်ရောက်၊ အဆောင်ကို မြန်မြန်ရောက်ချင်လှပြီ။

ရောက်ရောက်ချင်း အဆောင်နံပါတ် ၃၆ ဆီသို့ ကျွန်တော် တန်းပြေးသွားသည်။

လောကကြီးတွင် အံ့သြကုန်နိုင်ဖွယ်တွေ ရှိနေပါသေးလား။ ကျွန်တော့်အဖေ မသေသေးပါ။ ဒုတိယလူရွေးပွဲတွင် ဆန်ခါတင် ကျန်ရစ်ခဲ့သည်တဲ့။ သူ အလုပ်လုပ်နိုင်သေးကြောင်း သူ ပြနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ဓားနှင့်ဇွန်းကို ကျွန်တော် ပြန်ပေးခဲ့သည်။

❖

ဒရမ်တီးသမား အကီဘာတစ်ယောက် ပါသွားလေပြီ။ နောက်ပိုင်းတွင် သူ မတတ်နိုင်တော့ကြောင်း ကျွန်တော့်တို့ဆီ လာလာညည်းသည်။

"ငါ မခံနိုင်တော့ဘူးကွာ၊ ရှိသမျှ အားအင်တွေလည်း ကုန်ပြီ။ ငါ့ဘဝ သွားပြီကွာ"

ကျွန်တော်တို့က သူ စိတ်ဓာတ်မကျအောင် ဝိုင်းပြီး အားပေးသည်။ သို့သော် သူ တကယ်စိတ်လျှော့လိုက်ပြီ။ သူ့တွင် ယုံကြည်ကိုးကွယ်မှုလည်း မရှိတော့။ တိုက်ပွဲဝင်ဖို့လည်း စိတ်မဝင်စားတော့။

တဖြည်းဖြည်းနှင့် သူ့မျက်လုံးများသည် မျက်နှာတွင် ဒဏ်ရာနှစ်ခုနှင့် တူလာသည်။ မျက်တွင်းကြီးတွေက အနက်ကြီး ချိုင့်ဝင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူရွေးပွဲကာလအတွင်း ဘုရားရှိခိုးခြင်း မပြုတော့သည်မှာ သူ တစ်ယောက်တည်း မဟုတ်။ ပိုလန်သား တရားဟောဆရာတစ်ယောက် ကျွန်တော်တို့အထဲတွင် ပါသည်။ အသက်ကြီးလှပြီ။ ခါးကိုင်းနေပြီ။

သူသည် တစ်ချိန်လုံး ကျမ်းစာရွတ်နေသူ ဖြစ်၏။ အဆောင်တွင်း၌သာ မဟုတ်။ ဘယ်ညာ လျှောက်နေရင်းပင် ရွတ်ဆိုနေသူ ဖြစ်၏။ တာလမွဒ် ကျမ်းကိုလည်း တစ်မျက်နှာပြီး တစ်မျက်နှာ ရွတ်ပြီးတော့ သူ့ကိုယ်သူ မေးခွန်းတွေ ပြန်မေးသည်။

တစ်နေ့တွင် ကျွန်တော့်ကို ပြောသည်။

"အားလုံးပြီးသွားပြီ။ ငါတို့ ဆုတောင်းသံကို ဘုရားသခင် ကြားတော် မမူတော့ဘူး"

သည်လိုစကားလုံးတွေ နှုတ်မှထွက်သွားသည့်အတွက် နောင်တရသလို ဖြစ်ကာ အေးစက်စက် ခြောက်ကပ်ကပ် အသံမျိုးဖြင့် ပြောပြန်သည်။

"ငါသိပါတယ်ကွာ၊ သိပ်သိတာပေါ့။ ဒီစကားမျိုးတွေ ဘယ်သူမှ ပြောခွင့်မရှိဘူး။ ငါလည်း လူထဲကလူပဲ။ ငါက ပညာရှိမဟုတ်ဘူး။ သူတော်စင် မဟုတ်ဘူး။ ရိုးရိုး သွေးနဲ့သားနဲ့ လူပဲ။ ငါ့ဝိညာဉ်ရော ငါ့အသွေးအသားပါ ငရဲကျခဲ့တယ်။ ငါ့မှာ မျက်လုံးအစုံပါတဲ့အတွက် ဒီမှာ ဘာတွေဖြစ်နေတယ် ဆိုတာ မြင်တယ်။ ဘုရားသခင်ရဲ့ မေတ္တာတရားက ဘယ်မှာလဲ။ ဘုရား သခင်က ဘယ်မှာလဲ ကိုယ်တော်အရှင်ရဲ့ ကရုဏာတော်ကို ငါဘယ်လို လုပ်ပြီး ယုံနိုင်တော့မှာလဲ"

ဒရမ်သမား အကီဘာသည် အလွန်သနားစရာကောင်းသူ ဖြစ်ပါသည်။ သူသာ ဘုရားသခင်ကို ဆက်ယုံပြီး သည်ဒုက္ခ သည်ဝေဒနာများသည် ကောင်းကင်ဘုံ၏ စမ်းသပ်ချက်များဖြစ်သည်ဟု သူယုံလျှင် သေဒဏ်ကျများ ထဲတွင် သူ ပါချင်မှပါလိမ့်မည်။

ခုတော့ သူသည် ယုံကြည်ကိုးကွယ်မှုကို ပစ်ပယ်ခဲ့သည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



သူ၏ တိုက်ပွဲဝင်ချင်စိတ်တို့လည်း ဆုံးရှုံးရလေတော့သည်။ တစ်ပြိုင်တည်းတွင် သေရွာသို့သွားရာ တံခါးကြီး ပွင့်သွားလေတော့သည်။

ဤသို့ဖြင့် လူရွေးပွဲတွင် အာဏာပါးကွက်သားရှေ့မှောက် လည်စင်းပေးသလို ဖြစ်ခဲ့ရလေသည်။ ကျွန်တော်တို့ကို သူက တစ်ခုပဲ မှာသွားသည်။

"နောက်သုံးရက်ဆိုရင် ငါသွားရတော့မယ်။ ငါ့အတွက် ဆုတောင်းဂါထာပိုဒ်ကိုတော့ ရွတ်ပေးကြပါကွာ"

ကျွန်တော်တို့အားလုံး ကတိပေးလိုက်ကြပါသည်။ နောက်သုံးရက်ကြာလို့ မီးခိုးခေါင်းတိုင်မှ မီးခိုးများ လွင့်တက်လာလျှင် သူ့ကို အာရုံပြုနေကြပါမည်။ အားလုံး စုပြီး သူ့ဆန္ဒအတိုင်း ဆောင်ရွက်ပါမည့်ဟူ၍။

ပြီးသည်နှင့် ဆေးရုံဘက်သို့ သူထွက်သွားလေသည်။ ခြေလှမ်းမှန်မှန်နှင့်လျှောက်သွားသည်။ နောက်သို့ကား လှည့်မကြည့်တော့ပေ။ သူ့ကို ဘာကင်နူးသို့ ပို့မည့် ဆေးရုံကားဆီသို့ တန်းသွားခြင်း ဖြစ်သည်။

နောက်ရက်များတွင် တစ်နေ့တခြား အခြေအနေ ဆိုးဆိုးလာသည်။ ပေါင်မုန့်တစ်ချပ် တုတ်တစ်ချက်နှုန်းလောက် အရိုက်ခံကြရသည်။ အလုပ်က အရိုးတွေကျိုးကြေမတတ် ပင်ပန်းလာသည်။ သူသွားပြီး သုံးရက်အကြာတွင် ဆုတောင်းဂါထာရွတ်ဖို့ အားလုံး မေ့သွားကြသည်။

❖

တစ်ဆောင်း သစ်ခဲ့ပြန်လေပြီ။

နေ့တာတိုပြီး ရှည်လျားသော ညများကို သေလုမြောပါး ဖြတ်သန်းရသည်။ အရဏ်ကျင်းသည်နှင့် လေအေးက အရိုးထဲထိအောင် တိုက်ခတ်တော့၏။ ဆောင်းရာသီဝတ်စုံတွေ ထုတ်ပေးသည်။ အတန်ထူသော ရှပ်အင်္ကျီစင်းကျားများ ဖြစ်သည်။

နှစ်ကြီးသမားများက ထုံးစံအတိုင်း ကျွန်တော်တို့ကို လှောင်စရာ



www.burmeseclassic.com

www.burmeseclassic.com



အကွက် ရသွားပြန်သည်။

"တို့ စခန်းရဲ့ ဆောင်းအရသာကို မင်းတို့ မြည်းကြည့်ဦးပေါ့ကွာ"

အလုပ်ခွင်ကို ကျွန်တော်တို့ ပုံမှန်ဝင်ရသည်။ ကျွန်တော်တို့ ခန္ဓာကိုယ်တွေ ရေခဲတုံး ဖြစ်နေပြီ။ ကျောက်တုံးတွေက မကိုင်နိုင်အောင် အေးသည်။ သို့သော် ကျွန်တော်တို့ ထမ်းပိုးရသည်သာ။ လက်နှင့်ကိုင်လိုက်လျှင် ပြန်ခွာလို့ မရတော့ဘူး အောက်မေ့ရသည်။ သို့သော် မကြာခင်အတွင်း ကျွန်တော်တို့ ကျင့်သားရသွားသည်။

ခရစ္စမတ်နှင့် နှစ်ကူးရက်တွင် ကျွန်တော်တို့ အနားရသည်။ သည်နေ့ သိပ်မကျဲသော စွပ်ပြုတ်သောက်ရသည်။

ဇန်နဝါရီလလယ်လောက်တွင် နှင်းဝဲစားပြီး ကျွန်တော့်ညာဘက်ခြေထောက် ရောင်ကိုင်းလာသည်။ မတ်တတ် မရပ်နိုင်တော့။ ဆေးခန်းသို့ သွားပြရသည်။ ဆရာဝန်မှာ ဗလကောင်းကောင်း ဂျူးလူမျိုး။ သူလည်း ကျွန်တော်တို့လို အကျဉ်းသားတစ်ယောက်ပင်။

"ခွဲရလိမ့်မယ်။ ကြာရင် မင်းခြေချောင်းလေးတွေ ဖြတ်ပစ်ရလိမ့်မယ်။ မတော်ရင် ခြေထောက်ပါ ဖြတ်ရမယ့်အခြေအနေ ရောက်သွားနိုင်တယ်"

ကျွန်တော် ပျော်သွားသည်။ ရွေးစရာ လမ်းမရှိပါ။ ဆရာဝန်က ခွဲဖို့ ဆုံးဖြတ်တော့ ကျွန်တော် ဘာပြောစရာ လိုတော့မည်နည်း၊ သည်လို ဆုံးဖြတ်သည့်အတွက် ကျွန်တော် တကယ် ဝမ်းသာနေပါသည်။

ကျွန်တော့်ကို ခုတင်ပေါ် တင်လိုက်ကြသည်။ အိပ်ရာခင်းမှာ ဖြူဖွေးနေ၏။ လူတွေ သည်လိုအိပ်ရာခင်းနှင့် အိပ်ရသည့်အကြောင်း ကျွန်တော် မေ့နေခဲ့ပြီ။

အမှန်အတိုင်းပြောရလျှင် ဆေးရုံတွင် နေရသည့်ဘဝကတော့ မဆိုးပါ။ ပေါင်မုန့် ကောင်းကောင်း စားရသည်။ စွပ်ပြုတ်ပျစ်ပျစ် သောက်ရသည်။ ခေါင်းလောင်းသံတွေကို လိုက်နာစရာ မလို။ လူစစ်မခံရ။ အလုပ်မလုပ်ရ။



www.burmeseclassic.com

www.burmeseclassic.com



ရုံခါတွင် ပေါင်မုန့်ဝေစု အပိုကလေးများ အဖေ့ကို ပေးနိုင်ခဲ့သည်။

ကျွန်တော့်နံဘေးက လူနာမှာ ဟန်ဂေရီ ဂျူးတစ်ယောက် ဖြစ်သည်။ သူက ဝမ်းကိုက်ရောဂါနှင့် တက်နေခြင်း ဖြစ်သည်။ သူသည် အရိုးစုတစ်ခုကို အရေပြားဖြင့် ဖုံးထားသည့် သေအံ့မူးမူး လူတစ်ယောက်ဖြစ်သည်။ သူ့မျက်လုံးများက သေနှင့်နေပြီ။ သူ့အသံသဲ့သဲ့ကို ကြားနေရ၍ သူ အသက်ရှိနေသေးကြောင်း သိရခြင်း ဖြစ်သည်။ သည်အခြေအနေတွင် စကားပြောနိုင်ဖို့ အင်းအား သူ ဘယ်ကရနေပါလိမ့်။

"သိပ်လည်း ဝမ်းသာမနေနဲ့ဦး သားရေ…၊ ဒီမှာလည်း လူရွေးပွဲရှိတာပဲကွ။ အပြင်မှာလို မဟုတ်ဘူး။ ခဏခဏရွေးတယ်။ ဂျာမန်တွေက နာမကျန်းဖြစ်နေတဲ့ ဂျူးတွေကို မလိုချင်ဘူးလေ။ ငါ့ကိုလည်း မလိုဘူးပေါ့ကွာ။ ဒီတစ်သုတ်လာသယ်ရင် ငါပါသွားပြီ။ မင်းအနားကို လူနာသစ်တစ်ယောက် ရောက်လာလိမ့်မယ်။ ငါပြောတာနားထောင်၊ သေသေချာချာနားထောင်။ နောက်တစ်ခါ ဆေးရုံလူရွေးပွဲ မလုပ်ခင် မင်း မြန်မြန်ဆင်းပါ"

သည်အသံ၊ သည်စကားလုံးများသည် သေရွာမှထွက်လာသည့် စကားလုံးများနှင့် တူနေသည်။ မျက်နှာမရှိသည့် လူသဏ္ဌာန်တစ်ခုထံမှ ထွက်လာသည်နှင့် တူနေသည်။ ကျွန်တော် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

သိပ်ဖြစ်နိုင်တာပေါ့။ ဆေးရုံက သေးသေးလေးပဲ။ လူနာသစ်တွေ ထပ်ရောက်လာလျှင် ခုတင်တွေ ပူးကပ်ကုန်မှာပေါ့။

ဒါကြောင့်များ ကျွန်တော့်နံဘေးမှ မျက်နှာ မပါသည့် ပုဂ္ဂိုလ်က ကျွန်တော့်ကို မြန်မြန် ဆင်းစေချင်တာလား။ ငါ့ကို သက်သက် ခြောက်တာလား။ နေပါဦး၊ သူပြောတာ အမှန်တွေ ဖြစ်နေရင်ကော။ အခြေအနေကို စောင့်ကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ကျွန်တော့်ကို လာပြောသည်။ နောက်နေ့တွင် ခွဲမည်တဲ့။

"ဘာမှ မကြောက်နဲ့သိလား၊ အားလုံး အဆင်ပြေသွားလိမ့်မယ်"

နောက် မနက်ဆယ်နာရီတွင် ကျွန်တော့်ကို ခွဲစိတ်ခန်းထဲ သွင်းလိုက်ကြသည်။ ကျွန်တော့်ကို ဆရာဝန်က အသင့် စောင့်နေ၏။ ကျွန်တော် အားတက်သွားသည်။ သူ့စကားကို ကျွန်တော်ယုံသည်။ ဘာမျှ ပူစရာမလို။

"ဘာမှ မကြောက်နဲ့။ နည်းနည်းလေးနာမှာ။ ပြီးတော့ ချက်ချင်း အနာသက်သာသွားလိမ့်မယ်"

သူ့စကားလုံးတိုင်းသည် ကျွန်တော့်အတွက်တော့ မျှော်လင့်ချက် ဖြစ်ပါသည်။

ခွဲစိတ်ခန်းထဲတွင် တစ်နာရီကြာသည်။ သူတို့ ကျွန်တော့်ကို မေ့ဆေး မပေးကြဘူးလား။ ဆရာဝန်မျက်နှာကို မျက်တောင်မခတ်တမ်း ကျွန်တော် မော့ကြည့်နေသည်။ တဖြည်းဖြည်း ကျွန်တော် လွင့်မြောသွားလေတော့သည်။

သတိရလို့ မျက်လုံးဖွင့်ကြည့်တော့ ဘာမျှမမြင်ရ။ အဖြူရောင် လွင်ပြင်ကြီးထဲတွင် ဘာမျှမတွေ့ရ။ ကျွန်တော့်အိပ်ရာခင်းကိုယူပြီး ကျွန်တော့် မျက်စိရှေ့တွင် ဖြန့်ထားပေးကြတာလား။ နောက်မှ ကျွန်တော့်ကို ငုံ့ကြည့်နေသော ဆရာဝန်မျက်နှာကို ဝိုးတဝါးမြင်ရသည်။ ပြီးမှ တဖြည်းဖြည်း ပြတ်သားလာသည်။

"အားလုံး အဆင်ပြေတယ်။ မင်းက တကယ် သတ္တိကောင်းတာပဲကွ။ ချာတိတ် မင်းဆေးရုံမှာ နှစ်ပတ်နေရမယ်။ ကောင်းကောင်းစားပြီး ကောင်းကောင်း အနားယူရမယ်။ အကြောတွေကိုရော ခန္ဓာကိုယ်ကိုပါ လျှော့ထားလိုက်"

သူ နှုတ်ခမ်းလှုပ်တာကိုသာ ကျွန်တော် မော့ကြည့်နေရသည်။ သူ ဘာတွေပြောမှန်း သိပ်မသိ။ သို့သော် သူ့လေသံကြောင့် ကျွန်တော် စိတ်သက်သာရာ ရသွားပါသည်။ သို့သော် ချက်ချင်း ကျွန်တော် ချွေးစေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသည်။ ကျွန်တော့်ခြေထောက်တွေ ဘယ်ရောက်သွားပြီလဲ။ သူတို့ ဖြတ်လိုက်ကြပြီလား။

"ဆ‥ ဆ‥ ဆရာ၊ ဆရာ"

ကျွန်တော် အထစ်ထစ် အငေါ့ငေါ့ ခေါ်လိုက်သည်။

"ဘာလဲသား၊ ပြောလေ"

ကျွန်တော် သူ့ကို မမေးရဲပါ။

"ဆရာ‥ ကျွန်တော် ရေငတ်တယ်"

သူက ရေယူလာ ပေးခိုင်းသည်။ သူ့မျက်နှာက ပြုံးလျက်။ အခြားလူနာတွေကို ကြည့်ရန် သူထွက်သွားဖို့ ဟန်ပြင်သည်။

"ဆရာ"

"ပြောလေ သားရယ်၊ မင်း ဘာသိချင်လဲ"

"ကျွန်တော့်ခြေထောက်ကို ပြန်အသုံးပြုနိုင်ဦးမလား ခင်ဗျာ"

သူ မျက်နှာတည်သွားတော့ ကျွန်တော် ကျောထဲစိမ့်သွားသည်။

"ဒီမယ် သား၊ မင်း ဆရာ့ကို မယုံဘူးလား"

"ယုံပါတယ် ဆရာ"

"ဒါဆို နားထောင်၊ နှစ်ပတ်အတွင်း မင်း နေကောင်းသွားမယ်၊ ပုံမှန်အတိုင်း ပြန်လျှောက်နိုင်မယ်။ မင်းခြေဖဝါးတစ်ခုလုံး ပြည်တွေ ပြည့်နေတယ်။ ပြည်အိတ်တွေအားလုံး ဖယ်လိုက်ပြီးပြီ။ မင်းခြေထောက်ဖြတ်ဖို့ မလိုတော့ဘူးလေ။ နောက်နှစ်ပတ်ဆို မင်း အများနည်းတူ ပြန်လျှောက်နိုင်ပြီ စိတ်ချ"

ကျွန်တော် လုပ်စရာတစ်ခုပဲ ရှိသည်။ နှစ်ပတ် စောင့်ကြည့်ရုံပင်။

❖

ကျွန်တော် ခွဲစိတ်ပြီး နှစ်ပတ်အကြာတွင် ကောလာဟလတွေ ကြားရသည်။ ရှေ့တန်းစစ်မျက်နှာ ကျွန်တော်တို့နှင့် နီးသည်ထက် နီးလာနေပြီ



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ တပ်နီတော်က ဘူနာအကျဉ်းစခန်းဆီကို ချီတက်လာနေပြီတဲ့။ ကြားရသည့်သတင်းများက နာရီပိုင်းအတွင်း ရောက်လာတော့ မလိုလို။

ကျွန်တော်တို့က သည်သတင်းမျိုး ရိုးနေပြီ။ ကမ္ဘာငြိမ်းချမ်းရေး ရတော့မည်၊ ကြက်ခြေနီအဖွဲ့ကြီးက ကျွန်တော်တို့ လွတ်မြောက်ရေးကို စတင်ဆောင်ရွက်နေပြီ စသည့် ဒဏ္ဍာရီများ ကြာတော့ ဒီသတင်းမျိုးတွေက မော်ဖင်းအထိုးခံရသလို ထုံထိုင်းနေပြီ။

သို့သော် သည်တစ်ခါတော့ ဟိုတုန်းက သတင်းများနှင့် မတူ။ ခိုင်မာပုံရသည်။ လွန်ခဲ့သည့်ညများက ဟိုးအဝေးဆီတွင် ပေါက်ကွဲသံများ ကြားရသည်။

မျက်နှာမပါသည့် ကျွန်တော့်ဘေးမှ မိတ်ဆွေက ပြောသည်။

"မျက်စိ မလည်နဲ့ ကိုယ့်လူလေး။ ဟစ်တလာက ဆယ့်နှစ်နာရီ မထိုးခင် ဂျူးမှန်သမျှ သုတ်သင်ဖို့ အတိအလင်း ကြေညာထားပြီးသားကွ"

ကျွန်တော် ဒေါသတကြီး အော်ပြောလိုက်သည်။

"သူ ဘာပြောပြောပေါ့ဗျာ။ သူက ပုရောဟိတ်မို့ ခင်ဗျား ယုံနေတာလား"

အမြင်အာရုံ မရှိတော့သော အေးစက်စက်မျက်လုံးများဖြင့် သူက ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ပြီးတော့ အားတက်သရော ပြောသည်။

"ငါကတော့ သူ့ကိုယုံတယ်။ တခြား ဘယ်သူ့ကိုမှ မယုံတော့ဘူး။ သူက ကတိတည်တယ်။ ပြောတဲ့အတိုင်းလုပ်တယ်။ အထူးသဖြင့် ဂျူးတွေ အပေါ်မှာပေါ့"

❖

ထိုနေ့ညနေ လေးနာရီတွင် ထုံးစံအတိုင်း အဆောင်မှူးတွေကို ဆင့်ခေါ်သည့် ခေါင်းလောင်းသံ ပေါ်လာသည်။ နေ့စဉ် တိုးတက်မှုအခြေအနေတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အစီရင်ခံကြရသည်။

သူတို့ အဆောင်အသီးသီးသို့ ပြန်ရောက်လာကြသည်။ အားလုံး မျက်စိမျက်နှာ ပျက်နေကြ၏။ သူတို့ ပြောနိုင်သည့် စကားတစ်ခွန်းပဲ ရှိသည်။

"တို့စခန်းကို ဖျက်သိမ်းကြတော့မယ်။ အားလုံး နောက်တန်းကို ဆုတ်ကြရမယ်"

ကျွန်တော်တို့အား ဘယ်ကို ခေါ်သွားမည်၊ ဘယ်အထိလိုက်ရမည် မသေချာ။ ဂျာမနီနိုင်ငံထဲအထိ ခေါ်သွားမည်ဟု သတင်းဖြစ်နေသည်တဲ့။

"ဘယ်တော့ သွားရမှာလဲ"

"မနက်ဖြန်ည"

"ရုရှားတွေ အဲဒီမတိုင်ခင် ရောက်ချင် ရောက်လာနိုင်တာပေါ့"

"ဒါပေါ့ ရောက်ချင် ရောက်လာနိုင်တာပေါ့"

ကျွန်တော်တို့ အားလုံး သိကြပါသည်။ အဘယ်နည်းနှင့်မျှ သူတို့ ဒီလောက် မြန်မြန်ကြီး ရောက်မလာနိုင်ပါ။

စခန်းတစ်ခုလုံး လှုပ်ရှားမှုမျိုးစုံဖြင့် ပျားပန်းခပ်နေပြီ။ လူတွေ ဟိုပြေး သည်ပြေးနှင့် ဟိုလူ့ခေါ် သည်လူ့ခေါ်နှင့် ရှုပ်ယှက်ခတ်ကာ ဆူညံနေပြီ။

အဆောင်တိုင်း အဆောင်တိုင်းမှာ အကျဉ်းသားတွေ ခရီးထွက်ဖို့ ပြင်ဆင်နေကြပြီ။ ကျွန်တော်လည်း ခွဲစိတ်ထားသည့် ခြေထောက်ကို မေ့နေပြီ။

ဆရာဝန်တစ်ယောက် အခန်းထဲဝင်လာပြီး ကြေညာသည်။

"မနက်ဖြန် ညမှောင်တာနဲ့ စခန်းက စထွက်မယ်။ အဆောင်တိုင်း အလှည့်ကျ ထွက်ရမယ်။ လူနာတွေ ဆေးရုံမှာပဲ ကျန်ခဲ့ရမယ်"

ဖြစ်နိုင်ပါ့မလား။ ကျွန်တော်တို့ မယုံနိုင်အောင် ဖြစ်နေကြသည်။ လူပေါင်း တစ်ရာလောက်ကို လွတ်မြောက်ရေး တပ်မတော်အတွက် သူတို့ ထားခဲ့ မတဲ့လား။ ဂျူးတွေရဲ့ ဆယ့်နှစ်နာရီ ခေါင်းလောင်းထိုးသံကို ကြားစေပါမလား။ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လူနာတွေကို တစ်ခါတည်း အပြတ်ရှင်းခဲ့မှာပေါ့။ တို့တွေကို မီးပုံထဲ ပစ်ထည့်ခဲ့မှာပေါ့။ ဒါမှမဟုတ် ဓာတ်ငွေ့စက်ရုံထဲ ကန်သွင်းမှာပေါ့"

မျက်နှာမရှိသည့် ပုဂ္ဂိုလ်၏အသံ။ နောက်တစ်ယောက်က တစ်မျိုး။

"မိုင်းခွဲမှာ၊ စခန်းတစ်ခုလုံးကို မိုင်းခွဲခဲ့မှာ။ သူတို့ ထွက်သွားသွားချင်း ခွဲမှာ"

ကျွန်တော်ကတော့ သေရမည့်အရေးကို မတွေးတော့။ အဖေနှင့် ခွဲရမှာကိုပဲ စဉ်းစားနေသည်။ ကျွန်တော်တို့သားအဖ အတူတကွ ဒုက္ခတွေကို မျှဝေခံစားခဲ့ပြီးပြီ။ အတူတကွ ကြိတ်မှိတ်ခံခဲ့ပြီးပြီ။ သည်အချိန်သည် သားအဖနှစ်ယောက် ခွဲရမည့်အချိန်မျိုး မဟုတ်ပါ။

အဖေ့ကိုရှာဖို့ ကျွန်တော် ပြေးထွက်ခဲ့သည်။ နေရာတကာတွင် နှင်းတွေ ထူထပ်နေသည်။ အဆောင်ပြတင်းပေါက်မှာလည်း ဖွေးဖွေးလှုပ်နေ၏။ ဖိနပ် တစ်ဖက်ကို လက်မှာကိုင်ပြီး ကျွန်တော်ပြေးခဲ့သည်။ ညာဘက်ခြေထောက်က ဖိနပ် မစီးနိုင်သေး။ ကျွန်တော် ဆက်ပြေးသည်။ အေးရမှန်းလည်း မသိ။ ခြေထောက် နာရမှန်းလည်း မသိ။

"ဘယ်လိုလုပ်ကြမလဲ အဖေ"

ကျွန်တော် အမောတကော မေးသည်ကို အဖေ မဖြေ။ တစ်ခုခုကို အလေးအနက် တွေးနေပုံရသည်။ လမ်းရွေးဖို့က ကျွန်တော်တို့ တာဝန် ဖြစ်ပေပြီ။ အဖေ့ကို ဆေးရုံမှာထားပြီး သားအဖနှစ်ယောက် နေရစ်မည်လား။ ဆရာဝန်က ကျွန်တော့်ကို ခင်နေပြီ။ အဖေ့ကို လူနာတစ်ယောက် အဖြစ်ဖြင့် ဖြစ်စေ၊ ဆေးရုံဝန်ထမ်း တစ်ဦးအဖြစ်ဖြင့်ဖြစ်စေ သူ ဆောင်ကြဉ်းပေးနိုင်သည်။

သို့သော် အဖေနှင့်အတူလိုက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

"ကဲ အဖေ၊ ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

သူ ဘာမျှ မပြောသေး။

"ကျွန်တော်တို့ အားလုံးနဲ့အတူ လိုက်သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ခုထိ ဘာမျှ မပြောသေး။ ကျွန်တော့်ခြေထောက်ကို ငုံ့ကြည့်သည်။

"သား လျှောက်နိုင်ပါ့မလား"

"အင်း လျှောက်နိုင်မှာပါ"

"အင်း နောင်တရရမယ့် အဖြစ်မျိုးနဲ့တော့ မကြုံကောင်းပါဘူးနော် အယ်လီဆာ"

❖

စစ်ကြီးပြီးတော့ ဆေးရုံတွင်ကျွန်ရစ်သည့် အကျဉ်းသားများအကြောင်း ကျွန်တော် ကြားရသည်။ ဘဝက ရိုးရိုးရှင်းရှင်းလေးပဲ။ ကျွန်တော်တို့ ထွက်လာပြီး နှစ်ရက်အကြာတွင် တပ်နီတော် ရောက်လာသည်။ သူတို့ အားလုံး လွတ်မြောက် အသက်ရှင်ကြသည်။

❖

ကျွန်တော် ဆေးရုံသို့ ပြန်မသွားတော့။ ကျွန်တော့်အဆောင် တန်းပြေး သွားသည်။ ခြေထောက်က အနာပြန်ပွင့်သွားပြီ။ သွေးထွက်လာသည်။ ကျွန်တော့် ခြေထောက်အောက်မှ နှင်းခဲတွေ နီရဲနေ၏။

အဆောင်မှူးက ကျွန်တော်တို့ကို ရိက္ခာဝေစု နှစ်ဆထုတ်ပေးသည်။ ပေါင်မုန့်အပြင် မာဂျရင်းပါပေးသည်။ အဝတ်အထည်ကိုတော့ စတိုခန်းထဲက ကျွန်တော်တို့ ကြိုက်သလောက် ယူသွားနိုင်သည်တဲ့။

ရာသီဥတုက မကြုံဖူးအောင် အေးလှသည်။ ကျွန်တော်တို့ အိပ်ရာဝင် လိုက်သည်။ ဘူနာစခန်းတွင် နောက်ဆုံးည ဖြစ်လိမ့်မည်။ အင်း... နောက်ဆုံး ညတွေ များလှပြီကော။ အိမ်မှ မထွက်ခင် နောက်ဆုံးည။ ဆစ်ဂက် သံဆူး ကြိုးကာ ဂျူးစခန်းတွင် နောက်ဆုံးည။ တိရစ္ဆာန်တွဲထဲတွင် နောက်ဆုံးည။ အင်း... အခုတော့ ဘူနာစခန်း နောက်ဆုံးည။

နောက်ဆုံးညတစ်ခုမှ နောက်ဆုံးညတစ်ခုသို့ ကူးပြောင်းရင်း ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဘယ်လောက်ကြာကြာ ဆက်နေရဦးမှာလဲ။

ကျွန်တော် အိပ်လို့ မပျော်တော့ပါ။ နှင်းတွေဖုံးနေသည့် မှန်ပြတင်းများမှ အနီရောင်တန်းများကို လှမ်းမြင်နေရသည်။

တိတ်ဆိတ်နေသောညကို ဖြိုခွင်းနေသည့် အမြောက်သံများ။ ရုရှား တွေ ဘယ်လောက်အကွာအဝေးကို ရောက်နေကြပြီလဲ။ သူတို့နဲ့ ကျွန်တော်တို့ ဘယ်လောက် လှမ်းသေးသလဲ။ တစ်ညခရီးပေါ့။ ကျွန်တော်တို့၏ နောက်ဆုံး တစ်ည။

အိပ်ရာတစ်ခုမှ တစ်ခုသို့ တီးတိုးတီးတိုး ပြောနေသံများ ထွက်လာ သည်။ ကျွန်တော်တို့ မထွက်ခွာမီ ရုရှားတွေ ရောက်လာနိုင်ပါသေးသည်တဲ့။ အခွင့်အလမ်းက နည်းလွန်းသော်လည်း မျှော်လင့်ချက်တော့ ထားနေကြဆဲပင်။

တစ်ယောက်က ကျွန်တော့်ကို လှမ်းသတိပေးသည်။

“ဟေ့ အိပ်တော့လေကွာ၊ မနက်ဖြန်ခရီးအတွက် တို့ အားမွေးကြရ မယ်လေ”

အမေ့ကို သွားသတိရသည်။ နောက်ဆုံးည တစ်ညတွင် အမေ သည် အတိုင်း သတိပေးခဲ့ဖူးသည် မဟုတ်လား။

ကျွန်တော် မအိပ်နိုင်ပါ။ ကျွန်တော့်ခြေထောက် မခံနိုင်အောင် နာနေပြီ။

❖

မနက်မိုးလင်းတော့ စခန်းတစ်ခုလုံး တစ်မျိုးဖြစ်နေသည်။ မနေ့ကနှင့် လုံးဝ မတူတော့။ အကျဉ်းသားများကို ဝတ်စုံ အမျိုးမျိုးဖြင့် တွေ့ရသည်။ အစစ်တွေပျောက်ပြီး အတုအယောင်တွေ ရောက်နေသလိုလို။ အအေးဒဏ်မှ ကာကွယ်ရန် စိတ်ကူးတည့်ရာ အဝတ်တွေကို အထပ်ထပ် ဝတ်ဆင်ထားကြ ၏။ လူရွှင်တော်တွေလို ဖြစ်နေ၏။ အရပ်တွေ ရှည်ထွက်မလာဘဲ ဖောင်း ကား နေကြ၏။ သို့သော် သည်အဝတ်များအောက်တွင်ကား အားလုံး အရိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အရေချည်း။ မရယ်ရသော ရင်နာစရာ လူရွှင်တော်များ ဖြစ်နေလေပြီ။

ကျွန်တော်က ဆိုက်ကြီးကြီးဖိနပ်ကို လိုက်ရှာသည်။ စောင်ကို ဆွဲဆုတ်ပြီး ခြေထောက်ကို စည်းသည်။ ပြီးသည်နှင့် ပေါင်မုန့်ကလေးများ၊ အာလူး၊ အစအနလေးများ ရမလားဆိုပြီး အဆောင်တွေထဲ လျှောက်ရှာသည်။ အချို့က ခန့်မှန်းနေကြသည်။ ကျွန်တော်တို့ကို ချက်ကိုစလိုဗက်ကီးယားကို ပို့မည်တဲ့။ တစ်ယောက်က မဟုတ်ဘူး။ ဂရော့စ်ရိုစင်တဲ့။ နောက်တစ်ယောက်က ဂလယ်ဝစ်ဇ်တဲ့။ နောက်တစ်ယောက်က...

❖

ဤသို့ဖြင့် နေ့လယ် နှစ်နာရီ ထိုးသွားသည်။ ဆီးနှင်းပေါက်တွေက မိုးလောက် ပြင်းထန်နေဆဲ။

ခုကျပြန်တော့ အချိန်က အကုန်မြန်လွန်းနေသည်။ ချက်ချင်း နွားရိုင်းသွင်းချိန် ရောက်သွားသည်။ နေ၏အလင်းကို ညဆည်းဆာက ချက်ချင်း လွှမ်းခြုံပစ်လိုက်သည်။

အဆောင်မှူးက အဆောင်သန့်ရှင်းရေးလုပ်ဖို့ ခုမှသတိရပြီး အကျဉ်းသားလေးယောက်အား ကြမ်းတိုက်ခိုင်းသည်။ ထွက်ခွာဖို့ တစ်နာရီပဲ လိုတော့သည်။ ဘာအတွက်လဲ။ ဘယ်သူ့အတွက်လဲ။

"ရောက်လာမယ့် လွတ်မြောက်ရေး တပ်နီတော်အတွက်ပေါ့ကွ။ တို့ဒီမှာ လူတွေနေသွားတာ။ ဝက်တွေနေသွားတာ မဟုတ်ဘူးဆိုတာ သူတို့သိအောင်လို့လေ"ဟု အဆောင်မှူးက ရှင်းပြသည်။

တစ်ဆောင်လုံး သန့်ရှင်းရေးကို အားလုံး ဝိုင်းလုပ်ကြသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီ ခေါင်းလောင်းထိုးသံ ထွက်လာသည်။ သေရွာသွားဖို့ အချက်ပေးသံနှင့် တူသည်။ ဆုတ်ခွာဖို့ ချက်ချင်း အမိန့်ပေးသည်။

"တန်းစီ၊ မြန်မြန်"

အဆောင်လိုက် ချက်ချင်း တန်းစီပြီးသား ဖြစ်သွားသည်။ ညအချိန် ရောက်လာပြီ။ သူတို့ အစီအစဉ်တွေ အားလုံး ကွက်တိ။

မီးမောင်းကြီးတွေ ထိုးလိုက်ပြီ။ လင်းထိန်သွားသည်။ ရာပေါင်းများစွာသော ဂျာမန်စစ်သားတွေ အမှောင်ထဲမှ ဘွားခနဲ ပေါ်လာ၏။ သူတို့လက်ထဲတွင် စစ်ခွေးတွေနှင့်။ နှင်းတွေ ဖြိုင်ဖြိုင်ကျနေဆဲ။

စခန်းဂိတ်အသီးသီး ပွင့်သွားပြီ။ မီးမောင်းကြီးများ ပိတ်သွားတော့ ပို၍ မှောင်မည်းသွားသည် ထင်ရ၏။

ကျွန်တော်တို့ရှေ့မှ အခြားအဆောင်သားများ စတင်ချီတက်ကြသည်။ တစ်ဆောင်ကို အုပ်စုတစ်စု ထားခြင်းဖြစ်ရာ ကျွန်တော်တို့ အုပ်စု ၅၆ စု ရှိသည်။

အလှည့်ရောက်ဖို့ အဝေးကြီးလိုသေးသည်။ မေးချင်းရိုက်ပြီး စောင့်ကြရသည်။ ကျွန်တော့် ဘောင်းဘီအိတ်ထဲတွင် ပေါင်မုန့်နှစ်ပိုင်း ရှိသည်။ စားချင်စိတ်ကို မနည်း မျိုသိပ်ထားရ၏။

ကျွန်တော်တို့အလှည့် ရောက်တော့မည်။ အုပ်စု ၅၃၊ အုပ်စု ၅၅…

"အုပ်စု ၅၆၊ ချီတက်"

နှင်းမိုးတွေ ပိုသည်းလာပြီ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

(၆)

မကြုံဖူးအောင် အေးသည့် လေဒဏ်ကို အံကြိတ်ခံပြီး ဖြောင့်ဖြောင့်မတ်မတ် ကျွန်တော်တို့ ချီတက်ကြသည်။

စစ်သားတွေက အပြင်းမောင်းသည်။

''မြန်မြန်၊ မြန်မြန်လျှောက်၊ ခွေးလေခွေးလွင့်တွေ''

ကိစ္စမရှိပါ။ ကျွန်တော်တို့ အမြန်လှမ်းခဲ့ကြသည်။ သွေးပူဖို့လိုသည် မဟုတ်လား။ အသက်ရှင်နေသေးသည်ကို သိဖို့လိုသည် မဟုတ်လား။

''ဟေ့ ခွေးသားတွေ မြန်မြန်၊ မြန်မြန်''

ကျွန်တော်တို့ကို ဘယ်ညာ ချီတက်ခိုင်းနေခြင်း မဟုတ်တော့။ တအားပြေးခိုင်းနေခြင်း ဖြစ်သည်။ စက်ရုပ်တွေလို ပြေးနေရခြင်း ဖြစ်သည်။ သူတို့လည်း စက်သေနတ်တွေချိန်လျက်သား ပြေးနေကြ၏။ ကျွန်တော်တို့တစ်တွေ သူတို့ လက်မှ လွတ်အောင် ပြေးရသည်အလား။

ညဏ်အမှောင်ထုက ပို၍ပို၍ သိပ်သည်းလာသည်။ မှောင်နှင့် မည်းမည်းထဲတွင် ရံဖန်ရံခါ သေနတ်သံများ ထွက်ထွက်လာ၏။ မလျှောက်နိုင်သူ၊ မပြေးနိုင်သူများအား သူတို့ ပစ်သတ်ခဲ့ကြသည်။ သူတို့လက်ညှိုးတွေက ခလုတ်ပေါ်တွင် အဆင်သင့်။ တစ်ယောက်ယောက်က တစ်စက္ကန့် တုံ့သွားသည်နှင့် ခွေးလေခွေးလွင့်လို သူတို့ ရှင်းပစ်လိုက်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စက်ရုပ်တစ်ရုပ်လို တစ်လှမ်းပြီးတစ်လှမ်း ပြေးနေရသည်။ အရိုးပေါ်တွင် အသားဟူ၍ မရှိသလောက် ဖြစ်နေသော်လည်း သည်ခန္ဓာကိုယ်သည် ကျွန်တော့် ခြေထောက်များအတွက် လေးလံလှသည်။ နဂိုပုံမှန် အနေအထားဆိုလျှင် ကျွန်တော် ပြေးနိုင်ပါ့မလားမသိ။ သည်အကြောင်း မစဉ်းစားချင်သော်လည်း မစဉ်းစားဘဲ မနေနိုင်။ ကျွန်တော့်တွင် နှစ်ပိုင်းဖြစ်နေသည်။ တစ်ပိုင်းက ကျွန်တော့်ခန္ဓာကိုယ်။ နောက်တစ်ပိုင်းက ကျွန်တော်။ ခန္ဓာကိုယ်ကို ကျွန်တော်မုန်းလာပြီ။ ကိုယ့်ကိုယ်ကိုယ် ထပ်ကာထပ်ကာ သတိပေးနေရ၏။ သည်တော့မှ ကျွန်တော် ဒုတိယအသံကို ကြားရသည်။

"ဘာမှမတွေးနဲ့ ဆက်ပြေး၊ ဆက်ပြေး"

ကျွန်တော့်အနားမှလူတွေ ညစ်ပတ်နေသည့် နှင်းတောထဲ လဲကျကြသည်။ လဲကျတိုင်း သေနတ်သံတစ်ချက် ထွက်လာသည်ချည်း။

ကျွန်တော်နှင့် ဘေးချင်းယှဉ်ပြေးနေသည့် ပိုလန်ဂျူးကလေး၏ အမည်က ဇယ်လ်မန်။ လျှပ်စစ်ပစ္စည်းအလုပ်ရုံတွင် အတူတူ လုပ်ခဲ့ဖူးသူ။ သူက တစ်ချိန်လုံး ဘုရားရှိခိုးနေပြီး အားအားရှိလျှင် တာလမွဒ်ကျမ်းစာတွေ ရွတ်နေတတ်သဖြင့် ဘေးလူတွေက သူ့ကို လှောင်ပြောင်ကြသည်။ စင်စစ် သူက လက်ရှိ အမှန်တရားမှ ထွက်ပြေးနေခြင်း ဖြစ်၏။ အရိုက်အနှက်ဒဏ်ကို အာရုံ ပြောင်းနေခြင်း ဖြစ်၏။

ရုတ်တရက် သူ ဗိုက်နာလာသည်။

"ငါ အရမ်းဗိုက်နာလာတယ်။ ငါ ဆက်မပြေးနိုင်တော့ဘူး အယ်လီဆာ"

ခဏရပ်မည်လုပ်တုန်း ကျွန်တော်က အတင်းဆွဲခေါ်ပြီး–

"တင်းထား ဇယ်လ်မန်၊ တင်းထားပါ။ နားရမယ့်နေရာ ရောက်တော့မှာပါ။ တို့ကို ကမ္ဘာတစ်ဖက်စွန်းအထိတော့ သူတို့ မပြေးခိုင်းပါဘူး"

သို့သော် ပြေးနေရင်း သူ့ဘောင်းဘီကို ဆွဲချပြီး လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နောက်ဆုံးမြင်လိုက်ရသောမြင်ကွင်း ဖြစ်ပါသည်။ သူလဲကျသွားသည်ကို ဘယ်သူမှ သတိ မထားမိလိုက်ပါ။ ဂျာမန်စစ်သားတို့၏ လက်ချက်ဖြင့် သူ သေခြင်း မဟုတ်နိုင်။ သေနတ်သံ မကြားရ။ ကျွန်တော်တို့နောက်မှ ပြေးလာနေသည့် ထောင်ပေါင်းများစွာသော လူတန်းကြီး အနင်းခံရပြီး သေခြင်း ဖြစ်မည်။

မကြာခင် သူ့ကို ကျွန်တော် မေ့သွားသည်။ ကိုယ့်အကြောင်းပဲ ကိုယ် စဉ်းစားတော့မည်။

ခြေထောက်က မခံနိုင်အောင် နာနေပြီ။ နောက်ထပ်များများ မလှမ်းနိုင်တော့။ ကျွန်တော် လဲကျသွားမည်။ သေနတ်တစ်လက်၏ ပြောင်းဝမှ မီးပွင့်သွားမည်။ ပြီးသည်နှင့် ကျွန်တော် ဘာမျှ သိတော့မည်မဟုတ်။ သေခြင်း တရားကို ထိတွေ့လို့ရသလို ခံစားရ၏။ ဘဝ၏ နိဂုံးပိုင်းကို ခံစားကြည့်လို့ ရ၏။ စိတ်ထဲပျော်သလိုလို ဖြစ်လာသည်။ ဘာမှမရှိသောဘဝ၊ နာကျင်ခြင်းကို မသိသည့်ဘဝ၊ ပင်ပန်းခြင်း ချမ်းစီးခြင်း မရှိသည့် ဘဝ၊ လူတန်းကြီးထဲမှ လွင့်ထွက်သွားပြီး လမ်းဘေးတွင်…။

အဖေ့ကြောင့် ကျွန်တော် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ပေ။ သူက ကျွန်တော့်နောက်မှ ပြေးလိုက်လာနေသည်။ သူ အသက်မရှူနိုင်တော့၊ အား လည်း မရှိတော့ပေ။ သူ့ကိုယ်သူ မဟန်နိုင်တော့။ သည်အခါ ကျွန်တော့်တွင် သေဖို့အခွင့်အရေး မရှိတော့ပြီ။ ကျွန်တော် မရှိလျှင် သူ ဘာဖြစ်မည်လဲ။ သူ့အားကိုးစရာဆိုလို့ ကျွန်တော်တစ်ယောက်ပဲရှိတာ မဟုတ်လား။

ပြေးနေရင်း တောင်စဉ်ရေမရ လျှောက်တွေးနေခြင်း ဖြစ်ပါသည်။ ခြေထောက်နာလို့လည်း နာမှန်းမသိတော့။ ကိုယ့်ဘာသာကိုယ် ပြေးနေမှန်း ပင် မသိတော့။ ကျွန်တော်သည် ခန္ဓာကိုယ်တစ်ခု၏ ပိုင်ရှင် ဖြစ်နေသေးသရွေ့ လူအထောင်အသောင်းနှင့်အတူ ပြေးနေရဦးမည်။

ကိုယ့်ကိုယ်ကိုယ် သတိထားမိသည့်အခါတွင် အရှိန်ကို လျှော့ဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ သို့သော် လျှော့လို့မရ။ ကျွန်တော် အရှိန်လျှော့လိုက်လျှင် နောက်မှလူလိုင်းကြီးအောက်တွင် ကျွန်တော် ချက်ချင်းပိကျ မွန်းကျပ်သွားတော့မည်။ ပုရွက်ဆိတ်ကလေးတစ်ကောင်လို ကြေမွသွားလိမ့်မည်။

နောက်တော့ ကျွန်တော် အိပ်မက်ခြေလှမ်းများဖြင့် ဆက်ပြေးသည်။ ရံခါတွင် မျက်လုံးအစုံကို ပိတ်ထားလိုက်၏။ တကယ်ပင် ကျွန်တော် အိပ်ပျော်လျက် ပြေးနေခြင်းဖြစ်၏။ နောက်မှတစ်ယောက်က ဆောင့်ကန်လိုက်လျှင် ကျွန်တော် နိုးလာသည်။

"ဟေ့ကောင်လေး မြန်မြန်ပြေး၊ မပြေးနိုင်ရင် လမ်းဖယ်ပေး၊ တို့ကျော်တက်မယ်"

ကျွန်တော်က ကြားတစ်ချက် မကြားတစ်ချက်။ မျက်စိကို ပိတ်ထားလျက် ကျွန်တော့်ကို ကျော်တက်သွားသည်ကို မြင်နေ၏။ တစ်ကမ္ဘာလုံးဖြတ်ကျော်သွားနေသည်ဟု ခံစားလိုက်ရ၏။ ကျွန်တော်သည် အခြားဘဝတစ်ခုကို အိပ်မက်မက်လျက် ရှိသည်။

ကျွန်တော်တို့ ပြေးနေသော လမ်းသည် အဆုံးမရှိတော့သလိုပင်။ အားလုံးပြေးနေခြင်း မဟုတ်တော့ဘဲ တွန်းအားဖြင့် ရှေ့ဆက် ရွေ့လျားနေကြခြင်း ဖြစ်၏။ မမြင်ရသည့် ကံကြမ္မာတစ်မျိုးက ကျွန်တော်တို့အားမောင်းထုတ်နေသည့်အလား။ နံဘေးမှ ပြေးလိုက်နေသည့် စစ်သားများကတစ်ယောက်မောလျှင် တစ်ယောက်လဲကြသည်။ ကျွန်တော်တို့တွင်ကားလဲခွင့်မရှိ။ မလိုက်နိုင်လျှင် နေခဲ့ရုံပင်။ အသက်ရှင်လျက်တော့ နေခွင့်မရကြ။

အရိုးခိုက်အောင် အေးသော်လည်း၊ အာခေါင်တွေ ခြောက်ကပ်ကွဲပြဲနေသော်လည်း၊ အလွန်အမင်း ဆာလောင်နေသော်လည်း၊ အသက်မရှူနိုင်တော့သော်လည်း ကျွန်တော်တို့ ဆက်အမောင်းခံနေရဆဲပင်။

ကျွန်တော်တို့လူမျိုးသည် ဒုက္ခပေါင်းစုံကို ကျော်ဖြတ်ခဲ့သူများ ဖြစ်၏။ သဘာဝ ဘေးအန္တရာယ် အသွယ်သွယ်ကို ကျော်ဖြတ်ခဲ့သူများ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် ကျွန်တော်တို့လူမျိုးသည် ကမ္ဘာပေါ်တွင် ဒုပေနာပေ အခံရဆုံး လူမျိုးဖြစ်သည်။ သေခြင်းတရားအပါအဝင် ကပ်ဘေးအမျိုးမျိုးကို ကျော်ဖြတ်ရာတွင် ကျွန်တော်တို့ကို ဘယ်သူမှ မမီ။

ကျွန်တော်တို့သည် အအေးဒဏ်ထက် ခွန်အားကြီးသည်။ ဆာလောင်ခြင်းထက် ခွန်အားကြီးသည်။ သေနတ်ထက် ခွန်အားကြီးသည်။ သေလွန်လိုခြင်းထက် ခွန်အားကြီးသည်။ ကမ္ဘာပေါ်တွင် ကျွန်တော်တို့လို လူမျိုးဆို၍ ကျွန်တော်တို့သာလျှင် ရှိသည်။

နောက်ဆုံးတွင် ဖြူဖျော့ဖျော့ နံနက်ခင်းအလင်းရောင်ကို စမြင်ရသည်။ မိုးကုပ်စက်ဝိုင်းဆီတွင် အလင်းတန်းကလေး တရွေ့ရွေ့ လှုပ်ရှားစ ပြုလာသည်။ ကျွန်တော်တို့အားလုံး ဆက်မရပ်နိုင်တော့လောက်အောင် ပင်ပန်းနေပြီ။ အားလုံး အံကြိတ်ပြီး ဟန်ဆောင်ကာ တင်းနေကြခြင်း ဖြစ်၏။

နာဇီတပ်မှူးက ကြေညာသည်။ ကျွန်တော်တို့ ချီတက်ခဲ့တာ ကီလို နှစ်ဆယ် ရပြီတဲ့။ ဆက်လျှောက်ခိုင်းသည်။ စက်ရုပ်ခြေလှမ်းများနှင့် ဆက်လျှောက်ကြ၏။ ကျွန်တော်တို့အတွက် ခြေထောက်တွေက ဆက်လျှောက်နေကြ၏။ ကျွန်တော်တို့မပါဘဲ ဆက်လျှောက်နေကြခြင်း ဖြစ်၏။

ရွာပျက်ကြီးတစ်ခုသို့ ကျွန်တော်တို့ ရောက်လာကြသည်။ သက်ရှိသတ္တဝါဟူ၍ တစ်ကောင်တစ်မြီးမှ မရှိ။ ခွေးဟောင်သံ တစ်ချက် မကြားရ။ အိမ်တိုင်းအိမ်တိုင်း ပြတင်းပေါက်တွေ ဟင်းလင်းပွင့်လျက်။

တန်းစီချီတက်နေရာမှ တချို့ လစ်ထွက်သွားပြီး ရွာထဲသို့ ပြေးဝင်ပုန်းအောင်းကြသည်။

ကျွန်တော်တို့ တစ်နာရီ ဆက်လျှောက်ရသည်။ သည်တော့မှ နားရမည့်နေရာသို့ ရောက်သည်။

“ရပ်”ဟူသည့် အမိန့်ရသည်။

ကျွန်တော်တို့တစ်တွေ နှင်းလွင်ပြင်ပေါ် ပစ်လှဲချလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေက ကျွန်တော့်ကို အတင်းဆွဲထူသည်။

“သား ထ ထ၊ ဒီမှာမအိပ်နဲ့။ နည်းနည်းလေး ဆက်လျှောက်ကြရအောင်၊ သိပ်မဝေးတော့ဘူး။ ဟိုမှာ တဲတစ်လုံး ရှိတယ်”

ကျွန်တော် လုံးဝ မထချင်တော့ပါ။ မထတော့ဟုလည်း ဆုံးဖြတ်လိုက်၏။ သို့သော် အဖေ့စကားကို ကျွန်တော် ကြိုးစားပြီး နားထောင်ခဲ့သည်။

အဖေပြောသလို တဲတစ်လုံး မဟုတ်ပါ။ အုတ်တိုက် စက်ရုံတစ်ခုဖြစ်သည်။ သို့သော် အမိုးမရှိတော့။ ပြတင်းပေါက်အားလုံး ကွဲပြဲပျက်စီးနေ၏။ နံရံအားလုံး ညစ်ပတ်ပေကျံနေ၏။

သို့သော် အထဲကိုဝင်ဖို့ မလွယ်တော့ပါ။ တံခါးဝတွင် လူတွေပြုံတိုးနေကြပြီ။ ကျွန်တော်တို့လည်း အတင်းဝင်တိုးရတော့၏။ အိမ်ထဲတွင်လည်း နှင်းထုက မသေးလှ။ အတင်းလှဲချလိုက်သည်။ ဘယ်လောက် အားပြတ်နေသည်ကို ခုမှ ပိုပြီး နားလည်ရတော့သည်။

အောက်မှ နှင်းထုသည် ကျွန်တော့်အတွက် နူးညံ့ နွေးထွေးသည့် အိပ်ရာ ဖြစ်နေပြီ။ ကျွန်တော် ချက်ချင်း အိပ်ပျော်သွားသည်။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားမှန်းမသိ။ ခဏတစ်ဖြုတ်လား။ နာရီပေါင်းများစွာလား။

ကျွန်တော့်ပါးကို အေးစက်စက်လက်တစ်ဖက်က ပုတ်နှိုးသဖြင့် နိုးလာသည်။ အားယူပြီး မျက်စိဖွင့်ကြည့်လိုက်၏။ နှိုးသူမှာ အဖေဖြစ်၏။

ဟင်း… တစ်ညအတွင်း အဖေ ဘယ်လိုဖြစ်သွားပါလိမ့်။ သူ့ခန္ဓာကိုယ်သည် အရိုးစုတစ်ခုလို ခြောက်သွေ့ ရှုံ့တွနေလေပြီ၊ မျက်လုံးတွေက ကြောင်တောင်တောင်။ နှုတ်ခမ်းတွေကလည်း ကွဲအက်နေပြီ။ သူ လုံးဝ အခြေအနေ မကောင်းတော့။ အသံလည်း သိပ်မထွက်တော့။ ဖျစ်ညှစ်ပြီး ထွက်ရသည့် လေသံဖြင့်–

“တော်ပြီ အယ်လီဇာ။ နှင်းတောထဲမှာ ဆက်အိပ်ရင် မင်း လုံးဝ ပြန်မထနိုင်ဘဲ ဖြစ်သွားမယ်။ သား ကြိုးစားပြီးထတော့”



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပြီး ထရမယ်တဲ့။ ကျွန်တော် ဘယ်လိုလုပ်ပြီး ထနိုင်မှာလဲ။ ဒါလောက် နွေးတဲ့အိပ်ရာထဲက ကျွန်တော် ဘယ်လိုလုပ်ပြီး ခွာနိုင်မှာလဲ အဖေရယ်။ အဖေ့စကားလုံးများကို ကြားနေရပါ၏။ သို့သော် တကယ်လိုလို။ အိပ်မက်လိုလို ဖြစ်နေ၏။

''သားလေး ထ ထ''

ကျွန်တော် အံကြိတ်ပြီး ထလိုက်သည်။ အဖေက လက်တစ်ဖက်ဖြင့် ကျွန်တော့်ကို သိုင်းဖက်ပြီး အပြင်သို့ ခေါ်ထုတ်သွားသည်။ အဝင်တုန်းက ခက်ခဲသလို အထွက်လည်း ခက်နေ၏။ လူတွေက အတုံးအရုံး မသေမရှင်တွေ။ အသက်ကုန်နေသူတွေ။ နင်းကျော် ဖြတ်လျှောက်သွားရ၏။ သူတို့ကို ဘယ်သူမှ ဂရုမစိုက်နိုင်ကြတော့ပေ။

အပြင်သို့ ရောက်ခဲ့ပါပြီ။ လေအေးက မျက်နှာကို ကြိမ်နှင့် ဖြတ်ရိုက်သလို စူးစူးနစ်နစ် ခံစားလိုက်ရ၏။ နှုတ်ခမ်းတွေကို တစ်ချိန်လုံး ကိုက်နေရသည်။ မဟုတ်လျှင် သွေးခဲကုန်တော့မည်။

ကျွန်တော့်နံဘေးတွင် ဝတ်ရုံနက်နှင့် မရဏအရိပ်တွေ ကခုန်နေသည် ထင်လိုက်၏။ ခေါင်းတွေ ချာချာလည်နေပြီ။ သင်္ချိုင်းတစ်ခုကို ကျွန်တော် ဖြတ်လျှောက်နေတာများလား။ နေရာတကာမှာ အလောင်းတွေချည်းပါလား။ အလောင်းတွေနှင့် သစ်ကိုင်းတွေမှလွဲ၍ ဘာမျှမရှိ။ ဘာသံမျှ မကြားရ။ ငိုညည်းသံပင် မကြားရ။ မချိမဆံ့ ဝေဒနာဖြင့် တိတ်ဆိတ်နေခြင်းမျိုး။ ဘယ်သူက ဘယ်သူ့ကိုမှ အကူအညီ မတောင်းကြတော့ပေ။ သေရမည့်အတူ မထူးတော့ပြီဟု သဘောပိုက်ထားလိုက်ကြပြီ။ ဘယ်သူ့ ဘယ်သူမှ ဒုက္ခ မပေးကြတော့။

ကိုယ်ကိုယ်ကိုယ်လည်း တောင့်နေသည့် အလောင်းကောင်တစ်ခုလို့သာ သဘောထားလိုက်တော့သည်။ မကြာခင် ကျွန်တော့်ကို အမှောင်ထုက လွှမ်းသွားတော့မည်။ သူတို့နှင့်အတူ နှင်းလွှင်ပြင်ထဲတွင် လဲကျဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရတော့မည်။ နာရီပိုင်းအတွင်း ဖြစ်လာမည့်ကိစ္စ။

"အဖေရယ် လာ လာ၊ အထဲ ပြန်ဝင်ကြရအောင်ပါ"

သူ ဘာမှ ပြန်မပြောပါ။ အလောင်းတွေကိုလည်း သူ ငုံ့မကြည့်တော့။

"လာပါ အဖေရယ်၊ အထဲမှာ ပိုသက်သာပါတယ်။ လှဲလို့ပြုလို့ ရတယ်လေ၊ တစ်ယောက်တစ်လှည့် အိပ်ကြတာပေါ့။ အဖေ အိပ်လိုက်။ ကျွန်တော် စောင့်ပေးမယ်။ ကျွန်တော်အိပ်တဲ့အခါ အဖေစောင့်ပေါ့"

အဖေ နားထောင်ရှာသည်။ အလောင်းပေါင်းများစွာ၊ အသက်ငင်နေသူပေါင်းများစွာကို ဖြတ်ကျော်ပြီး အထဲပြန်ဝင်ခဲ့သည်။ အထဲရောက်ရောက်ချင်း နှစ်ယောက်စလုံး ပုံလဲကျသွားတော့၏။

"ကဲ သား အိပ်၊ ဘာမှမပူနဲ့၊ စိတ်ချလက်ချ အိပ်"

"ဟာ... အဖေ့အလှည့်လေ၊ အဖေအိပ်ပါ"

သူက ငြင်းသည်။ ကျွန်တော့်ကို အတင်း အိပ်ခိုင်းသည်။ ကျွန်တော်က လှဲချပြီး ခဏမှေးဖို့ ကြိုးစားသည်။ အိပ်မရတော့ပါ။ ကျွန်တော် ခဏအိပ်ဖို့ လိုပါလိမ့်မည်။ သို့သော် ခဏအိပ်လိုက်လျှင် တစ်သက်လုံး ပြန်နိုးတော့မည် မဟုတ်။ စိတ်ထဲက သိနေ၏။

ကျွန်တော့်ကိုယ်တွင်းမှ အင်အားတစ်မျိုးက သေဖို့ လက်မခံသေး။ တောင့်ခံနေသည်။ သို့သော် ကျွန်တော့်ပတ်ဝန်းကျင်ကား သေမင်းက အသံမပြုဘဲ တိတ်တိတ်ကလေး အောင်ပွဲခံနေလေသည်။ သူက အိပ်ပျော်နေသူများကိုသာ အနိုင်ယူနိုင်တာ။ အိပ်ပျော်နေသူများ၏ ခန္ဓာကိုယ်တွင်းသို့ အသာကလေးဝင်ပြီး ဖြည်းဖြည်းချင်း ဝိညာဉ်ကို နုတ်ယူသွားတာ။

ကျွန်တော့်နံဘေးမှ တစ်ယောက်က နောက်တစ်ယောက်ကို လှုပ်နေသည်။ ညီအစ်ကိုနှစ်ယောက် ဖြစ်နိုင်သည်။ သူငယ်ချင်းလည်း ဖြစ်ချင်ဖြစ်မည်။ သို့သော် သူ မအောင်မြင်တော့။ တစ်ယောက် သွားပြန်ပြီ။ သူလည်း အလောင်းနံဘေးတွင် လှဲချလိုက်၏။ သူလည်း အိပ်ပျော်သွားသည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနိုးမည်လဲ။

ကျွန်တော်က လက်ဆန့်ပြီး သူ့ကို တို့လိုက်သည်။

"မအိပ်နဲ့၊ မအိပ်နဲ့၊ ဒီမှာ အိပ်မပျော်စေနဲ့"

လေသံဖြင့် ပြန်ပြောသည်။

"သွားစမ်းပါ၊ ငါအရမ်းပင်ပန်းနေပြီ မတတ်နိုင်တော့ဘူး။ မင်းဟာမင်း ဂရုစိုက်။ ငါ့အတွက်မပူနဲ့"

အဖေ တိုးတိုးလေး ဟောက်နေသည်။ သူ့မျက်လုံးတွေကို မမြင်ရ။ ဦးထုပ်နှင့်ဖုံးနေ၏။ သူ့နားနားကပ်ပြီး နိုးလိုက်သည်။

"အဖေ ထတော့၊ ထတော့"

ချက်ချင်း နိုးသည်။ ထထိုင်သည်။ ပြီးတော့ ဘာဖြစ်နေမှန်း မသိသလို လုပ်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ သူ့အမူအရာက မိဘမဲ့ကလေး တစ်ယောက်နှင့် တူနေ၏။ ပြီးတော့ ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ သူ ဘယ်ရောက်နေပါလိမ့်။ နားလည်ဖို့ ကြိုးစားနေပုံ။ ပြီးတော့ ပြုံးသည်။

သည်အပြုံးကို ကျွန်တော် တစ်သက်လုံး မမေ့ပါ။

အလောင်းတွေပေါ်တွင် နှင်းတွေ တဖြည်းဖြည်းထူလာပြီ။

အဝင်ဝ တံခါးပွင့်လာပြီး အဘိုးကြီးတစ်ယောက် ဝင်လာသည်။ သူ့ နှုတ်ခမ်းမွေးတွင် နှင်းတွေ ဖုံးနေ၏။ နှုတ်ခမ်းတွေလည်း ပြာနှမ်းနေပြီ။ ဓမ္မဆရာ အေလီယာဟူး ဖြစ်၏။

သူက ပိုလန်တွင် ဘုရားကျောင်းကလေးတစ်ခု တည်ထောင်ထားပြီး ဦးစီးဦးဆောင်ပြုနေသူ ဖြစ်သည်။ အကျဉ်းစခန်းတွင် လူချစ်လူခင်ပေါသည်။ အလွန် စေတနာကောင်းသူ၊ ကြင်နာတတ်သူ ဖြစ်၏။ လက်ကောက်များ၊ အဆောင်မှူးများပါ သူ့ကို ခင်မင်ကြသည်။

ဘယ်လိုဒုက္ခမျိုးနှင့် တွေ့သည်ဖြစ်စေ သူ မဖြုံ။ ဘယ်လောက်ဆင်းရဲ ငတ်ပြတ်နေပစေ သူ့မျက်နှာက အမြဲကြည်စင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဆရာ များစွာရှိသည့်အနက် သူတစ်ယောက်ကိုသာ အားလုံး ဆရာဟု တလေးတစား ခေါ်ကြသည်။ သူ့ကိုကြည့်လျှင် ရှေးခေတ်က ပညာရှိမျိုးပုံကို သွားသတိရကြ၏။ သူနှင့်စကားပြောလျှင် စိတ်သက်သာရာ ရကြသည်သာ။

သူ တိုက်ပျက်ကြီးထဲ ဝင်လာသည်။ မျက်လုံးအစုံက ခါတိုင်းလိုပင် ကြည်ကြည်လင်လင်။

"ဒီမှာ ကျူပ်သားလေးများ တွေ့မိကြသလားဗျာ"

ဩော်… သူ သားပျောက် ရှာနေတာပါလား။ လဲကျနေသူတွေ အလောင်းတွေကို သူ လိုက်ကြည့်နေသည်။ မတွေ့ပါ။ နှင်းဖုံးနေသည့် အလောင်းများကို နှင်းတွေဖယ်ရှားပြီး လိုက်ကြည့်ပြန်သည်။ မတွေ့တော့ပါ။

သားအဖနှစ်ယောက် သုံးနှစ်တာမျှ အတူတူနေခဲ့ကြသည်။ အတူ အနှိပ်စက် ခံခဲ့ကြသည်။ ရိက္ခာခွဲတမ်း သွားတန်းစီလျှင်လည်း အတူတူ။ ဘုရားရှိခိုးရာတွင်လည်း အတူတူ။ စခန်းတွေ တစ်ခုပြီးတစ်ခု ပြောင်းခဲ့ရင်း လူရွေးပွဲ အဆင့်ဆင့် အတူတူ ဖြတ်ကျော်ခဲ့ကြ၏။ ခုတော့ ကံကြမ္မာက သားအဖ နှစ်ယောက်ကို ခွဲထုတ်ပစ်လိုက်လေပြီ။

ကျွန်တော့်အနား ရောက်လာတော့ ဆရာ အယ်လီယာဟူးက တိုးတိုး ကပ်ပြောသည်။

"လမ်းမှာ တစ်ယောက်နဲ့တစ်ယောက် မျက်ခြည်ပြတ်သွားတယ်။ ဆရာက သိပ်မပြေးနိုင်တော့ နောက်မှာ ကျန်ခဲ့တာ။ မတတ်နိုင်တော့ဘူးလေ။ ဒါကို သားက သတိမထားမိဘူး။ သူဘယ်မှာ ပျောက်သွားတာပါလိမ့်။ သူ့ကို ဘယ်မှာ သွားရှာရမလဲကွာ၊ မင်းကော မတွေ့မိဘူးလားဟင်"

"မတွေ့မိပါဘူး ဆရာ အယ်လီယာဟူးခင်ဗျာ"

သူ ပြန်ထွက်သွားသည်။ အရိပ်တစ်ခု လေထဲတွင် လွင့်ပါသွားသည့်နှယ်တည်း။



www.burmeseclassic.com

www.burmeseclassic.com



သူထွက်သွားမှ ကျွန်တော် သတိရသည်။ ကျွန်တော်နှင့် ယှဉ်ပြေးနေသော သူ့သားကို ကျွန်တော် ခုမှ ပြန်စဉ်းစားမိသည်။ သူ့ကို မပြောလိုက်နိုင်တော့ပေ။ ကျွန်တော် ဇဝေဇဝါဖြစ်နေသည်။ သားက ဖအေနောက်တွင် ကျန်ရစ်သည်ကို သိပုံရသည်။ နောက်ကို လှည့်ကြည့် လှည့်ကြည့်နှင့် သူ ပြေးနေခြင်း ဖြစ်၏။ ရှေ့သို့ ရောက်နိုင်သမျှ ရောက်အောင် သူပြေးနေတော့သည်။ အားလုံးကို ကျော်တက်သွား၏။

ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခု ဝင်လာသည်။ ကြွက်သီးထသွား၏။ သူ့အဖေ ဆက်မပြေးနိုင်တော့၊ ကြာကြာမတင်းနိုင်တော့ဟုထင်ပြီး သူ အလွတ်ရုန်း ထွက်ပြေးတာများလား။ နှစ်ယောက် အသက်ရှင်ဖို့ မဖြစ်နိုင်သည့်အခါ တစ်ယောက်ရှင်ကျန်ဖို့ ကြိုးစားတာများလား။

ကျွန်တော် မပြောဖြစ်လိုက်ခြင်းအတွက် နောင်တ မရတော့ပါ။ ဆရာ အယ်လီယာဟူး သူချစ်သောသားကလေးကို ဆက်ရှာနေပါစေ။

ဤတွင် ကျွန်တော် မယုံကြည်တော့သော ဘုရားသခင်ထံ ဆုပန်ခြင်း ပြုမိလေသည်။

''ဘုန်းတော်ကြီးမြတ်သော ကိုယ်တော်အရှင်ဘုရား၊ ဆရာ အယ်လီယာဟူး၏ သားကဲ့သို့ သတ္တိခွန်အား ကျွန်တော်မျိုးအား ပေးသနားတော်မူပါဘုရား''

အပြင်ဘက်မှ အော်သံတွေ ကြားရသည်။ ညအမှောင် ပျိုးပြီဖြစ်၍ ကျွန်တော်တို့အား တန်းစီခိုင်းခြင်း ဖြစ်၏။

တစ်ခါ ချီတက်ကြရပြန်သည်။ နှင်းဖုံးနေသည့် အလောင်းများကို ငုတ်တိုင်စိုက်မည့်သူပင် မရှိ။ သူတို့အတွက် သရဏဂုံဂါထာကို ရွတ်ဖတ်ဖို့ သတိမရကြ။ သားများက အဖေများအား သည်အတိုင်း ထားခဲ့ကြသည်။ မျက်ရည်တစ်ပေါက် မကျ။

လမ်းပေါ်တွင် နှင်းထုက ထူသည်ထက် ထူလာနေပြီ။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေ တဖြည်းဖြည်း နှေးလာပြီ။ ဂျာမန်တွေပင် နှေးကွေးလာပြီ။ နာနေသည့် ခြေထောက် ဆက်မနာတော့။ သွေးခဲသွားပြီလား မပြောတတ်။ စိတ်ထဲတွင် ကျွန်တော့်မှာ ညာခြေထောက် မရှိတော့သလိုလို။

ခြေထောက်သည် ကားတစ်စင်းမှ ကျွတ်သွားသော ဘီးလို ဖြစ်နေပြီလား မသိ။ အို ကိစ္စမရှိဘူး။ ဒါတွေ နောက်မှ စဉ်းစား။ လောလောဆယ် မနာတာကိုပဲ ကျေးဇူးတင်။ ကိုယ့်ကိုယ်ကိုယ် အားပေးရသည်။

ကျွန်တော်တို့အုပ်စု စည်းကမ်းပျက်စ ပြုလာသည်။ ဘယ်လိုမှ ထိန်းမရတော့။ လျှောက်ချင်သလို လျှောက်နေကြသည်။ လျှောက်နိုင်သလောက်ပဲ လျှောက်ကြသည်။ သေနတ်သံတွေ မကြားရတော့။ သူတို့ကိုယ်တိုင်လည်း ပင်ပန်းလွန်းလာသည့်အခါ စည်းကမ်း မလိုက်နာကြတော့ပေ။

သေရမည့် လူတွေကလည်း အကြောက်တရား ကင်းမဲ့သည်ထက် ကင်းမဲ့လာသည်။ အအေးဒဏ်က ကြာလေ ပြင်းထန်လေ။ ခြေလှမ်း တစ်လှမ်းတိုင်း လူတစ်ယောက်နှုန်းလောက် လဲကျနေ၏။ သိပ်ကောင်းပါသည်။ သူတို့တစ်တွေ ဝဋ်ကျွတ်သွားပြီ မဟုတ်လား။

ရံခါတွင် ဂျာမန်အရာရှိများ၏ မော်တော်ဆိုင်ကယ်တွေ နံဘေးမှ ဖြတ်မောင်းသွားကြသည်။ ထိုအခါ အိပ်ရာမှ လန့်နိုးသွားသလို ဖြစ်ကြရ၏။

"ဆက်လျှောက်၊ ဆက်လျှောက်၊ ရောက်တော့မယ်"

"တောင့်ထား၊ သိပ်မကြာတော့ဘူး"

"ဂလေဝစ်ဇ်ကို ဝင်တော့မယ်"

လူသတ်သမားတို့၏ နှုတ်မှထွက်သည့် စကားများ ဖြစ်စေကာမူ ကျွန်တော်တို့ အားတက်ကြရသည်။ ခုတော့ ဘယ်သူမှ စိတ်လျှော့ဖို့ အားမထုတ်ကြတော့။ ခရီးဆုံးကို ရောက်ခါနီးပြီ မဟုတ်လား။

ကျွန်တော်တို့၏ မျက်လုံးပေါင်းများစွာသည် ဂလေဝစ်ဇ်စခန်းမှ သံဆူးကြိုးများ ရှိမည်ထင်သည့် မိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး ရောက်ချင်လှပြီ။

ညနက်ပိုင်းရောက်လာတော့ နှင်းစဲသွားသည်။ နာရီပေါင်းများစွာ ဆက်လျှောက်ကြသည်။ ဂိတ်ဝရှေ့ တည့်တည့်ရောက်မှ စခန်းကို ရောက်မှန်း သိကြသည်။

လက်ကောက်တွေက ကျွန်တော်တို့ကို မြေစိုက်အဆောင်များတွင် ချက်ချင်း နေရာချပေးသည်။ လူတွေ အတင်းတိုးဝှေ့ပြီး နေရာယူကြသည်။ သူတို့စိတ်ထဲ ကောင်းကင်ဘုံကို ရောက်နေပြီဟူ၍များ အောက်မေ့နေကြသလားမသိ။

မလှုပ်နိုင်သူများကို ကျော်နင်း ဖြတ်သွားကြသည်။ ဒဏ်ရာရနေသူများ မျက်နှာတွေပေါ်ကို တက်နင်းကြ၏။ သို့သော် အသံမကြားရ၊ ညည်းသံသဲ့သဲ့သာ ထွက်သည့်အခါ ထွက်လာကြသည်။ နောက်က လူအုပ်ကြီး၏ တွန်းအားဖြင့် ကျွန်တော်တို့သားအဖ မြေကြီးပေါ်သို့ လွင့်ကျသွားသည်။ လူတစ်ယောက်အပေါ်သို့ ကျွန်တော် ကျသွားခြင်း ဖြစ်သည်။

''အောင်မယ်လေးဗျာ၊ သေပါပြီ''

သည်အသံ ကြားဖူးသလိုလို ရှိ၏။

''ဖြည်းဖြည်းလုပ်ပါကွာ၊ အရိုးတွေ ကြေမွကုန်ပြီ ထင်ပါရဲ့''

အသံက တိုးတိုးလေး။ တစ်နေရာတွင် ကြားဖူးသည့်အသံပါ။ ဘယ်တုန်းကပါလိမ့်၊ ဘယ်မှာပါလိမ့်၊ စခန်းမှာလား။ နှစ်ပေါင်းများစွာကလား။

''သက်သက်ညှာညှာ လုပ်ကြပါကွာ''

သူ အသက်ရှူနိုင်အောင် ကျွန်တော် သူ့အပေါ်မှ ဖယ်ပေးချင်ပါသည်။ သို့သော် ဘယ်လိုမှ လှုပ်မရပါ။ ကျွန်တော့်အပေါ်တွင် တစ်ယောက်က ဖိထားသောကြောင့် ဖြစ်ပါ၏။ ကျွန်တော်ကိုယ်တိုင်လည်း ကျိုးကြေမတတ် ခံနေရပြီ။ အသက်ရှူကျပ်လာပြီ။ အပေါ်လူ၏မျက်နှာကို လက်သည်းနှင့် တအား ကုတ်ထည့်လိုက်သည်။ သူက မအော်။ သူ့အောက်မှ အတင်းရုန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှူဖို့လေ ရှာဖွေရသည်။

ချက်ချင်း စောစောကအသံကို ကျွန်တော် မှတ်မိလိုက်သည်။ ဂျူးလစ်။ ဝါဆောသား ပိုလန်ဂျူးကလေး။ ဘူနာတီးဝိုင်းမှ တယောသမားကလေး ဂျူးလစ်။

"ဂျူးလစ်၊ မင်း ဂျူးလစ်လားဟင်"

"အယ်လီဆာ၊ မင်း ကြိမ်ဒဏ် နှစ်ဆယ့်ငါးချက် အရိုက်ခံရတဲ့ အယ်လီဆာ မဟုတ်လားဟင်။ အေး၊ ငါမှတ်မိတယ်"

နောက်ထပ် သူ ဘာမျှမပြောတော့။ သည့်အတိုင်း ငြိမ်နေကြသည်။

"ဂျူးလစ်၊ ဂျူးလစ် မင်း ငါခေါ်တာ ကြားလားဟင်"

"အင်း... မင်း ဘာပြောချင်လဲ"

သူ မသေသေးပါ။

"မင်း ဘယ်လိုနေသေးလဲ ဂျူးလစ်"

"မဆိုးပါဘူး၊ အသက်ရှူလို့မရဘူး။ ပင်ပန်းတယ်၊ ခြေထောက်တွေ ရောင်နေတယ်။ ဒီ ရောက်လာတာ မဆိုးပါဘူး။ နားရမယ် ထင်ပါရဲ့။ ဒါပေမဲ့ ငါ့တယောကလေး..."

သူ ကယောင်ကတမ်းတွေ ပြောနေတာများလား။

"မင်းတယော ဘာဖြစ်လဲ ဂျူးလစ်"

"ငါ ငါနဲ့အတူယူလာတာ၊ ကျိုးပဲ့ကုန်ပြီလားမသိ၊ မသိပါဘူးကွာ"

ကျွန်တော် ဘာမျှ ပြန်မပြောနိုင်တော့ပါ။ ကျွန်တော့်အပေါ်မှ ပုဂ္ဂိုလ်က ဖိလာပြန်သဖြင့် အသက်ရှူလို့ မရတော့ပြန်ပါ။ ပါးစပ်ကလည်း ရှူလို့မရ နှာခေါင်းကလည်း ရှူလို့မရ ဖြစ်နေ၏။ ကျွန်တော့်တစ်ကိုယ်လုံး ချွေးစက်စက် နစ်နေပြီ။ အကူအညီတောင်းဖို့ ကျွန်တော် ဘာမျှ မတတ်နိုင်တော့။ အော် လည်း မအော်နိုင်တော့။ လမ်းဆုံးပြီ။ အသက်ရှူကျပ်ပြီး ဖြည်းဖြည်းချင်း သေရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အပေါ်မှ ဖိထားသည့် ဘယ်သူဘယ်ဝါမှန်း မသိသူကြောင့် ကျွန်တော် သေရတော့မည်။ ကြိုးစားပြီး ကျွန်တော် ရုန်းကန်သည်။ အသက်ရှင်နေလိုမှု ဆန္ဒအားလုံးသည် ကျွန်တော့်ကိုယ်တွင်းမှ လက်သည်းများဆီသို့ စုဝေးရောက်ရှိသွားကြပြီ။ တအားကုန် ဖျစ်ညှစ်ပြီး သူ့အသားတွေထဲကို ကျွန်တော် ကုတ်ခြစ်ပစ်လိုက်သည်။ လက်သည်းထဲတွင် အရေခွံတွေ စုတ်ပြတ်ပဲ့ပါလာ၏။ သို့သော် ထိုပုဂ္ဂိုလ်က မလှုပ်။ ရင်ဘတ်ပေါ်မှ အလေးချိန်က လေးသည်ထက် လေးလာသည်။ ကျွန်တော် အလောင်းကောင်တစ်ခုနှင့် သတ်ပုတ်နေတာများလား။ ကျွန်တော် မသိနိုင်။ ကျွန်တော်သိနေသည်မှာ အသက်ထွက်မတတ် အဖိခံနေရခြင်းပင်။ တစ်ယောက်တည်းလား။ သူ့အပေါ်မှာ ဘယ်နှယောက် ရှိနေသေးလဲ ကျွန်တော် မသိ။ ရှိသမျှ ခွန်အားကို ထုတ်ပြီး တွန်းထိုးလိုက်သည်။ အသက်ရှူစရာ လေပေါက်ကလေး ကျွန်တော့် နှာခေါင်းဝတွင် ပွင့်သွားသည်။

❖

စကားပြောနိုင်သည်နှင့် အဖေ့ကို အော်ခေါ်သည်။

"အဖေ၊ အဖေ ဘယ်မှာလဲ"

သူ ဝေးဝေး မရောက်နိုင်မှန်း ကျွန်တော် သိနေသည်။

"ဒီမှာ ရှိတယ်သား၊ အဖေ အိပ်ချင်တယ်"

တခြားကမ္ဘာတစ်ခုမှ ထွက်လာသည့် အသံမျိုး။ သူဘယ်လိုလုပ်ပြီး အိပ်ပျော်နိုင်မှာလဲ။ လှဲချဖို့ မသင့်သည့်နေရာ။ အချိန်မရွေး လူတွေ အောက်သို့ ရောက်သွားနိုင်သည်။ အချိန်မရွေး အသက်ထွက်သွားနိုင်သည်။

သည်လိုတွေးနေစဉ် တယောထိုးသံ ပေါ်လာသည်။ မသေသေးသူတွေနှင့် အလောင်းတွေထပ်နေသည့် တန်းလျားအဆောင် မည်းမှောင်မှောင်ဟွင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကပေါ်လာသည့် တယောသံလဲ။ အရှုံးတစ်ယောက်ယောက်လား။ ကိုယ့်အသုဘ ကိုယ်ပို့သည့် တယောသံလား။ ဒါမှမဟုတ် ကျွန်တော် စိတ်ချောက်ချားပြီး ကြားနေခြင်းလား။

စေတ္တ ဂျူးလစ်ပဲ ဖြစ်ရမည်။ ဗေထိုးဗင်၏ ကွန်ရှာတိုကို တစ်ပိုင်းတစ်စ သူထိုးနေခြင်း ဖြစ်သည်။ လုံးဝ တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တွင် တငြိမ့်ငြိမ့် လှိမ့်ထွက်သည့် တယောသံမှာ နားဝင်ပီယံ ဖြစ်လှသည်။ ဘယ်တုန်းကမျှ သည်လောက်လှသည့် တေးသွားကို နားမထောင်ခဲ့ဖူးပါ။

သူ ဘယ်လိုလုပ်ပြီး ကျွန်တော့်အောက်မှ ရုန်းထွက်သွားနိုင်ပါလိမ့်။ ကျွန်တော် မသိလိုက်ဘဲ ဘယ်လိုထွက်နိုင်မည်လဲ။

ပိန်းပိန်းပိတ် မှောင်နေသည်။ တယောသံကိုကား ကြည်ကြည်လင်လင် ကြားနေရ၏။ ဂျူးလစ်၏ ဝိညာဉ်သည်ပင် တယောဘိုးတံ ဖြစ်သွားလေပြီလား။ သူ့ဘဝကို ကြိုးလေးချောင်းပေါ်တင်ပြီး ဆွဲငင်နေခြင်းလား။ သို့မှမဟုတ်လျှင် ရိုင်းစိုင်းလှသည့် ဘဝဖြစ်စဉ်ကို တေးဖွဲ့သီနေခြင်းလား၊ သို့မဟုတ်လျှင် လောင်ကျွမ်းသွားသော သူ့အတိတ်အကြောင်းလား။ ငြိမ်းသေသွားပြီ ဖြစ်သည့် အနာဂတ်အကြောင်းလား။ နောင် ဘယ်တော့မှ သီကျူးခွင့်ရမည် မဟုတ်သည့် တေးသွားများကို သူ လက်စွမ်းပြနေခြင်းလား။

ဂျူးလစ်ကို ကျွန်တော် ဘယ်တော့မှ မေ့လိမ့်မည် မဟုတ်ပါ။ ဘယ်လိုလုပ်ပြီး ကျွန်တော် မေ့နိုင်ပါမည်လဲ။ သေလွန်သူများနှင့် သေအံ့မူးမူး လူများကို တယောသံဖြင့် နှုတ်ဆက်နေသည့် အဖြစ်လေ။

ဗေထိုးဗင်၏ တေးသွားတစ်ပိုင်းတစ်စ ကြားရလျှင် ယနေ့တိုင် ပိုလန်သားလေးကို ကျွန်တော် သတိရနေဆဲ ဖြစ်ပါသည်။ မျက်စိကို မှေးပြီး ထိုကာလကို ပြန်လည် မြင်ယောင်ကြည့်တတ်ဆဲ ဖြစ်ပါသည်။

သူဘယ်လောက်ကြာကြာ တယောထိုးနေသည် မသိ။ ကျွန်တော် အိပ်ပျော်သွားသည်။ မနက်မိုးလင်းတော့ ကျွန်တော့်ရှေ့တွင် ခွေခွေလေး



www.burmeseclassic.com

www.burmeseclassic.com



အသက်ပျောက်နေသော ဂျူးလစ်ကို တွေ့ရသည်။ သူ့နောက်တွင်ကား ကြေမွနေသော တယောကလေး။ အသံတိတ်သွားရှာလေပြီ။

❖

ဂလေဝစ်ဇ်တွင် ကျွန်တော်တို့ သုံးရက်နေရသည်။ အစားအစာရော ရေပါ မရသည့် သုံးရက်။ သုံးရက်လုံးလုံး အဆောင်ထဲ ပိတ်လှောင်ထားသည်။ တံခါးဝတွင် ဂျာမန်စစ်သားတွေ အစောင့်ချထား၏။ ဗိုက်လည်းဆာ၊ ရေလည်းငတ်နေကြပြီ။ တစ္ဆေရုပ်ပေါက်နေသည့်လူတွေ ပို၍ ပုံပျက်ပန်းပျက် ဖြစ်လာကြ၏။ ညစ်ပတ် စုတ်ပြတ်နေပြီ။ ဘူနာက ယူလာသည့် ပေါင်မုန့်တွေ ကုန်တာကြာပြီ။

နောက်ထပ်ခွဲတမ်း ဘယ်တော့ရမည်ကို ဘယ်သူမျှ မသိ။

နောက်က လိုက်လာနေသည့် တပ်နီတော်၏တပ်ဦးက ကျွန်တော်တို့နှင့် နီးသည်ထက် နီးလာနေပြီ။ အမြောက်သံတွေ နီးသည်ထက် နီးလာ၏။ သို့သော် ဂျာမန်တို့ ဆုတ်ခွာချိန် မရတော့ပြီဟူ၍တော့ ဘယ်သူမျှ မတွက်ရဲ။ ရုရှားတွေ ကျွန်တော်တို့ကို မီလာလိမ့်မည်ဟုလည်း မမျှော်လင့်ရဲ။

ကျွန်တော်တို့အားလုံး ဂျာမနီအလယ်ပိုင်းဆီကို ရွှေ့ပြောင်းရမည်ဟု သိထားသည်။

တတိယနေ့ အရုဏ်တက်ချိန်တွင် အဆောင်ထဲမှ ကျွန်တော်တို့ကို မောင်းထုတ်သည်။ စောင်တွေကို ပခုံးပေါ်သိုင်းပြီး ပတ်လိုက်ကြသည်။ အုပ်စုနှစ်စုခွဲပြီး ဂိတ်ဝဆီသို့ ထွက်ခဲ့ကြရ၏။

ဂျာမန်အရာရှိတစ်သိုက်က စောင့်ကြည့်နေသည်။ လူအုပ်ကြီးထဲတွင် ချက်ချင်း သတင်းပြန့်သွားသည်။

လူရွေးပွဲ လုပ်ဦးမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ စစ်ဗိုလ်တွေက လူရွေးသည်။ လမ်းလျှောက်နိုင်သူတွေ ညာဘက်သွား၊ မလျှောက်နိုင်သူတွေ ဘက်ဘက်ကပ်။

အဖေ ဘက်ဘက်အုပ်စုထဲ ပါသွားသည်။ ကျွန်တော် ပြေးလိုက်သွားတော့ စစ်ဗိုလ်တစ်ယောက် အော်ပြီး ဟန့်သည်။

''ဟော့ကောင်လေး ပြန်လာခဲ့''

ကျွန်တော်က ဘယ်ဘက်အုပ်စု လူတောထဲသို့ အတင်းတိုးဝင်လိုက်သည်။ စစ်ဗိုလ်တွေ ကျွန်တော့်ကိုရှာဖို့ လူအုပ်ထဲဝင်လာတော့ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ လူတွေ ယောက်ယက်ခတ်သွားတုန်း ညာဘက် အုပ်စုထဲသို့ တချို့ ပြေးဝင်သွားကြသည်။ ထိုအထဲတွင် ကျွန်တော်တို့သားအဖ ပါသွားသည်။

လူအုပ်ကို သေနတ်ပစ်ပြီး ဖြိုခွဲရသည်။ တချို့ လဲကျသေဆုံးကြသည်။ ကံကြီး၍ ကျွန်တော်တို့ လွတ်မြောက်ခဲ့ခြင်း ဖြစ်၏။

ကျွန်တော်တို့ကို စခန်းအပြင်ဘက်သို့ ခေါ်သွားသည်။ နာရီဝက်ခန့် လျှောက်ပြီး မီးရထားသံလမ်းတစ်နေရာသို့ ရောက်လာ၏။ သည်နေရာတွင် ရထားအလာကို ရပ်စောင့်ကြရ၏။

နှင်းတွေ သည်းလာပြန်သည်။ ကျွန်တော်တို့ကို ထိုင်ခွင့်မပေး။ လှုပ်ခွင့်လည်း မပေး။ ခေါင်းတွေပေါ်တွင် နှင်းတွေစုခဲနေပြီ။ ခုမှ ပေါင်မုန့်များ ထုတ်ပေးသည်။ ကျွန်တော်တို့ အငမ်းမရ စားကြ၏။ တစ်ယောက်က ရေမရတော့ နှင်းတွေကို ဖွဲ့စားသည်။

မကြာခင် အားလုံး သူ့လိုလိုက်လုပ်ကြ၏။ မြေပြင်ပေါ်က နှင်းကို ကုန်းယူခွင့် မရှိ၍ တစ်ယောက်ကျောကုန်းမှ နှင်းခဲတွေကို နောက်တစ်ယောက်က ဇွန်းနှင့် ခြစ်ပြီး စားကြရ၏။ ပေါင်မုန့်တစ်လုတ်၊ နှင်းတစ်ဇွန်း။ ဂျာမန်စစ်သားတွေက ကြည့်ပြီး သဘောကျနေ၏။

နှစ်နာရီ ကြာသွားသည်။ မိုးကုပ်စက်ဝိုင်းဆီကို စိုက်ကြည့်ရလွန်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိတွေ ညောင်းနေပြီ။ ညနေစောင်းမှ ရထား ရောက်လာ၏။ ဝက်တွေ၊ ကြက်တွေ၊ ဆိတ်တွေ၊ သိုးတွေတင်သည့် တွဲပက်လက်ရထားရှည်ကြီး ဖြစ်၏။

စစ်သားတွေက ကျွန်တော်တို့ကို မောင်းတင်သည်။ တစ်တွဲ လူတစ်ရာ တက်ရသည်။ အရိုးပဒေသာများ တွဲတွေပေါ်ရောက်သည်နှင့် ရထားစထွက်တော့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## (၇)

အအေးဒဏ်ကို တတ်နိုင်သမျှ ကာကွယ်ရန် တစ်ယောက်အနားသို့ တစ်ယောက် တိုးဝှေ့ထိုင်ကြသည်။ ကျွန်တော်တို့အားလုံး ခေါင်းတွေလေးပြီး၊ ဟာလာဟင်းလင်း ဖြစ်နေသည်။ ခေါင်းထဲတွင် ပုပ်သိုးနေသည့် သတိရစရာမျှး လေပွေမွှေ့သလို ဝင်လာတတ်၏။ အာရုံတွေ ထုံထိုင်းနေသည်တော့ အမှန်။ ဘာကိုမျှ ခံစားလို့မရတော့။ ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘယ်ပေါက် ပေါက် ဘယ်ရောက်ရောက် အကြောင်းမဟုတ်တော့ပြီ။ သည်နေ့ သေသေ၊ မနက်ဖြန်သေသေ၊ နောက်နေ့မှသေသေ အကြောင်းမဟုတ်တော့ပြီ။ ညတာက ရှည်လျားလှသည်။ ကျွန်တော်တို့တစ်တွေ မိုးဘယ်တော့သောက်ပါမည်ကို မျှော်တလင့်လင့် ဖြစ်နေကြသည်။

နောက်ဆုံးတွင်တော့ အရှေ့မိုးကုပ်စက်ဝိုင်းကြီးတွင် အလင်းရောင် ဖျော့ဖျော့ကို စတင်တွေ့ခွင့်ရသည်။ ပခုံးနှစ်ဖက်ကြားတွင် နစ်ဝင်နေသော ဦးခေါင်းများနှင့် လူဟူ၍ ခေါ်ဖို့ပင် မသင့်တော့သော ပုံသဏ္ဌာန်များသည် တစ်ယောက်အပေါ် တစ်ယောက်ထပ်ကာ ပိုးလိုးပက်လက် အတုံးအရုံး ဖြစ်နေကြသည်။ အလင်းရောင်ရေးရေးတွင် သက်ရှိနှင့်သက်မဲ့ကို ကျွန်တော် လိုက်ခွဲကြည့်နေသည်။ သို့သော် အလောင်းများနှင့် အသက်ငင်နေသူများ ခွဲခြားဖို့ မလွယ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် မျက်လုံးအစုံသည် တစ်စုံတစ်ယောက်ထံတွင် စိုက်နေသည်။ မျက်လုံးအပြူးသားနှင့် ကောင်းကင်ကို မော့်ကြည့်နေသည့် လူတစ်ယောက်။ မျက်နှာပေါ်တွင် နှင်းတွေဖုံးလျက်။ လုံးဝမလှုပ်တော့။

အဖေက ကျွန်တော့်နံဘေးတွင် စောင်ခြုံပြီး ကွေးနေသည်။ သို့သော် ခေါင်းက မလုံ။ ပခုံးပေါ်တွင် နှင်းတွေ ဖွေးနေ၏။ အဖေရော အသက်မှ ရှိသေးရဲ့လား။ ကျွန်တော် ခေါ်ကြည့်သည်။ မထူးတော့၊ ကျွန်တော့်မှာ အော်နိုင်သည့်အင်အားရှိလျှင် အော်ငိုမိမည်ထင်၏။ သူ လုံးဝ မလှုပ်တော့ပေ။ အခြေအနေကို ချက်ချင်း နားလည်လိုက်ပြီ။ ဆက်လက် အသက်ရှင်နေစရာ အကြောင်းမရှိတော့။ တိုက်ပွဲဝင်ဖို့လည်း မလိုတော့။

ဘာအဆောက်အအုံမျှမရှိသည့် လွင်တီးခေါင်ထဲတွင် ရထားထိုးရပ်လိုက်သည်။ ဘရိတ်အုပ်ပြီး ချက်ချင်းရပ်လိုက်၍ အိပ်ပျော်နေသူ ခေါင်းထောင်၊ အချို့ လန့်နိုးလာကြသည်။ အလန့်တကြား ကြည့်သူကြည့်ကြသည်။

ဂျာမန်စစ်သားတွေ ဆင်းလျှောက်လာပြီး အော်ပြောသည်။

"ပစ်ချ၊ အလောင်းတွေပစ်ချ"

လူချောင်သွားတော့မည်ဖြစ်၍ အသက်ရှင်နေသေးသူများ ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟောဒီမှာ တစ်ယောက်၊ ဟောဟိုမှာ တစ်ယောက်"

စေတနာ့ဝန်ထမ်းများ ပေါ်လာသည်။ တစ်ယောက်ပြီး တစ်ယောက် ဂျုံအိတ်တွေပစ်ချသလို ပစ်ချနေသည်။ ပစ်မချခင် အဝတ်တွေ ချွတ်ယူကြသေးသည်။

"ဒီမှာ တစ်ယောက်ဟေ့၊ ငါ့အနားကလူ မလှုပ်တော့ဘူး"

တစ်ယောက်တစ်ပေါက် အော်သံတွေ ဆူညံနေသည်။ အားလုံးကို မကြားသလို လုပ်နေရာမှ ကျွန်တော် လန့်နိုးလာသည်။ လူနှစ်ယောက် အဖေ့ကို ကောက်ယူမည် လုပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ၊ အဖေ ထတော့။ သူတို့ အဖေ့ကို ပစ်ချတော့မယ်"

ကျွန်တော် ကုန်းအော်လိုက်သည်။

အဖေ လုံးဝ မလှုပ်တော့။ လူနှစ်ယောက်က ကျွန်တော့်ကုပ်ကိုဆွဲပြီး-

"ဟေ့ ဖယ်စမ်း၊ မတွေ့ဘူးလား၊ သူ သေနေပြီပဲ"

"မဟုတ်ဘူး၊ အဖေ မသေသေးဘူး"

ဘယ်က ဘယ်လို အားအင်တွေ ဝင်လာသည် မသိ။ ကျွန်တော့်အသံ မာလာသည်။

အဖေ့ပါးကို ကျွန်တော် တအားပုတ်နှိုးသည်။ သည်တော့မှ မျက်လုံး ဖွင့်လာသည်။ သို့သော် ဘာကိုမျှ မြင်ပုံ မရ။ အသက်ငွေ့ငွေ့ကလေး ရှူနေ သည်။

"မသေဘူးဗျ၊ မသေသေးပါဘူးလို့ဆိုနေ"

ကျွန်တော် ဒေါသတကြီး အော်လိုက်တော့ ဟိုလူနှစ်ယောက် လှည့်ထွက် သွားသည်။

ကျွန်တော်တို့တွဲမှ အလောင်းနှစ်ဆယ် ပစ်ချခဲ့ရသည်။ ပြီးမှ ရထား ပြန်ထွက်သည်။ ပိုလန်နှင်းလွင်ပြင်ထဲတွင် ဂူသွင်းဖို့ဝေးစွ ငုတ်တိုင်ကလေး တစ်တိုင်တောင် စိုက်မည့်သူမရှိဘဲ ရာပေါင်းများစွာသော ဂျူးအလောင်းကောင် များ ကျန်ရစ်ခဲ့လေပြီ။

❖

ကျွန်တော်တို့ကို အစာမကျွေးတော့။ ပေါင်မုန့်မရတော့ နှင်းခဲတွေပဲ စားနေကြရသည်။ နေ့နှင့် ညသည် ကျွန်တော်တို့အတွက် ဘာမျှ မထူး မခြားနားတော့ပြီ။ ရထားကြီးက ဖြည်းဖြည်းချင်း မောင်းနေသည်။ ပြီးတော့ မကြာခဏ ရပ်သည်။ တစ်ခါရပ်လျှင် နာရီများစွာ ကြာသည်။ နှင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



တဖွဲဖွဲ ရွာနေဆဲ။ လူတိုင်း အားပြတ်ပျော့ခွေနေကြပြီ။ ဘယ်သူမှ စကား မပြောနိုင်ကြတော့။ ဤသို့ဖြင့် နေ့တွေ ညတွေကို ဖြတ်ကျော်နေကြသည်။ ကျွန်တော်တို့ လူတွေ မဟုတ်တော့။ တောင့်ခဲနေသည့် ခန္ဓာကိုယ်များ ဖြစ်နေပြီ။ ဘယ်သူမျှ မျက်လုံး မဖွင့်နိုင်ကြတော့။ ရထားအရပ်ကို စောင့်နေရုံမှ တစ်ပါး အခြား မရှိပြီ။ အလောင်းတွေကို ပစ်ချဖို့ သူတို့ အချိန်ကို စောင့်နေခြင်း ဖြစ်လေသည်။

❖

နေ့ရော ညပါ သည်အတိုင်း ခရီးဆက်နေရ၏။ ရံခါတွင် ဂျာမန်မြို့ တွေကို ဖြတ်သွားရသည်။ ဂျာမနီပြည်ထဲသို့ ရောက်ခဲ့လေပြီ။ မြို့တွေကို ဝေလီဝေလင်းအချိန်တွင် ဖြတ်သည်ကို သတိထားမိနေ၏။

ဘူတာရုံများကို ဖြတ်လျှင် ဂျာမန်အလုပ်သမားများက ကျွန်တော်တို့ ကို လှမ်းကြည့်ကြသည်။ လုံးဝ အံ့သြဟန် မပြကြ။

တစ်နေ့တွင်တော့ ဘူတာရုံတစ်ရုံတွင် ရထားရပ်စဉ် အလုပ်သမား တစ်ယောက်က အိတ်ထဲမှ ပေါင်မုန့်တစ်ချပ်ထုတ်ယူပြီး တွဲထဲသို့ ပစ်ပေး သည်။ ဝေါ်ပြတ်နေသူတွေ ဝိုင်းလုကြ၊ ရန်ဖြစ်ကြနှင့် ရှုပ်ယှက်ခတ်သွားသည်။ ပေါင်မုန့်ပစ်ပေးသည့် အလုပ်သမားက စိတ်ဝင်တစား စောင့်ကြည့်နေ၏။

❖

နောင် နှစ်ပေါင်းများစွာကြာတော့ အေဒင်တွင် အလားတူ အဖြစ်မျိုးနှင့် ကြုံရသည်။ ကျွန်တော်တို့ သင်္ဘောပေါ်မှ ခရီးသည်များက အာရပ်ကလေး များကို ပိုက်ဆံ ပစ်ပေးတတ်ကြသည်။ အထက်တန်းလွှာပုံ ပေါက်နေသည့် အမျိုးသမီးကြီးတစ်ယောက်က ပိုက်ဆံ အကြွေတွေ ပစ်ပေးရတာကို သဘော ကျနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံလုရင်း ကလေးနှစ်ယောက် ရေထဲတွင် ရန်ဖြစ်ပြီး လုံးထွေး သတ်ပုတ်နေသည်ကို ကျွန်တော် လှမ်းမြင်လိုက်သည်။

ကျွန်တော်က အမျိုးသမီးကြီးဆီသွားပြီး တောင်းပန်သည်။

"တစ်ဆိတ်ဗျာ၊ ပိုက်ဆံ ပစ်ချမပေးပါနဲ့လား"

"ပိုက်ဆံ ပစ်ချပေးတာ ဘာဖြစ်လဲ၊ ကိုယ်က အလှူအတန်း ဝါသနာ ပါတယ်လေ"

❖

ပေါင်မုန့်တစ်ဖဲ့ရဖို့ အသေအလဲ တိုက်ခိုက်နေကြသည့်ရန်ပွဲမှာ တော်တော် နှင့်မပြီးနိုင်ဘဲ ဆက်ချနေကြသည်။ သူတို့ကြည့်ရသည်မှာ လူတွေနှင့် မတူ တော့။ မျက်လုံးတွေက ရိုင်းစိုင်းနေကြပြီ။ မျက်လုံးတွေပြူး၊ သွားတွေဖြဲကာ သတ်ပုတ်နေကြပုံမှာ ဝေါ်ပြတ်နေသည့် သားရဲတိရစ္ဆာန်တွေနှင့် တူနေသည်။

ပလက်ဖောင်းပေါ်တွင် လူတွေ ဝိုင်းအုံလာပြီး ကြည့်နေကြသည်။ ပေါင်မုန့်တစ်ဖဲ့ရဖို့ တစ်ယောက်နှင့်တစ်ယောက် အသေသတ်နေကြသည့် မြင်ကွင်းကို ဂျာမန်တွေ မမြင်ဖူးကြ။

ပေါင်မုန့်တစ်ချပ်သည် သူတို့ခြေထောက်အောက်တွင် ဘယ်ရောက် သွားလေပြီ မသိ။ ဘယ်သူမှ မစားလိုက်ရ။ ကျွန်တော်က အသာလေးငြိမ်ပြီး ကြည့်နေသည်။ မလှုပ်နိုင်၍ အသာကုပ်နေခြင်း ဖြစ်ပါသည်။ နည်းနည်းကလေး အားရှိလျှင် သည်ပွဲတွင် ကျွန်တော်လည်း ပါကောင်းပါမည် ဖြစ်ပါသည်။

ကျွန်တော်နှင့် မလှမ်းမကမ်းမှ အဘိုးကြီးတစ်ယောက် ရန်ပွဲထဲမှ လွင့်ထွက်လာသည်။ သူ့နေရာသို့ လေးဖက်ထောက် ပြန်လာသည်။ ပြီးတော့ သူ့နှလုံးတည့်တည့်ကို လက်တစ်ဖက်ဖြင့် ဖိထားသည်။ ကျွန်တော်က သူ ဒဏ်ရာရလာပြီ ထင်လိုက်သည်။ မဟုတ်ပါ။ ပေါင်မုန့်လေးတစ်ဖဲ့ကို ရင်ဘတ် တွင် လက်နှင့်အုပ်ထားခြင်း ဖြစ်ပါသည်။ မုန့်ကိုဖဲ့ပြီး ဆတ်ခနဲ ပါးစပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပစ်သွင်းလိုက်သည်။ ကျေနပ်သွားပုံဖြင့် သူပြုံးလိုက်သည်။ သို့သော် သူ ပြုံးလို့မှ မဆုံးခင်မှာ တစ်ယောက်က သူ့အပေါ် ခုန်အုပ်လိုက်သည်။ ပြီးတော့ စိတ်ရှိလက်ရှိ ထိုးတော့သည်။ အဘိုးကြီးက တရှုပ်ရှုပ်ငိုပြီး ပြောသည်။

"မီယာ လူလေး။ အဖေ့ကို မမှတ်မိဘူးလား။ အဖေ့ကို မင်း သတ်တော့မလို့လား။ သားအတွက် အဖေ ချန်ထားပါတယ်ကွာ။ ဒီမှာလေ"

သို့သော် ဟိုတစ်ယောက်က ကြားဟန်မတူ။ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် လက်ထဲမှ ပေါင်မုန့်တစ်စကိုရဖို့ အဘိုးကြီးပေါ်တက်ခွပြီး ခေါင်းနှင့် တွဲကြမ်းပြင်ကို တအားဆောင့်သည်။ တစ်စုံတစ်ခုကို ဗလုံးဗထွေး ပြောရင်း အဘိုးကြီး အသက်ထွက်သွားသည်။ ဘယ်သူမှ ဝင်မစွက်ကြ။ စိတ်မဝင်စားကြ။ သားလုပ်သူက ဖအေ့လက်သီးဆုပ်ထဲမှ ပေါင်မုန့်တစ်စကို ဖြေယူသည်။ ယူပြီးစားမယ်လုပ်တုန်း စောင့်နေသည့် လူနှစ်ယောက်က သူ့ကို ခုန်အုပ်လိုက်ကြပြန်သည်။ ပြီးတော့ ဝိုင်းထိုးကြပြန်သည်။ ကျွန်တော့်အနား တွင် အလောင်းနှစ်လောင်း ဖြစ်သွားပြီ။ အဖေနှင့် သား၏ အလောင်းများ။

ထိုစဉ်က ကျွန်တော် ဆယ့်ခြောက်နှစ်သားပဲ ရှိပါသေးသည်။

❖

ကျွန်တော်တို့တွဲထဲတွင် အဖေ့မိတ်ဆွေတစ်ယောက် ပါသည်။ သူ့နာမည်က မီယာကတ်ဇ်။ ဘူနာစခန်းမှာတုန်းက စိုက်ပျိုးခင်းတွင် တာဝန်ကျခဲ့သူ ဖြစ်၏။ ရံဖန်ရံခါ ကျွန်တော်တို့သားအဖအတွက် အသီးအနှံများ ခိုးယူလာပေးတတ်သည်။ သူက ကျွန်တော်တို့လောက် အာဟာရမပြတ်ခဲ့။ အားလုံးထဲတွင် ထွားထွားထောင်ထောင် အရှိဆုံးဖြစ်၍ သူ့ကို ကျွန်တော်တို့တွဲ၏ ခေါင်းဆောင် ခန့်ထားသည်။

ကျွန်တော်တို့ခရီး တတိယညတွင် အသက်ရှူကျပ်ပြီး ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးလာသည်။ ဟိုက်- တစ်ယောက်ယောက်က ကျွန်တော့်လည်ပင်းကို ညှစ်နေတာပါလား။ ကျွန်တော် အားယူပြီးခေါ်လိုက်သည်။

"အဖေ… အဖေ"

ဆက်ပြီး အသံမထွက်တော့၊ အသက်တောင် မရှူနိုင်တော့။ အဖေ နိုးသွားသည်။ ကျွန်တော့်လည်ပင်း ညှစ်နေတဲ့လူကို အတင်းဆွဲဖယ်သည်။ သို့သော် သူ့တွင် အားမရှိသဖြင့် ဟိုလူ့ကို တွန်းမချနိုင်။ သည်တော့မှ မီယာကတ်ဇ်ကို သတိရပြီး လှမ်းခေါ်သည်။

"မီယာ မီယာ၊ လာပါဦးကွ၊ ငါ့သားလေးကွာ၊ လူတစ်ယောက် လည်ပင်းညှစ်သတ်နေတယ်"

ခဏအတွင်း ကျွန်တော် လွတ်သွားသည်။ ဘယ်သူ ကျွန်တော့်ကို သတ်ဖို့ကြိုးစားသည်၊ ဘာကြောင့် သတ်ချင်သည်ကို ကျွန်တော် လုံးဝ မသိခဲ့ပါ။

ရက်များမကြာခင် မီယာကတ်ဇ်က အဖေ့ကို လာပြောသည်။

"ဆရာ၊ ကျွန်တော် အားပြတ်ပြီ၊ ကျွန်တော် မတတ်နိုင်တော့ဘူး ဆရာ"

အဖေက သူ့ကို အားပေးသည်။

"စိတ်မလျှော့နဲ့၊ မင်း တင်းထားရမယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မလျှော့စေနဲ့"

မီယာကတ်ဇ်က ယဲ့ယဲ့ကလေး ပြန်ပြောသည်။

"မရတော့ဘူး ဆရာ၊ ကျွန်တော် မတတ်နိုင်တော့ဘူး"

အဖေက သူ့ကိုသိုင်းဖက်ပြီး ဆက်အားပေးသည်။ အလွန်ဗလတောင့် သည့် မီယာသည် စိတ်ဓာတ်လည်း ကြံ့ခိုင်သူဖြစ်သည်။ ခုတော့ တရှုပ်ရှုပ် ငိုနေပြီ။ ပထမဆုံး အုပ်စုခွဲတုန်းက သူ့သားနှင့် ကွဲသွားသည်။ သည်တုန်းက သူ မငိုခဲ့။ ခုမှ သားအတွက် သူ ငိုသည်။ သူ စိတ်လျှော့လိုက်ပြီ။ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံး ရောက်သွားလေပြီ။

နောက်ဆုံးနေ့တွင် ကြောက်စရာကောင်းလှသည့် နှင်းမုန်တိုင်းတွေ တိုက်လာသည်။ သေရမည့်အချိန် နီးလာပြီဟု အားလုံး သဘောပေါက်လိုက်ကြ၏။ သည်ရာသီဥတုကို ဘယ်သူမှ ကြံ့ကြံ့ခံနိုင်စွမ်း ရှိမည် မဟုတ်တော့။

တစ်ယောက်က ထပြီး အော်သည်။

"ဟော့··· ထိုင်ချည်းနေလို့ မဖြစ်ဘူး၊ သွေးခဲပြီး သေကုန်လိမ့်မယ်၊ ထပြီး လှုပ်လှုပ်ရှားရှား လုပ်ကြ"

အချို့ ကြိုးစားပြီး ထရပ်လိုက်ကြသည်။ ခေါင်းပေါ်က နှင်းတွေကို ခါချပြီး တင်းတင်းပြန်မတ်ကာ လှုပ်လှုပ်ရှားရှား လုပ်ကြသည်။

တွဲတစ်နေရာမှ စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်၏။ ဒဏ်ရာရထားသည့် သားကောင်တစ်ကောင်၏ အော်သံမျိုး။ တစ်ယောက်ယောက် လဲကျ သေသွားပြန်သည်။

အခြား သေအံ့မူးမူးလူများ၏ အော်သံတွေ ပေါ်ထွက်လာ၏။ သင်္ချိုင်းကုန်းမှ ထွက်လာသည့်အသံမျိုးတွေ။ ငိုသံတွေ ညည်းသံတွေ ပိုများလာသည်၊ နှင်းမုန်တိုင်းနှင့် အမင်္ဂလာအသံများ ရောထွေးနေလေပြီ။

ထိန်းမနိုင် သိမ်းမရ အော်သံများ အခြားတွဲတွေဆီသို့ ကူးစက်ပျံ့နှံ့သွားသည်။ ရထားကြီးပေါ်မှ မင်္ဂလာမဲ့လှသည့် နှလုံးသွေးပျက်ချင်စရာ အော်သံတွေ လေပြင်းနှင့်အတူ လွင့်ပျံ့သွားလေသည်။ ခရီးလမ်းဆုံးသည် လက်တစ်ကမ်းတွင် ရောက်လာနေပြီ။ ဘယ်သူမှ တွန်းလှန်ချင်စိတ် မရှိတော့။ ညကား ရှည်လျားလွန်းလှ၏။ မီးယာကတ်ဖ်၏ အသံယဲ့ယဲ့ ထွက်လာသည်။

"သူတို့ ဘာလို့ ပစ်မသတ်ကြသေးတာလဲ"

ထိုညတွင်ပင် ခရီးဆုံးသို့ ကျွန်တော်တို့ ရောက်ခဲ့ကြ၏။ အစောင့်စစ်သားတွေက ကျွန်တော်တို့ကို ရထားပေါ်မှ ဆွဲချကြသည်၊ အလောင်းတွေကိုတော့ ရထားပေါ်တွင် ထားခဲ့ကြ၏။ မတ်တတ်ရပ်နိုင်သူတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ပါသွား၏။

မစ္စတာ မီယာကတ်ဇ်တစ်ယောက် တွဲပေါ်တွင် ကျန်ရစ်ခဲ့လေပြီ။ သူနှင့်အတူ အများကြီး ကျန်ရစ်ခဲ့သည်။ ကျွန်တော်တို့တွဲမှ ဆယ့်နှစ်ယောက်သာ တွဲပေါ်မှ ဆင်းခဲ့ကြ၏။ ကျွန်တော်တို့ သားအဖ ပါသည်။

ကျွန်တော်တို့ နောက်ဆုံး ရောက်လာသည့်စခန်းမှာ ဘူခန်ဝါး ဖြစ်၏။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# (၈)

စခန်းဂိတ်ဝတွင် ကျွန်တော်တို့အား စစ်ပုလိပ်များ စောင့်နေကြ၏။ လူစစ်ပြီး စုရုံးကွင်းထဲ ခေါ်သွားသည်။ အသံချဲ့စက်ဖြင့် အမိန့်ပေးသည်။

"တန်းစီ၊ ငါးယောက်တစ်တွဲစီ၊ လူတစ်ရာ အုပ်စုတစ်စုဖွဲ့၊ ရှေ့ ငါး လှမ်းတိုး"

အဖေ့လက်ကို တင်းတင်း ဆုပ်ထားလိုက်၏။ ဖြစ်နေကျ စိုးရိမ်စိတ်က ထိပ်တက်လာပြန်သည်။ အဖေနှင့်ခွဲရမှာကို ပူသည့် စိုးရိမ်စိတ်။

မလှမ်းမကမ်းတွင် မီးခိုးခေါင်းတိုင်နှင့် အုတ်တိုင်ကြီး။ အဆိပ်ငွေ့ လူသတ်စက်ရုံ။ ခုတော့ ကျွန်တော်တို့ မဖြုံကြတော့ပြီ။ ဘယ်သူမှ ဂရုမစိုက် ကြတော့။

ဘူခန်ဝါးတွင် ရောက်နှင့်နေသည့် အကျဉ်းသားဟောင်းများက ပြောပြ သည်။ ပထမဆုံး ရေချိုးရမည်တဲ့။ ပြီးမှ လူခွဲပြီး အဆောင်တွေမှာ နေရာချ မည်တဲ့။

ရေနွေးပူပူ ချိုးရတော့မှာမို့ ကျွန်တော် ပျော်သွားသည်။ အဖေက ဘာတစ်ခွန်းမျှ မပြောတော့။ ကျွန်တော့်နံဘေးတွင် ရပ်ပြီး အသက်ပြင်းပြင်း ရှူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



''အဖေ ခဏလေးတင်းထားနော်။ မကြာခင် ကျွန်တော်တို့ နားရတော့မှာ၊ ကျောခင်းရတော့မှာ''

သူ ဘာမျှမပြော။ သည်အတွက် ကျွန်တော် စဉ်းစားမနေတော့။ ကျွန်တော်ကိုယ်တိုင် မဟန်နိုင်တော့ပေ။ မြန်မြန်ရေချိုးရဖို့ပဲ စိတ်ဝင်စားတော့၏။ မြန်မြန် လှဲချင်လှပြီ။

ရေချိုးသည့်နေရာကို ရောက်ဖို့က မလွယ်ပြန်။ လူတွေ ရာပေါင်းများစွာ စုပြုံ တိုးဝှေ့နေကြသည်။ ဂျာမန်စစ်သားတွေက တန်းစီပြီး အလှည့်နှင့် ချိုးဖို့ အမိန့်ပေးသည်ကို ဘယ်သူမျှ မနာခံကြတော့။ ကြာပွတ်နှင့် ရိုက်ပြီး ဘယ်ညာ လျှောက်ခိုင်း၍လည်း မရတော့။ မရပ်နိုင်၊ မလျှောက်နိုင်သူအချို့က နှင်းတောထဲ ထိုင်ချလိုက်ကြသည်။

အဖေလည်း လဲပြိုတော့မည်။ တအင်းအင်း ညည်းနေပြီ။

''မရတော့ဘူး အယ်လီဆာ၊ ဒီနေရာမှာပဲ အဖေ သေတော့မယ်''

သူ့ကို နှင်းတောင်ပို့လေးဖြစ်နေသည့် တစ်နေရာသို့ ကျွန်တော် ခေါ်သွားသည်။

''ထားခဲ့တော့၊ အဖေ့ကိုထားခဲ့ပြီး သား သွားတော့။ မတတ်နိုင်တော့ဘူး။ အဖေ့ကိုသနားရင် ထားခဲ့ပါတော့ကွာ။ ဒီနေရာကပဲ စောင့်တော့မယ်။ မင်းအရင် သွားချိုးပါ။ ပြီးတော့ ဒီနေရာ ပြန်လာခဲ့ပေါ့''

ကျွန်တော် ဒေါသ ထွက်လာပြီ။ ဒါလောက် အတန်တန် ကျော်ဖြတ်လာပြီးမှ အဖေ စိတ်လျှော့ရမှာလား။ ဒီအခြေအနေရောက်လာပြီးမှ အဖေ့ကို ကျွန်တော် ပစ်လိုက်ရမှာလား။

''အဖေ ... မရဘူး၊ ထ ... ထ၊ အဖေ ချက်ချင်းသေသွားလိမ့်မယ်''

သူ့လက်မောင်းကို ဆွဲထူသည်။ ညည်းညူလျက် သူ လေသံဖြင့် ပြောသည်။

''မအော်ပါနဲ့ သားရယ်။ မင်းရဲ့ အဖေအိုကြီးကို သနားပါကွာ။ ဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နားပါရစေ။ အဖေ ပင်ပန်းလှပြီ၊ မလှုပ်နိုင်တော့ဘူး''

''မဖြစ်ဘူး အဖေ၊ မဖြစ်ဘူး။ အဖေ နေခဲ့လို့မရဘူး။ ဟိုမှာကြည့်...''

လဲကျသေနေသည့် အလောင်းတွေကို လက်ညှိုးထိုးပြီး ကျွန်တော် ပြောလိုက်သည်။

''သိပါတယ် သားရယ်။ အဖေ မြင်ပါတယ်။ သူတို့လည်း အိပ်ကြပါစေ။ သူတို့ မအိပ်ရတာ ကြာပြီလေ။ အားမရှိ... အားမရှိ...''

လေတိုးသံနှင့်အပြိုင် ကျွန်တော် အော်ပြောလိုက်သည်။

''သူတို့တွေက သေနေပြီ။ ဘယ်တော့မှ ထကြတော့မှာ မဟုတ်ဘူး။ အဖေ နားလည်လား''

သူ့ကို ဘယ်လိုမှ ပြောလို့မရတော့ပါ။ အလောင်းကောင်တစ်ခုနှင့် စကား ပြောနေရသလိုပါလား။

ထိုစဉ် လေကြောင်းအန္တရာယ် သတိပေးဥဩသံတွေ ဆူးဆူးဝါးဝါး ပေါ်လာသည်။ စခန်းတစ်ခုလုံး ချက်ချင်း မှောင်ကျသွားသည်။ အစောင့်စစ်သားများက ကျွန်တော်တို့ကို အဆောင်ထဲ ပြန်မောင်းသွင်းသည်။ မိနစ်ပိုင်းအတွင်း အပြင်တွင် လူရှင်းသွား၏။

လေပြင်းဒဏ်မှ လွတ်ရာလွတ်ကြောင်း ဖြစ်သွား၍ အားလုံးဝမ်းသာသွားကြ၏။ အဝင်ဝမှ စွပ်ပြုတ်အိုးကြီးကို ဘယ်သူမှ လှည့်မကြည့်ကြ။ ကြမ်းပြင်ပေါ်သို့ အလုအယက် ပစ်လှဲကြသည်။ အိပ်စင်ပေါ်သို့ တက်မည့်သူ တစ်ယောက်မျှ မရှိ။ အားလုံးအတွက် အလိုအပ်ဆုံးက အမြန်ဆုံး အိပ်ပျော်ဖို့ပင်။

❖

ကျွန်တော် နိုးလာတော့ နေမြင့်လှပြီ။ သည်တော့မှ အဖေ့ကို သတိရသည်။ ညက ဥဩသံတွေနှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားချိန်တွင် လူအုပ်ကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရောပါသွားခဲ့သည်။ ကိုယ်လွတ်ရုန်းပြီး အဖေ့ကို ထားခဲ့ခြင်း ဖြစ်၏။

ခုမှ ထွက်ရှာဖို့ သတိရသည်။

သို့သော် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ အဖေ့ကို ရှာမတွေ့လျှင် ကျွန်တော့် ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီး လျော့ကျသွားမည်။ သည်အခါ ကျွန်တော့် အသက်ရှင်ရေးအတွက် ကျွန်တော် အင်အားကို ပိုသုံးနိုင်လိမ့်မည်။ သည်လိုတွေးမိသည့်အတွက် တစ်ဖက်တွင် ကျွန်တော် ရှက်မိပြန်သည်။ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်လို့ မရနိုင်အောင် ဖြစ်ရပါသည်။

နာရီပေါင်းများစွာ အဖေ့ကို ရှာမတွေ့ပါ။ အဆောင်တစ်ခုရှေ့ အရောက်တွင် ကော်ဖီကြမ်းဝေနေသည်ကို တွေ့ရသည်။ လူတွေ တန်းစီရင်း ရုန်းဖြစ်နေကြသည်။

ကျွန်တော့်နောက်ဘက်မှ စိတ်မချမ်းမြေ့ဖွယ်ရာ အသံတစ်သံ ပေါ်လာသည်။

"အယ်လီဆာ၊ သား၊ အဖေ့အတွက် ကော်ဖီကြမ်းနည်းနည်း…"

ကျွန်တော် အဖေ့ဆီ ပြေးချသွားသည်။

"အဖေ၊ အဖေ၊ ကျွန်တော် ရှာလိုက်ရတာ အဖေရယ်၊ အဖေ ဘယ်ရောက်နေတာလဲ၊ အိပ်ရရဲ့လား၊ ခု ဘယ်လိုနေသေးလဲဟင်"

သူ့ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး ဖျားနေပြီ။ ကော်ဖီအိုးဆီသို့ တိရစ္ဆာန်တစ်ကောင်လို ကျွန်တော် အတင်းတိုးဝှေ့ဝင်သွားသည်။ တိုးရကျိုး နပ်ပါသည်။ ကော်ဖီတစ်ခွက် ရခဲ့၏။ ကျွန်တော် တစ်ငုံသောက်ပြီး ကျန်တာ အဖေ့ကို ပေးလိုက်သည်။

ကော်ဖီကြမ်းသောက်ရင်း ကျွန်တော့်ကို လှမ်းကြည့်သည့် မျက်လုံးများကို ကျွန်တော် တစ်သက်မမေ့ပါ။ ကျွန်တော့်အား အလွန်အမင်း ကျေးဇူးတင်သော အကြည့်။ ဒဏ်ရာရ သားကောင်တစ်ကောင်၏ အားကိုးတကြီး အကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမျှ ကျွန်တော် မမြင်းဖူးသော မျက်လုံးများ။

သူက သစ်သားပြားတစ်ချပ်ပေါ်တွင် လှဲနေသည်။ နှုတ်ခမ်းတွေက ဖြူဖပ်ဖြူရော်၊ ခြောက်ကပ် ကွဲအက်လျက်။ ပြီးတော့ ခိုက်ခိုက်တုန်နေသည်။ အဖေ့အနားတွင် ကျွန်တော် ကြာကြာမနေနိုင်။ ကျွန်တော်တို့ကို စခန်းသန့်ရှင်းရေးလုပ်ဖို့ တာဝန်ပေးထားသည်။ နာမကျန်း ဖြစ်နေသူများသာ အဆောင်တွင်း ဝင်ခွင့်ပေး၏။

ကျွန်တော်တို့ ငါးနာရီလုံးလုံး အလုပ်လုပ်ကြရသည်။ ပြီးမှ စွပ်ပြုတ်ဝေပေးသည်။ အဆောင်တွင်းသို့ ဝင်ခွင့်ပေးသည်နှင့် အဖေ့ဆီ ကျွန်တော် ပြေးသွားသည်။

"အဖေ စွပ်ပြုတ်သောက်ရရဲ့လား"

"ဟင့်အင်း"

"ဟင် ဘာဖြစ်လို့လဲ"

"သူတို့က ဘာမှ မကျွေးဘူးလေ။ ဖျားနေတဲ့လူတွေကို သေမယ့်အတူတူ မကျွေးဘူးလေ။ အလကား အကုန်မခံနိုင်ဘူးတဲ့။ အဖေ့ကို ထားခဲ့ပါတော့ သားရယ်... မင်းသာ မင်းသာ"

စွပ်ပြုတ်အကျန်ကလေး သူ့ကို တိုက်လိုက်သည်။ သို့သော် ကျွန်တော့်ရင်ထဲက မရှင်း။ လေးနေသည်။ စေတနာမသန့်ကြောင်း ကိုယ့်ဘာသာကိုယ် သိနေသောကြောင့် ဖြစ်ပါ၏။

ဓမ္မဆရာ အယ်လီယာဟူး၏ သားနှင့် ကျွန်တော် တူနေပြီလား မသိ။

❖

အဖေ တစ်နေ့တခြား အားပြတ်လာပြီ။ မျက်ဝန်းထဲတွင် မျက်ရည်တွေ အမြဲဝဲနေသည်။ မျက်နှာသည် သစ်ရွက်ခြောက်လို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘူခန်ဝါးကို ရောက်ပြီး သုံးရက်မြောက်နေ့ကျမှ ကျွန်တော်တို့ ရေချိုး ခွင့်ရသည်။ လူမမာတွေပါ ရေချိုးကြရသည်။ သူတို့ကို နောက်ဆုံးမှ ချိုးခိုင်း သည်။

ကိုယ့်အလှည့်ရောက်လို့ ရေချိုးပြီးလျှင် အဆောင်တွင်းသို့ ချက်ချင်း ပြန်ဝင်လို့ မရ။ အဆောင်တွင်း သန့်ရှင်းရေးတွေ လုပ်မပြီးသေးခြင်းကြောင့် ဖြစ်သည်။

အဖေ့ကို ကျွန်တော် အဝေးကြီးမှ လှမ်းမြင်ရသည်။ သူ့ဆီကို ကျွန်တော် ပြေးသွားသည်။ သူက ကျွန်တော့်ကို မကြည့်ဘဲ ပြန်လှည့်ပြေးသည်။ ယိုင်ထိုး ယိုင်းထိုးဖြင့်။

ကျွန်တော်က သူ့နောက် ပြေးလိုက်သွားပြီး-

"အဖေ၊ အဖေ ဘယ်ကို ပြေးနေတာလဲ"

သူ လှည့်ကြည့်သည်။ သို့သော် သူ ဘာမှ မြင်ပုံမရ။ ပြီးတော့ ဆက်ပြေးသည်။

❖

အဖေ ဝမ်းကိုက်ပြီး အိပ်ရာထဲလဲနေပြီ။ အိပ်စင်ပေါ်မှ မဆင်းနိုင်တော့။ သူနှင့်ဘေးမှ ငါးယောက် အလားတူ မြော့မြော့ပင် ကျန်တော့၏။ အဖေ့နံဘေးတွင် ကျွန်တော် ထိုင်ပြီး စောင့်ကြည့်နေသည်။ သည်တောင်ကို သူ ကျော်နိုင်တော့ မည် မထင်။ သို့သော် တတ်နိုင်သမျှ ထိုင်ပြီး အားတက်အောင် လုပ်နေရသည်။

သူက ဖြူနီးခနဲ ခေါင်းထောင်ပြီး ပူခြစ်နေသည့် နှုတ်ခမ်းများနှင့် ကျွန် တော့် နားနားကပ်လျက်-

"ဒီမယ် သား။ ရွှေတွေ ငွေတွေ အဖေ မြှုပ်ထားခဲ့တဲ့နေရာ··· မြေအောက်ခန်းထဲမှာ မှတ်ထားနော်···"

ပြီးတော့ သူ အမောတကော ဆက်ပြောနေသည်။ မှာစရာတွေ မှာနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်လုပြောနေမှန်း သိသာနေပြီ။

"ဟာ… အဖေကလည်း၊ အဖေ အသေနိုင်သေးပါဘူး။ ကျွန်တော်တို့ သားအဖ အိမ်ကို အတူတူပြန်ကြမှာပါ"

သို့သော် အဖေ နားမထောင်တော့ပေ။ နားထောင်နိုင်သည့်အင်အား မရှိတော့ပေ။ နှုတ်ခမ်းတွေ အက်ကွဲကာ သွေးတွေထွက်နေ၏။ သွားရည်နှင့် ရောကာ ပါးစပ်မှ ထွက်ကျနေ၏။ မျက်စိပိတ်ထားပြီး ပါးစပ်ဟကာ ရှူသွင်းဖို့လေကို မနည်းလိုက်ရှာနေရပုံမျိုး။

❖

အဖေ့နားက အိပ်စင်ရဖို့ ကျွန်တော့် ပေါင်မုန့်ခွဲပေးပြီး ဒုက္ခသည်တစ်ယောက်နှင့် လဲလိုက်သည်။

ညနေပိုင်း ဆရာဝန်လာတော့ အဖေ နေမကောင်းကြောင်း၊ ကြည့်ပေးဖို့အကြောင်း သွားပြောသည်။

"ဒီခေါ်ခဲ့"

အိပ်ရာထဲက မထနိုင်ကြောင်း ကျွန်တော် ရှင်းပြသည်ကို ဆရာဝန်က လက်မခံ။ သည်တော့ ကျွန်တော် မနိုင်မနင်း သယ်သွားရသည်။ သူက အဖေ့ကို စိုက်ကြည့်ပြီး မေးသည်။ လေသံက ခပ်ပြတ်ပြတ်။

"ဘာဖြစ်တာလဲ"

အဖေ့ကိုယ်စား ကျွန်တော် ဝင်ဖြေသည်။

"ဝမ်းကိုက်နေတယ် ဆရာ၊ ဖျားလည်း ဖျားနေတယ်"

"အဲဒါ ငါ့အလုပ် မဟုတ်ဘူး။ ငါက ခွဲစိတ်ဆရာဝန်။ ကဲ… ဖယ်။ နောက်တစ်ယောက်"

ကျွန်တော် အပင်ပန်းခံ ကြိုးစားသမျှ အဟောသိကံ ဖြစ်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီကွာ။ အဖေ့ကို အိပ်ရာထဲ ပြန်ပို့ပါ"

ကျွန်တော် ပြန်ပို့သည်။ အိပ်ရာထဲပြန်ရောက်တော့ တဆတ်ဆတ် တုန်နေသည်။

"အဖေ… အိပ်လိုက်နော်၊ ပျော်အောင် ကြိုးစားပြီး အိပ်ပါဗျာ"

သူ အသက်ရှူခက်သည်ထက် ခက်လာနေပြီ။ သူ မျက်စိမှိတ်ထားသည်။ သို့သော် အားလုံးကို မြင်နေမှန်း ကျွန်တော် သိသည်။ အရာရာ အကြောင်းကြောင်းတို့၏ အမှန်တရားကို သူ မြင်နေပါလိမ့်မည်။

နောက်ဆရာဝန်တစ်ယောက် အဆောင်ကိုရောက်လာတော့ အဖေက သွားဖို့ ငြင်းသည်။ ဘယ်လိုမှ ခေါ်မရတော့။ ဘယ်လိုမှ အကြောင်းမထူးနိုင်တော့ကြောင်း အဖေ သိနေပြီ။

စင်စစ် ဆရာဝန် ရောက်လာသည်ကလည်း အသည်းအသန် လူနာများကို မြန်မြန်ကိစ္စဖြတ်ဖို့ ရောက်လာခြင်း ဖြစ်သည်။ လူနာတွေကို ဆဲဆို ကြိမ်းမောင်းနေသံတွေ ကြားနေရ၏။ သူ့ဆီပြေးသွားပြီး လည်ပင်းညှစ်ဖို့ ကျွန်တော် စိတ်ကူးသေးသည်။ သို့သော် ကျွန်တော့်တွင် သတ္တိရော၊ ခွန်အားပါ မရှိ။ အဖေ့ဆီကို အာရုံပြန်စိုက်ထားရ၏။ လက်သီးကို ကျစ်ကျစ်ပါအောင် တအား ဆုပ်လိုက်မိသဖြင့် မခံနိုင်အောင် နာကျင်သွားသည်။ အရိုးတွေ ကျိုးကုန်ပြီလား မသိ။ အဖေ့ကို သတ်နေသူတွေကိုရော ကမ္ဘာကြီးတစ်ခုလုံးကိုပါ ကျွန်တော် မီးလောင်တိုက် သွင်းပစ်လိုက်ချင်သည်။ အနည်းဆုံး ဒေါသတကြီး အော်ပစ်လိုက်ချင်သည်။ သို့သော် ကျွန်တော့်တွင် အော်စရာ အသံပင် မကျန်တော့ပေ။

❖

ပေါင်မုန့် သွားတန်းစီပြီး ပြန်လာတော့ အဖေ တရှုပ်ရှုပ် ငိုနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အယ်လီဆာ၊ သူတို့ အဖေ့ကို ဝိုင်းရိုက်ကြတယ်ကွာ"

"ဘယ်သူတွေလဲ"

အဖေ ကယောင်ကတမ်း ပြောနေသည် ထင်လိုက်၏။

"ဟောဟို ပြင်သစ်ကောင်ရယ်၊ ဟိုဘက်က ပိုလန်သားရယ်၊ သူတို့ ငါ့ကို ဝိုင်းရိုက်ကြတယ်"

ကျွန်တော့်ရင်ထဲတွင် ဆူးတစ်ချောင်း ထပ်ပေါက်လာသည်။ အမုန်း ခွန်အားတွေ ရင်နှင့်အမျှ ဖြစ်လာပြီ။ ဆက်လက် အသက်ရှင်ချင်စိတ် ကုန်သွားစေမည့် နောက်ထပ်အကြောင်းတစ်ခု ပေါ်လာခြင်းပင်။

"သား··· အယ်လီဆာ၊ သူတို့ ငါ့ကို မရိုက်အောင် ပြောပေးပါကွာ၊ ငါ သူတို့ကို ဘာမှ မလုပ်ဘဲနဲ့ ဘာလို့ ငါ့ကို ရိုက်ကြတာလဲဟင်"

ကျွန်တော်က သူတို့ကိုချဲတော့ အားလုံး ဝိုင်းရယ်ကြသည်။ ပေါင်မုန့်နှင့် စွပ်ပြုတ် ခွဲပေးပါ့မယ်၊ အဖေ့ကို မရိုက်ကြပါနဲ့ ပြောတော့လည်း ရယ်ကြပြန်၏။ သူတို့ သည်းမခံနိုင်တော့ဘူးတဲ့။ အဖေက တညည်းညည်း တညျာညျာနှင့်မို့ အပြင်သွားပြီး ညည်းခိုင်းတာ မရလို့ ရိုက်တာတဲ့။

❖

နောက်တစ်နေ့တွင် သူတို့တစ်တွေက အဖေ့ပေါင်မုန့်ကို ယူစားပစ် လိုက်ကြသည်တဲ့။

"အဖေ အိပ်နေတုန်းလား"

"မဟုတ်ဘူး၊ အဖေ့လက်ထဲက လုယူပြီး စားကြတာ၊ ပြီးတော့ ရိုက်ကြသေးတယ်။ အဖေ ဆက်မနေပါရစေနဲ့တော့ကွာ၊ ရေနည်းနည်း လောက်"

သူ ရေသောက်လို့ မဖြစ်မှန်း ကျွန်တော် သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တဂျိဂျိ တောင်းနေသဖြင့် ကျွန်တော် ရေတိုက်လိုက်ရသည်။ ရေသည် သူ့အတွက် အဆိုးဆုံးအဆိပ် ဖြစ်၏။ သို့သော် ဘာထူးတော့မည်လဲ။ ရေတိုက်သည်ဖြစ်စေ၊ မတိုက်သည်ဖြစ်စေ၊ ကြာကြာခံတော့မှာမှ မဟုတ်တာ။

"သာစုကွာ သာစု၊ အဖေ့အပေါ် ကြင်နာမယ့်သား ရှိသေးတယ်နော်"

ကျွန်တော် အဖေ့အပေါ် ကြင်နာရပါလိမ့်မည်။ ကျွန်တော်က သူ့တစ်ဦးတည်းသော သားလေ။

❖

သည်အတိုင်း တစ်ပတ်ကြာသွားသည်။ အဆောင်မှူးက မေးသည်။

"သူက မင်းအဖေလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"သူ့အခြေအနေ မကောင်းတော့ဘူး"

"ဆရာဝန်က ဘာမှ လုပ်မပေးဘူးဗျာ"

သူက ကျွန်တော့်ကို စိန်းစိန်းကြည့်ပြီး-

"ဆရာဝန်က ဘာလုပ်ပေးနိုင်မှာလဲ၊ ဘယ်သူမှ ဘာမှ မလုပ်ပေးနိုင်တော့ဘူး"

သူက ကျွန်တော့်ပခုံးကို လှမ်းကိုင်သည်။ သူ့လက်ကြီးက အမွေးအမှင်တွေ ထူလပျစ်နှင့်။

"ဒီမယ် ချာတိတ်၊ သေသေချာချာ နားထောင်။ ဒီစခန်းမှာ ဘယ်သူမှ တခြားလူ့အတွက် မစဉ်းစားကြဘူး။ ကိုယ့်အတွက်ပဲ ကြည့်ကြတယ်။ ဒီနေရာမှာ အဖေ၊ အစ်ကိုရယ်၊ ညီရယ်ဆိုတာ မရှိဘူး။ သူငယ်ချင်းလည်း မရှိဘူး။ တို့အားလုံး တစ်ယောက်ချင်းနေပြီး တစ်ယောက်ချင်း သေသွားကြမှာ။ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါ အကောင်းဆုံး အကြံပေးမယ်။ ကိုယ့်ဝေစုကို ကိုယ်စား။ မင်းအဖေကို မပေးနဲ့တော့။ မင်း သူ့ကို ဘာမှ လုပ်မပေးနိုင်တော့ဘူး။ ပြီးတော့ မင်းကိုယ် မင်းလည်း စိတ်မကောင်းဖြစ်မနေနဲ့။ အမှန်က သူ့ဝေစုကို မင်းစားရမှာ"

ကျွန်တော် ဘာမျှ မစွက်ဘဲ သူပြောသမျှ နားထောင်နေသည်။ သူ ပြောတာတွေ မှန်ပါသည်။ အလေးအနက် စဉ်းစားလေ မှန်လေ။ သို့သော် မှန်သည်ဟု ကျွန်တော် ဝန်မခံရဲပါ။ ကျွန်တော်၏ ဒုတိယအသံကိုကား သဲ့သဲ့ကြားနေရသည်။

"မင်း အဖေ့အသက်ကို ကယ်ဖို့ သိပ်နောက်ကျသွားပြီ။ နှစ်ယောက်စာ ပေါင်မုန့်ကို မင်းစား။ နှစ်ယောက်စာ စွပ်ပြုတ်ကို မင်းသောက်"

သို့သော် စက္ကန့်ပိုင်းအတွင်း ကျွန်တော် သတိပြန်ဝင်လာသည်။ အပြစ် တစ်ခု ကျူးလွန်မိသူလို ခံစားလိုက်ရ၏။

ရိက္ခာခွဲတမ်း ပြေးယူသည်။ အဖေ့ကို ကျွေးသည်။ တိုက်သည်။ သို့သော် အဖေက လက်မခံတော့။ သူသောက်ချင်သည်မှာ ရေပဲဖြစ်သည်။

"ရေမသောက်ပါနဲ့ အဖေရယ်။ ဒီစွပ်ပြုတ်သောက်ပါ"

"ဘာလို့ အဖေ့ကို ရက်စက်ချင်ရတာလဲ သားရယ်။ အဖေ့ရင်ထဲမှာ မီးလောင်နေပြီ။ ရေပဲ သောက်ပါရစေကွာ"

ကျွန်တော် ရေတိုက်ရပြန်ပါသည်။ တန်းစီ လူစစ်ခေါ်၍ ကျွန်တော် အဖေ့နားမှ ခွာခဲ့ရသည်။ ပြီးပြီးချင်း ပြန်လာခဲ့ကာ အပေါ်အိပ်စင်တွင် ကျွန်တော် လှဲချလိုက်သည်။ ဖျားနာနေသူတွေက တန်းစီစရာ မလို။ ကျွန်တော် ပါ ဖျားရင် ဘယ်လောက်ကောင်းမည်လဲ။ အဖေ့နားမှ ကျွန်တော် မခွာ ချင်တော့။

ကျွန်တော့်နံဘေးတွင် ခုတော့လည်း အားလုံး ငြိမ်သက်နေလေသည်။ တစ်ခါတစ်ရံ ထွက်လာသည့် ညည်းတွားသံများမှတစ်ပါး ဘာသံမျှ မကြားရ။

အဆောင်ရှေ့တွင် ဂျာမန်တစ်ယောက် အော်ဟစ်အမိန့်ပေးသံ ကြား



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ စစ်ဗိုလ်တစ်ယောက် အဆောင်ထဲဝင်လာပြီး လိုက်ကြည့်နေသည်။

အဖေက ရေတောင်းပြန်သည်။

"သား၊ ရေလုပ်ပါဦးကွာ။ ဝမ်းထဲက ပူလှပြီ"

စစ်ဗိုလ်က အနားရောက်လာပြီး ငြိမ်ငြိမ်နေဖို့ အဖေ့ကို အော်သည်။ အဖေက ကျွန်တော့်ကို အော်ခေါ်မြဲ ခေါ်နေသည်။ စစ်ဗိုလ်က အဖေ့ခေါင်းကို တုတ်နှင့် တအား လွှဲရိုက်ချလိုက်၏။

ကျွန်တော် မလှုပ်ရဲပါ။ အရမ်းကြောက်နေသည်။ ကျွန်တော့်ခေါင်းပေါ်ကို တုတ်ချက် ရောက်လာဦးမှာလား။

အဖေ တစ်ချက် ညည်းသံထွက်လာသည်ကို ကျွန်တော် ကောင်းကောင်းကြားရသည်။

"အယ်လီဆာ..."

ကျွန်တော် ကြားနေပါသည်။ သူ အသက်ရှူနေဆဲပါ။ ကျွန်တော် မြင်နေပါသည်။

ပြီးပြီးချင်း လူနာများ နာမည်ခေါ်စစ်ဆေးမှ ကျွန်တော် အပေါ်ဆင့်မှ ဆင်းလာခဲ့သည်။

အဖေ နှုတ်ခမ်းတရွရွနှင့် တစ်ခုခုကို ပြောနေပုံရသည်။ ကျွန်တော် သူ့အပေါ်ကမိုးပြီး တစ်နာရီကျော်ကျော် စောင့်ကြည့်နေသည်။ အဖေ့မျက်နှာကို စိုက်ကြည့်နေသည်။ အရိုးခေါင်းပေါ် အရေပါးပါးဖုံးနေသည့် သူ့မျက်နှာကို ကျွန်တော် အသေးစိတ် ကျက်မှတ်နေသည်။ အိပ်ချိန်ရောက်တော့ အပေါ်ဆင့်သို့ ပြန်တက်ခဲ့၏။ ထိုအချိန်ထိ ကျွန်တော့် အောက်မှ အဖေ အသက်ရှင်နေဆဲ။ ထိုနေ့ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်။

❖



www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီလ ၂၉ ရက်နေ့ အရုဏ်တက်ချိန်တွင် ကျွန်တော် နိုးလာသည်။ ကျွန်တော့်အဖေနေရာတွင် အခြားလူနာ အကျည်းသားတစ်ယောက် ရောက်နေပြီ။ အဖေ့ကို သူတို့ အဆိပ်ငွေ့စက်ရုံသို့ ပို့လိုက်ကြပြီ။ ထိုအချိန်အထိ အဖေ အသက်ရှူနေဆဲ ဖြစ်ကောင်း ဖြစ်မည်။

အောက်မေ့ဖွယ် ဖယောင်းတိုင်ထွန်းညှိမည့်သူ မရှိ၊ ဆုတောင်းပေးရမည့် အခွင့်အရေးမရှိ၊ သရဏဂုံတင်ပေးမည့်သူ မရှိ။ အဖေ့နှုတ်မှ နောက်ဆုံး ထွက်သွားသော စကားလုံးမှာ ကျွန်တော့်နာမည် ဖြစ်၏။ အယ်လီဇာတဲ့။ ကျွန်တော် ပြန်မထူးခဲ့ပါ။

ကျွန်တော် မငိုပါ။ မငိုမိသည့်အတွက် ကျွန်တော် ပို၍ ခံစားရလေသည်။ ကျွန်တော့်တွင် မျက်ရည်မရှိတော့။ ကျွန်တော့် အနက်ရှိုင်းဆုံး ရင်တွင်းတစ်နေရာမှ မေးစက်နေသော အသိစိတ် ငွေ့ငွေ့ကလေးထဲကို ဝင်ကြည့်နိုင်လျှင် တစ်စုံတစ်ခုကို တွေ့ရမည်ထင်၏။ ခုမှ လွတ်လပ်ပေါ့ပါးသွားသည့် ခံစားမှုမျိုး။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

(၉)

ဘူခန့်ဝါးတွင် ဧပြီလ ၁၁ ရက်နေ့အထိ နေနေခဲ့ရသည်။ သည်ကာလအတွင်း နေခဲ့ရသည့်ဘဝကိုတော့ ကျွန်တော် ရေးမနေတော့ပါ။ ရေးလျှင်လည်း အကြောင်းထူးလှမည် မဟုတ်တော့ပါ။ အဖေ မရှိတော့သည့်နောက်ပိုင်း ကျွန်တော့်အတွက် ဘာမျှ အကြောင်းမဟုတ်တော့ပါ။

ကျွန်တော့်ကို ကလေးဆောင်သို့ ပြောင်းပေးလိုက်သည်။ အားလုံး ကလေးသူငယ် ခြောက်ရာရှိသည်။

ရွှေ့တန်းစစ်မျက်နှာသည် တစ်နေ့တခြား နီးလာနေပြီ။ ကျွန်တော်တို့တွင် လုပ်စရာ သိပ်မရှိတော့ပါ။ တစ်နေ့တစ်နေ့ ပျင်းရိပျင်းတွဲ အချိန်တွေကုန်နေသည်။ အာဟာရပြည့်ဖို့တစ်ခုပဲ အာရုံထားတော့သည်။ အဖေ့အကြောင်းလည်း မစဉ်းစားတော့။ အမေ့ကိုလည်း သတိမရတော့။

မကြာခဏ အိပ်မက် မက်သည်။ ကျွန်တော့် အိပ်မက်ထဲတွင် အမြဲကြီးစိုးနေသည်ကတော့ ရိုးရိုးစွပ်ပြုတ်နှင့် အပိုခွဲတမ်းရသော စွပ်ပြုတ်သာ ဖြစ်လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၅ ရက်နေ့ကား သမိုင်းဘီး တစ်ပတ်လည်သည့်နေ့ ဖြစ်လေသည်။

ညနေ လူစစ်ချိန်တွင် ကျွန်တော်တို့အားလုံး ဂျာမန်စစ်ဗိုလ်တစ်ယောက် အလာကို အဆောင်ထဲတွင် စောင့်နေကြသည်။ လူစစ်ဗိုလ် သူတော်တော်နှင့် ရောက်မလာ။ ဘူခန်ဝါးသမိုင်းတွင် နောက်ကျခြင်းဟူသည် ဘယ်တုန်းကမျှ မရှိခဲ့။ တစ်ခုခု ဖြစ်နေပြီ။

နှစ်နာရီကြာတော့ အသံချဲ့စက်မှ ကြေညာသံ ထွက်လာသည်။ ဂျူး အားလုံး လူစုကွင်းထဲ လာကြရမည်တဲ့။

ဟစ်တလာက သူ့ကတိကို အပြီးသတ် အကောင်အထည်ဖော်တော့ မည်။ ခေါ်သည့်အတိုင်း ကျွန်တော်တို့အဆောင်မှ ကလေးများလည်း အမိန့် အတိုင်း ချီတက်သွားသည်။ ကျွန်တော်တို့တွင် ရွေးစရာလမ်း မရှိပါ။ လမ်းတွင် အကျဉ်းသားအချို့က ကပ်ပြောသွားသည်။

"မင်းတို့ ပြန်လစ်ကြ၊ သူတို့က အားလုံးကို သတ်ပစ်မလို့ ခေါ်တာ၊ ပြန်လစ်ကြ၊ ပြီးတော့ တိတ်တိတ်ကလေး ပုန်းနေကြ"

ကျွန်တော်တို့ အလျှိုလျှို ပြန်လစ်ကြသည်။ အပြန်လမ်းတွင် သတင်း တွေ ကြားရသည်။ သူတို့မသတ်ခင် စခန်းထဲမှ မြေအောက်တော်လှန်ရေး အဖွဲ့က ဝှက်ထားသော လက်နက်များဖြင့် ပုန်ကန်ကြတော့မည်တဲ့။

မှောင်စပြုလာပြီး စခန်းထဲတွင် ရှုပ်ယှက်ခတ်နေပြီ။ ဂျူးတွေက ဂျူး လူမျိုးမဟုတ်သည့် အကျဉ်းသားများနှင့် ရောနှောပစ်လိုက်သည်။

နောက်တစ်နေ့တွင် စခန်းတာဝန်ခံက ကြေညာသည်။ ဘူခန်ဝါး အကျဉ်းစခန်းကို ဖျက်သိမ်းတော့မည်တဲ့။ တစ်နေ့လျှင် အဆောင်ဆယ်ခုစီမှ အကျဉ်းသားများ ထွက်သွားကြရမည်တဲ့။ ထိုအချိန်မှစ၍ ရိက္ခာ ဖြတ်ပစ် လိုက်၏။ လူတွေကို အဆောင်လိုက် နေ့စဉ် လွှတ်ပေးသည်။ လူတန်းကြီးတွေ ထောင်နှင့်ချီ၍ ဂိတ်ဝမှ ထွက်သွားနေကြသည်ကို လှမ်းမြင်နေကြရ၏။

❖



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၁၀ ရက်နေ့။

စခန်းထဲတွင် လူနှစ်သောင်းခန့် ကျန်နေသေးသည်။ ကလေးတွေလည်း ရာနှင့်ချီ ကျန်သေး၏။ အားလုံးကို သည်ည တစ်ပြိုင်တည်း လွှတ်ပေးတော့မည်။ ပြီးလျှင် စခန်းတစ်ခုလုံးကို မိုင်းခွဲ ဖျက်ဆီးတော့မည်တဲ့။

ကျွန်တော်တို့ အားလုံးကို ဗေရာမကွင်းကြီးထဲသို့ ငါးယောက်တစ်တွဲ တန်းစီပြီး မောင်းခေါ်သွားသည်။ ဂိတ်တံခါးဖွင့်ဖို့ စောင့်နေတုန်း အန္တရာယ် အချက်ပေး ဥသြသံများ ဆူညံသွားသည်။ အဆောင်တွေဆီသို့ အားလုံး ပြန်ပြေးကြ၏။ မှောင်သွားပြီဖြစ်၍ နောက်နေ့မှ လွှတ်ပေးမည်ဟု ကြေညာသည်။

ဆာလောင်မွတ်သိပ်မှုက ကျွန်တော်တို့ကို အပြင်းအထန် နှိပ်စက်လေပြီ။ အစာမစားရသည်မှာ ခြောက်ရက်ရှိပြီ။ ရှာတွေ့သမျှ အာလူးခွံတွေ ကောက်စားကြ၏။ မြက်ပင်တွေ နုတ်စားကြ၏။

နောက်တစ်နေ့ နံနက်ဆယ်နာရီတွင် ဂျာမန်တွေက ကျွန်တော်တို့ အားလုံးကို မနေ့ကအတိုင်း ကွင်းထဲခေါ်သွားဖို့ ပြင်ဆင်နေကြသည်။

လျှို့ဝှက် ထောက်လှမ်းရေးသမားတွေက သည်အချိန်ကို သုညနာရီ အဖြစ် သတ်မှတ်လိုက်ကြသည်။ နေရာတကာ လက်နက်ကိုင်တွေ အလျှို အလျှို ပြေးထွက်လာကြသည်။ စက်သေနတ်သံတွေ၊ လက်ပစ်ဗုံးသံတွေ ဆူညံသွားသည်။ ကျွန်တော်တို့အားလုံး အဆောင်ကြမ်းပြင်တွင် ပြားနေအောင် ဝပ်နေကြရသည်။

တိုက်ပွဲက သိပ်မကြာလိုက်ပါ။ မွန်းတည့်ချိန်လောက်တွင် ငြိမ်သွားသည်။ ဂျာမန်စစ်သားတွေ ထွက်ပြေးသွားကြပြီ။ တော်လှန်ရေးသမားများက စခန်းကိုသိမ်းလိုက်ပြီ။ ထိုနေ့ ညနေခြောက်နာရီတွင် ပထမဦးဆုံး အမေရိကန် တင့်ကားတစ်စီး ဘူခန်ဝါးဂိတ်ဝသို့ ထိုးဆိုက်လာသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ပြီဖြစ်တော့ ကျွန်တော်တို့ ပထမဦးဆုံး ပြေးသွားသည့်နေရာမှာ ရိက္ခာကားကြီးဆီသို့ ဖြစ်သည်။ ကျွန်တော် ဘာမျှ မစဉ်းစားနိုင်ကြ။ လက်စားချေဖို့ ဘယ်သူမှ သတိမရကြ။ မိဘတွေကိုလည်း ဘယ်သူမှ သတိမရကြ။ ပေါင်မုန့်ကလွဲပြီး ဘာဆိုဘာမျှ ခေါင်းထဲတွင် မရှိ။

ကျွန်တော်တို့တစ်တွေ အဝအပြဲစားပြီးချိန်အထိ လက်စားချေရေး ခေါင်းထဲမဝင်။ နောက်တစ်နေ့တွင် လူငယ်အချို့ ဝီမာမြို့သို့သွားပြီး အာလူးနှင့် အဝတ်အစားတွေ သယ်ပြန်လာကြသည်။ အချို့ မိန်းကလေးများနှင့် ပျော်ပါးသူများလည်း ရှိ၏။ သို့သော် လက်စားချေရေး ဆွေးနွေးမည့်သူ တစ်ယောက်မျှ ပေါ်မလာ။

ဘူခန်ဝါး လွတ်မြောက်ပြီး သုံးရက်ကြာတော့ ကျွန်တော် အကြီးအကျယ် နေမကောင်းဖြစ်တော့သည်။

အစာအဆိပ်ဖြစ်ခြင်းမှ စသည့်ရောဂါ ဖြစ်၏။ ဆေးရုံတက်ရပြီး နှစ်ပတ်လုံးလုံး ဆေးကုရသည်။ ဆရာဝန်တွေ မနည်း အသက်လုယူကြရ၏။ ထနိုင်သည့်နေ့တွင် နံရံမှ မှန်ဆီကို လှမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ မှန်မကြည့်ရသည်မှာ ဆစ်ဂက်မှ ထွက်လာကတည်းက ဖြစ်သည်။

မှန်ထဲမှ အလောင်းကောင်တစ်ခုက ကျွန်တော့်ကို သေသေချာချာ ပြန်ကြည့်နေသည်။

ကျွန်တော့်ကို စိုက်ကြည့်နေသည့် သူ့မျက်လုံးများကို ယနေ့တိုင် ကျွန်တော် မြင်ယောင်နေဆဲ ဖြစ်၏။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## နိုဘဲလ်ငြိမ်းချမ်းရေးဆု လက်ခံသည့်
## ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်
## အယ်လီဝီဆယ်လ် ပြောသည့် မိန့်ခွန်း

လေးစားအပ်ပါသော ဘုရင်မင်းမြတ်နှင့်တကွ မင်းညီမင်းသားများ၊ သံတမန်များ၊ နိုဘဲလ်ဆု ကော်မတီ ချယ်ယာမင် အားဗစ်နှင့် ကြွရောက်လာကြတဲ့ မင်းပရိသတ်များ ခင်ဗျာ။

ပထမဆုံး ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကို ကျေးဇူးဆိုအပ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ဂျူးလူမျိုးအားလုံးရဲ့ ရိုးရာအစဉ်အလာ ဖြစ်ပါတယ်။ ခုလို ထူးခြားတဲ့ပွဲမျိုးတွေမှာ ကျွန်တော်တို့တစ်တွေ သည်လို ရွတ်ဆိုကြရပါတယ်။

"ကျွန်တော်တို့အား ဘဝကို ပေးသနားတော်မူသော၊ ခံနိုင်ရည်စွမ်းကို ပေးသနားတော်မူသော ယနေ့တိုင် အသက်ရှင် ရပ်တည်နိုင်အောင် စွမ်းအား ပေးသနားတော်မူသော 'ကျေးဇူးတော်အရှင်' သည် သင့်အား ကောင်းချီးမင်္ဂလာပေးပါစေ" ပြီးတော့ ချယ်ယာမင် အားဗစ်ခင်ဗျာ၊ လူကြီးမင်းရဲ့ လေးနက်လှတဲ့ မိန့်ခွန်းအတွက် ကျေးဇူးတင်ကြောင်း ပြောခွင့်ပြုပါ။ နောက် လူကြီးမင်းရဲ့ ကောင်းမြတ်လှတဲ့ စေတနာကိုလည်း ကျွန်တော့်အနေနဲ့ အလေးအမြတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူသားတွေနဲ့ ခေတ်အဆက်ဆက်ကို ပေါင်းကူးတံတား ထိုးပေးတဲ့ အတွက်လည်း ကျွန်တော်တို့ ကျေးဇူးတင်ရပါတယ်။ လူကြီးမင်းများကို ကျေးဇူးတင်ရဆုံးအချက်ကတော့ လူသားတွေအတွက် အလိုအပ်ဆုံးနဲ့ သူတို့ရဲ့ အပြင်းပြဆုံး ဆန္ဒဖြစ်တဲ့ ငြိမ်းချမ်းရေးကို လူကြီးမင်းများ မနားမနေ ဆောင်ရွက်နေတဲ့ အချက်ပဲဖြစ်ပါတယ်။

ချယ်ယာမင် အားဗစ်ခင်ဗျာ။ လူကြီးမင်းရဲ့ စကားလုံးတိုင်းဟာ ကျွန်တော့်ရင်ထဲကို တန်းရောက်သွားပါတယ်။ သည် မြင့်မြတ်လှတဲ့ ဆုကြီးကို ကျွန်တော့်ကို အပ်နှင်းခံရတဲ့အတွက် ဂုဏ်ယူမဆုံးနိုင်တဲ့အကြောင်း နှိမ့်ချရိုကျိုးစွာ အလေးအနက် ပြောလိုပါတယ်။

သည်ဆုကြီးကို ကျွန်တော်ရတာဟာ ကျွန်တော်နဲ့ တန်ရဲ့လားဆိုတာ စဉ်းစားစရာ ဖြစ်နေပါတယ်။

သေလွန်သူ သန်းပေါင်းများစွာကို ကိုယ်စားပြုဖို့ ကျွန်တော့်မှာ အခွင့်အရေး ရှိပါ့မလား။

ရှိမယ် မထင်ပါဘူး။

သေလွန်သူများကိုယ်စား ဘယ်သူ့မှာမှ ပြောရေးဆိုခွင့် ရှိမယ် မထင်ပါဘူး။ သူတို့ အိပ်မက်တွေ၊ သူတို့ရဲ့ အမြင်အာရုံတွေကို ပြောင်းလဲပြင်ဆင်ခွင့်လည်း ဘယ်သူ့မှာမှ ရှိမယ်မထင်ပါဘူး။

တစ်ခုတော့ ရှိပါတယ်။ ကျွန်တော်က သူတို့အသံတွေကို ကြားနေတယ်။ ကျွန်တော့်အနားမှာ သူတို့ ရှိနေတယ်လို့ အမြဲထင်နေတယ်။ အထူးသဖြင့် ခုလို တဒင်္ဂမှာ အဲဒီလို ပိုပြီးခံစားရပါတယ်။ ကျွန်တော့်အနားမှာ ကျွန်တော့်အဖေ ရောက်နေတယ်၊ ကျွန်တော့်ညီမလေး ရောက်နေတယ်၊ ပြီးတော့ ကျွန်တော့် ဆရာတွေ၊ သူငယ်ချင်းတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေ···

သည်ဆုကြီးဟာ ရှင်ကျန်လွတ်မြောက်လာသူ အားလုံးနှင့် ဆိုင်ပါတယ်။ သူတို့ရဲ့ ကလေးတွေနဲ့ ဆိုင်ပါတယ်၊ ကျွန်တော်တို့ အားလုံးမှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမြဲတမ်း ရေးခဲ့သလို ခရီးပန်းတိုင်ကို သိမြင်နေတဲ့ ဂျူးလူမျိုး အားလုံးနဲ့ ဆိုင်ပါတယ်။

ကျွန်တော့်အာရုံထဲမှာ ဒီအဖြစ်ဆိုးကြီးဟာ မနေ့ကဖြစ်ခဲ့သလိုလို ဟိုး နှစ်ပေါင်း အသင်္ချေက ဖြစ်ခဲ့သလိုလို ဇဝေဇဝါ ဖြစ်နေပါတယ်။

ဆယ်ကျော်သက် ဂျူးလူငယ်လေးတစ်ယောက်ဟာ 'ည'ရဲ့ နယ်ပယ် အဝန်းအဝိုင်းထဲ ရောက်သွားပြီး မယုံကြည်နိုင်စရာ အတွေ့အကြုံတွေ ရှာဖွေ တွေ့ရှိခဲ့တယ်။ ဒီသူငယ်လေးရဲ့ ဒေါသ၊ ဒီသူငယ်ကလေး ရှုပ်ထွေးနေပုံတွေ ကို ကျွန်တော် ပြန်တွေးနေမိတယ်။ အဖြစ်အပျက်တွေက မြန်လွန်းပါတယ်။ ဂျူးတွေကို သံဆူးကြိုး ခတ်လိုက်ကြတယ်။ ကျွဲတွေ၊ နွားတွေတင်တဲ့ အလုံပိတ် ရထားကြီးနဲ့ တင်ဆောင်သွားတယ်။ ပြီးတော့ မီးတောက်ကြားက ယဇ်ပလ္လင်မှာ ကျွန်တော့်လူမျိုးရဲ့သမိုင်းနဲ့ လူသားရဲ့အနာဂတ်ကို ပူဇော် ပသခဲ့ကြတယ်။

ဒီသူငယ်လေးက သူ့အဖေကို မေးတာ ကျွန်တော် မှတ်မိတယ်။

"ဒါ တကယ်ဖြစ်နိုင်ပါ့မလား၊ ဒါအလယ်ခေတ် မဟုတ်ဘူး။ နှစ်ဆယ် ရာစုခေတ်ပဲ။ ဘယ်သူက ဒါမျိုး အဖြစ်ခံနိုင်မှာလဲ။ ကမ္ဘာကြီးက ဘာလို့ လက်ပိုက်ကြည့်နေမှာလဲ"တဲ့။

ခု အဲဒီ လူငယ်ကလေးက ဒီနေ့ ကျွန်တော့်ဘက်ကို လှည့်ပြီး မေး နေပြန်ပါပြီ။

"ကျွန်တော့် အနာဂတ်ကို ခင်ဗျား ဘာလုပ်ပစ်လိုက်ပြီလဲ။ ခင်ဗျားရဲ့ ဘဝကိုရော ခင်ဗျား ဘာလုပ်ပစ်လိုက်သလဲ"တဲ့။

ကျွန်တော် သူ့ကို ဒီလို ပြန်ပြောပါတယ်။

"ငါ အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်ကွာ။ ငါ အဲဒီတုန်းက အဖြစ် အပျက်တွေ မေ့မသွားအောင် တစ်ခုမကျန် မှတ်ထားတယ်လေ။ မေ့သွားအောင် လုပ်တဲ့သူတွေကို ငါ တိုက်ခိုက်ခဲ့တယ်လေ။ ဘာဖြုလို့လဲဆိုတော့ ဒါတွေကို



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားရင် ငါတို့ဟာ အပြစ်ကျူးလွန်တဲ့လူတွေ ဖြစ်သွားလိမ့်မယ်။ တရားခံတွေ ဖြစ်သွားလိမ့်မယ်''

အဲဒီလိုပြောပြီး သူ့ကို ကျွန်တော် ရှင်းပြတယ်။ ကျွန်တော်တို့တွေ ညံ့ခဲ့လို့ ကမ္ဘာကြီးက သိလျက်နဲ့ ငြိမ်နေခဲ့တယ်။ ဒါကြောင့် ဘယ်နေရာမှာ ဖြစ်ဖြစ်၊ ဘယ်လိုအခါမျိုးမှာဖြစ်ဖြစ် မတရား အနှိပ်စက်ခံ လူသားတွေ အကြောင်းကို ကျွန်တော် ဘယ်တော့မှ ရေငုံနှုတ်ပိတ်မနေဘူးလို့ သစ္စာဆိုထားတယ်။ ကျွန်တော်တို့တစ်တွေ ဘက်တော့လိုက်ကြရမှာပဲ။ ရက်စက်တဲ့ လူတွေကို တိုက်ပြီး အရက်စက်ခံရတဲ့ လူတွေဘက်က ရပ်တည်ရမှာပဲ။

ဒီတော့ ကျွန်တော်တို့ ကြားဝင်ကြရမှာပဲ။ လူ့ဘဝ၊ လူ့ဂုဏ်သိက္ခာ ထိပါးခံရပြီဆိုရင် ရေငုံနေလို့ မဖြစ်တော့ဘူး။ လူမျိုးရေးကြောင့် ဖြစ်ဖြစ်၊ ဘာသာရေးကြောင့် ဖြစ်ဖြစ်၊ နိုင်ငံရေး အယူအဆကြောင့်ဖြစ်ဖြစ် လူတွေ အစုလိုက် အသတ်ခံရရင် အဲဒီနေရာဟာ ချက်ချင်း စကြဝဠာရဲ့ ဗဟိုချက်မ ဖြစ်သွားတယ်။

အဲဒါမျိုးတွေ သူ့ကို ကျွန်တော် ရှင်းပြပါတယ်။

ကျွန်တော်ဟာ နက်ရှိုင်းတဲ့ ရိုးရာဓလေ့အောက်မှာ ကြီးပြင်းလာတဲ့ ဂျူးလူမျိုးတစ်ယောက်ဖြစ်လို့ ဂျူးတစ်ယောက်ကြောက်သလို ကျွန်တော် ကြောက်ပါတယ်။ ဂျူးတစ်ယောက်ငိုသလို ကျွန်တော် ငိုပါတယ်၊ ဂျူးတစ်ယောက် လိုအပ်တာတွေ ကျွန်တော် လိုအပ်ပါတယ်။

ကျွန်တော်ဟာ ဂျူးတို့ရဲ့သမိုင်းမှာ တုန်လှုပ်ချောက်ချားစရာ အကောင်းဆုံး ကာလတစ်ခုကို ဖြတ်သန်းခဲ့ရပါတယ်။ ကျွန်တော်တို့ လူမျိုးများကို နှိမ့်ချစွန့်ပစ်ဖျက်ဆီးခဲ့တဲ့ ခေတ်ဆိုးကြီးထဲကို ရောက်ခဲ့ပါတယ်။ ဒါကြောင့် ဂျူးတို့ရဲ့ ပထမဦးစားပေးလုပ်ရမယ့် အလုပ်ကို ကျွန်တော့်အလုပ်လို့ ခံယူထားတာဟာ သဘာဝကျတယ် ထင်ပါတယ်။

အစ္စရေးက ဂျူးတွေရော၊ ဆိုဗီယက်က ဂျူးတွေရော၊ အာရပ်မြေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က ဂျူးတွေရော၊ ကမ္ဘာအရပ်ရပ်မှာ ရှိကြတဲ့ ဂျူးတွေပါ ကျွန်တော့်အတွက် အတူတူ အရေးကြီးပါတယ်။

အသားရောင်ခွဲခြားမှုဟာ ကျွန်တော့် အမြင်တော့ ဂျူးလူမျိုးဆန့်ကျင်ရေးလိုပဲ စက်ဆုပ်ရွံရှာဖွယ် ကောင်းပါတယ်။ အင်ဒရေးဆပ်ကာရော့ ကိစ္စနဲ့ နယ်လ်ဆင်မင်ဒဲလား ကိစ္စဟာ ကျွန်တော့်အတွက် အတူတူပါပဲ။

တရားမျှတမှု တောင်းဆိုဖို့အတွက် ကျွန်တော်တို့အားလုံး ကြားအောင် အော်နေတဲ့လူတွေ ရှိပါတယ်။ လူမျိုးရေး၊ နိုင်ငံရေး ဒုက္ခသည်တွေ၊ ငတ်ပြတ်နေတဲ့ လူတွေ။ ဥပမာ ချီလီမှာ၊ အီသယိုးပီးယားမှာ၊ လက်ဝဲအစိုးရတွေဆီမှာ၊ လက်ယာဝါဒီတွေဆီမှာ နေရာအနှံ့အပြား ရှိနေကြပါတယ်။

ကမ္ဘာ့တိုက်ကြီးအားလုံးမှာ လူ့အခွင့်အရေး ချိုးဖောက်ခံနေကြရပါတယ်။ လွတ်လပ်တဲ့ လူဦးရေထက် အဖိနှိပ်ခံ လူဦးရေက ပိုများနေပါတယ်။ သူတို့ရဲ့ ဆင်းရဲဒုက္ခကို ဘယ်သူမှ ကရုဏာမသက်ဘဲ မနေနိုင်ကြပါဘူး။ နေရာတကာ အမျိုးသား၊ အမျိုးသမီးတွေ ဒီလို ဒုက္ခအဖုံဖုံကို ခံစားနေကြရပါတယ်။ အဲဒီအထဲမှာ ပါလက်စတိုင်းတွေလည်း ပါ,ပါတယ်။ သူတို့ဒုက္ခကို ကျွန်တော်တို့ မျှဝေခံစားချင်ပါတယ်။ ဒါပေမဲ့ သူတို့အကြမ်းဖက်ဝါဒကို ဆွဲကိုင်နေတာကိုတော့ ကျွန်တော် စိတ်ပျက်ပါတယ်။ လက်နက်အားကိုးနဲ့ ပြဿနာဖြေရှင်းလို့ ကိစ္စမပြီးနိုင်ပါဘူး။ အကြမ်းဖက်ဝါဒဟာ အန္တရာယ်အများဆုံးနဲ့ အဖြေရှာဖို့ အခက်ဆုံးဝါဒ ဖြစ်ပါတယ်။ သူတို့ကြိုးပမ်းချက်တွေ ဘာတစ်ခုမှ မအောင်မြင်ပါဘူး။ အလဟဿ ဖြစ်ကျန်တာချည်းပါပဲ။ ဒါက မြင်သာပါတယ်။ တစ်ခုခုလုပ်ဖို့ လိုနေပါပြီ။

ဒုက္ခသည်တွေနဲ့ သူတို့ရဲ့အခက်အခဲတွေ၊ ကလေးသူငယ်တွေနဲ့ သူတို့ရဲ့ကျိုးလန့်စာစား ဘဝ။ ဘာမှ မျှော်လင့်ချက်မရှိတဲ့ သူတို့ အခြေမဲ့ အနေမဲ့ဘဝ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေနေတွေကို တစ်ခုခုလုပ်ပေးဖို့ လိုနေပါပြီ။ ဂျူးတွေရော ပါလက်စတိုင်းတွေပါ သားတွေ သမီးတွေ ဆုံးပါးခဲ့ရတာ များလှပါပြီ။ သွေးတွေလည်း ချောင်းအတန်တန် စီးခဲ့ပါပြီ။

ဒါတွေကို ရပ်ပစ်ကြရပါမယ်။ ရပ်ဖို့ ကြိုးပမ်းမှုအားလုံးကို ကြိုဆိုရပါမယ်။ အားပေးကြရပါမယ်။ အစ္စရေးက ပူးပေါင်းဆောင်ရွက်လိမ့်မယ်လို့ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ်။ အစ္စရေးကို ကျွန်တော် ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဂျူးလူမျိုးတစ်ယောက် ဖြစ်နေလို့ပဲ။

အစ္စရေးကို အခွင့်အရေးပေးကြည့်ပါ။ အမုန်းတရားနဲ့ သတ်ဖြတ်မှုတွေ သူတို့ရဲ့ မိုးကုပ်စက်ဝိုင်းဆီမှ ဖယ်ရှားပစ်ကြည့်ပါ။ မြတ်သောမြေပေါ်မှာ ငြိမ်းချမ်းရေး ရောက်လာစေရပါမယ်။

အစ္စရေးအပေါ် ကျွန်တော် အလေးအနက် ယုံကြည်တဲ့အချက်ကို တစ်ဆိတ် နားလည်ကြပါ။

ကျွန်တော် မှတ်မိသမျှကို လူကြီးမင်းတို့ မှတ်မိနိုင်မယ်ဆိုရင် နားလည်နိုင်ကြမှာပါ။ အစ္စရေးဟာ နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေခွင့်ကို ငြိမ်းခြောက်ခံနေရပါတယ်။ ကမ္ဘာပေါ်မှာ အဲဒီအဖြစ်မျိုးနဲ့ ရင်ဆိုင်နေရတာဟာ အစ္စရေးတစ်နိုင်ငံတည်း ရှိပါတယ်။ အစ္စရေးဟာ စစ်ပွဲတစ်ပွဲရှုံးတာနဲ့ ဇာတ်သိမ်းရမယ့်တိုင်းပြည် ဖြစ်ပါတယ်။ ကျွန်တော်တို့ဘဝဟာလည်း အလားတူပါပဲ။

ဒါပေမဲ့ ကျွန်တော်က ဘုရားသခင်ကို ယုံတယ်၊ အာဗြဟံကို ယုံတယ်။ ဣဇက်ကို ယုံတယ်၊ ယာကုပ်ကို ယုံတယ်၊ အရာရာကို ဘုရားသခင် ဖန်ဆင်းတော်မူတယ် ဆိုတာလည်း ယုံတယ်။ ဒီလို မယုံကြည်ရင်တော့ ဘာမှ လုပ်လို့ရမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခု လုပ်တယ်ဆိုတာ ဘာမှမလုပ်ဘဲ ထိုင်နေတဲ့ နကမ္ဘတိဝါဒကို ဖယ်ရှားပစ်တာပါပဲ။ အဲဒီဝါဒဟာ တော်တော် အန္တရာယ်ကြီးပါတယ်။ ဒါကြောင့် အဲလ်ဖရက်နိုဘဲလ်က ဒီအမွေကိုထားခဲ့တာ မဟုတ်ပါလား။ စစ်ကို စစ်နဲ့ တုံ့ပြန်တဲ့ဝါဒကို ဒါကြောင့် သူ ထိတ်လန့်ခဲ့တာ မဟုတ်ပါလား။

လုပ်စရာတွေ အပုံအပင်ပါပဲ။ လုပ်လို့ရတာတွေလည်း အများကြီးရှိပါတယ်။ လူတစ်ယောက်ပဲ လိုပါတယ်။ ရာအောလ် ဝေါလင်ဘက်လို၊ အဲလ်ဘတ်ရှိုင်ဇာလို၊ မာတင်လူသာကင်း (အငယ်)လို သတ္တိရှိတဲ့ ရိုးဖြောင့်တဲ့ လူတစ်ယောက်ပေါ်လာရင် အားလုံး တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်ပါတယ်။ အဲဒီတစ်မျိုးတစ်ဖုံဟာ သေခြင်းနဲ့ နေခြင်းလောက် ကွာခြားပါတယ်။

ကလေးတစ်ယောက် ဆာလောင်မွတ်သိပ်နေရင် အဲဒီပတ်ဝန်းကျင်က ဘဝဟာ မချမ်းမြေ့နိုင်ပါဘူး၊ ဘဝရဲ့ အကျိုးသားအားလုံးဟာ သူတို့ချည်း မဟုတ်ပါဘူး။ သူတို့ကို မေ့မထားကြပါဘူး ဆိုတာ သတိရနေစေချင်ပါတယ်။ မွန်းကျပ်ဖိနှိပ်မှုကြောင့် သူတို့အသံတွေ မထွက်တော့ဘူးဆိုရင် ကျွန်တော်တို့ အသံတွေကို ပေးပါ့မယ်။ သူတို့ရဲ့ လွတ်လပ်မှုဟာ ကျွန်တော်တို့ရဲ့ လွတ်လပ်မှုပေါ်မှာ တည်သလို ကျွန်တော်တို့ရဲ့ လွတ်လပ်မှုဟာလည်း သူတို့ရဲ့အပေါ်မှာ တည်ပါတယ်။

ဂျူးလူငယ်ကလေးကို ကျွန်တော် အဲဒါတွေ ပြောခဲ့ပါတယ်။ သူ့ရဲ့ အချိန်ကာလတွေကို ကျွန်တော် အဲဒီလို သုံးခဲ့ပါတယ်လို့ ပြောခဲ့ပါတယ်။

ကျွန်တော်ဟာ သူတို့နာမည်နဲ့ လူကြီးမင်းများကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောခြင်း ဖြစ်ပါတယ်။ ညထဲမှ ထွက်လာပြီး ခုလို ပြောနေခြင်း ဖြစ်ပါတယ်။

ခုအချိန်ဟာ မိနစ်တိုင်း စက္ကန့်တိုင်း မင်္ဂလာရှိနေချိန် ဖြစ်ပါတယ်။ နာရီတိုင်း နာရီတိုင်းဟာ ဒီဆုပေးပွဲကြီးကြောင့် ကျက်သရေ အပေါင်းနဲ့ ခညောင်းပြည့်စုံလို့ နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ ဘဝအတွေ့တွေ့ဟာ ကျွန်တော်တို့နဲ့သာ ဆိုင်တော့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို အသေအလဲ လိုအပ်နေတဲ့ လူ့ခပ်သိမ်းနဲ့လည်း ဆိုင်ပါတယ်။

ချယ်ယာမင် အားဖစ် ခင်ဗျား၊ ကျေးဇူးတင်ပါတယ်။ နိုဘဲလ်ဆုကော်မတီဝင်လူကြီးမင်းများခင်ဗျာ ကျေးဇူးတင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ ရှင်ကျန်လွတ်မြောက်မှုဟာ လူသားအားလုံးအတွက် အဓိပ္ပာယ်ရှိပါတယ်လို့ ထူးခြားတဲ့ သည်ပွဲမှာ ကြေညာပေးတဲ့ နော်ဝေပြည်သူပြည်သားအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။


❖❖❖



www.burmeseclassic.com

www.burmeseclassic.com





စာရေးဆရာ အယ်လီဗီဆယ်လ်



စာရေးဆရာ အယ်လီဗီဆယ်လ် ငယ်စဉ်ကနေထိုင်ခဲ့သော အိမ်

www.burmeseclassic.com

www.burmeseclassic.com



နာဇီတို့၏နာမည်ကျော်အကျဉ်းစခန်း အောချ်ဝစ်ဇ်အကျဉ်းထောင်



ဘူခန်ဝါးအကျဉ်းထောင်

www.burmeseclassic.com

www.burmeseclassic.com



ဂျူးအကျဉ်းသားများ၏ အိပ်စင်

နာဇီအကျဉ်းစခန်းမှ ဂျူးအကျဉ်းသားများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၁၅၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၅၃၀၇၁၁

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

**အုပ်ရေ**

၁၀၀၀

**ထုတ်ဝေသူ**

ဦးမျိုးမြင့် (စာနဒီစာပေ)
အမှတ် ၉၃၇၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊

**ပုံနှိပ်သူ**

ဦးဇော်မြင့်ဝင်း (ကာလာဖုံပုံနှိပ်တိုက်)
အမှတ် ၁၈၄-ဘီ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်

**မျက်နှာဖုံးဒီဇိုင်း**

ဗဂျီလင်းဝဏ္ဏ

**ကွန်ပျူတာစာစီ**

ကြယ်စင်သစ်

**အတွင်းဖလင်**

ပုံရိပ်ရှင်

**မျက်နှာဖုံးဖလင်**

Eagle


**တန်ဖိုး**

၂၀၀၀ ကျပ်

တင်မောင်မြင့်၊ ၈၉၅.၈၃
ည / တင်မောင်မြင့်။ - ရန်ကုန်
စာနဒီစာပေ၊ ၂၀၁၁
စာမျက်နှာ- ၂၀၁၊ ၁၂.၅ x ၁၈.၅ စင်တီ။
(၁) ည

www.burmeseclassic.com

www.burmeseclassic.com




မီးလိုပူတဲ့ ညတစ်ညတည်းမှာပဲ တစ်ကွဲတစ်ပြားစီဖြစ်သွားတဲ့ မိသားစုပေါင်းများစွာ၊
အသိုင်းအဝန်းပေါင်းများစွာ အကြောင်းကို ကျွန်တော် ဘယ်လို ရေးဖွဲ့နိုင်မှာလဲ။
ကျွန်တော်တို့ရောက်တဲ့ ညမှာပဲ သူ့အမေနဲ့အတူ အသတ်ခံလိုက်ရတဲ့ ရွှေရောင်ဆံပင်နဲ့
ဂျူးမိန်းမငယ်လေးအကြောင်းကို ဘယ်လို အသည်းနှလုံးနဲ့ ကျွန်တော်ရေးချမှာလဲ။
တစ်ကိုယ်လုံး တဆတ်ဆတ်မတုန်ဘဲ၊ ထာဝရ အသည်းမကွဲဘဲ
ဘယ်လို ပြောထွက်နိုင်ပါမည်လဲ။

www.burmeseclassic.com